ဖလဝိမုတ္တစိတ္တသမ္မန္န (တိ) [ဖလဝိမုတ္တ+စိတ္တ+သမ္မန္န] (ကိလေသာမှ) လွတ်မြောက်ပြီးသော ဖိုလ်စိတ်နှင့်ပြည့်စုံသော၊ သူ။ အဟံ ဝိမုတ္တလတာသခီတိတဏှာ.... ဖလဝိမုတ္တစိတ္တသမ္မန္နာ အမှိ။ နေတ္တိ၊ဝိ။၂၉၅။

ဖလဝိမုတ္တိ (ထီ) [ဖလ+ဝိမုတ္တိ] ဖိုလ်ဖြင့် (ကိလေသာမှ) လွတ်မြောက်ခြင်း၊ ဖိုလ်ဟူသော (ကိလေသာမှ)လွတ်မြောက်ခြင်း၊ ကိလေသာမှ လွတ်မြောက်ပြီးသော ဖိုလ်၊ ဖိုလ်နှင့်ယှဉ်

သော (ကိလေသာမှ) လွတ်ခြင်း (သျှ)။ ဖလသမ္မာညာဏော ဌိတဿ ဖလဝိမုတ္တိ ပဟော-တိ။ ဒီ၊ဋ္ဌ၊၂။ ၂၃၉။ (–ဝိ၊ဋ္ဌ၊၄။ ၂၂၁။ မ၊ဋ္ဌ၊ ၃။ ၂၄၇။) မဂ္ဂဝိမုတ္တိတိ မဂ္ဂေန ကိလေသာနံ ဝိမုစ္စနံ သမုစ္ဆေဒပဟာနံ ဇော။....ဖလဝိမုတ္တိ ပန ပဋိပ္ပဿဒ္ဓိပဟာနံ ဒဋ္ဌဗ္ဗံ။ ဒီ၊ဋ္ဌီ၊ ၂။ ၂၆၇။ ဝိမုစ္စတိ ဝိမုစ္စိတ္ထာတိ ဝိမုတ္တိ၊ ယထာရဟံ မဂ္ဂေါ ဖလဉ္စ။ သီ၊ဋ္ဌီ၊သစ်၊၁။၈၅။ ဝိမုတ္တိသာရ (ကုတိဝုတ်၊ဋ္ဌ။၁၆၃)-လည်း ကြည့်။

ဖလဝိမုတ္တိသမ္မယုတ္တကၠန္ဓ (ပု) [ဖလဝိမုတ္တိ+သမ္မ-ယုတ္တကၠန္ဓ] (ကိလေသာမှ) လွတ်မြောက်ပြီး သော ဖိုလ်နှင့်ယှဉ်သောတရား အစု။ ဝိမုတ္တိ-ကၠန္ဓေနာတိ ဖလဝိမုတ္တိသမ္မယုတ္တကၠန္ဓေန။ မဟာနိ၊ဋ္ဌ။၇၇။

ဖလဝိမုတ္တိသုခ (န) [ဖလဝိမုတ္တိ+သုခ] (ကိလေ-သာမှ) လွတ်မြောက်ပြီးသော ဖိုလ်ချမ်းသာ။ ဝိမုတ္တိသုခေ ဉာဏန္တိ ဖလဝိမုတ္တိသုခသမ္မယုတ္ထ-ဉာဏဉ္စ ဖလဝိမုတ္တိသုခါရမ္မဏပစ္စဝေက္ခဏဉာ-ဏဉ္စ။ ပဋိသံ၊ဋ္ဌ၊၂။၁၂၁။

ဖလဝိမောက္ခ (တိ) [ဖလ+ဝိမောက္ခ] ဖိုလ်ဖြင့် (ကိလေသာမှ) လွတ်မြောက်သော၊သူ။ မဂ္ဂါ-နန္တရံ အနုပ္ပတ္တာ ဟိ ဖလဝိမောက္ခာ ဖလ-သမာပတ္တိကာလေ ပဝတ္တမာနာပိ....အနန္တ-ရဝိမောက္ခာ နာမ။ ထေရီ၊ဋ္ဌ။၁၀၂။

ဖလဝိသုဒ္ဓိ (ထီ) [ဖလ+ဝိသုဒ္ဓိ] ဖိုလ်၏ အထူး သဖြင့် စင်ကြယ်ခြင်း။ စတဿော ဖလဝိသုဒ္ဓိ-ယော။ ပဋိသံ။၂၀၀။ (–ပဋိသံ၊ဋ္ဌ၊ ၂။၁၃၂။)

ဖလဝိသေသ (ပု) [ဖလ+ဝိသေသ] အကျိုးထူး။ အပိ စ ဝေလာမသုတ္တာဒိဝသေနာပိ သရဏ-ဂမနဿ ဖလဝိသေသော ဝေဒိတဗ္ဗော။ အံ၊ ဋ္ဌ၊ ၂။၂၀။

ဖလဝိသေသဒဿန (န) [ဖလဝိသေသ+ဒဿန] အကျိုးထူးကိုပြခြင်း။ ယထာနုသိဋ္ဌံ ပဋိပဇ္ဇ-မာနာနံ ဖလဝိသေသဒဿနေန တဿာ ပဋိ-ပတ္တိယာ အမောဃဘာဝံ ပကာသေန္တော။ ကုတိဝုတ်၊ဋ္ဌ။၁၆၃။

ဖလဝိသေသယောဂ (ပု) [ဖလဝိသေသ+ယောဂ] အကျိုး ထူးနှင့် ယှဉ်ခြင်း။ ဓမ္မေ ပသာဒဿ ဖလဝိသေသယောဂေါ ဝေဒိ-တဗ္ဗော။ ကုတိဝုတ်၊ဋ္ဌ။၂၇၃။ (–၂၇၅။ အနုဋီ၊၁။၁၃၅။)

ဖလဝိသေသနိပ္ပါဒနသမတ္ထ (တိ) [ဖလဝိသေသ+နိပ္ပါဒန+သမတ္ထ] အကျိုးထူးကို ပြီးစေခြင်း ဂုဏ်စွမ်းနိုင်သော။ သတ္ထုနော မဟာကရုဏာ-ဒိဂုဏာနံယေဝ စ ဖလဝိသေသနိပ္ပါဒနသမတ္ထ-တာယ ပသာဒါဝဟတံ အာဟ။ အနုဋီ၊၁။၂။

ဖလဝိသေသာကာရ (ထီ) [ဖလဝိသေသ+အာ-ကာရ] အကျိုးထူးကို–လိုချင်ခြင်း၊ အလိုရှိ ခြင်း။ ဖလဝိသေသာကာရိယ ပူဇေတဗ္ဗာတိ ပူဇနီယာ။ သံ၊ဋ္ဌီ၊၁။၂၇၆။

ဖလဝိသေသာဝဟ (တိ) [ဖလဝိသေသ+အာ-ဝဟ] အကျိုးထူးကိုဆောင်သော။ ဒဿနာ-နုတ္တရိယံ နာမ ဖလဝိသေသာဝဟတ္တာ။ အံ၊ ဋ္ဌီ၊၃။၈၈။ (–ဒီ၊ဋ္ဌီ၊၃။၂၆။)

ဖလဝေပုလ္လဟေတု (ပု) [ဖလ+ဝေပုလ္လ+ဟေတု] အကျိုးပြန့်ပြောခြင်း၏ အကြောင်း။ အတ္တနိ ကတာနံ ကာရာနံ ဖလဝေပုလ္လဟေတုတာယ ဝိပုလော။ ဝိမာန၊ဋ္ဌ။၁၄၁။

ဖလဝေမတ္တ (န) [ဖလ+ဝေမတ္တ] ဖိုလ်အထူး။ ကုတိ ခေါ ဘိက္ခဝေ ကုန္နြံယဝေမတ္တတာ ဖလ-ဝေမတ္တတာ ဟောတိ။ သံ၊၃။၁၇၆။(–သံ၊ဋ္ဌ၊ ၃။ ၂၆၇။ သံ၊ဋ္ဌီ၊ ၂။၄၉၁။)

ဖလဝေါဟာရ (ပု) [ဖလ+ဝေါဟာရ] အကျိုး၏–အမည်–ဝေါဟာရ။ တံ ဟိ တတ္ထ ဥပပတ္တိ-ဘဝဿ ကာရဏတ္တာ.... ဖလဝေါဟာရေန ဘဝေါတိ ဝုတ္တံ။ သံ၊ဋ္ဌ၊ ၂။၁၃။ (–အဘိ၊ဋ္ဌ၊ ၂။၁၇၄။ ဝိသုဒ္ဓိ၊၂။၁၅၂။)

ဖလဝေါဒါန (န) [ဖလ+ဝေါဒါန] ဖိုလ်၏ စင်ကြယ်ကြောင်းဖြစ်သောတရား (ဖိုလ်ဉာဏ်)။ ဖလဝေါဒါနံ သန္ဓာယ မဂ္ဂဝေါဒါနသခ်္ဂါတဿ သမဿ အတ္ထောတိ သမတ္ထော။ ပဋိသံ၊၁၄၊၂။ ၁၁၁။

ဖလသခ်ေပ (ပု) [ဖလ+သခ်ေပ] အကျိုး အဖို့အစု၊ အကျိုးလွှာ။ ပစ္စုပ္ပန္နေ ပဥ္စ ဖလဓမ္မာ ဧကော ဖလသခ်ေပေါ....အနာဂတေ ပဥ္စ ဖလဓမ္မာ ဧကော ဖလသခ်ေပေါ။ ပဋိသံ၊၁၄၊ ၁။၂၂၅။ (–၃၁၆။ မ ဋီ၊၁။၁၁၂။)

ဖလသစ္ဆိကိရိယာ (ထီ) [ဖလ+သစ္ဆိကိရိယာ] ဖိုလ်ကို မျက်မှောက်ပြုခြင်း၊ ဖိုလ်ကိုရခြင်း။ မဂ္ဂဘာဝနာ ဖလသစ္ဆိကိရိယာ ကိလေသပ္ပဟာနံ။ ဝိ၊၁။၁၁၇။ ဝိ၊၂။၃၇။ (–ပဋိသံ။ ၃၉၅။ မဟာနိ။၂၅၁။ ဒီ၊၁၊။၃၁၁။) ဖလသစ္ဆိကိရိယာတိ.... အရဟတ္တဿ သစ္ဆိကိရိယာ။ ဝိ၊၁။၁၁၉။ ဖလသစ္ဆိကိရိယာတိ ဖလဿာဓိဂမဝသေန ပစ္စက္ခကရဏံ။ သီ၊ဋီ၊သစ်၊ ၂။၃၉၀။

ဖလသဏ္ဌာန (တ) [ဖလ+သဏ္ဌာန] အသီး–အသွင်–ပုံစံ – သဏ္ဌာန် – ရှိသော။ ဖလသဏ္ဌာနံ နိယျာသပိဏ္ဍံ ဝိယ။ သံ၊ဋီ၊၂။၁၀၀။

ဖလသတိပဋ္ဌာန (န) [ဖလ+သတိပဋ္ဌာန] ဖိုလ်နှင့်ယှဉ်–ဖိုလ်၌ရှိ–သော သတိပဋ္ဌာန်။ ဖလသတိပဋ္ဌာနံ ပန ဣဒ အနဓိပ္ပေတံ။ ဒီ၊၁၊၃။ ၆၇။

ဖလသဒ္ဓါ (ထီ) [ဖလ+သဒ္ဓါ] အကျိုး၌ယုံကြည်ခြင်း။ တောဃ ဖလသဒ္ဓါယ အာဂတာဂတာနံ သဗ္ဗေသံယေဝ ဒါနံ ဒေတိ။ ဇာ၊၁၊၄။ ၃၀၁။

ဖလသဘာဝ (ပု) [ဖလ+သဘာဝ] အကျိုးဖြစ်သော သဘော။ အာယုသံဟာနာဒိနာ ဖလသဘာဝေန ဇရာနိဒ္ဒေသော။ အနုဋီ၊၁။ ၁၆၆။ (–အနုဋီ၊၃။၁၀၅။)

ဖလသမဂီ (တိ) [ဖလ+သမဂီ] ဖိုလ်နှင့်ပြည့်စုံသော၊သူ။ ပဋိပန္နာ ဖလဋ္ဌာ စ၊ သေခါ ဖလသမဂီနော။ အပ၊၁။ ၂၉။(–အဘိ၊ပု။၁၁၃။) သေခါ ဖလသမဂီနော ဟေဋ္ဌိမေဟိ တီဟိ ဖလေဟိ သမန္နာဂတာ စ။ အပ၊၁၊၁။ ၂၅၉။ (–အဘိ၊၁၊၃။၃၇။)

ဖလသမဝါယပစ္စယ (ပု) [ဖလသမဝါယ+ပစ္စယ] အကျိုးညီညွတ်ခြင်း – အကျိုးပြည့်စုံခြင်း – အကျိုးဖြစ်ပေါ်ခြင်း – ၏အကြောင်း။ ပစ္စယဓမ္မာ အတ္တနော ဖလသမဝါယပစ္စယေ ဟောန္တေ တဿ ဥပရိ ဌိတော ဝိယ ဟောတိ။ သံ၊ဋီ၊၂။၁၂၃။

ဖလသမတ္ထ (တိ) [ဖလ+သမတ္ထ] ဖိုလ်ဖြစ်ခြင်းငှါ စွမ်းနိုင်သော။ သခါရာနံ မဂ္ဂဉာဏေန သမထာ၊ ဥပဟတတာယ ဖလသမတ္ထတာယာတိ ဝုတ္တံ ဟောတိ။ သုတ္တနိ၊၁၊၂။၂၂၂။

ဖလသမာဓိ (ပု) [ဖလ+သမာဓိ] ဖိုလ်သမာဓိ၊ ဖိုလ်–နှင့်ယှဉ်–၌ ရှိ–သော သမာဓိ။ ယသ္မိံ သိလေ ဌတွာဝ မဂ္ဂသမာဓိံ ဖလသမာဓိံ နိဗ္ဗတ္တေန္တိ။ ဒီ၊၁၊၂။၁၂၇။ (–ဒီ၊၁၊၃။၁၀၆။ အံ၊၁၊၁။၃၇၉။)

ဖလသမာပတ္တိ (ထီ) [ဖလ+သမာပတ္တိ] ဖိုလ်သို့ကောင်းစွာ ရောက်ခြင်း၊ ဖိုလ်ဝင်စားခြင်း၊ ဖလသမာပတ်။ (အရိယာဖိုလ်စိတ်၏ နိဗ္ဗာန်၌ အပ္ပနာ အခြင်းအရာအားဖြင့် ဖြစ်ခြင်းသည် ဖလသမာပတ်မည်၏။ ဖိုလ်ဝင်စားခြင်းဟု သုံးစွဲသည်၊ မဂ်၏ အခြားမဲ့၌ဖြစ်သော (မဂ္ဂဝီထိ၌ ပါဝင်သော) ဖိုလ်ကိုမူ သီးခြားပရိကံမရှိ၍ ဖလသမာပတ်မဆိုရချေ (ဝိသုဒ္ဓိ၊ ဋီ၊၂။၅၁၇)။

ထိုဖလသမာပတ်ကို အရိယာတို့သည် ဝင်စားနိုင်၏၊ သို့သော် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သည် အထက်အထက်ဖိုလ်ကို (မရသေးသော ကြောင့်)မဝင်စားနိုင်ကြ၊ အထက် ဖလဋ္ဌာန်

ပုဂ္ဂိုလ်တို့သည်လည်း အောက် အောက်ဖိုလ်ကို (ပုဂ္ဂိုလ်တပါးအဖြစ်သို့ ရောက်သွားခြင်းကြောင့်) မဝင်စားနိုင်ကြ၊ ကိုယ့်ဖိုလ်ကိုသာ ဝင်စားနိုင်ကြ၏။ မျက်မှောက်ဘဝ၌ ကိလေသာ အပူငြိမ်း၍ ချမ်းချမ်းသာသာနေရန် ဖလသမာပတ်ကို ပိုင်းခြားကန့်သတ်၍ အလို ရှိသောအခါ အရိယာပုဂ္ဂိုလ်တို့သည် ဝင်စားကြကုန်၏။ နိဗ္ဗာန်မှ တပါးသော သင်္ခါရတို့ကို နှလုံး မသွင်းခြင်း, နိဗ္ဗာန်ကို နှလုံးသွင်းခြင်း – ဤ-၂ ပါးသော အခြင်းအရာအားဖြင့် ဖလသမာပတ်ဝင်စားသည်။ (ထိုအင်္ဂါ ၂-ပါးသည် အဓိပ္ပါယ်တူလျက် ခွဲခြားပြခြင်း၏ အကြောင်းကို ဝိသုဒ္ဓိ၊ ဋီ၊ ၂။ ၅၁၇-ကြည့်။) အထက်ပါ အင်္ဂါ ၂-ပါးနှင့် သမာပတ်မဝင်စားမီ "မည်သည့်အချိန် ထအံ့"ဟု ကာလ ပိုင်းခြားခြင်း၊ ဤ ၃-ပါးသည် သမာပတ်၏ တည်ခြင်းမည်၏။ နိဗ္ဗာန်အာရုံကို နှလုံးမသွင်းပဲ သင်္ခါရနိမိတ်ကို နှလုံးသွင်းခြင်း (ဘဝင်စိတ်၏ အာရုံကိုယူခြင်း) သည် ဖလသမာပတ်မှ ထခြင်းမည်၏။ ဖလသမာပတ်၏ အကြောင်းစုံ အဓိပ္ပါယ်အကျယ်ကို ပဋိသံ၊ ဋ၊ ၁။ ၂၄၆-၉။ ဝိသုဒ္ဓိ၊ ၂။ ၃၄၀-၃။ ဝိသုဒ္ဓိ၊ ဋီ၊ ၂။ ၅၁၃-၂၀-တို့၌ ကြည့်။) ဓမ္မသင်္ဂဏီတတ္တာ ကုသလမူလရောပနာယ စ ဖလသမာပတ္တိယာ စ သာဓာရဏံ ပဒဋ္ဌာနံ။ နေတ္တိ။ ၄၃။ (–ဝိ၊ ဋ၊ ၁။ ၁၆၄။ ဒီ၊ ဋ၊ ၂။ ၁၃၈။ မ၊ ဋ၊ ၁။ ၁၀၇။) ကာ ဖလသမာပတ္တိ တိ? ယာ အရိယဖလဿ နိဏ္ဍောဓေ အပ္ပနာ။ ပဋိသံ၊ ဋ၊ ၁။ ၂၄၆။ ဝိသုဒ္ဓိ၊ ၂။ ၃၄၁။

ဖလသမာပတ္တိစိတ္တ (န) [ဖလသမာပတ္တိ+စိတ္တ] ဖလသမာပတ်စိတ်။ နိဏ္ဍောဓ ဝုဋ္ဌဟန္တဿ ဖလသမာပတ္တိစိတ္တံ။ အဘိ၊ ဋ၊ ၁။ ၃၁၈။ (–အဘိ၊ ဋ၊ ၃။ ၃၁၂။)

ဖလသမာပတ္တိဝိဟာရ (ပု) [ဖလသမာပတ္တိ+ဝိဟာရ] ဖလသမာပတ်ဟူသော နေခြင်း၊ ဖိုလ်ဝင်စားနေခြင်း။ ဣမိနာ ဖလသမာပတ္တိ-ဝိဟာရေန ဖာသု ဟောတိ။ ဒီ၊ ဋ၊ ၂။ ၁၃၈။ (–ဝိ၊ ဋ၊ ၃။ ၃၆၅။)

ဖလသမာပတ္တိဝိထိ (ထီ) [ဖလသမာပတ္တိ+ဝီထိ] ဖလသမာပတ်ဝီထိ။ မဂ္ဂဝီထိယမ္ပိ ဖလသမာပတ္တိဝီထိယမ္ပိ အရိယမဂ္ဂဿ ဝိပါကစိတ္တံ သာမညဖလံ နာမ။ အဘိ၊ ဋ၊ ၃။ ၂၆၇။ သမာပတ္တိ-လည်း ကြည့်။

ဖလသမာပတ္တိဝီရိယ (န) [ဖလသမာပတ္တိ+ဝီရိယ] ဖလသမာပတ်တို့နှင့် ယှဉ်သောလုံလ။ ဖလသမာပတ္တိဝီရိယေနာ (ဒီ ဋ၊ ၂။ ၁၃၇) တိ ဖလသမာပတ်တိသမ္ပယုတ္တဝီရိယေန။ ဒီ၊ ဋီ၊ ၂။ ၁၄၅။

ဖလသမာပတ္တိသမာပဇ္ဇန (န) [ဖလသမာပတ္တိ+သမာပဇ္ဇန] ဖလသမာပတ် ဝင်စားခြင်း။ ဒေဝသိကံ ဖလသမာပတ္တိသမာပဇ္ဇနံ မဟာကရုဏာသမာပတ္တိသမာပဇ္ဇနံ။ ဝိ၊ ဋ၊ ၄။ ၁၁၄။ အံ၊ ဋ၊ ၁။ ၆၆။

ဖလသမာပတ္တိသမ္ပယုတ္တဝီရိယ (န) [ဖလသမာပတ္တိသမ္ပယုတ္တ+ဝီရိယ] ဖလသမာပတ်နှင့် ယှဉ်သောလုံလ။ ဖလသမာပတ္တိဝီရိယ-ကြည့်။

ဖလသမာပတ္တိသုခ (န) [ဖလသမာပတ္တိ+သုခ] ဖလသမာပတ်ချမ်းသာ။ ဝိမုတ္တိသုခံ ဖလသမာပတ္တိသုခံ ပဋိသံဝေဒယမာနော။ ဝိ၊ ဋ၊ ၃။ ၂၃၄။

ဖလသမ္ပတ္တိ (ထီ) [ဖလ+သမ္ပတ္တိ] အကျိုး၏ ပြည့်စုံခြင်း။ ဝိမုတ္တိရသဿာတိ ဖလသမ္ပတ္တိ-သင်္ခါတဿ ဝိမုတ္တိရသဿ။ မဟာနိ၊ ဋ။ ၂၃၁။ (–မ၊ ဋီ၊ ၂။ ၃။)

ဖလသမ္ပတ္တိပဝတ္တိ (ထီ) [ဖလသမ္ပတ္တိ+ပဝတ္တိ] အကျိုးပြည့်စုံခြင်း၏ ဖြစ်ခြင်း။ "ဒေဝ-မနုဿာနံ စတုစက္ကံ ဝတ္တတီ"တိ သုတ္တသေသေန သပ္ပုရိသူပဿယာဒီနံ ဖလသမ္ပတ္တိ-ပဝတ္တိ။ မ၊ ဋီ၊ ၂။ ၂၀။

ဖလသမ္ဘတ္တိဝိပတ္တိ (ထီ) [ဖလ+သမ္ဘတ္တိဝိပတ္တိ] အကျိုး၏ပြည့်စုံခြင်း, ပျက်စီးခြင်း။ ဉာပေန်္တ ပကာသေန်္တ ဖလသမ္ဘတ္တိဝိပတ္တိဟိ ကာရဏ-သမ္ဘတ္တိဝိပတ္တိအဝေါဓတော။ ဝိသုဒ္ဓိ၊ဋ္ဌီ၊၂။ ၁၀၆။

ဖလသမ္ဘဒါ (ထီ) [ဖလ+သမ္ဘဒါ] အကျိုးဟူသော ပြည့်စုံခြင်း၊ ပြည့်စုံသောအကျိုး။ ဖလသမ္ဘဒါ ပန ဉာဏပဟာနအာနုဘာဝရူပ-ကာယသမ္ဘဒါဝသေန စတုဗ္ဗိဓာ။ ဝိဘာဝိနီ။ ၇၂။ (–မ၊ဋ္ဌီ၊၃။၃၉၄။) ဖလဓမ္မ သမ္ဘဒါ ဖလသမ္ဘဒါ၊ ဉာဏာဒယော။ မဏိမ၌။၊၁။ ၉၅။

ဖလသမ္ဘန္န (တိ) [ဖလ+သမ္ဘန္န] အသီးနှင့်ပြည့်စုံသော။ မူလဝါ ဖလသမ္ဘန္နော၊ ပတိဋ္ဌာဟောတိ ပက္ခိနံ။ အံ၊၂။၃၆။ (–ဇာ၊ဋ္ဌ၊၁။ ၁၀၉။)

ဖလသမ္ဘယုတ္တ (တိ) [ဖလ+သမ္ဘယုတ္တ] (၁) ဖိုလ်နှင့်ယှဉ်သော။ (၂) ဖိုလ်ဖြစ်သောသမ္ဘယုတ်။ (၁) ဖလသမ္ဘယုတ္တာနိ ပန သမ္ဘာဒိဋ္ဌိအာဒီနိ အဋ္ဌင်္ဂါနိ ဌပေတွာ။ မ၊ဋ္ဌ၊၁။၁၉၂။ (–သံ၊ဋ္ဌ၊၃။၃၀၆။) (၂) အောက်ပုဒ်ကြည့်။

ဖလသမ္ဘယုတ္တဓမ္မ (ပု) [ဖလ+သမ္ဘယုတ္တဓမ္မ] ဖိုလ်ဖြစ်သော သမ္ဘယုတ်တရား။ အသေက္ခာ-သမ္ဘာဒိဋ္ဌိတိအာဒယော သဗ္ဗေပိ ဖလသမ္ဘ-ယုတ္တဓမ္မာ ဧဝ။ ဒီ၊ဋ္ဌ၊၃။၂၃၅။ ပဋိသံ၊ဋ္ဌ၊၁။ ၁၂၉။ ဖလဋ္ဌ တေ သမ္ဘယုတ္တဓမ္မာ စာတိ ဖလသမ္ဘယုတ္တဓမ္မာ။ ဒီ၊ဋ္ဌီ၊၃။၂၇၃။

ဖလသမ္ဘန္ဓ (တိ) [ဖလ+သမ္ဘန္ဓ] အကျိုးနှင့်စပ်သော။ ဒုရန္နယောတိ ဖလသမ္ဘန္ဓဝသေန ဒုဇ္ဇာနော။ ဇာ၊ဋ္ဌ၊၂။၇၈။

ဖလသမ္ဘဝ (ပု) [ဖလ+သမ္ဘဝ] အကျိုး၏ဖြစ်ခြင်း။ မာတာပိတူသု သမ္ဘာပဋိပတ္တိမိစ္ဆာပဋိ-ပတ္တိအာဒီနံ ဖလသမ္ဘဝေါ ဝုတ္တော။ သာရတ္ထ၊ ၂။၆၂။

ဖလသမ္ဘာရ (ပု) [ဖလ+သမ္ဘာရ] ဖိုလ်၏–အကြောင်း–အဆောက်အဦ။ ဖလသမ္ဘာ-ရော စျာနနိဗ္ဗတ္တိတာယ စျာနသမုဒါဂမော။ ပေဋကော။၂၆၆။

ဖလသမ္ဘာဉာဏ (န) [ဖလ+သမ္ဘာဉာဏ] ဖိုလ်နှင့်ယှဉ်သောကောင်းသောဉာဏ်။ ဖလဝိမုတ္တိ-ကြည့်။

ဖလသမ္ဘာဒိဋ္ဌိ (ထီ) [ဖလ+သမ္ဘာဒိဋ္ဌိ] ဖိုလ်နှင့်ယှဉ်သော ကောင်းသောဉာဏ်အမြင်။ တထာ ဖလသမ္ဘာဒိဋ္ဌိယံ ဌိတဿ ဖလသမ္ဘာသက်ပွေါ ပဟောတိ။ ဒီ၊ဋ္ဌ၊၂။၂၃၉။ (–မ၊ဋ္ဌ၊၄။၉၄။ အံ၊ဋ္ဌ၊၁။၃၆၉။)

ဖလသမ္ဘာဝိမုတ္တိ (ထီ) [ဖလ+သမ္ဘာဝိမုတ္တိ] ဖိုလ်နှင့်ယှဉ်သော ကောင်းစွာ (ကိလေသာမှ) လွတ်ခြင်း။ ဖလပစ္စဝေက္ခဏသမ္ဘာဉာဏော ဌိတဿ ဖလသမ္ဘာဝိမုတ္တိ ပဒဟာတိ။ မ၊ဋ္ဌ၊ ၄။၉၅။

ဖလသမ္ဘာသက်ပွ (ပု) [ဖလ+သမ္ဘာသက်ပွ] ဖိုလ်နှင့်ယှဉ်သောကောင်းသောအကြံအစည်။ ဖလသမ္ဘာဒိဋ္ဌိ-ကြည့်။

ဖလသလာကာ (ထီ) [ဖလ+သလာကာ] သစ်သီးစာရေးတံ။ ဖလသလာကပူဝသလာက-ဘေသဇ္ဇဂန္ဓမာလသလာကာယောပိ ဝိသုံ ဌိတိကာယ ဂါဟေတဗ္ဗာ။ ဝိ၊ဋ္ဌ၊၄။၁၀၁။

ဖလသာခါ (ထီ) [ဖလ+သာခါ] အသီးရှိသော သစ်–ခက်–ကိုင်း။ ဖလသာခါပိ အတ္တနာ ခါဒိတုကာမေန န သြနာမေတဗ္ဗာ။ ဝိ၊ဋ္ဌ၊၃။ ၃၁။

ဖလသာခာရဏ (တိ) [ဖလ+သာခာရဏ] အကျိုးနှင့်ဆက်ဆံသော။ နိဒ္ဒဿနေန ပဋိ-ပတ္တိသာခာရဏေန ဖလသာခာရဏတံ ဒဿေ-နွော။ ဝင်ရ။၅၁။

ဖလသာမည (နာ) [ဖလ+သာမည] (၁) ဖိုလ်တူသည်၏ အဖြစ်။ (၂) အကျိုးတူသည်၏ အဖြစ်။ (၁) ဖလသာမညေန တိဏ္ဍမို့ ဖလာနံ့ အတ္ထိ။ ဝဇီရ။၁၁။ (၂) အဝိဇ္ဇာဒယော ဟေတုသာမညေန ဖလသာမညေန ဝါ။ ဝိမတိ၊၁။၄၈။

ဖလသာမိက (ပု) [ဖလ+သာမိက] အသီးပိုင်ရှင်။ ဖလသာမိကာနံ ဘာယမာနာနံ ဝိယ။ မဟာနိ၊၆။ ၂၁၆။

ဖလသိဒ္ဓိ (ထီ) [ဖလ+သိဒ္ဓိ] အကျိုး၏ပြီးခြင်း။ ဟေတုဝစနေန ပန ဖလသိဒ္ဓိတော တေသံ ဖလာနိ။ မ၊၆၊၃။ ၂၇၆။

ဖလသိပါဋိကာ (ထီ) [ဖလ+သိပါဋိကာ] အသီးတောင့်။ ဖလတော ဘဋ္ဌန္တိ ဖလသိပါဋိကတော ဘဋ္ဌံ။ သံ၊ဋီ၊၁။ ၂၂၂။

ဖလသီလ (နာ) [ဖလ+သီလ] ဖိုလ်နှင့်ယှဉ်သော သီလ။ မဟာသီလံ မဂ္ဂသီလံ ဖလသီလံ။ မိလိန္ဒ။၃၂၀။ (–ဒီ၊၆၊ ၂။၁၉။ သံ၊၆၊၃။ ၂၄၂။)

ဖလသီသ (တိ) [ဖလ+သီသ] အသီးနှင့်တူသော ဥက္ခောင်းရှိသော၊ သူ။ ကေစိ ဖလသီသာ။ ဒီ၊၆၊ ၂။၄၃။ မ၊၆၊၃။ ၂၆၄။ ဖလသီသာတိ ဖလိတသီသာ။ ဒီ၊ဋီ၊ ၂။၄၂။ ဖလသီသာတိ ဖလသဒိသသီသာ။ မ၊ဋီ၊၃။၁၇၆။

ဖလသုခ (နာ) [ဖလ+သုခ] ဖိုလ်ချမ်းသာ။ စျာနသုခဿ မဂ္ဂသုခဿ ဖလသုခဿ စ အဓိဂမာယ။ ဒီ၊၆၊ ၂။ ၂၃၆။ (–မ၊၆၊၃။၁၅၂။)

ဖလသုည ([တိ) [ဖလ+သုည] အကျိုး (သစ္စာ)မှ ဆိတ်သုဉ်းသော (တရား)။ ဖလသုညော ဝါ ဟေတ္ထ ဟေတု သမုဒယေ ဒုက္ခဿာဘာဝတော မဂ္ဂေ စ နိရောဓဿ။ အဘိ၊၆၊ ၂။၀၄။ ပဋိသံ၊၆၊၁၀။၁၀၄။ ဝိသုဒ္ဓိ၊ ၂။၁၄၄။

ဖလဟတ္ထ (တိ) [ဖလ+ဟတ္ထ] သစ်သီးလက်၌ရှိသော၊ သစ်သီးလက်စွဲသော၊ သူ။ ဖုဿဒီနဝံ ဒိသွာ၊ ဖလဟတ္ထော ဖလံ အဒါ။ အပ၊၁။၁၄၄။ (–အပ၊၂။၄၁။)

ဖလဟာရက (တိ) [ဖလ+ဟရ+ကွ] သစ်သီးကိုဆောင်သော၊ သူ။ (သစ်သီးကုန်သည်။) ပုပ္ပိကာ မာလိကာ စေဝ၊ ပဏ္ဏိကာ ဖလဟာရကာ။ အပ၊၁။၃၇၁။ ထေရ၊၆၊ ၂။၃၁၃။

ဖလဟေတု (ပု) [ဖလ+ဟေတု] (၁) အကျိုးအကြောင်း။ (တိ) (၂) အသီးဟူသော အကြောင်းရှိသော။ (၁) ဖလဟေတုသန္ဓိကြည့်။ (တိ) (၂) တမဒ္ဒသံ ဖလဟေတု ဝိဘဂ္ဂံ။ ဇာ၊၁။၁၆၆။ (–ဇာ၊၆၊၃။၃၅၉။)

ဖလဟေတုက (တိ) [ဖလ+ဟေတု+က] အသီးလျှင် အကြောင်းရှိသော။ ဖလဟေတုကော ဖလဇနကော ရုက္ခော ဖလရုက္ခောတိ ဝိယ။ ဝဇီရ။၃၉၃။

ဖလဟေတုသန္ဓိ (ပု) [ဖလဟေတု+သန္ဓိ] အကျိုး (နှင့်) အကြောင်းစပ်ခြင်း။ ဝေဒနာယ စ တဏှာယ စ အန္တရာ ဧကော ဖလဟေတုသန္ဓိ နာမ။ အဘိ၊၆၊ ၂။၁၀၂။ ဝိသုဒ္ဓိ၊ ၂။၂၁၄။

ဖလာဂမ (ပု) [ဖလ+အာဂမ။အာဂမအနက်မဲ့။] (စပါး) အသီး။ နာ ကိဉ္စိ ဝိန္ဒန္တိ တတော ဖလာဂမံ။ ဇာ၊ ၂။၁၀၆။ တတောတတိ တတော သဿတော တေ ကိဉ္စိ ဖလံ နာ ဝိန္ဒန္တိ။ ဇာ၊ ၆၊၅။၄၂၀။

ဖလာဓိဂမ (ပု) [ဖလ+အဓိဂမ] ဖိုလ်ကိုရခြင်း။ သဟ ဝိပဿနာယ အရိယမဂ္ဂေါ စ ဘဂဝတော အာဏာတ္တိ စ ဒေသနာယ ဖလာဓိဂမဿ ဥပါယဘာဝတော။ နေတ္တိ၊ဝိ။၇၆။

ဖလာဓိဂမဌာန (နာ) [ဖလာဓိဂမ + ဌာန] အရဟတ္တဖိုလ်ကို ရရာအရပ်။ ပူရိတာနံ ပါရမီနံ ဖလာဓိဂမဌာနံ ပလ္လင်္ကော ဗောဓိရုက္ခဉ္စ။ မ၊၆၊ ၂။၀၉။ ဗုဒ္ဓဝံ၊၆။၁၀။ ဇာ၊၆၊၁။၉၀။ ဝဇီရ။၃၉၅။

ဖလာခံဂမာပဒါန (န) [ဖလာခံဂမ+အပဒါန] ဖိုလ်ကိုရခြင်းအကြောင်း။ မဂ္ဂံ ဖလာခံဂမာပဒါန္ဉ ပါဌာနုသာရေန သုဝိညေယျမေဝ။ အပ၊၃၊ ၂။ ၂၀၅။

ဖလာနန္တရံ (ဗျ) [ဖလ+အနန္တရံ] ဖိုလ်၏အခြားမဲ့၌။ မဂ္ဂါနန္တရံ ဖလံ ဖလာနန္တရံ မဂ္ဂံ တတော ဝုဋ္ဌာယ ပစ္စဝေက္ခန္တော။မ၊၃၊၄။ ၂၅၀။ (–သံ၊ ၃။၁၆၉။ ပဋိသံ၊၃၊၁။ ၂၄၈။) ဖလာနန္တရံ မဂ္ဂန္တိ တသ္မိ အနာဂါမိမဂ္ဂေ ဌိတော ဖလသမာပတ္တိတော ဝုဋ္ဌာယ အဂ္ဂမဂ္ဂတ္ထာယ ဝိပဿနံ အာရဘိတ္ဝာ တသ္မိ ယေဝ အာသနေ ဖလာနန္တရံ မဂ္ဂပ္ပတ္တော နာမ ဟောတီတိ ကတ္ဝာ။ မ၊၌၊၃။၄၃၀။

ဖလာနန္တရ (တိ) [ဖလ+အနန္တရ] (၁) ဖိုလ်၏အခြားမဲ့၌ဖြစ်သော။ (၂) (မိမိ၏) အခြားမဲ့၌ ဖိုလ်ရှိသော။ (၁) မဂ္ဂဝီထိယံ ဖလာနန္တရာယ ဘဝင်္ဂသ အတိက္ကမဝသေန ဝုဋ္ဌဟိတ္ဝာ။ အဘိ၊၃၊၃။၄၃၆။ (၂) ဖလာနန္တရံ မဂ္ဂ-(မ၊၃၊၄။ ၂၅၀) နန္တိ ဇာတ္ထ ဖလံ အနန္တရံ ဧတဿာတိ ဖလာနန္တရံ။ မ၊၌၊၃။၄၃၀။

ဖလာနိသံသ (ပု) [ဖလ+အာနိသံသ] (၁) အာကျိုးရင်း, အကျိုးဆက်၊ အကျိုး, အာနိသင်။ (တိ) (၂) အကျိုး, အာနိသင်ကိုမြင်သော၊ အကျိုးကိုအလိုရှိသော။ (၁) သရဏဂမနဿ သီလသမာဒါနဿ စ ဖလာနိသံသံ ဝိဘာဝေတ္ဝာ။ ဝိမာန၊၃၊၁။ ၂၁၃။ (–ဣတိဝုတ်၊ ၃။၀၅။) (တိ) (၂) ဖလာနိသံသော ဘာဝေတိ။ သုတ္တနိ။၃၁၀။ ဇာ၊၁။၁၂၉။ တသ္မာ ဧတံ ဖလဉ္စ အာနိသံသဉ္စ သမ္မဿမာနော ဖလာနိသံသော ကုလပုတ္တော....သုခံ ဘာဝေတိ ဝေဒေတိ။ ဇာ၊၃၊၃။၁၀၃။ ဖလံ ပဋိကခ်-မာနော ဖလာနိသံသော။ သုတ္တနိ၊၃၊၁။၃၁၃။

ဖလာနုပရမ (ပု) [ဖလ+အနုပရမ] အကျိုး၏မပြတ်စဲခြင်း။ ပစ္စယာနုပရမေ ဖလာနုပရမ-တော။ ဝိသုဒ္ဓိ၊၂။၁၅၀။ အနုပရမ-လည်းကြည့်။

ဖလာနုပရမဒဿန (န) [ဖလာနုပရမ+ဒဿန] အကျိုး၏ မပြတ်စဲမှုကိုရှုခြင်း။ ပစ္စယုပ္ပန္နဓမ္မာနံ ပစ္စယသာမဂ္ဂိယံ အာယတ္တဝုတ္တိတ္တာ ပစ္စယာနုပရမဒဿနေန ဖလာနုပရမဒဿန-တော။ ပဋိသံ၊၃၊၂။၆။

ဖလာနုဗန္ဓပညတ္တိ (ထီ) [ဖလ+အနုဗန္ဓ+ပညတ္တိ] အကျိုး၏အစဉ်လိုက်ခြင်းကို အပြားအားဖြင့် သိစေသောပညတ်။ (ပေ၊သျ)။ တတော နံ သုခမန္ဒေတိတိ ကမ္မဿ ဖလာနုဗန္ဓပညတ္တိ။ နေတ္တိ၊၃။၁၀၅။

ဖလာနုမာနဒဿန (န) [ဖလ+အနုမာန+ဒဿန] အကျိုးကိုမှန်းဆ၍ ပြခြင်း။ သမ္မာသမ္ဗုဒ္ဓါ ဆဒနာဘာဝေနာတိ ဟေတုနာ ဖလာနုမာနဒဿနံ။ ဒီ၊၌၊၁။ ၂၉၅။ မ၊၌၊၃။ ၁၆၉။

ဖလာနုရူပ (တိ) [ဖလ+အနုရူပ] အကျိုးအားလျော်သော။ ဖလာနုရူပေါ ဟေတု။ ဝဇိရ။၉။

ဖလာပဏ (န) [ဖလ+အာပဏ] သစ်သီးဈေး။ ပုပ္ဖါပဏံ ဂန္ဓာပဏံ ဖလာပဏံ။ မိလိန္ဒ။၃၁၆။

ဖလာပဏိက (ပု) [ဖလာပဏ+ဏ္ဍက] သစ်သီးဈေးသည်။ ဘိက္ခူ ဘဂဝတော ဓမ္မနဂရေ "ဖလာပဏိကာ"တိ ဝုစ္စန္တိ။ မိလိန္ဒ။၃၂၆။

ဖလာပဒေသ (တိ) [ဖလ+အပဒေသ] အကျိုးဟု ညွှန်းပြအပ်သော။ ပဌမတတိယာနိ စာပိ သဘာဂါနိ ဖလာပဒေသတော။ အဘိ၊၄။ ၇၇။ ပဋိသံ၊၄၊၁။၁၀၅။ ဝိသုဒ္ဓိ၊၂။၁၄၇။ နိဗ္ဗာနမ္မိ မဂ္ဂေန အဓိဂန္တဗ္ဗတ္တာ တဿ ဖလန္တိ အပဒိဿတိတိ အာဟ "ဖလာပဒေသတော"-တိ။ မူလဋီ၊၂။၅၉။ (–ဝိသုဒ္ဓိ၊ဋီ၊၂။၂၂၄။)

ဖလာပေက္ခ (တိ) [ဖလ+အပေက္ခ] အကျိုးကိုငဲ့သော။ ကာရဏဘာဝေါ စ ဖလာပေက္ခာ-ယ။ နေတ္တိ၊၄။၁၃၇။ (–ဝဇိရ။၁၅၇။)

ဖလာဘာဝ (ပု) [ဖလ+အဘာဝ] အကျိုးမရှိခြင်း။ တမ်မွ ဥဘယံ ဖလာဘာဝမေဝ သန္ဓာယ ပဋိက္ခိပတိ။ ဒီ၊၆၊၁။၁၄၉။ အံ၊၆၊၂။၂၃၄။

ဖလာဘိကခ်ါ (ထီ) [ဖလ+အဘိကခ်ါ] အကျိုးကိုအလိုရှိခြင်း။ န ဖလာဘိကခ်ါယ....ဒေတိ။ စရိယာ၊၆။ ၂၉၀။ ဒီ၊ဋီ၊၁။ဂဖ။ သီ၊ဋီ၊သစ်၊၁။ ၂၇ဖ။

ဖလာရဟ (တိ) [ဖလ+အရဟ] အကျိုးပေးခြင်းငှါထိုက်သော။ အပိ စ စိရကတမ်မိ ကမ္မံ ....ဖလာရဟံ သန္တံ ဧဝ နာမ ဟောတိ။ ဥဒါန၊၆။၃၇။

ဖလာရာမ (ပု) [ဖလ+အာရာမ] သစ်သီးအရာမ်၊ သစ်သီးခြံ၊ သစ်သီးဥယျာဉ်။ အာရာမော နာမ ပုပ္ဖါရာမော ဖလာရာမော။ ဝိ၊၁။ဖဝ။ (–ဝိ၊၆၊၇။၇ဖ။ ဝိ၊သင်္ဃ။၃၀၁။)

ဖလာဝတ္ထာ (ထီ) [ဖလ+အဝတ္ထာ] အကျိုးအခိုက်အတန့်။ ဟေတုအဝတ္ထာယ ဖလာဝတ္ထာယ သတ္တာနံ ဥပကာရာဝတ္ထာယ စာတိတီသုပိ အဝတ္ထာသု။ အံ၊ဋီ၊၁။၁၃၇။

ဖလာဝဗောဓ (ပု) [ဖလ+အဝဗောဓ] အကျိုးကို ထိုးထွင်း၍သိခြင်း။ ယံ သမ္မာ ပဿန္တော ပစ္စယာနုရူပတော ဖလာဝဗောဓတော အဟေတုကဒိဋ္ဌိ အာကိရိယဒိဋ္ဌိ ပဇဟတိ။ အဘိ၊၆၊၁။၁၈၈-၉။ (–ဝိသုဒ္ဓိ၊၂။၂၂၀။)

ဖလာဝဟ (တိ) [ဖလ+အာဝဟ] အကျိုးကိုဆောင်သော၊ အကျိုးပေးသော။ ကတတ္တာ ပစ္စယာ ဧတေ၊ နု စ နိစ္စံ ဖလာဝဟာ။ အဘိ၊၆၊၂။၁၅ဖ။ ပဋိသံ၊၆၊၁။၃၂၁။ ဝိသုဒ္ဓိ၊၂။ ၁၈၉။

ဖလာသဝ (ပု) [ဖလ+အာသဝ] သစ်သီးအရက်။ မေရယော နာမ ပုပ္ဖါသဝေါ ဖလာသဝေါ။ ဝိ၊၂။၁၄ဖ။ (–ဒီ၊၆၊၃။၁၂၇။ သံ၊၆၊၃။ ၃၃၄။) ဖလာသဝေါ နာမ မုဒ္ဒိကဖလာဒီနိ မဒ္ဒိတ္ဝာ တေသံ ရသေန ကတော။ ဝိ၊၆၊၃။ ၁၂၇။ (–သာရတ္ထ၊၃။၇၉၊၂၅၂။ ဝိမတိ၊၂။ ၄၂။ ဒီ၊ဋီ၊၃။၁၃၀။ သံ၊ဋီ၊၂။၅၄ဖ။)

ဖလာသာ (ထီ) [ဖလ+အာသာ] (၁) အကျိုးဌ် တပ်မက်မောခြင်း၊ အကျိုးကိုအလိုရှိခြင်း။ (၂) တောင့်တအပ်သောအကျိုး။ (၁)(၂) အပိ အတရမာနာနံ၊ ဖလာသာဝ သမိဇ္ဈတိ။ ဇာ၊၁။၃။ ဇာ၊၂။၁၅၁၊၁၅၂။ မ၊၆၊၁။၃၄၈။ ဖလာသာဝ သမိဇ္ဈတီတိ ယထာပတ္ထိတေ ဖလေ အာသာ တဿ ဖလဿ နိပ္ဖတ္တိယာ သမိဇ္ဈတိယေဝ။ အထ ဝါ ဖလာသာတိ အာသာဖလံ၊ ယထာပတ္ထိတံ ဖလံ သမိဇ္ဈတိယေဝါတိ အတ္ထော။ ဇာ၊၆၊၁။၁၅၃။ (–ဇာ၊၆၊ ဖ။၁၉။ မ၊ဋီ၊၂။၃၄။)

ဖလိ ်သု (ကြိ) [ဖလ+ဥ] ထစ်ချုံးကုန်ပြီ။ ဖလတိ-ကြည့်။

ဖလိ (ကြိ) [ဖလ+ဏျိ] (၁) ကွဲပြီ။ (၂) ထစ်ချုံးပြီ။ ဖလတိ-ကြည့်။

ဖလိက ် (တိ) [ဖလ+ဏ္ဍက] သစ်သီးရောင်းသော၊ သူ။ (သစ်သီးသည်။) ပဏ္ဏိကာ ဖလိကာ မူလိကာ။ မိလိန္ဒ။၃၁၅။

ဖလိက ၂ (ထီ၊ပု) [ဖလ+ဏ္ဍက။ ထောမ။ (သွဋ္ဌိက-သံ)] (၁) ဖန်၊ ဖန်ကျောက်။ (၂) ဖန်နံရံ။ (၁)ဝေဠုရိယသုဝဏ္ဏဿ၊ ဖလိကာ ရူပိယဿ စ။ ဝိမာန။၁၀၅၊၁၀၉။ (–အပ၊၂။ ၁၈၁။) စီဝရစေတာပန်ံ နာမ....ပဝါဠော ဝါ ဖလိကော ဝါ ပဋ္ဌကော ဝါ။ ဝိ၊၁။၃၁၉။ ဖလိကာတိ ဖလိကမဏိနာ။ ဝိမာန၊၆။၂၉၆။ (၂) ဖလိကာသူ (ဇာ၊၂။၁၉ဖ) တိ ဖလိကဘိတ္တိသု။ ဇာ၊၆၊ဖ။၁၄၉။

ဖလိက ၃ (တိ) [ဖလိက ၂+ဏ] ဖန်ကျောက်ဖြင့်ပြီးသော၊ ဖန်ဖြင့်ပြုလုပ်ထားသော (အရာဝတ္ထုစသည်)။ နု နံ ဗဟူနေကသတာ၊ ဖလိကာ ရဇတာမယာ။ အပ၊၁။၂။ (–၃၀၃

မိလိန္ဒ။ ၂၅၉။) ဖလိကာ ဖလိကမဏိမယာ ဖလိကာဟိ ကတာ။ အပ၊၁၉၊၁၁၀။

ဖလိကကရုဏ္ဍ (ပုံ) [ဖလိက၂+ကရုဏ္ဍ] ဖန်ကြွေတံ။ အဋ္ဌဖလိကကရဏ္ဍော အဋ္ဌသု ဖလိကမယထူပေသု ပက္ခိပိ။ ဒီ၊၁၉၊ ၂။ ၂၀၄။

ဖလိကဂုဟာ (ထီ) [ဖလိကာ၂+ဂုဟာ] ဖန်ဂူ။ ဗိဋ္ဌာရော ဖလိကဂုဟာယ နိပန္နဘာဝံ အဇာနန္တော။ ဇာ၊၁၉၊၁။ ၅၀၅။ (–ဇာ၊၁၉၊ ၂။ ၆၊ ၇။)

ဖလိကစေတိယ (န) [ဖလိက၂+စေတိယ] ဖန်စေတီ။ သဗ္ဗေသံ ဥပရိမံ ဖလိကစေတိယံ ထူပါရာမစေတိယပွမာဏံ အဟောသိ။ ဒီ၊၁၉၊ ၂။ ၂၀၄။

ဖလိကဏ္ဍမ္ဘ (ပုံ) [ဖလိက၂+ထမ္ဘ] ဖန်တိုင်။ ရတနမဏ္ဍပေ ကရောန္တိ ဖလိကထ္ထမ္ဘေ ရတနဒါမပဋိမဏ္ဍိတေ။ ဝိ၊၁၉၊ ၂။ ၁၃၁။ ဝိ၊သင်္ဃာ။ ၃၀။

ဖလိကပဒ္မတ (ပုံ) [ဖလိက၂+ပဒ္မတ] ဖန်တောင်။ သာနုပဒ္မတံ ဖလိကပဒ္မတန္တိ နာနာဝိဓေ ပဒ္မတေ။ ဇာ၊၁၉၊၅။ ၄၄၄။

ဖလိကပရိက္ခိတ္တ (တိ) [ဖလိက၂+ပရိက္ခိတ္တ] ဖန်ဖြင့်ခြံရံအပ်သော။ သူရိယော အန္တော ကနကဝိမာနေ ဝသတိ။ တံ ဗာဟိရံ ဖလိကပရိက္ခိတ္တံ ဟောတိ။ ဒီ၊၁၉၊၃၀။

ဖလိကပါသာဒ (ပုံ) [ဖလိက၂+ပါသာဒ] ဖန်ပြာသာဒ်။ ဖလိကပါသာဒဋ္ဌ အတိက္ကန္တော သိတိ ဒိပေတိ။ ဇာ၊၁၉၊၁။ ၃၊ ၃၀၅။ (–ဇာ၊၁၉၊ ၃။ ၁၉၃။)

ဖလိကဘိတ္တိ (ထီ) [ဖလိကာ၂+ဘိတ္တိ] ဖန်နံရံ။ ဖလိက၂ (၂) ကြည့်။

ဖလိကမဏိ (ပုံ) [ဖလိက၂+မဏိ] ဖန်ကျောက်။ ဖလိက၂ (၁) ကြည့်။

ဖလိကမဏိက (ပုံ) [ဖလိကမဏိ+က] ဖန်ကျောက်။ ယောနိဝေသေသံ ပါပေတိ ဝဏ္ဏဝိသေသော ဝိယ ဖလိကမဏိကံ။ သံ၊၄၊ ၂။ ၂၅၃။

ဖလိက(ကာ)မယ (တိ) [ဖလိက၂+မယ] ဖန်ဖြင့်ပြီးသော၊ ဖန်ဖြင့်ပြုလုပ်သော။ ဧကော ဖလိကမယော ဧကော လောဟိတက်မယော။ ဒီ၊၁၉၊ ၂။ ၁၄၀။ (–၁၄၆။ ဝိ၊၁၉၊ ၄။ ၄၇။ ဒီ၊၁၉၊ ၃။ ၁၄၆။) စတုတ္ထီ ဖလိကာမယာ။ အပ၊၁။ ၇၀။ အပ၊ ၂။ ၁၇၉။

ဖလိကမယထူပ (ပုံ) [ဖလိကမယ+ထူပ] ဖန်ဖြင့်ပြီးသော – ပုထိုး – စေတီ။ ဖလိကကရုဏ္ဍကြည့်။

ဖလိကမယဒဏ္ဍ (တိ) [ဖလိကမယ+ဒဏ္ဍ]ဖန်ဖြင့်ပြီးသော အရိုးရှိသော၊ ဖန်လက်ကိုင်ရိုးတပ်သော။ ဖလိကမယဒဏ္ဍာယ သေတစမရဝါလဗီဇနိယာ။ သံ ၁၊၃၊၁၅၆။

ဖလိကမိဿက (တိ) [ဖလိက၂+မိဿက] ဖန်ဖြင့်ရောနှောသော။ ဖလိကမိဿကေ ရဇတပဗ္ဗတေ ဝသန္တော။ ဇာ၊၁၉၊ ၂။ ၈။

ဖလိကဝဋ္ဋသက (ပုံ) [ဖလိက၂+ဝဋ္ဋသက] ဖန်ဖြင့်ပြုလုပ်ထားသော ဦးဆောက်ပန်း၊ ဖန်ဦးဆောက်ပန်း။ (သျှ-၌ အသီးရှိသော ဦးဆောက်ပန်း–ဟု ပြန်ဆို၏။) ဥဒကဝဋ္ဋိ ဖလိကဝဋ္ဋသကသဒိသာ ဥဂ္ဂန္တ္ဝာ စိတကမေဝ ဂဏ္ဍန္တိ။ ဒီ၊၁၉၊ ၂။ ၁၉၆။

ဖလိကဝဏ္ဏ (ပုံ) [ဖလိက၂+ဝဏ္ဏ] (၁) ဖန်အဆင်း။ (တိ) (၂) ဖန်အဆင်းရှိသော၊ ဖန်အဆင်းနှင့်တူသော အဆင်းရှိသော။ (၁) ဖလိကဝဏ္ဏသဒိသံ ဥဒကံ နိက္ခမိတ္ဝာ ပထဝိဂဏ္ဍိ။ အံ၊၁၉၊၃။ ၂၇၀။ (တိ) (၂) မဋ္ဌဉ္စ ပီတကာ ဖလိကာဏ္ဍာယော .... အစ္ဆီယော ဟောန္တိ။ ဝိ၊၃။ ၃၄။ အပ၊၁၉၊ ၂။ ၂၇၇။

ဖလိကဝါတပါန (န) [ဖလိက၂+ဝါတပါန] ဖန်လေသာပြူတင်းပေါက်၊ ဖန်ပြတင်းပေါက်။

အာသက်ာ ကုမာရိကာ တံဒိဝသံ ဖလိကဝါ-
တပါနံ ဝိဝရိတ္တာ အတ္တာနံ ဒဿေန္တီ အဋ္ဌာသိ။
ဇာ၊ဋ္ဌ၊၃။ ၂၃၅။

ဖလိကဝိမာန (ပု၊ န) [ဖလိက၂+ဝိမာန] ဖန်
ဗိမာန်။ သမုဒ္ဒပိဋ္ဌေ ကေသ္မိ ဖလိကဝိမာနေ
စတဿော ဒေဝဓီတရော ပဋိလဘိတ္တာ။ ဇာ၊
ဋ္ဌ၊၁။ ၂၅၇။

ဖလိကဝိမာနဒ္ဒါရ (န) [ဖလိကဝိမာန + ဒ္ဒါရ]
ဖန်ဗိမာန်တံခါး။ သော မဟာသတ္တံ ဝန္ဒိတ္တာ
ဖလိကဝိမာနဒ္ဒါရံ အာဂန္ဆာ အာဟ။ ဇာ၊ဋ္ဌ၊
၃။ ၂၃၉။

ဖလိကသုဝဏ္ဏရသ္မိ (ထီ) [ဖလိက၂+သုဝဏ္ဏ+
ရသ္မိ] ဖန်ရောင်ရွှေရောင်။ ပစ္ဆိမုတ္တရပဿေဟိ
နိက္ခန္တာ ဖလိကသုဝဏ္ဏရသ္မိယော။ သံ၊ဋ္ဌ၊၂။
၁၄၆။

ဖလိတ၁ (တိ) [ဖလ+တ] ကဲ့သော။ ဂိလာန-
သမယော နာမ အန္တမသော ပါဒါပိ ဖလိတာ
ဟောန္တိ။ ဝိ၊၂။၁၀၁။ (–ဝိ၊ဋ္ဌ၊၁။၆၅။ အံ၊ဋ္ဌ၊
၂။၁၉၂။) ဖလိတာယာတိ အာတပေန သု-
ဿိတ္တာ ဘိန္နာယ။ အံ၊ဋ္ဌ၊၂။၁၇၂။ (–ဝိ၊ဋ္ဌ၊
၃။၈၀။)

ဖလိတ၂ (တိ) [ဖလ+က္တ။ နိရုတ္တိ။၅၄၇။] (၁)
အသီးသီးသော။ (၂) အသီးနှင့်တူသော။
(၁) ပိလက္ခ၊ ဖလိတော အဟု။ အပ၊၁။၁၈၁။
(–ဇာ၊၁။၁၆၆။ မိလိန္ဒ။ ၂၇၂။ ဝိ၊ဋ္ဌ၊၃။ ၂၉။)
(၂) ဖလသီသ-ကြည့်။

ဖလိတကဒ္ဒမ (ပု) [ဖလိတ၁+ကဒ္ဒမ] ကဲ့သော
ညွန်။ အာတပေန သုဿိတ္တာ ဖလိတကဒ္ဒမံ
ဝါ ဂေါကဏ္ဍကံ ဝါ။ ကခ်ါ။၁၉၇။

ဖလိတကာလ (ပု) [ဖလိတ၂+ကာလ] အသီး
သီးရာအခါ၊ သီးချိန်။ ဖလိတကာလသ္မိံ ဟိ
ကိံ သုကော ဩလမ္ဗမာနစိရကော ဝိယ။ သံ၊
ဋ္ဌ၊၃။၁၀၀။ (–ဇာ၊ဋ္ဌ၊၂။ ၂၄၂။ ဇာ၊ဋ္ဌ၊၄။
၈။)

ဖလိတဋ္ဌာန (န) [ဖလိတ၁+ဋ္ဌာန] ကဲ့သော
အရပ်၊ ကဲ့ရာဋ္ဌာန။ ဘူမိယာ ဖလိတဋ္ဌာန-
သင်္ခါတံ နရကံ ဝါ ပူတိပါဒံ ဝါ ပတေယျ။
ဇာ၊ဋ္ဌ၊၄။ ၂၀၆။ (–မ၊ဋ္ဌ၊၃။ ၂၃၀။)

ဖလိတန္တရ (န) [ဖလိတ၁+အန္တရ] ကဲ့သော
အကြား၊ အကဲ့ကြား။ စေတိယေ ဖလိတန္တ-
ရေ။ သုခပိဿော မယာ ဒိန္နော။ အပ၊၁။
၁၄၇။ (–ဝိသုဒ္ဓိ၊၁။၃၂၀။) ဖလိတန္တရေတိ....
သုခကမ္မေ ကရိယမာနေ ပရိစ္ဆေဒါနံ ဥဘိန္န-
မန္တရေ ဝေမဇ္ဈေ၊ အထ ဝါ ပုပ္ဖဒါနဋ္ဌာနာနံ
အန္တရေ ဖလန္တိယာ မယာ သုခပိဿော
ဒိန္နော မက္ခိတော။အပ၊ဋ္ဌ၊၂။၁၁၅။(–ဝိသုဒ္ဓိ၊
ဋီ၊၁။၃၉၄။)

ဖလိတပဋိကမ္မလ (န) [ဖလိတ၂+အပဋိကမ္မ+
မူလ] အသီးသီးသောသရက်ပင် – ရင်း –
အနီး။ ဇကော ကိရ ပုရိသော ဖလိတပဋိကမ္မ-
မူလေ သသိသံ ပါရုပိတ္တာ နိပန္နော နိဒ္ဒါယတိ။
အဘိ၊ဋ္ဌ၊၁။၃၁၁။

ဖလိတဘူမိ (ထီ) [ဖလိတာ၁+ဘူမိ] ကဲ့သောမြေ။
အဿဿ ပါဒေါ ဖလိတဘူမိယာ အန္တရံ
ပဝိသိတ္တာ ဘင်္ဂီ။ ဇာ၊ဋ္ဌ၊၆။၁၈၀။

ဖလိတရုက္ခ (ပု) [ဖလိတ၂+ရုက္ခ] အသီးသီး
သောသစ်ပင်။ ဣဒံ အဂါရမဇ္ဈေ ဖလိတရုက္ခ-
သဒိသံ။ ဇာ၊ဋ္ဌ၊၃။ ၃၅၆။ (– ဇာ၊ဋ္ဌ၊၇။
၃၄၆။)

ဖလိတဝိဝရ (န) [ဖလိတ၁+ဝိဝရ] ကဲ့သော
အပေါက်အကြား။ နရကေဟိ ဘူမိယာ
ဖလိတဝိဝရေ။ ထေရ၊ဋ္ဌ၊၂။၃၂၉။

ဖလိတသီသ (တိ) [ဖလိတ၂+သီသ] အသီးနှင့်
တူသော ဦးခေါင်းရှိသော၊ သူ။ ဖလသီသ-
ကြည့်။

ဖလိတဟဒယ (တိ) [ဖလိတ၁+ဟဒယ] ကဲ့သော
နှလုံးရှိသော၊ နှလုံးကဲ့သော၊ သူ။ ဖလိတ

ဟဒယော ကာလက်တော သော ဧဝ ဒဟ-ရော စ နိဒဿန်။ အပ၊၄၆။၁၇၃။

ဖလိတောကာသ (ပု) [ဖလိတ + သြကာသ] ကွဲရာအရပ်၊ ကွဲသောနေရာ။ ဖုလ္လန္တိ ဖလိ-တောကာသော။ ဝိ၊၄၊၆၃။

ဖလိတွာ (ကြို၊ ဝိ) [ဖလ+တွာ] ကွဲ၍။ တသ္မိ စက္ခုပထံ ဝိဇဟန္တေ ဟဒယံ ဖလိတွာ မတော၊ ခမ္မ၊၄၊၁၁၀။ (–သုတ္တနိ၊၄၊၁၊၁၇၃။)

ဖလိန (တိ) [ဖလ+လ္ဟန။ ဓာန်ဒ်။၅၄၁။ ထိ-၌ ဖလိနီ] အသီးရှိသော (သစ်ပင်)။ (ဓာန်။ ၅၄၁-၌ အသီးသီးသောသစ်ပင် ပရိယာယ် ၃-ပုဒ်တို့တွင် ဖလိန-ကို ပြဆို၍ ပုလ္လိင်ဟုညွှန်ပြ၏။) ဒါရကာ ဖလိနေ ဒုမေ။ စရိယာ။ ၃၉၄။ (–ဇာ၊၄၊၇။၃၄၆။) ဘိက္ခု ဖလိနိ-သာခံ ဆာယတ္ထာယ ဂဟေတွာ ဂစ္ဆတိ။ ဝိ၊၄၊၃။၁၁၆။ ဖလိနေတိ ဖလဝန္တေ။ စရိယာ၊ ၄။၈၈။

ဖလိနိသာခါ (ထိ) [ဖလိနီ+သာခါ] အသီးရှိသောသစ်ဧက်။ ဆာယတ္ထာယ ဝါ ဖလိနိသာခံ ဥက္ခိပိတွာ ဂစ္ဆတိ။ ကခ်ါ။၂၃၁။ (–ကခ်ါ၊၌၊ သစ်။၃၄၉။)

ဖလိဘဥ္ဇနဋ္ဌ (ပု) [ဖလိ+ဘဥ္ဇန+အတ္ထ] အသီးရှိသောသစ်ပင်၏ ကျိုးပျက်ခြင်းသဘော။ အင်္ဂါပစ္စင်္ဂါနံ ဖလိဘဥ္ဇနဋ္ဌေန။ ထေရီ၊၄။၂၉၂။

ဖလိမ (တိ) [ဖလ+လ္ဟမ] အသီးရှိသော၊ အသီးနှင့်ပြည့်စုံသော။ ဖလိမာ (ဇာ၊၁။၁၉၀) တိ ဖလေန ဥပေတော။ ဇာ၊၄၊၃။၄၆၉။

ဖလိရုက္ခ (ပု) [ဖလိ+ရုက္ခ] အသီးရှိသော သစ်ပင်၊ အသီးသီးသောသစ်ပင်။ ဖလိရုက္ခံ ပန အဟဿိယိတုံ ဝါ အာလမ္မိတုံ ဝါ ဝဋ္ဋတိ။ ကခ်ါ။၂၃၀။

ဖလိဿတိ (ကြို) [ဖလ+ဿတ်] ကွဲလတ္တံ့။ ဖလတိ-ကြည့်။

ဖလိ² (တိ) [ဖလ+ဣ] အသီးသီးသော၊ အသီးရှိသော။ ဖလိ· အမ္ဗံ တိရောစ္ဆဒ်။ ဇာ၊၂။ ၁၇၁။ (–၁၇၂။ ဝိ၊၄။၂၄၄။ အပ၊၁။၂၁။) ဖလိ· အမ္ဗန္တိ ဖလိတံ အမ္ဗရုက္ခန္တိ အတ္ထော။ ဇာ၊၄၊၆။၇၅။ (–၇၆။)

ဖလိ³ (ကြို) [ဖလ+ဣ] ထစ်ချန်းပြီ။ ဖလတိ-ကြည့်။

ဖလုဂ္ဂတ (တိ) ဖလုဂ္ဂတမည်သော၊သူ။ ဣတော တေရသကပ္ပမ္ပိ၊ ဒ္ဝါဒသာသုံ ဖလုဂ္ဂတာ။ အပ၊ ၁။၁၀၁။ ထေရ၊၄၊၁။၂၂၀။

ဖလုဋ္ဌာန (န) [ဖလ+ဥဋ္ဌာန] အသီးဖြစ်ရာ။ ဖလုဋ္ဌာနံ ရုက္ခော အတ္ထိ။ မိလိန္ဒ။၃၁၂။

ဖလုတ္တမ (န) [ဖလ + ဥတ္တမ] မြတ်သော – ကောင်းသော – ချို့မြိန်သော – သစ်သီး။ အောက်ပုဒ်ကြည့်။

ဖလုတ္တမဒါယက (တိ) [ဖလုတ္တမ + ဒါ + ကွ။ ထိ-၌ – ဒါယိကာ] မြတ်သော သစ်သီးကိုလှူသော၊ သူ။ ဖလုတ္တမဒါယိကာ နာရီ။ ဝိမာန။ ၄၁။ ဖလုတ္တမံ ပနသဖလာဒိ။ ဝိမာန၊၄၄။ ၁၃၃။

ဖလုပစ္ဆေဒ (ပု) [ဖလ+ဥပစ္ဆေဒ] အကျိုးပြတ်စဲခြင်း။ ကာရဏူပစ္ဆေဒေန ဟိ ဖလုပစ္ဆေဒေါ သိယာ။ အနုဋ္ဌီ၊၂။၂၁၀။

ဖလုပ္ပတ္တိ (ထိ) [ဖလ+ဥပ္ပတ္တိ] (၁) ဖိုလ်ဖြစ်ခြင်း။ (၂) အကျိုးဖြစ်ခြင်း။ (၃) အသီးဖြစ်ခြင်း၊ အသီးသီးခြင်း။ (၁) လ္ဟတော စုတဿ တတ္ထ ဥပပန္နဿ ကုဟိံ· ဖလုပ္ပတ္တိတိ။ အဘိ၊က။ ၀၄။ (–မူလဋ္ဌိ၊၃။၄၄။) ကုဟိံ· ဖလုပ္ပတ္တိတိ တဿ အနာဂါမိနော အရဟတ္တဖလုပ္ပတ္တိ ကုဟိန္တိ ပုစ္ဆာ သကဝါဒိဿ။ အဘိ၊၄၊၃။ ၁၄၇။ (၂)ဖလုပ္ပတ္တိ· က-ရဃတီတိ က-ရဏံ။ ပဋိသံ၊၄၊၁။၁၉၉။ (–ဝိသုဒ္ဓိ၊၂။၂၁၃။ ပေတ၊ ၄။၂၀။) (၃) ဖလုပ္ပတ္တိ ကဒလိယာ ပဏ္ဍာ-

ဝါယ ဟောတိ။ နေတ္တိ၊ဌ။ ၂၂၄။ အံ၊ဌီ၊၂။ ၃၁၂။

ဖလုပ္ပတ္တိအဘိမုခ (တိ) [ဖလုပ္ပတ္တိ+အဘိမုခ] အကျိုးဖြစ်ခြင်းသို့ ရှေးရှုသော(အကြောင်း)။ ပဂေဝ ဝိဇ္ဇမာနဿ ယာ ဖလုပ္ပတ္တိအဘိမုခ-တာ။ ဥဒါန၊ဌ။၃၇။

ဖလုပ္ပတ္တိဌာန (နာ) [ဖလုပ္ပတ္တိ+ဌာန] အကျိုးဖြစ်ရာဌာန။ တတ္ထာတိ ဖလုပ္ပတ္တိဌာနေ။ ဝိသုဒ္ဓိ၊ဌီ၊၂။၃၁၄။

ဖလုပ္ပတ္တိနိသေဓက (တိ) [ဖလုပ္ပတ္တိ+နိသေဓက] ဖိုလ်ဖြစ်ခြင်းကို တားမြစ်တတ်သော။ န ဟိ မဂ္ဂသမာဓိမှိ ဥပ္ပန္နေ တဿ ဖလုပ္ပတ္တိနိသေဓ-ကော ကောစိ အန္တရာယော အတ္ထိ။ ပဋိသံ၊ဌ၊၁။၃၅။ ခုဒ္ဒက၊ဌ။၁၅၁။ သုတ္တနိ၊ဌ၊၁။ ၂၀၀။

ဖလုပ္ပတ္တိပစ္စယ (ပု) [ဖလုပ္ပတ္တိ+ပစ္စယ] အကျိုးဖြစ်ခြင်း၏အကြောင်း။ ဖလုပ္ပတ္တိပစ္စယာနံ အဝိဇ္ဇာသင်္ခါရာဒီနံ ဝုတ္တနယေနေဝ ဖလာ-ရဟဘာဝေါ အနိရောဓော။ ဥဒါန၊ဌ။၃၇။

ဖလုပ္ပါဒ (ပု) [ဖလ+ဥပ္ပါဒ] (၁) အသီးဖြစ်ခြင်း။ (တိ) (၂) အကျိုးကို ဖြစ်စေတတ်သော။ (၁) ဖလတိသမ္မုတိ-ကြည့်။ (တိ) (၂) အောက်ပုဒ်ကြည့်။

ဖလုပ္ပါဒပစ္စယ (ပု) [ဖလုပ္ပါဒ+ပစ္စယ] အကျိုးကို ဖြစ်စေတတ်သော အကြောင်း။ တဿ သန္တာနေ ဖလုပ္ပါဒပစ္စယဘာဝေန ဥပ္ပတ္တိ။ သီ၊ဌီ၊သစ်၊၂။၃၈။

ဖလုပ္ပါဒန (နာ) [ဖလ+ဥပ္ပါဒန] (၁) ဖိုလ်ကို ဖြစ်စေခြင်း။ (၂) အကျိုးကိုဖြစ်စေခြင်း။ (၁) မဂ္ဂစိတ္တဿ အနန္တရံ ဖလုပ္ပါဒနေ သမတ္ထ-ဘာဝေါ။ ပဋိသံ၊ဌ၊၁။၉၂။ (၂) ယသ္မိံ ခဏေ ပစ္စယော အတ္တနော ဖလုပ္ပါဒနံ ပတိ-ဗျာဝဋော နာမ ဟောတိ။ သံ၊ဌီ၊၂။၅၁။ (–နေတ္တိ၊ဌီ။၉၄။ ဝိသုဒ္ဓိ၊ဌီ၊၂။၂၃၀။)

ဖလုပ္ပါဒနသမတ္ထ (တိ) [ဖလုပ္ပါဒန+သမတ္ထ] အကျိုး ဖြစ်စေ ခြင်းငှါ စွမ်းနိုင်သော။ သဥ္ဇာဟန္တိ ဖလုပ္ပါဒနသမတ္ထတာဝသေန သဗ္ဗာပါရံ။ ဒီ၊ဌီ၊၃။၆၃။ (–မ၊ဌီ၊၃။၂၁၆။)

ဖလုဗီဇ (နာ) [ဖလု+ဗီဇ] အဆစ်မျိုးစေ့။ မူလ-ဗီဇံ ခန္ဓဗီဇံ ဖလုဗီဇံ အဂ္ဂဗီဇံ ဗီဇဗီဇမေဝ ပဉ္စမံ။ ဒီ၊၃။၃၆။ (–သံ၊၂။၄၄။) ဖဋ္ဋ-လည်းကြည့်။

ဖလူပဂ (တိ) [ဖလ+ဥပ+ဂမု+ကို] အသီးကို ဆောင်သော၊ အသီးသီးသော။ ဖလူပဂါ ရုက္ခာ ဖလပိဏ္ဍိဘာရသဟိတာ အဟေသုံ။ အပ၊ဌ၊၁။၉၀။ (–ဒီ၊ဌ၊၂။၁၆၆။ ဥဒါန၊ဌ။ ၁၃၂။)

ဖလူပဂရုက္ခ (ပု) [ဖလူပဂ+ရုက္ခ] အသီးသီးသော သစ်ပင်။ ဖလူပဂရုက္ခာ ဖလေဟိ ပဋိမဏ္ဍိတာ အဟေသုံ။ ဒီ၊ဌ၊၂။၉။ (–ဇာ၊ဌ၊၁။၈၈။)

ဖလူ(လော)ပစာရ (ပု) [ဖလ+ဥပစာရ] အကျိုး၏ အနီးဌ် ဖြစ်ခြင်း၊ အကျိုး၏ အမည်ကို အကြောင်းဌ်တင်စား၍ ခေါ်ဝေါ်ခြင်း၊ ဖလူ-ပစာ။ တသ္မာ ဇရာ “အာယုနော သံဟာနီ”-တိ ဖလူပစာရေန ဝုတ္တာ။ ဒီ၊ဌ၊၂။၃၀၇။ မ၊ ဌ၊၁။၂၂၀။ သံ၊ဌ၊၂။၁၁။ ဖလူပစာရေနာတိ ဖလဝေါဟာရေန။ ဒီ၊ဌီ၊၂။၃၃၇။ ဖလော-ပစာရေန သင်္ခါရာ “သတ္တာ”တိ ဝုတ္တာ။ ပဋိသံ၊ဌ၊၁။၆၂။ (–၂၀၆။ မူလဋီ၊၂။၅၁။)

ဖလူပစာရတ္ထ (တိ) [ဖလူပစာရ+အတ္ထ] ဖလူ-ပစာအနက်ရှိသော။ နာမပညတ္တိယာ ကရဏ-သတ္တိသင်္ခါတာ ဥပနိဿယ ပစ္စယသတ္တိ ဖလူ-ပစာရတ္ထာ။ နေတ္တိ၊ဝ။၈။

ဖလူပစာရသိဒ္ဓ (တိ) [ဖလူပစာရ+သိဒ္ဓ] ဖလူ-ပစာအားဖြင့် – ပြီးသော – ထင်ရှားသော။ ဖရဏပွကာရ-ကြည့်။

ဖလူပဇီဝိ (တိ) [ဖလ+ဥပ+ဇီ+ဏိ] အကျိုးကို မှီ၍ အသက်မွေးသော၊ သူ။ နာနာဂကမ္မာနံ ဖလူပဇီဝိနော သတ္တာ။ ဇာ၁၊၄၈၁၆၂။

ဖလူပပတ္တိ (ထီ) [ဖလ+ဥပပတ္တိ] အကျိုးဖြစ်ခြင်း၊ အကျိုးပြီးခြင်း။ သကမ္မုနာ ဟောတိ ဖလူပပတ္တိ။ ဇာ၁၁၃၇၀။ (–ဇာ၁၂။၃၀၄။) သကမ္မုနာတိ အတ္တနာ ကတကမ္မေနေဝ သတ္တာနံ ဖလူပပတ္တိ ဖလနိပ္ဖတ္တိ ဟောတိ။ ဇာ၁၄၈၄။

ဖလူပပန္န (တိ) [ဖလ+ဥပပန္န] အသီးနှင့်ပြည့်စုံသော၊ အသီးများသော။ ဖလူပပန္နံ ဗဟုဖလံ။ မ၁၄၃။ (–ဇာ၁၁။၁၀၉။ ဇာ၁၄၃။ ၄၆၈။) ဖလူပပန္နန္တိ ဖလေဟိ ဥပေတံ။ မ၁၄၃။ ၂၄။

ဖလူပဘောဂ (ပု) [ဖလ+ဥပဘောဂ] (၁) အကျိုးကို သုံးဆောင်ခံစားခြင်း။ (တိ) (၂) အသီးကို – သုံးဆောင် – စား – သော၊ သူ။ (၁) သတိ ပန တသ္မိံ သိယာ ဖလူပဘောဂေါ။ ဒီ၁၄၊၁။၁၀၀။ (တိ) (၂) အောက်ပုဒ်ကြည့်။

ဖလူပဘောဂမက္ကဋ္ဌ (ပု) [ဖလူပဘောဂ+မက္ကဋ္ဌ] အသီး – သုံးဆောင် – စား – သောမျောက်။ တတ္ထ ရုက္ခံ စာလေန္တော ဖလူပဘောဂမက္ကဋ္ဌော ဝိယ။ ထေရ၁၄။၃၁၄။

ဖလူပဘောဂါဘာဝ (ပု) [ဖလူပဘောဂ+အဘာဝ] အကျိုးကိုသုံးဆောင်ခံစားမှုမရှိခြင်း။ ပုဗ္ဗေ ကတာနမ္မိ ဝါ အာယတိံ ဖလူပဘောဂါဘာဝေန။ သုတ္တနိ၁၄၂။၁၅၉။

ဖလေယျ (ကြိ) [ဖလ+ဧယျ] (၁) ကဲ့ရာ၏။ (၂) သီးရာ၏။ ဖလတိ-ကြည့်။

ဖလေသီ (တိ) [ဖလ+သေ+ဏီ] သစ်သီးကို ရှာမှီးသော၊ သူ။ ဖလေသိနော ဆဒနံ ဝိပ္ပဟာယ။ ထေရ။၃၀၀။ (–၃၅၀။) ဖလာနိ သေန္တိတိ ဖလေသိနော။ ထေရ၁၄၂။၁၆၉။

ဖလောဒယ (ပု) [ဖလ+ဥဒယ] ဖိုလ်၏ဖြစ်ခြင်း။ မဂ္ဂပယောဂါနံ ဖလောဒယေန ပဋိပဿဒ္ဓဘာဝေါ ဝါ။ ပဋိသံ၁၄၁။၉၁။ (–မဟာနိ၊ ၄။၃၉၄။)

ဖလ္လတိ (ကြိ) [ဖလ+အ+တိ] သီး၏။ အတ္တဃာတာယ ဖလ္လတိ (ဓမ္မ။၃၀) အတ္တနော ဃာတတ္ထမေဝ ဖလတိ။ ဓမ္မ၁၄၂။၁၀၀။

ဖလ္လိယ (ပု) နှောပင်။ (ဇာတ်ဝတ္ထု)။ ဖလ္လိယာ-(ဇာ၂။၃။၃၄၀) တိ ဖလ္လိယရုက္ခာ နာမ။ ဇာ၁၄၇။၃၀၅။ ဖလ္လိယရုက္ခာ နာမာတိ သောမဝဏ္ဏသာရာ ရုက္ခာ။ ယေသံ ဟိ ကတာ ဖလကာဒယော ဝဿောဒကေန သမ္မုဋ္ဌာ အစိရေနေဝ ဇီဏ္ဏာ ဟောန္တိ။ ဇာ၁၌၊သစ်၁၃-နဝမ်း။

ဖဿ ၁ (ပု) [ဖုသ+ဏ။ ဖုသတီတိ ဖဿော။ အာရမ္မဏံ ဖုသန္တီ ဧတေန, သယံ ဝါ ဖုသတိ, ဖုသနမတ္တမေဝ ဝါ ဧတန္တိ ဖဿော။ အဘိ၁၄၊၁။၁၅၁။ ပဋိသံ၁၄၁။၇၄။ ဝိသုဒ္ဓိ၁၌၁။၄၀၃။ ရူ၁နှ၁။၃၅၇။ နိတိ၁ခ၁။၁၀၉။ ဖုသိယတေတိ ဖဿော။ နိရုတ္တိ၁နှ၁။၅၃၄။] (၁) အာရုံကို တွေ့ထိတတ်သောသဘော။ တွေ့ထိကြောင်းသဘော။ တွေ့ထိခြင်း။ တွေ့ထိမှု၊ ဖဿစေတသိက်။

ဖဿ၏ ဓမ္မဝဝတ္ထာန် ၄-ပါး—ဖုသနလက္ခဏော၊ အာရုံကို တွေ့ထိခြင်း လက္ခဏာရှိ၏။ သံဃဋ္ဋနရသော၊ ဝိညာဏ်နှင့်အာရုံကို ပေါင်းဆုံ စပ်ဟပ်ပေးခြင်း ကိစ္စရှိ၏။ ဝါ၊ ဝတ္ထု၊အာရုံတို့ ပေါင်းဆုံမိခြင်းကြောင့် ဖြစ်ပေါ်လာခြင်း အကျိုးရှိ၏။ သန္ဓိပါတပစ္စုပဋ္ဌာနော၊ ဝတ္ထု၊အာရုံ, ဝိညာဏ်တို့ ပေါင်းဆုံမိခြင်းကြောင့် ဖြစ်သောတရားဟု ယောဂီ၏ဉာဏ်တွင် ထင်မြင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။ ဝေဒနာပစ္စုပဋ္ဌာနော၊ ခံစားမှု ဝေဒနာ ဟူသောအကျိုး ပစ္စုပဋ္ဌာန်ရှိ၏။ အာပါထဂတဝိသယပဒဋ္ဌာနော၊ဒွါရခြောက်ပါးသို့ ရွေ့ရှူကျရောက်

ဖဿ၏ ကိစ္စရသ—ဖဿ၏ လုပ်ငန်း ကိစ္စမှာ စိတ်နှင့်အာရုံကို ဆက်စပ်ပေးခြင်း(သဃ်ဥနရသ)ဖြစ်၏။ စိတ်သည် ဖဿနှင့်ကင်း၍ မိမိအလိုလို အာရုံကို မယူနိုင်ချေ။ ဖဿ-က မိတ်ဆက် ပေးမှုကြောင့်သာလျှင် စိတ်သည် အာရုံကိုယူနိုင်၏။ မြင်သိစိတ်(စက္ခုဝိညာဏ်)ကို အဆင်း(ရူပါရုံ)နှင့်ဆက်စပ်ပေး၏။ ကြားသိစိတ်(သောတဝိညာဏ်)ကို အသံ(သဒ္ဒါရုံ)နှင့် ဆက်စပ်ပေး၏။ နံသိစိတ်(ဃာနဝိညာဏ်)ကို အနံ့(ဂန္ဓာရုံ)နှင့် ဆက်စပ်ပေး၏။ လျှာသိစိတ်(ဇိဝှါဝိညာဏ်)ကို အရသာ(ရသာရုံ)နှင့် ဆက်စပ်ပေး၏။ ထိသိစိတ် (ကာယဝိညာဏ်)ကို အတွေ့အထိ (ဖောဋ္ဌဗ္ဗာရုံ)နှင့် ဆက်စပ်ပေး၏။ ကြံသိစိတ်(မနောဝိညာဏ်)ကို သဘောတရားအာရုံ(ဓမ္မာရုံ)နှင့် ဆက်စပ်ပေး၏။ ဤသို့လျှင် ဖဿသည် ဝိညာဏ် ခြောက်ပါးကို အာရုံခြောက်ပါးနှင့် စပ်ဟပ်ပေးခြင်း လုပ်ငန်းကို ဆောင်ရွက်လေသည်။

ဖဿ၏ သမ္ပတ္တိရသ—အာရုံနှင့် ဝတ္ထုရုပ်တို့ ထိခိုက်ခြင်း (သဃ်ဋ္ဌန)ကြောင့် ဖဿဟူသော အာကျိုးတရား ပေါ်ထွက်လာသည်။

မိလိန္ဒပဉ္ဉာပါဠိတော် (နှာ-၆၁)၌ ဖဿဖြစ်ပုံကိုဆိတ်နှစ်ကောင်ဝေ့ခတ်သောဥပမာ, လင်းကွင်းနှစ်ခု တီးခတ်သော ဥပမာ, လက်ဝါးနှစ်ဖက် တီးခတ်သော ဥပမာတို့ဖြင့် ရှင်းလင်း ဟောကြားထားလေသည်။ ဆိတ်နှစ်ကောင်ခတ်သော ဥပမာ၌ 'ဆိတ်တကောင်သည် ရူပါရုံစသော အာရုံတရားနှင့် တူ၏။ အခြား ဆိတ်တကောင်သည် စက္ခုပသာဒစသော ဝတ္ထုရုပ်နှင့်တူ၏။ ထိုဆိတ်နှစ်ကောင် တွေ့ဆုံ ဝေ့ခတ်မိခြင်းသည် ဖဿဖြစ်ပုံနှင့် တူ၏။ လင်းကွင်းတီးသော ဥပမာ၌ လင်းကွင်းတခုသည် ရူပါရုံစသော အာရုံတရားနှင့်တူ၏။ အခြား လင်းကွင်း တခုသည် စက္ခုပသာဒစသော ဝတ္ထုရုပ်နှင့် တူ၏။ လင်းကွင်းနှစ်ခုတို့ ပေါင်းဆုံထိခိုက်ခြင်းသည် ဖဿဖြစ်ပေါ်ထင်လာသော အာရုံခြောက်ပါးလျှင် နီးစွာသော အကြောင်းရင်းရှိ၏။

ဖဿ၏ လက္ခဏာ—ဖဿသည် အာရုံကို တွေ့ထိခြင်း လက္ခဏာရှိ၏။ ထိတွေ့မှု(သပ္ပဋိဃ)သဘောသည် ရုပ်တရားများမှာသာ ရှိ၏။ ဖဿသည် နာမ်တရားဖြစ်ပါလျက် အဘယ်သို့လျှင် အာရုံကို တွေ့ထိနိုင်ပါသနည်းဟုမေးဖွယ်ရှိ၏။ အမှန်မှာ ဖဿသည် အာရုံကိုတွေ့ထိရာ၌ ရုပ်ဝတ္ထုနှစ်ခုတို့ ထိတွေ့သကဲ့သို့ ကိုယ်ထိလက်ရောက် ထိတွေ့ခြင်းမျိုးမဟုတ်၊ တိုက်ရိုက်မတွေ့ထိသော်လည်း တွေ့ထိသောအခြင်းအရာအားဖြင့် ဖြစ်သည်ကို ဖုသနလက္ခဏာဟု ဆိုရသည်။ စိတ်ကဲ့သို့ အာရုံကို သိကာမတ္တမျှ မဟုတ်။ အာရုံ၏အကောင်းအဆိုး အရသာကိုဝေဒနာဖြင့် ထိထိမိမိ ခံစားနိုင်အောင် ထိခိုက်တတ်သောသဘောကို ဖုသနလက္ခဏာဟု ခေါ်သည်။

ဥပမာအားဖြင့် ပြရပါမူ ချဉ်သီးစားနေသူကိုမြင်ရသောသူအား မိမိကိုယ်တိုင် မစားရသော်လည်း စားရဘိသကဲ့သို့ တံတွေးလျှာရည်ယိုခြင်း, ပါးရွဲ့ခြင်း, သစ်ပင်ခေါင်ဖျားသို့ တက်နေသူကို မြင်ရသောသူသည် မြေပေါ်မှာရပ်နေပါလျက် မိမိကိုယ်တိုင် သစ်ကိုင်းဖျား လျှောက်နေရဘိသကဲ့သို့ ကြောက်ဒူးတုန်ခြင်း, သနားကြင်နာတတ်သူသည် သူတပါး သတ်ဖြတ်ညှဉ်းဆဲ ခံနေရသည်ကို မြင်ရသောအခါ မိမိကိုယ်တိုင် ခံနေရဘိသကဲ့သို့ တကိုယ်လုံး တုန်လှုပ်ခြင်း, (အနုဋ္ဌီ၊၁။၉၃။) ကြောက်မက်ဖွယ်ရာ ဘီလူး သဘက် စသည်ကို မြင်တွေ့သောအခါ ခြေလက်မသယ်နိုင်မှင်သက်မိ ငိုင်နေခြင်း(အဘိ၊၀တာရ၊ဋ္ဌီ၊သစ်၊၁။၂၉၁။) ကျားမြင်လျှင် ခွေးဖင်သိခြင်း၊ လုံဖျား ပုစင်းနား ကျီးကန်း ကြောက်ချေးပါခြင်း စသည်တို့သည် ကိုယ်တိုင်ကိုယ်ကျ မတွေ့ထိရပါဘဲလျက် ဖဿဓာတ် ထိခိုက်မှု အရှိန်ပြင်းထန်လွန်းသောကြောင့် ဖြစ်လေသည်။

မှုနှင့် တူ၏။ လက်ဝါးနှစ်ဖက် တီးခတ်သော ဥပမာ၌ လက်ဝါးတဖက်သည် ရှုပါရုံစသော အာရုံတရားနှင့် တူ၏။ အခြားလက်ဝါးတဖက်သည် စက္ခုပသာဒစသော ဝတ္ထုရုပ်နှင့် တူ၏။ လက်ဝါးနှစ်ဖက် တွေ့ဆုံ တီးခတ်မှုခြင်းသည် ဖဿဖြစ်ပေါ်ခြင်းနှင့် တူ၏။

ပဋ္ဌဒ္ဓါရိက ဖဿနှင့် မနောဒ္ဓါရိက ဖဿ အထူး—စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ ဟူသော ပဋ္ဌဒ္ဓါရ၌ဖြစ်သော ဖဿသည် တွေ့ထိခြင်း (ဖုသန) လက္ခဏာရှိ၏။ စက္ခုပသာဒ စသော ဝတ္ထုနှင့် ရှုပါရုံစသော အာရုံတို့၏ ထိခိုက်ခြင်းကြောင့် ဖြစ်ပေါ်လာရခြင်း (သံဃဋ္ဋန)ကိစ္စရှိ၏။ မနောဒ္ဓါရ၌ဖြစ်သော ဖဿသည် အာရုံကို တွေ့ထိခြင်း(ဖုသန)လက္ခဏာသာရှိ၍ ဝတ္ထုနှင့် အာရုံတို့ ထိခိုက်ခြင်း(သံဃဋ္ဋန)ကိစ္စမရှိ။ ဤသို့ ဖဿနှစ်မျိုး ထူးခြားကြောင်းကို မဟာအဋ္ဌကထာ၌ ဆို၏။(အဘိ၊ ဋ္ဌ၊၁။၁၅၁)။

ထိုမဟာအဋ္ဌကထာဆရာ၏ ဝါဒကို အနုဋ္ဌီကာ ဆရာက ကေစိဝါဒဟုပြု၍ ပယ်ခဲ့သည်။ ထိခိုက်မှု(သံဃဋ္ဋန)ဟူသည် ဝတ္ထုရုပ်နှင့် အာရုံတို့သည် တိုက်ရိုက် ထိခိုက်သည် မဟုတ်။ တိုက်ရိုက် ထိခိုက်ပုံနှင့် တူညီသောကြောင့် သဒိသူပစာအားဖြင့် တင်စား၍ ဝတ္ထုအာရုံ ထိခိုက်သည်ဟု ဆိုရလေသည်။ ထို့ကြောင့် ပဋ္ဌဒ္ဓါရ၌ ဝတ္ထုနှင့်အာရုံ ထိခိုက်မှု ရှိသကဲ့သို့ မနောဒ္ဓါရ၌လည်း အာရုံနှင့် နာမ်တရားတို့ ထိခိုက်မှု(သံဃဋ္ဋန)ကိစ္စ ရှိသည်သာ ဖြစ်၏။ ပဋ္ဌဒ္ဓါရိကဖဿနှင့် မနောဒ္ဓါရိကဖဿ နှစ်မျိုးလုံး၌ ထိခိုက်မှု(သံဃဋ္ဋန)ကိစ္စရှိသောကြောင့် တစုံတရာ ထူးခြားမှု မရှိ။ တူညီကြလေသည် (အနုဋ္ဌီ၊၁။၉၃)။

ကာရကပစ္စုပဋ္ဌာန်— ဖဿသည် ဝတ္ထု အာရုံ ဝိညာဏ် ဤတရား သုံးပါးတို့ ပေါင်းဆုံမိခြင်းကြောင့် ဖြစ်သောတရားဟု ဝိပဿနာရှုသော ယောဂီ၏ ဉာဏ်တွင် ထင်မြင်ခြင်း (သန္နိပါတပစ္စုပဋ္ဌာန်)ရှိ၏။ "စက္ခုဥ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော"။ စက္ခုဝတ္ထုနှင့် ရှုပါရုံတို့ကို အစဲပြု၍ စက္ခုဝိညာဏ်ဖြစ်ပေါ်လာ၏။ ထိုစက္ခုဝတ္ထု ရှုပါရုံ၊ စက္ခုဝိညာဏ် သုံးပါးတို့၏ ပေါင်းဆုံမိခြင်းသည် ဖဿဖြစ်၏(သံ၊၁။၃၀၀)ဟူသော ပါဠိတော်စကားရပ်၌ ပေါင်းဆုံခြင်းမျက်ိုသာ ဖဿဟု ခေါ်သည်မဟုတ်။ ထိုဟူးသုံးပါး ပေါင်းဆုံမိခြင်းကြောင့် ဖဿဖြစ်ပေါ်လာသည်ဟု မှတ်ရမည်။

ဖလပစ္စုပဋ္ဌာန်— တွေ့ထိမှု ဖဿသည် ခံစားမှု ဝေဒနာဟူသော အာ္ဂါ ပစ္စုပဋ္ဌာန်ရှိ၏။ ဥပမာ—ချိပ်တောင့်တခုကို မီးကျီးခဲအနီး၌ ထားသောအခါ ချိပ်တောင့်, ချိပ်သား အတွင်း၌ အပူဓာတ် ဖြစ်ပေါ်လာ၏။ ထို့အပူဓာတ်သည် မိမိမှီရာ ချိပ်တောင့်ကို ပျော့ပျောင်းနူးညံ့စေ၏။ မူလ အကြောင်းတရား ဖြစ်သော မီးကျီးခဲကို ပျော့ပျောင်းအောင် ပြုလုပ်ခြင်းမရှိ။ ထို့အတူ ရှေးရှုထင်လာသော အာရုံကြောင့် ဖြစ်ပေါ်လာသော ဖဿသည် မိမိမှီရာ စိတ်၌သာလျှင် သုခဒုက္ခ ဝေဒနာတို့ကို ဖြစ်စေ၏။ မူလအကြောင်းရင်းဖြစ်သော အာရုံ၌ ဝေဒနာဖြစ်ပေါ်စေခြင်းမရှိ။

အာပါထဂတဝိသယပဒဋ္ဌာန်— ဒွါရခြောက်ပါး၌ ရှေးရှုကျရောက် ထင်လာသော အာရုံခြောက်ပါးလျှင်နီးစွာသောအကြောင်းရင်း ပဒဋ္ဌာန်ရှိ၏။ ဖဿ၏ လုပ်ငန်း တာဝန်မှာ ဝိညာဏ်နှင့်အာရုံကို ထိခိုက်စပ်ဟပ်ပေးရမည်ဖြစ်၏။ ထိုတာဝန်ကို ဆောင်ရွက်နိုင်ရန်အတွက် အာရုံတခုခုသည် ဒွါရတခုခု၌ ရှေးရှုကျရောက်ထင်လာရမည်။ ထို့ကြောင့် ရှေးရှုထင်လာသောအာရုံသည် ဖဿဖြစ်ရန် အနီးဆုံးအကြောင်း(ပဒဋ္ဌာန်)ဖြစ်သည်(အဘိ၊ဋ္ဌ။၁။၁၅၁-၂။ အဘိ၊ဝတာရ။၂၁။ မူလဋ္ဌီ၊၁။

ဂဖ။ အနုဋ္ဌီ၊၁။၉၃။ အဘိ၊၀တာရ၊ဋ္ဌီ၊သစ်။ ၂၉၀။ ဝိဘာဝိနီ။၁၀၅)။

သဋ္ဌာယတနပဒဋ္ဌာန်— သမ္မောဟဝိနောဒနီအဋ္ဌကထာ(နှာ-၁၂၉)၌ သဋ္ဌာယတနပဒဋ္ဌာနော၊အာယတန ခြောက်ပါးလျှင် နီးစွာသော အကြောင်းရင်းပဒဋ္ဌာန်ရှိ၏ဟု ပြဆိုထားသည်။

ဤကား "သဋ္ဌာယတနပစ္စယာ ဖဿော" ဟူသော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ ပဒဋ္ဌာန်ကို ပြခြင်းဖြစ်၏။ ဤ၌ "သဋ္ဌာယတန" အရကို နှစ်မျိုးခဲ့ခြားယူကြ၏။ အကြောင်းနှင့် အကျိုးသည် ဖြစ်စဉ် တခုတည်းအတွင်း (ကေသန္တတိ)၌သာ အကျုံးဝင်ရမည်ဟု ယူဆသော ဆရာတို့က အရူပဘုံအတွက် မနာယတန (ဆဋ္ဌာယတန)နှင့် ပဥ္စဝေါကာရဘုံအတွက် စက္ခုစသော အာယတနခြောက်ပါး (သဋ္ဌာယတန)ဟူ၍ အတွင်း အာယတနခြောက်ပါးကို ယူကြသည်။ အကြောင်းတရားသည် အတွင်းအဇ္ဈတ္တသန္တာန်နှင့် ပြင်ပဗဟိဒ္ဓသန္တာန် နှစ်ပါးလုံး (ဘိန္နသန္တတိ)၌ ဖြစ်နိုင်သည်ဟု ယူဆသော ဆရာတို့က အတွင်းအာယတန ခြောက်ပါးကိုသာမက ရူပါရုံစသော ပြင်ပ အာယတန ခြောက်ပါးတို့လည်း သဋ္ဌာယတနပုဒ်အရ အလိုရှိကြ၏။ ထို့ကြောင့် သဋ္ဌာယတနပဒဋ္ဌာနောအရ ဖဿ၏နီးစွာသော အကြောင်းတရားများကား စက္ခုစသော အတွင်း အာယတနခြောက်ပါး၊ တနည်း၊ အာယတန ဆဲ့နှစ်ပါးလုံးဖြစ်သည် (အဘိ၊ဋ္ဌ၊၂။ ၁၂၉၊၁၆၈)။

နာမရူပပဒဋ္ဌာန်— သုတ်မဟာဝါပါဠိတော်မဟာနိဒါနသုတ်(နှာ-၄၈)၌ "နာမရူပပစ္စယာ ဖဿော" ဟူ၍ ဟောတော်မူရာ နာမ်ရုပ်သည် ဖဿ၏နီးစွာသော အကြောင်းရင်းပဒဋ္ဌာန်ဖြစ်သည်။ "သဋ္ဌာယတနပစ္စယာ ဖဿော"၌ ဖဿအရ လောကီဝိပါက်စိတ် ၃၂-ပါးကိုသာ ယူရသည်။ "နာမရူပပစ္စယာ ဖဿော"၌ ဖဿအရ စိတ်တခုယုတ်ကိုးဆယ်၌ ယှဉ်သော ဖဿအားလုံးကို ယူရမည်။ ထိုဖဿ၏ အကြောင်းတရားသည်လည်း စိတ် စေတသိက် ဟူသော နာမ်တရားနှင့် ရုပ်တရားအားလုံးပင် ဖြစ်သည်ဟု ပြတော်မူလိုသောကြောင့် "နာမရူပပစ္စယာ ဖဿော" ဟု ဟောတော်မူသည် (ဒီ၊၂။၄၈။ ဒီ၊ဋ္ဌ၊၂။၈၇)။

ပဒဋ္ဌာန်သုံးမျိုးညှိနှိုင်းခြင်း— ဤသို့ ပဒဋ္ဌာန် သုံးမျိုးခဲ့ခြားပြခြင်းသည် တခုနှင့်တခု ဆန့်ကျင်သည်ဟု ထင်ရသော်လည်း အကယ်စင်စစ် ဆန့်ကျင်မှုမရှိပေ။ အကြောင်းမူဖဿသည် ဝတ္ထု၊ အာရုံ၊ ဝိညာဏ်သုံးပါးတို့၏ ပေါင်းဆုံခြင်းကြောင့်ဖြစ်ပေါ်လာရကား ထိုသုံးပါးလုံးသည် ဖဿ၏ နီးကပ်သော အကြောင်းတရားများ (ပဒဋ္ဌာန်) သာလျှင် ဖြစ်ကြ၏။ ထို့ကြောင့် အာရုံကိုသာ ပဒဋ္ဌာန်အဖြစ်ဖြင့် "အာပါထဂတဝိသယပဒဋ္ဌာနော" ဟု ထုတ်ပြခြင်းသည် အထက်ပါ အကြောင်းတရား သုံးပါးအနက် တစိတ်တဒေသကို ထုတ်ပြခြင်းဖြစ်၏။ အာယတန ခြောက်ပါးကိုသာ ပဒဋ္ဌာန်အဖြစ်ဖြင့် "သဋ္ဌာယတနပဒဋ္ဌာနော" ဟု ထုတ်ပြခြင်းသည် အထက်ပါ အကြောင်းတရားသုံးပါးအနက် ဝတ္ထု၊ ဝိညာဏ်ဟူသော အကြောင်းနှစ်ပါးကိုသာ ထုတ်ပြခြင်းဖြစ်၏။ နာမ်ရုပ်နှစ်ပါးကို ပဒဋ္ဌာန်အဖြစ်ဖြင့် "နာမရူပပဒဋ္ဌာနော" ဟု ထုတ်ပြခြင်းသည် အထက်ပါ အကြောင်းတရားသုံးပါးလုံးကို စုပေါင်း၍ အကြင်းမဲ့ထုတ်ပြခြင်း ဖြစ်လေသည်။

အနန္တလေးပါးနှင့် ဖဿအပြားအနန္တ— အာရုံကို တွေ့ထိခြင်းသဘောလက္ခဏာအားဖြင့် ဖဿစေတသိက်သည် တပါးသာ ဖြစ်သော်လည်း ဒွါရခြောက်ပါး၌ ဖြစ်သောအားဖြင့် စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနော-

သမ္မဿဟူ၍ ဖဿခြောက်ပါး ပြားလေသည် (မ၊၁။၆၄-စသည်)။ သင်္ခါယတနပစ္စယာ-ဖဿော၌ ဖဿယှဉ်သော လောကီဝိပါက် စိတ် ၃၂-ပါးရှိရာ ဖဿစေတသိက်သည်လည်း မိမိယှဉ်ရာ စိတ်နှင့် အညီအမျှဖြစ်၍ ဖဿ ပေါင်း ၃၂-ပါး ပြား၏ (အဘိ၊၁၄၊ ၂။၁၆၈။ မ၊၃၊၁။ ၂၂၆)။ ဖဿပစ္စယာ ဝေဒနာ၌ ဖဿ ယှဉ်ရာစိတ် ၈၉-ပါးရှိရာ ဖဿလည်း ၈၉-ပါး ပြားလေသည်၊ (အဘိ၊၁၄၊ ၂။၁၆၉)။ ဝိဘင်း ကျမ်း၌ ဖဿ အပါအဝင်ဖြစ်သော သခါ-ရက္ခန္ဓာကို တိက်ဒုက်တို့ဖြင့် စက်လှည့်မြွေက် ပွါး ဟောကြားတော်မူရာ သခါရက္ခန္ဓာ ပေါင်း ၁၉၂၂၆၄-ဖြစ်၍ ဖဿလည်း ၁၉၂၂၆၄ ဖြစ်လေသည်၊ (အဘိ၊ဝိ၊မြန်၊၁၀၂)။ ဆုံးစ မထင်သော အနန္တ ကောင်းကင်ကြီးထဲတွင် စကြဝဠာ အနန္တဖြစ်သော စကြဝဠာ များစွာတို့တွင် စကြဝဠာ တခုစီ တခုစီ၌ သတ္တဝါ အနန္တရှိ၏။ ထိုသတ္တဝါ အနန္တတွင် သတ္တဝါတဦးစီ၌ ခဏတိုင်း ခဏတိုင်း မရပ် မနား တဖွားဖွားဖြစ်ပေါ်နေသော စိတ္တ-ပွါဒ်များမှာ မရေမတွက်နိုင်။ အနန္တဖြစ်၏။ ထိုစိတ္တုပ္ပါဒ်များ ဖြစ်လေတိုင်း၌ ဖဿစေ-တသိက်ပါဝင်နေရကား ဖဿပေါင်း အနန္တ ဖြစ်လေတော့သည် (အဘိ၊၄၊၁။ ၂၀၅)။

ဖဿစေတသိက်ကို ရှေးဦးစွာ ဟောရပုံ မဟာသံသိကဂိဏ်းဝါဒ။ သို့မဟုတ် မဟာ-အင်္ဂကဏ္ဍဝါဒ — ဤအခန်းတွင် စိတ်၏ ပထမဆုံး ကျရောက်ခြင်းသဘောကို ဖဿဟု ခေါ်သည်၊ ဆိုပြင် "ဖုဋ္ဌော ဘိက္ခဝေ ဝေဒေတိ၊ ဖုဋ္ဌော စေတေတိ၊ ဖုဋ္ဌော သဉ္ဇာနာတိ"။ ဖဿဖြင့် တွေ့ထိပြီးသော အာရုံကိုခံစား၏။ လှုံ့ဆော် ၏။ မှတ်သား၏။ (သံ၊ ၂။ ၂၉၁)ဟူသော ပါဠိတော်ကိုကိုးကား၍ အာရုံတခု ရွေရွေထင် လာရာ၌ ဖဿသည် ရှေးဦးစွာဖြစ်၏။ ဖဿ ဖြစ်ပြီးမှ ဝေဒနာသညာစသော သမ္မယုတ် တရားများဖြစ်ကြသည်။ဤသို့လျှင် ဖဿသည် ယှဉ်ဘက် စေတသိက်တို့ထက် အလျင်စော၍ ပထမဖြစ်သောကြောင့် "တသ္မိံ သမယေ ဖဿော ဟောတိ၊ ဝေဒနာ ဟောတိ" စသည် ဖြင့် ဓမ္မသင်္ဂဏီပါဠိတော်၌ ဖဿကို ရှေးဦးစွာ ဟောခြင်းဖြစ်သည်ဟု ဖွင့်ဆို ကြလေသည်။

ထို့ပြင် နန်းပြာသာဒ်ကြီးတခု၌ တိုင်သာ လျှင် ပခနဖြစ်၍ ထုပ်, လျှာက်, ဒိုင်း, မြား တန်းတို့သည် တိုင်ကို မှီကြရ၍ တိုင်သည် အားကြီးသော အကြောင်းဖြစ်၏။ ထိုနည်း အတူ ဖဿနှင့်ယှဉ်ဘက် စိတ်စေတသိက်တရား များသည် ဖဿက အာရုံကို တွေ့ထိပေးမှသာ လျှင် မိမိတို့လုပ်ငန်းအသီးသီးကို လုပ်ဆောင် နိုင်ကြသည်။ ထို့ကြောင့် သမ္မယုတ်တရား အပေါင်းသည် ဖဿကိုယှဉ်ကြရ၍ ဖဿသည် ယှဉ်ဘက် စိတ်စေတသိက်တရားတို့၏ အား ကြီးသော အကြောင်း (ဗလဝပစ္စယ)ဖြစ် သည်။ ထို့ကြောင့် ဓမ္မသင်္ဂဏီ ပါဠိတော်၌ ဖဿကို ရှေးဦးပထမဟောခြင်း ဖြစ်သည်ဟု ဖွင့်ဆိုကြလေသည်။ကျွဲဝါဒနှစ်ခုကို အဘိဓမ္မာ-ဝတာရဋ္ဌကာသစ် (၁၊၂၀၉)၌ မဟာသံဃိက ဝါဒဟုဆို၍ အနုဒီပနီ (နှာ-၀၂)၌ မဟာ-အင်္ဂကထာဝါဒဟု ဆိုသည်။

အင်္ဂကထာဝါဒ — ကျွဲဝါဒကို အင်္ဂကထာ ဆရာ အရှင်မဟာဗုဒ္ဓဃောသနှင့် အရှင်ဗုဒ္ဓ-ဒတ္တတို့က မနှစ်သက်သဖြင့် ပယ်ခဲ့သည်။ စိတ် တခုဖြစ်ပေါ်ရာ၌ ယှဉ်ဖော်ယှဉ်ဖက် စိတ်စေ-တသိက်တရားအားလုံးသည် တပြိုင်နက် ဖြစ် ပေါ် ချုပ်ပျက်ကြ၏။ ဖဿကား ရှေ့ဦးဖြစ်၍ ဝေဒနာကား နောက်မှဖြစ်သည် စသည်ဖြင့် ရှေ့နောက်ခွဲခြား၍ မရနိုင်ချေ။ ထို့ကြောင့် "သမ္မယုတ်တရားတို့ထက် ရှေးဦးစွာဖြစ်သော ကြောင့် ဖဿကို ရှေးဦးစွာ ဟောတော်မူ သည်"ဟု ဆိုခြင်းမှာ ယုတ္တိမရှိဟု ပယ်ခဲ့သည်။

ထို့ပြင် ဖဿသည် ဝေဒနာစသော တရား တို့၏ အားကြီးသော အကြောင်းတရား

ဖြစ်သည်ဟု ဆိုရန် အထောက်အထား အကြောင်းပြချက် မရှိချေ။ ထို့ကြောင့် "သမ္မယုတ်တရားအပေါင်း၏ အားကြီးသော အကြောင်းတရား (ဗလဝပစ္စယ)ဖြစ်သော ကြောင့် ဖဿကို ရှေးဦးစွာ ဟောတော်မူသည်"ဟု ဆိုခြင်းမှာလည်း ယုတ္တိမရှိဟု ပယ်ချခဲ့သည်။

ဖဿကို ရှေးဦးစွာ ဟောရခြင်း၏ အကြောင်းပြချက်တစုံတရာ ရှာရန်မလိုချေ။ ဟောရိုးဟောစဉ်မျှ (ဒေသနာကျမ)သာ ဖြစ်သည်။ "တသ္မိ သမယေ ဖဿော ဟောတိ၊ ဝေဒနာ ဟောတိ၊သညာဟောတိ"ပါဠိတော်၌ "ဝေဒနာ ဟောတိ၊ ဖဿော ဟောတိ" ဟူ၍ ဝေဒနာကို ရှေးဦးထား၍ ဆိုလိုကဆိုနိုင်သည်။ "သညာ ဟောတိ၊ဖဿော ဟောတိ" ဟူ၍ သညာကို ရှေးဦးထား၍ ဆိုလိုက ဆိုနိုင်သည်။ ဒေသနာအစဉ်အားဖြင့်သာ ဖဿကို ရှေးဦးဟောတော်မူခြင်းဖြစ်၍ ရှေနောက် အစီအစဉ်ကို မရှာကြံသင့်ဟု ပယ်မြစ်ခဲ့လေသည် (အဘိ၊ဋ္ဌ၊၁။၁၅၀-၁။ အဘိ၊ဝတာရ။ ၂၁)။

ဋီကာဒါဒ—အထက်ပါ အရှင်ဗုဒ္ဓဃောသနှင့် အရှင်ဗုဒ္ဓဒတ္တ အဋ္ဌကထာဆရာကြီးများ၏ အယူအဆကို မနှစ်သက်သဖြင့် ဖဿသည် ဝေဒနာ၏ ထူးခြားသော အကြောင်းတရား ဖြစ်သည်ဟူသော မဟာ အဋ္ဌကထာဝါဒကို ဋီကာဆရာကြီးများက ထပ်ဆင့်ထောက်ခံဖွင့်ပြကြပြန်သည်။

ဖဿအပါအဝင်ဖြစ်သော စိတ်စေတသိက်တရားစုသည် အာရုံနှင့် တွေ့ထိသောအခါ တပြိုင်နက်တည်း ဖြစ်ပေါ်ချုပ်ပျောက်ကြသည်။ ဖဿကြောင့်ဖြစ်သော ဝေဒနာသည်လည်း တပြိုင်နက်တည်း ဖြစ်ကြပျောက်ကြသည်။ သို့ရာတွင် အလင်းရောင်နှင့် ဆီမီးသည် တပြိုင်နက်ဖြစ်ပေါ်ကြသော်လည်း ဆီမီးသည် အလင်းရောင်၏ အကြောင်းထူးတခု ဖြစ်သကဲ့သို့ ဖဿသည်လည်း ဝေဒနာ၏ အကြောင်းတခု ဖြစ်သောကြောင့် ဖဿသည် ဝေဒနာထက် ရှေးဦးဖြစ်သကဲ့သို့ ပြဆိုရခြင်း ဖြစ်လေသည်။

ဝေဒနာသည် စက္ခုစသော ဝတ္ထုရုပ်တို့နှင့်လည်း ရံခါကင်း၍ ဖြစ်နိုင်၏။ ဝိတက်လောဘစသော အချို့သော ယုဉ်ဘက် စေတသိက်များနှင့် ရံခါကင်း၍လည်း ဖြစ်နိုင်၏။ ဖဿနှင့်ကင်း၍မူကား ဝေဒနာသည် တကြိမ်တခါမျှ မဖြစ်နိုင်ချေ။ ထို့ကြောင့် ဖဿသည် ဝေဒနာ၏ အားကြီးသောအကြောင်း (ဗလဝပစ္စယ)ဟု ဆိုနိုင်သည်။ ဖဿသည် ဝေဒနာအတွက်သာ အားကြီးသော အကြောင်းတရားမဟုတ် ယုဉ်ဘက် စိတ်စေတသိက်တရား အားလုံးအတွက် အားကြီးသော အကြောင်းထူးတခု ဖြစ်ပေသည်။ စိတ်စေတသိက်တရားတို့မှာ တွေ့ထိသော အခြင်းအရာ (ဖဿ)သာ မရှိပါက အာရုံသည် ထိုစိတ်စေတသိက်တို့အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် ဖဿသည် ယုဉ်ဖော်ယုဉ်ဖက် နာမ်တရားတို့အတွက် အားကြီးသောအကြောင်းထူးတခု ဖြစ်ကြောင်း ထင်ရှား၏။ ထို့ကြောင့် ဓမ္မသင်္ဂဏီပါဠိတော်၌ စိတ္တုပ္ပါဒ်ကို ဝေဘန်တော်မူသော မြတ်စွာဘုရားသည် "ဖဿော ဟောတိ"ဟူ၍ ဖဿကို ပထမဦးဆုံး ထုတ်ဖော် ဟောကြားတော်မူသည်၊ (မူလဋီ၊၁။၈၆။ ဒီ၊ဋ္ဌ၊၁။၁၈၂။ သီ၊ဋ္ဌ၊သစ်၊၁။၄၆၀)။

အနုဒီပနီဝါဒ—လယ်တီဆရာတော်ဘုရားကြီးသည်လည်း အနုဒီပနီကျမ်း (နှာ၊၈၂)၌ မဟာအဋ္ဌကထာဝါဒကို ထောက်ခံ ရေးသားခဲ့သည်။ အာရုံ၌ စိတ်၏ ပထမဦးဆုံးကျရောက်သော အခြင်းအရာသည် ဖဿစေတသိက်က အာရုံကို တွေ့ထိသည်မည်၏ဟု မဟာအဋ္ဌကထာဆရာ ပြဆိုခြင်းမှာ ဖဿက အခြားသော စေတသိက်တို့ထက်စော၍ ပထမဦးစွာ

ပါးကို အမည်နာမ ထုတ်ဖော်ပညတ်နိုင်ခြင်း၏ အကြောင်းမှာ ဖဿပင် ဖြစ်လေသည်၊ (မ၊၃၊၆၇)။ ဖဿထူးခြားမှုကို အစွဲပြု၍ ဝေဒနာထူးခြားမှု ဖြစ်ရသည်၊ (ဒီ၊၃။၂၅၄။ သံ၊၁။၃၅၈-၉။ ပဋိသံ။၈၄)။ မူလပဏ္ဏာသ ပါဠိတော် သမ္မာဒိဋ္ဌိသုတ်(နှာ-၆၅)တွင် နာမရူပဓုဒ်ကို ဟောကြားရာ၌ ဝေဒနာ၊ သညာ၊ စေတနာ၊ ဖဿ၊ မနသိကာရတို့သည် နာမ်မည်၏ဟု ဟောတော်မူ၏။ သခါရက္ခန္ဓာကို ပြရာ၌ စေတနာ၊ ဖဿ၊ မနသိကာရသုံးပါးကိုသာ ပြဆိုခြင်းမှာ ထိုစေတသိက် သုံးပါးတို့သည် အားအနည်းဆုံးသော စိတ်မှာပင် ယှဉ်တွဲပါဝင်နေသောကြောင့် ဖြစ်၏။ (မ၊၃၊၁။ ၂၂၇)။ သတ္တဝါတို့ ဖြစ်ပေါ်တည်ရှိနိုင်ရန် အရေးကြီးသော အကြောင်းတရားဖြစ်သောကြောင့် ဖဿကို အာဟာရ လေးပါးတွင် ထည့်သွင်း၍ ဖဿာဟာရဟု ဟောတော်မူ၏။ (မ၊၁။၅၉။ မ၊၃၊၁။၂၁၃)။ ခပ်သိမ်းသော သခါရတရားမှန်သမျှသည် ဖဿကြောင့် ဖြစ်ပေါ်ရလေသည်၊ (အံ၊၃။၁၅၃၊ ၂၄၁)။

ဖဿနှင့်အာဟာရ—သတ္တဝါတို့ ဖြစ်ပေါ်တည်ရှိနိုင်ရန်အတွက် အဋ္ဌတ္တိကသန္တာန်၏ ထူးခြားသောအကြောင်းတရားကို အာဟာရဟု ခေါ်သည်။ အာဟာရလေးပါးကို ဟောကြားရာ၌ ဖဿကို ဒုတိယမြောက် အာဟာရအဖြစ်ဖြင့် ဟောတော်မူသည်။ (မ၊၁။၅၉)။ ဖဿာဟာရသည် အာရုံခံမရှိသော နွားမကြီးနှင့် တူသည်။ အာရုံခံမရှိသော နွားမသည် နံရံကိုမှီ၍ တည်ငြားအံ့။ နံရံကို မှီနေကုန်သော ပိုးမွှားတို့သည် ထိုနွားမကို ကိုက်ခဲကုန်ရာ၏။ အကယ်၍ သစ်ပင်ကို မှီငြားအံ့။ သစ်ပင်ကို မှီ၍နေကုန်သော ပိုးမွှားတို့သည် ထိုနွားမကို ကိုက်ခဲကုန်ရာ၏။ အကယ်၍ လဟာပြင်ကို အမှီပြု၍နေငြားအံ့။ လဟာပြင်ကို မှီနေကုန်သော ပိုးမွှားတို့သည် ထိုနွားမကို ကိုက်ခဲကုန်ရာ၏။ မည်သည့်အရပ်မဆို တခုခုသောအရာ၌

ဖြစ်ခြင်းကို ဆိုလိုသည်မဟုတ်။ ဖဿစေတသိက်၏ အာရုံကိုတွေ့ထိမှုကိစ္စက ပဓာနဖြစ်သောကြောင့် ပထမဖြစ်သည်ဟု ဆိုလိုသည်။ ဥပမာ "မနောပုဗ္ဗင်္ဂမာ"ဟုဆိုရာ၌ စိတ်သည် စေတသိက်တရားတို့၏ ဦးစီးခေါင်းဆောင် ပဓာနဖြစ်မှုကို ရှေ့သွား (ပုဗ္ဗင်္ဂမ)ဟု ဆိုလိုသည်။ စိတ်သည် စေတသိက်တရားတို့ထက် အချိန်ကာလစောခြင်း ရှေးဦးစွာ ဖြစ်သည်ကို ရှေ့သွား (ပုဗ္ဗင်္ဂမ)ဟု ဆိုလိုသည်မဟုတ်။ ဤနည်းအတူ ဝေဒနာ၏ အာရုံအရသာ ခံစားမှု၊ သညာ၏ မှတ်သားမှု ကိစ္စတို့ထက် ဖဿ၏ အာရုံကို တွေ့ထိမှုက ပဓာနကျသောကြောင့် ဖဿကို ရှေးဦးစွာ ဟောခြင်းဖြစ်သည်။

ထို့ပြင် ဖဿ၏အားကြီးသောအကြောင်း (ဗလဝပစ္စယ)ဖြစ်ပုံကို ဥပနိဝဏ္ဏသပါဠိတော် မဟာပုဏ္ဏမသုတ်(နှာ-၆၇)၌ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သခါရက္ခန္ဓာ၊ ဟူသော နာမ်ခန္ဓာသုံးပါးတို့ကို အမည်သညာ ထုတ်ဖော်ပညတ်ရန် အကြောင်းတရားကား ဖဿသာလျှင် ဖြစ်၏ဟု ဟောတော်မူခြင်းကြောင့် ဖဿ၏ အားကြီးသောအကြောင်းဖြစ်ပုံမှာ သိသာလှပေသည်။ စိတ်သည် အာရုံကိုသိခြင်းသဘောအားဖြင့် အလုံးစုံသော စေတသိက်တို့၏ ရှေ့သွားဦးစီး ခေါင်းဆောင် ဖြစ်သကဲ့သို့ ဖဿသည် အာရုံကို တွေ့ထိခြင်းသဘောအားဖြင့် ကြွင်းသော စေတသိက်တရားတို့၏ ရှေ့သွား ဦးစီးခေါင်းဆောင် ဖြစ်သည် စသည်ဖြင့် ဖဿ၏ ရှေးဦးစွာ ဖြစ်ပုံ အားကြီးသော အကြောင်း ဖြစ်ပုံများကို ထောက်ခံထားပေသည်။

ဖဿအရေးကြီးပုံ — ဖဿသည် နာမ်တရားများဖြစ်ပေါ်ရန်အတွက် အရေးအကြီးဆုံးသော အကြောင်းတရပ်ဖြစ်၏။ ဝေဒနာသုံးပါးသည် ဖဿလျှင် အကြောင်းရင်း ရှိကုန်၏၊ (သံ၊၂။၄၁၆)။ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သခါရက္ခန္ဓာဟူသော နာမ်ခန္ဓာ သုံး

၏။ အကယ်၍ ဖဿမဖြစ်ခဲ့လျှင် အာရုံ၏အရ သာကို မယူနိုင်, မရနိုင်သောကြောင့် ဝေဒနာဟု ဆိုအပ်သော သုံးဆောင်ခံစားမှုမှ ကင်းသဖြင့် တဏှာဖြစ်ခွင့် မရှိတော့ရကား ဝဋ်သုံးပါးလည်း ဖြစ်နိုင်တော့မည် မဟုတ်ပေ။ ထို့ကြောင့် ဝဋ်သုံးပါး၏ စည်ကားကြီးကျယ်၍ နေသော အချက်၊ ဝဋ်သုံးပါးတည်းဟူသော နှောင်အိမ်ကြီးထဲ၌ သတ္တဝါတို့ မပျင်းမရိ မငြီးမငွေ့ မမုန်းနိုင်သော အချက်များသည် ဖဿ၏ လက်ချက်ပင် ဖြစ်ပေသည်။

ဘေးဒုက္ခအပေါင်း၏ အကြောင်းရင်း

ဖဿ—သတ္တဝါတို့သည် ချမ်းသာ ခံစားမှုကို အလွန်စုံမက်ကြ၏။ ချမ်းသာခံစားမှုဖြစ်ပေါ်ရေးအတွက် ချမ်းသာမှုပေးနိုင်မည့် အာရုံကို တွေ့ထိရန် အမြဲကြိုးပမ်းနေကြ၏။ လှုပသော အဆင်းကို မြင်ရလျှင် ချမ်းသာမှုဖြစ်ပေါ်၏။ ထို့ကြောင့် လှုပသောအဆင်းကို မြင်တွေ့မှု (စက္ခုသမ္ဖဿ)အတွက် ထိုအဆင်းရုပါရုံရှာသို့ သွားရ၏။ ထိုအဆင်းရုပါရုံ ရရှိရေး အတွက် ဒုက္ခခံကြရ၏။ သာယာသောအသံကို ကြားတွေ့မှု (သောတသမ္ဖဿ), မွှေးကြိုင်သောရနံ့ကို နံတွေ့မှု(ဃာနသမ္ဖဿ), လျာပေါ်၌ မျက်မျက်ကလေးတွေ့မှု(ဇိဝှါသမ္ဖဿ), နူးညံ့သော အိပ်ရာ နေရာ အဝတ် အဆင်ယောကျ်ားမိန်းမ အတွေ့အထိ(ကာယသမ္ဖဿ), စိတ်ကူးယဉ်ကြည်နူးမှု(မနောသမ္ဖဿ), ဤဖဿများ ဖြစ်ပေါ်ရေးအတွက် ကြိုးပမ်းနေစဉ် အဆုံးအပိုင်းအခြားမရှိသော ဒုက္ခများကို ခံစားနေကြရ၏။ မြင်တွေ့မှု, ကြားတွေ့မှု, နံတွေ့မှု, လျက်တွေ့မှု, ထိတွေ့မှု, စိတ်ကူးအတွေ့များ ဖြစ်ပေါ်ရေးအတွက် ထိုထို အာရုံများ နောက်သို့ တကောက်ကောက် လိုက်နေကြ၏။ ထိုထိုအာရုံများနှင့် ထိတွေ့နိုင်ရေးအတွက် တရားသဖြင့် ကြိုးပမ်းအားထုတ်၍ မရနိုင်သောအခါ ဖြတ်လမ်းမှလိုက်၍ ခိုးဝှက်လုယက်၏။ သူတပါးမယား ပြစ်မှား

ကို မှီ၍ တည်ငြားအံ့။ ထိုအရပ်ကို မှီနေကုန်သော ပိုးမွှားတို့သည် ကိုက်ခဲကုန်ရာ၏။ ဤအတူသာလျှင် ဖဿာဟာရကို မှတ်အပ်၏။ ဖဿာဟာရကို ပိုင်းခြား၍ သိသည်ရှိသော် ဝေဒနာသုံးပါးတို့ကို ပိုင်းခြား၍ သိနိုင်၏။ ဝေဒနာသုံးပါးတို့ကို ပိုင်းခြား၍ သိသည်ရှိသော် အရိယာသာဝကအား ထို့ထက်အလွန် တစုံတရာပြုဖွယ်ကိစ္စမရှိတော့ပြီဟု ငါဘုရား ဟောတော်မူ၏ (သံ၊၁။၃၂၃)။ ဖဿာဟာရသည် ဝေဒနာသုံးပါးတို့ကို ဆောင်၏။ ကြိုက်နှစ်သက်ဖွယ် အာရုံနှင့် တွေ့ထိမှု(ဖဿ)ဖြစ်လတ်သော် သုခဝေဒနာ ဖြစ်ပေါ်၏။ မနှစ်သက်ဖွယ် အာရုံနှင့် တွေ့ထိမှု (ဖဿ)ဖြစ်လတ်သော် ဒုက္ခဝေဒနာဖြစ်ပေါ်၏။ အလယ်အလတ်ဖြစ်သော အာရုံနှင့် တွေ့ထိမှု (ဖဿ)ဖြစ်လတ်သော် ဥပေက္ခာဝေဒနာ ဖြစ်ပေါ်၏။ ဖဿသည် အာရုံနှင့်တွေ့ထိခြင်းဖြင့် သာလျှင် ဝေဒနာဖြစ်ပေါ်ရန် အကြောင်းအသော်အပံ့ကိုပြု၍အာဟာရကိစ္စကိုပြီး၁၀၏။

ခဲ့ဦးအံ့—ငှက်သတ္တဝါတို့သည်ငင်း, ခြင်မှက်စသော သတ္တဝါတို့သည်ငင်း နှုတ်သီးဖြင့် အစာအာဟာရကိုယူ၍ ခန္ဓာကိုယ်အတွင်းကို မွေးမြူကြရကုန်၏။ နှုတ်သီးမရှိသော် အစာအာဟာရကို မသုံးဆောင်ကြရကုန်သဖြင့် သေကြကုန်ကြသော် ဖြစ်၏။ ထို့အတူ ဤသတ္တဝါတို့သည် ဖဿဉာဏ်းဟူသော နှုတ်သီးဖြင့် အာရုံတို့၌ပါရှိသော အရသာကို ထုတ်ယူကြကုန်ပြီးလျှင် ဝေဒနာဟုဆိုအပ်သော ခံစားမှု အမျိုးမျိုးကို ပြည့်စုံစေကုန်လျက် တဏှာ၏ စည်ပင် ပြန့်ပြောခြင်းသို့ ဆိုက်ရောက်ကြလေကုန်၏။ ယင်းသို့ ဆိုက်ရောက်သဖြင့် ဝဋ်သုံးပါး စည်ကား ပြည့်စုံလာပြန်ရကား ယခုနေ့ ယခုအခါနှိပ်တိုင်အောင် သူသူငါငါ သတ္တဝါဟူသမျှသည် ဝဋ်သုံးပါးဟူသော နှောင်အိမ်ကြီးထဲ၌ မပျင်းရိ မငြီးငွေ့ မမုန်းနိုင်ကြပဲ တထွေးလုံးလုံး တအုံးအုံးဖြစ်၍ နေကြရကုန်

ဝေဒနာစသောအကျိုး အဆက်ဆက် မဖြစ်တော့၍ ခန္ဓာချုပ်ငြိမ်း ဘဝဇာတ် သိမ်းလေ ပြီဖြစ်၍ ပြုဖွယ်ကိစ္စ မရှိတော့ပြီ (မ၊ဋ္ဌ၊၁။ ၂၁၂-၈။ သံ၊ဋ္ဌ၊ ၂။ ၂၃၇။ ပရမတ္ထဒီပနီ။၃၄၉။ ပရမတ္ထသံခိပ်ဋီကာ၊ဒုတိယ။၃၀၅-၆)။

ဖဿကြောင့် စစ်ပွဲကြီးမျာ: ဖြစ်ရခြင်း— ကောင်းမြတ်သော အဆင်းရှုပါရုံစသည်နှင့် တွေ့ထိမှု ဖဿဖြစ်သောအခါ သာယာသော ခံစားမှု သုခဝေဒနာဖြစ်၏။ မကောင်းသော အဆင်းရှုပါရုံစသည်နှင့် တွေ့ထိမှုဖဿ ဖြစ်သောအခါ မသာယာသောခံစားမှု ဒုက္ခဝေဒနာဖြစ်ရ၏။ ထို သာယာသော ခံစားမှု သုခဝေဒနာကို ပြင်းစွာတပ်မက် စွဲလမ်းခြင်း တဏှာဖြစ်၏။ မသာယာသော ခံစားမှု ဒုက္ခဝေဒနာ ဖြစ်ပေါ် ချိန်၌ ထိုဒုက္ခမှ လွတ်မြောက်လိုမှုနှင့် သုခဝေဒနာကို ပြင်းစွာ လိုလားတောင့်တမှု တဏှာဖြစ်၏။ ထိုတပ်မက် စွဲလမ်းမှု တဏှာကြောင့် မိမိနှစ်သက်သော ရှုပါရုံစသော အာရုံပစ္စည်း ဝတ္ထုတို့ ရရှိရန် ရှာဖွေမှု(ပရိယေသန)ဖြစ်၏။ ထိုသို့ ရှာဖွေမှုကြောင့် ထိုအာရုံ ပစ္စည်း ဝတ္ထုများကို ရခြင်း(ပဋိလာဘ)ဖြစ်၏။ ထို ရရှိလာသော အာရုံ ပစ္စည်းဝတ္ထု အစုစုတို့ကို ဤပစ္စည်းစုကား အဆင်းရှုပါရုံ လှပမှု သာယာမှုအတွက် ဖြစ်လတ္တံ့။ ဤပစ္စည်းစုကား အသံသဒ္ဒါရုံကို သာယာမှု ခံစားမှုအတွက် ဖြစ်လတ္တံ့။ ဤပစ္စည်းစုကား ဤအတွက်၊ ဤပစ္စည်းစုကား သူတပါးအတွက်ဖြစ်လတ္တံ့။ဤမျှသော ပစ္စည်းကို သုံးဆောင်အံ့၊ ဤမျှသောပစ္စည်းကို သိုမှီးသိမ်းဆည်းထားအံ့ စသည်ဖြင့် ကြံစည်ဆုံးဖြတ်မှု (ဝိနိစ္ဆယ)ဖြစ်၏။ ထိုသို့ ဆုံးဖြတ်ပြီးသောအခါ မိမိသုံးဆောင် ခံစားမည့် ပစ္စည်းဝတ္ထုများ၊ သိုမှီးသိမ်းဆည်းထားမည့် ပစ္စည်းဝတ္ထုများအပေါ်၌ တွယ်တာတပ်မက်မှု(ဆန္ဒရာဂ)ဖြစ်၏။ ထိုသို့ တွယ်တာ တပ်မက်အပ်သော ပစ္စည်းဝတ္ထုတို့ကို ဤပစ္စည်း

၏။ ထိုအခါ ခိုးသူကို ပိုင်ရှင်တို့က ဖမ်းဆီးသတ်ဖြတ်ကုန်၏။ အစိုးရမင်းတို့က အပြစ်ဒဏ်ခတ် နှိပ်စက်ညှဉ်းပမ်းကုန်၏။ သေလွန်သောအခါ၌လည်း အပါယ်ဘုံသို့ လားရ၏။ ထို့ကြောင့် မျက်မှောက်ပစ္စုပ္ပန်နှင့် တမလွန်၌ ဖြစ်သော ဘေးဒုက္ခအပေါင်းသည် ဖဿသာလျှင် အကြောင်းရင်းမူလရှိ၏။

ဖဿချုပ်လျှင် ဒုက္ခအားလုံး ငြိမ်းမည်— ထို့ကြောင့် မြတ်စွာဘုရားရှင်သည် ဖဿာဟာရကို အရေခွံခွါထားသော နွားမကြီးနှင့် ဥပမာနှိုင်းခိုင်းတော်မူ၏။ ခြသေ့ သစ် ကျားဆင်စသော သတ္တဝါတို့တွင် နွားမသည် သည်းခံနိုင်မှု အနည်းဆုံးဖြစ်၏။ မူလက သည်းခံနိုင်မှု နည်းပါးသော နွားမသည် အရေခွံခွါထားပြီးနောက် ရောက်လေရာတိုင်း ထိလေရာတိုင်း၌ ပိုးမွှားများ ဝိုင်းအုံကိုက်ခဲမှု ခံနေရသကဲ့သို့ ဖဿသည် လောကီအာရုံနှင့် တွေ့ထိလေတိုင်း ဒုက္ခသာဖြစ်ရ၏။မကောင်းသော အာရုံ, ကြမ်းတမ်းသောအာရုံများနှင့် တွေ့ထိမှု ဖဿဖြစ်လျှင် အမျက်ထွက်မှု, စိတ်မချမ်းသာမှု, စိုးရိမ်ကြောက်လန့်မှုစသော ဆင်းရဲခြင်းဖြစ်၏။ ကောင်းသောအာရုံနှင့် တွေ့ထိမှု ဖဿဖြစ်လျှင် ထိုအာရုံကို ရယူပိုင်ဆိုင်ရန် ကြိုးပမ်းမှု, ထိုအာရုံကို မတွေ့ရသောအခါ, ထိုအာရုံ ပျောက်ကွယ်ဆုံးရှုံးသွားသောအခါ ကိုယ်စိတ်နှစ်ပါး ဆင်းရဲကြရ၏။ မသိမမြင်ကြသော ပုထုဇဉ်တို့သည် ထိုထိုအာရုံနှင့် တွေ့ထိမှုဖဿများ ဖြစ်ပေါ် စေရန် လှုံ့လကြိုးကုတ်အားထုတ် နေကြသော်လည်း အမြင်မှန်ရသော ပုဂ္ဂိုလ်များသည်ကား ဖဿကို ဘေးအန္တရာယ်ကြီးတခုဟု မြင်တော်မူကြ၏။ ထို ဖဿာဟာရ၏အကြောင်းတရားကား တဏှာသာလျှင်ဖြစ်၏။ အောက်ထစ်ဆုံး ပဋိသန္ဓေဝိညာဏ်၌ ယှဉ်သော ဖဿသည်ပင်လျှင် အတိတ်ဘဝ တဏှာ အကြောင်းရင်းခံ၏။ ထို တဏှာချုပ်လျှင် ဖဿချုပ်၏။ ဖဿချုပ်လျှင်

ဝါဒ)။ အရာရာကို ထာဝရဘုရား ဖန်ဆင်းသည် (ကြဿရနိမ္မာနဝါဒ)။ ခန္ဓာကိုယ် ပျက်စီးသေဆုံးသော်လည်းအသက်ဝိညာဉ်ကောင်သည် သေဆုံးခြင်းမရှိ။ ဤဘဝမှ ထိုဘဝသို့ ပြောင်းရွှေ့နေသည်(သဿတဝါဒ)။ လူ့ဘဝဆိုသည်မှာ မိခင်ဝမ်းပိုက်မှ သခ်ျိုင်းအထိသာ ဖြစ်၍ သေလျှင် ပြတ်၏။ နောက်ဘဝမရှိ (ဥစ္ဆေဒဝါဒ) (ဝိသုဒ္ဓိ၊ဋီ၊၂။၃၄၇-၈)။ ဤသို့ အစရှိသော ခံယူချက် ဒိဋ္ဌိဝါဒများသည် ဖဿကြောင့် ဖြစ်ပေါ်ရ၏။ သတ္တဝါတို့သည် ကြဋ္ဌာရုံ အနိဋ္ဌာရုံတို့နှင့် တွေ့ထိမှု (ဖဿ)ဖြစ်သော အခါ ချမ်းသာမှု (သုခဝေဒနာ)၊ ဆင်းရဲမှု (ဒုက္ခဝေဒနာ)ဖြစ်၏။ ထိုအခါ ချမ်းသာမှုကို တပ်မက်စွဲလမ်းမှု၊ ဆင်းရဲခြင်းမှ လွတ်မြောက်လိုမှု တဏှာဖြစ်၏။ ထိုတဏှာအရင်းခံ၍ မိမိ ချမ်းသာ တည်မြဲရေး လက်မလွတ်ရေးကို အကူအညီ အကာအကွယ်ပေးမည့် အယူအဆ ဝါဒတခုကို တွေးခေါ် ကြံစည်လေတော့၏။

ကုသိုလ်ကောင်းမှု မျှားစွာပြုလုပ်ထားသူသည် မိမိ ပြုလုပ် ဆောင်ရွက်ချက် များကို ပျောက်ပျက် မသွားစေလိုပေ။ ဤကောင်းမှုအကြောင်းကြောင့် အနာဂတ်တွင် ကောင်းကျိုးခံစားလိုသေး၏။ ထို့ကြောင့် အနာဂတ်ဘဝရှိခြင်းကိုနှစ်သက်၏။ အကြောင်းအကျိုးဆက်စပ်မှုရှိခြင်းကို နှစ်သက်၏။ မကောင်းဆိုးဝါး ယုတ်မာမှုကိုသာပြုသူသည် မကောင်းကျိုးကို မခံစားလိုပေ။ ထို့ကြောင့်မကောင်းကျိုးခံစားရမည့်နောက်ဘဝကို မလိုလားပေ။ အကြောင်းအကျိုး ဆက်စပ်မှုကို မလိုလားချေ။ ထို့ကြောင့် မိမိ ကိုယ်ကျိုးရှိခဲ့ဘူးသော အရသာခံစားခဲ့ရဘူးသော အယူဝါဒ, ကိုယ်ကျိုး ရှိလိမ့်မည် အရသာ ခံရလိမ့်မည်ထင်သော အယူဝါဒများကို တီထွင်ကြံဆကြ၏။ လက်ခံ ယုံကြည်ကြ၏။ အယူဝါဒ မှန်သမျှ

ငါပိုင်ဟု အပြီးအပိုင် သိမ်းပိုက်မှု (ပရိဂ္ဂဟ) ဖြစ်၏။ ထိုသို့ ငါပိုင် သိမ်းပိုက်ပြီးသော ပစ္စည်းတို့ကို အခြားသူတို့နှင့် ဆက်ဆံမည်ကို သည်းမခံနိုင်မှု၊ ဤမျှ ထူးခြား ကောင်းမွန်သော ပစ္စည်းဝတ္ထုတို့ကို မည်သူနှင့်မျှ ဝေခွဲ၍ မသုံးဆောင်လိုမှု၊ ငါတယောက်တည်း သုံးဆောင်မည် စသည်ဖြင့် နှမြောတွန့်တိုမှု၊ ဝန်တိုမှု (မစ္ဆရိယ) ဖြစ်၏။ ထိုသို့ နှမြောတွန့်တိုမှုကြောင့် ကျီကြ ဘဏ္ဍာတိုက် သေတွာ စသည်တို့တွင် ထည့်သွင်း ပိတ်ဆို့၍ စောင့်ရှောက်မှု (အာရက္ခ) ဖြစ်၏။ ထိုသို့ ပစ္စည်းဥစ္စာများကို ငါပိုင် သိမ်းဆည်း စောင့်ရှောက်ရာတွင် ခိုးသားမှားပြရန် ကာကွယ်ရန် ဒုတ် ဓား သေနတ်စသော လက်နက်စွဲကိုင်မှု၊ မိုက်ရိုင်းစော်ကားသော စကားများပြောဆိုမှု၊ လိမ်လည်မှု၊ ကုန်းတိုက်မှု၊ သူပိုင် ငါပိုင် ငြင်းခုန်မှု၊ ကိုယ်ထိလက်ရောက် ကျူးလွန်မှုများ၊ ခိုက်ရန်ဖြစ်ပွါးမှုများ၊ စစ်ပွဲကြီးငယ်များ ဖြစ်ရလေသည်။ ပိုင်ဆိုင်မှုကို ချီးဖောက် လုယက်သူနှင့် ပိုင်ဆိုင်မှုကို ခုခံ ကာကွယ်သူတို့၏ ရန်ပွဲ၊ နယ်မြေကျူးကျော်ရေး စစ်ပွဲများ၊ နယ်မြေ ပိုင်ဆိုင်မှုအတွက် ခုခံရေး စစ်ပွဲများ၊ ဝါဒစစ်ပွဲများစသည်ဖြင့် အာရုံကို တွေ့ထိမှု ဖဿတခုကို အရင်းခံပြု၍ အတိုင်းမသိသော ယုတ်မာမှု အကုသိုလ်တရားများ ဖြစ်ပေါ် လာလေတော့သည် (ဒီ၊၂။၅၀။ သုတ္တနိ။၄၁၃-၅။ ဒီ၊၃၊၂။၉၀။ မဟာနိ။၁၉၆-၂၂၀)။

ဖဿကြောင့် ဒိဋ္ဌိဖြစ်ပုံ— အတွေးအခေါ် အယူအဆ ခံယူချက်များကို ဒိဋ္ဌိဟု ခေါ်ရလေသည်။ ထိုဒိဋ္ဌိဝါဒများကား အကြောင်းနှင့် အကျိုးသည် နှစ်ခုမပြား တခုတည်းသာဖြစ်၏(ကေတ္တဝါဒ)။ အကြောင်းနှင့် အကျိုးသည် တစုံတရာ ဆက်စပ်မှုမရှိ၊ ကြောင်းကျိုးဆက်စပ်မှု သဘောမရှိ၊ တသီးတခြားစီ အဆက်အစပ်မရှိ ဖြစ်နေကြသည် (နာနာတ္တ-

သည် မိမိတွေ့ကြုံခဲ့ဘူးဝမျှ (ဖဿ)အပေါ် ၌ အမှီပြုရ၏။

ဤသို့လျှင် အာရုံနှင့် ထိတွေ့မှု (ဖဿ) ကြောင့် ခံစားမှု ဝေဒနာဖြစ်၏။ ထိုဝေဒနာကြောင့် တဏှာဖြစ်၏။ ထိုတဏှာနှင့် တွဲဖက်၍ ဒိဋ္ဌိဖြင့် ရှုဆင်ခြင်သုံးသပ်သောအခါ ဒိဋ္ဌိအယူဝါဒများ ပေါ်ပေါက် လာလေသည်။ ဖဿအရင်းခံသော ဝေဒနာကို ငမ်းငမ်းတက် စုံမက်သော တဏှာ၏ ပြင်းစွာမှတ်သိပ် ဆာလောင်မှုကြောင့် ဒိဋ္ဌိလိုင်းဂယက်ထ၍ တုန်လှုပ်ခြင်းသာ ဖြစ်၏။ ထို့ကြောင့် ဖဿသည် ဒိဋ္ဌိဖြစ်ခြင်း၏ မူလအကြောင်းရင်း ဖြစ်လေသည် (ဒီ၊၁။၃၀၊၄၁။ ပဋ္ဌိ၊သံ။၁၃၂။ ဒီ၊ဋ္ဌ၊၁။ ၁၁၄။ ဒီ၊ဋ္ဌီ၊၁။၁၈.၁။ သီ၊ဋ္ဌီ၊သစ်၊၁။၄၆၀-၃)။

ဖဿနှင့်ပဋိစ္စသမုပ္ပါဒ် — ဝိဘင်းပါဠိတော်၌ ပဋိစ္စသမုပ္ပါဒ်ဝိဘင်း၌ ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးဆက်နည်းကို သုတ္တန်နည်း, အဘိဓမ္မာနည်း နှစ်ပါးတို့ဖြင့် ဝေဘန်ဟောကြားတော်မူ၏။

သုတ္တန်နည်းဖြင့် ဝေဘန်ဟောကြားတော်မူရာ၌ "သဠာယတနပစ္စယာ ဖဿော" စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန ဟူသော အာယတနခြောက်ပါးကြောင့် စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှါသမ္ဖဿ, ကာယသမ္ဖဿ, မနောသမ္ဖဿ ဟူသော ဖဿခြောက်ပါးတို့ ဖြစ်ပေါ်လာကုန်၏။

ဖုလ္လ (န) [ဖုလ္လ + အ။ နိတိ၊ဓာ။၁၆၅။] (၁) ပွင့်ခြင်း။ (တိ) (၂) ကဲ့သော၊ ကျိုးပျက်သော။ (၃) ပွင့်သော။ (၁) ဝိဝိဓာသု ဒိသာ-သု ဖုလ္လံ ဂစ္ဆတိတိ ဝိပ္ဖုလိင်္ဂံ။ ဓာန်၊ဋ္ဌိ။၃၅။ (တိ) (၂) ခဏ္ဍံ ဖုလ္လံ ပဋိသန်ဓိဿတိ။ ဝိ၊၄။ ၃၀၈။ (–ဝိ၊ဋ္ဌ၊၁။၈၊၉။ ဒီ၊ဋ္ဌ၊၁။၉။) ဖုလ္လန္တိ ဖလိတောကာသော။ ဝိ၊ဋ္ဌ၊၄။၆၃။ (–သာ-ရတ္ထ၊၁။၅၆။ ဝိမတိ၊၁။၁၅။) ဖုလ္လန္တိ ဘိန္နံ။ သီ၊ဋ္ဌိ၊သစ်၊၁။၇၁။ (၃) ဖုလ္လံ ဒါလိမလဋ္ဌံ ဝါ အန္တောဒီပေဝ ပါဋလိံ။ ထေရီ။၄၁၃။ ဖုလ္လံ ဒါလိမလဋ္ဌံ ဝါတိ ပုပ္ဖိတံ ဗီဇပူရလတံ ဝိယ။ ထေရီ၊ဋ္ဌ။၂၃၄။ (–အပ၊ဋ္ဌ၊၂။၆၀။)

ဖုလ္လကုမုဒ (တိ) [ဖုလ္လ + ကုမုဒ] ပွင့်သော ကုမုဒြာကြာရှိသော။ ကောမုဒိယာတိ ဖုလ္ล-ကုမုဒါယ။ ဇာ၊ဋ္ဌ၊၇။၁၀၇။

ဖုလ္လတိ (ကြိ) [ဖုလ္လ+အ+တိ] ပွင့်၏။ သမ္ဗေန ပကာရေန ပရိတော သမန္တတော ဖုလ္လတိ ဝိကသတိတိ သမ္ဗပါလိဖုလ္လံ။ သီ၊ဋ္ဌိ၊သစ်၊၁။ ၁၉၃။

ဖုလ္လပဒုမဝဏ္ဏ (တိ) [ဖုလ္လ + ပဒုမ + ဝဏ္ဏ] ပွင့်သော ပဒုမာကြာ အဆင်းရှိသော။ ပဟာ-သတ္တာဿ ဖုလ္လပဒုမဝဏ္ဏော ပါဒပိဋ္ဌေ ပတန္တိ။ ဇာ၊ဋ္ဌ၊၇။၃၁၇။ (–၃၅၆။)

ဖုလ္လပဒုမသဏ္ဌိရိက (တိ) [ဖုလ္လပဒုမ+သဏ္ဌိရိက] ပွင့်သော ပဒုမာကြာနှင့်တူသော အသရေရှိသော၊ ပွင့်သော ပဒုမာကြာ၏ အသရေနှင့်တူသော(ခြေ)။ ဖုလ္လပဒုမသဏ္ဌိရိကေသု ပါ-ဒေသု ဝန္ဒိတ္ဝာ။ ဇာ၊ဋ္ဌ၊၁။၃၃၄။

ဖုလ္လပဒုမသဏ္ဌိရိကမုခ (တိ) [ဖုလ္လပဒုမ+သဏ္ဌိ-ရိက+မုခ] ပွင့်သော ပဒုမာကြာ၏ အသရေ

နှင့်တူသော မျက်နှာရှိသော၊သူ။ ဖုလ္လပဒုမ-သဿိရိကမုခတ္တာ ပနဿ "ပဒုမကုမာရော"-တွေဝ နာမံ ကရိ သု။ ဇာ၊၆၊၄။၁၉၀။

ဖုလ္လဝိပိန (တိ) [ဖုလ္လ+ဝိပိန] ပွင့်သော တော ရှိသော၊ ပွင့်သောသစ်ပင်ရှိသော(ဥယျာဉ်)။ တဒါ တံ ဖုလ္လဝိပိနံ၊ နာနာဘာမရကူဇိတံ။ အပ၊၂။၂၂၅။

ဖုလ္လသာလ (ပု) [ဖုလ္လ + သာလ] ပွင့်သော အင်ကြင်းပင်။ တံ န စိရံ ဖုလ္လသာလံ ဝိယ။ ဒီ၊၆၊၂။၂၉၆။

ဖုလ္လာရဝိန္ဒသံကာသ (တိ) [ဖုလ္လ+အရဝိန္ဒ+သံ-ကာသ] ပွင့်သောကြာနှင့်တူသော။ ဖုလ္လာရ-ဝိန္ဒသံကာသေ၊ တရုဏာဒိစ္စသပ္ပဘေ။ အပ၊၂။၂၁၀။

ဖုလ္လာပေန္တ (တိ) [ဖုလ္ल+ ဏာပေ+ အန္တ] ပွင့်စေသော။ ဇာတဿရေ ပဋ္ဌ ဝဏ္ဏာနိ ကုသု-မာနိ ဖုလ္လာပေန္တော ဝိယ.... ကထေသိ။ မ၊၆၊၂။၂၃၆။

ဖုလ္လိတ (တိ) [ဖုလ္လ+တ] (၁) ပွင့်သော။ (၂) ကျိုးပျက်သော။ (၁) သာလရုဇာဝ ဖုလ္လိ-တော။ အပ၊၂။၁၆၅။ ဖုလ္လိတံ ဝိကသိတံ အာနနံ မုခံ။ အပ၊၆၊၂။၂၃၆။ (၂) ဖုလ္လိ-တပုဒေသ-ကြည့်။

ဖုလ္လိတကောကနဒ (န) [ဖုလ္လိတ+ကောကနဒ] ပွင့်သောကြာ။ ပါတောဝ ဖုလ္လိတကောကနဒ-(သံ၊၆၊၁။၂၅၀)နှင့် ပါတောဝ သံဖုလ္လပဒုမံ။ သံ၊ဋ္ဌီ၊၁။၂၀၇။

ဖုလ္လိတပုပ္ပ(ပ)ဒေသ (ပု) [ဖုလ္လိတ + ပဒေသ] ကျိုးပျက်သောအရပ်။ ပါကာရဿ ဖုလ္လိတပုပ္ပ-ဒေသော။ ဒီ၊ဋ္ဌီ၊၃။၆၁။ အံ၊ဋ္ဌီ၊၃။၃၅၀။ ပါ-ကာရဿ ဖုလ္လိတပဒေသော။ သံ၊ဋ္ဌီ၊၂။၄၇၇။

ဖုလ္လိတမဏ္ဍိတ (တိ) [ဖုလ္လိတ+မဏ္ဍိတ] ပွင့်သော ပန်းဖြင့် တန်းဆာဆင်အပ်သော။ တံ ပရိဝါ-ရေတွာ.... ဖုလ္လိတမဏ္ဍိတံ ဝိယ သောဘတိ။ မ၊၆၊၂။၃၃။

ဖုသ (ကြိ) [ဖုသ+အ+ဟိ] တွေ့ထိလော့၊ရောက်လော့။ ဖုသတိ-ကြည့်။

ဖုသတိ (ကြိ) [ဖုသ+အ+တိ] တွေ့ထိ၏။(က) ရ၏။ (ခ) ဆိုက်ရောက်၏။ (ဂ) ကျရောက်၏။ (ဃ) ပျံ့နှံ့၏။ နာဖုသန္တိ ဖုသတိ စ။ သံ၊၁။၁၂။ (–၂၅၄။ သံ၊၂။၃၄၆။ အံ၊၁။ ၁၉၉။) (က) သော နိရောဓံ ဖုသတိ(ဒီ၊၁။ ၁၇၁)တိ.... ဖုသတိ ဝိန္ဒတိ ပဋိလဘတိ။ ဒီ၊၆၊ ၁။၃၀၈။ (ခ) အနုပုဗ္ဗေန သညဂ္ဂံ ဖုသတိ။ ဒီ၊၁။၁၇၁။(–သုတ္တနိ။၃၈၇။သံ၊၆၊၃။ ၂၇၆။) သညဂ္ဂန္တိ အာကိဉ္စညာယတနံ ဝုစ္စတိ....တံ ဖုသတိ ပါပုဏာတိတိ အတ္ထော။ ဒီ၊၆၊၁။ ၃၀၇။ (–သုတ္တနိ၊၆၊၂။၂၀၈။ သံ၊ဋ္ဌီ၊၂။ ၄၉၉။) (ဂ) ပဋိဒဏ္ဍာ ဖုသေယျ တ(ဓမ္မ။ ၃၃။ အံ၊၆၊၁။၂၀၆)န္တိ.... တဝ မတ္ထကေ ပတေယျ။ အံ၊ဋ္ဌီ၊၁။၁၇၆။ (ဃ) ဖုသတိ-(ပဋိသံ။၁၀၃)တိ ဝိပဿနာဉာဏဖုသနေန ဖုသတိ ဖရတိ။ ပဋိသံ၊၆၊၁။၂၉၈။ ဖုသေတိ—သံ၊၆၊၁။၂၁၇။ သံ၊ဋ္ဌီ၊၁။၂၆၂။ ဖုသေ—ဝိ၊၅။ ၃၇၆။ သံ၊၁။၁၂။ သံ၊၆၊၁။၄၇။ ဝိမတိ၊၂။ ၃၁၃။ ဖုသန္တိ—မ၊၁။၁၇၇။ မ၊၂။၅၂၊၂၆၁။ အံ၊၁။၁၂၀။ အံ၊၃။၄၉၅။ ဓမ္မ။၁၆။ သုတ္တနိ။ ၄၁၄။ ပေတ။ ၂၁၅။ ဇာ၊၁။၁၃၉။ မ၊၆၊၂။၅။ ဓမ္မ၊၆၊၁။၁၄၇။ ဖုသယန္တိ— အပ၊၂။၂၅၆။ ဖုသာမိ—ဓမ္မ။၅၂။ ဝိ၊၆၊၂။၁၂၀။ ဓမ္မ၊၆၊၂။ ၂၅၂။ ဇာ၊၆၊၅။၇၆။ ဖုသတု—ဝိ၊၆။၂။၁၀၀။ သံ၊၆၊၃။ ၂၇၆။ အံ၊၆၊၂။၁၂၆။ သံ၊ဋ္ဌီ၊၂။၄၉၉။ ဖုသေဟိ—ထေရီ။၃၇၀။ ထေရီ၊၆။၁၃။ဖုသ—ဗုဒ္ဓဝံ။၃၂၀။ ဗုဒ္ဓဝံ၊၆။၁၄၃။ ဖုသဿု—အဘိ၊ ၆၊၂။၁၅၁။ အပ၊၆၊၁။၃၄။ ဗုဒ္ဓဝံ၊၆။၁၄၂။ ဖုသေယျ— ဝိ၊၁။၂၆၃။ ဝိ၅။၃၇၉။ မ၊၃။ ၁၆၉။ အံ၊၃။၅၀၄။ ထေရ။၃၄၀။ မဟာနိ။ ၁၆။ဝိ၊၆၊၄။ ၄၂။ ထေရ၊၆၊၂။၃၅၇။ ဖုသေ—ကတိဝုတ်။၂၁၄။ ကတိဝုတ်၊၆။ ၁၀၂။ဖုသေယျုံ

—ခမ္မ။ဥဥ။ဥဒါန်။၉၀။အပ၊၁။ဥဂဝ။ အံ၊ဌ၊၁။ ၂၀၆။ ခမ္မ၊ဌ၊ ၂။ဥ၇။ ဥဒါန်၊ဌ။၁၀၁။ အံ၊ဌီ၊ ၁။၁၇၆။ ဖုသိ—သံ၊၁။၁၂၁။ သံ၊ ၂။၄၀၀။ ဇ၁၊၁။ဥဂဥ။ ဒီ၊ဌ၊၁။၆၁။ မ၊ဌ၊၁။၄၀။ အပ၊ ဌ၊ ၂။၁၇၄။ ဖုသိ့ သု—ထေရ။ဥ၂၁။ အပ၊ ၂။ ၂၁၆။ ပဋိသံ၊ဌ၊ ၂။၁၆၄။ ဖုသိ့—အပ၊ ၂။ ၂၁၆။ မဟာနိ၊ဌ။၂၆၅။ ဖုသယိ့—ထေရိ။ ဥ၉၆။ ထေရီ၊ဌ။၁၄၂။ ဖုသိဿတိ— အံ၊၁။ ၅၀၄။ သုတ္တန်။ဥဂ၇။ အပ၊ ၂။၆၀။ သုတ္တန်၊ဌ၊ ၂။ ၂၀၀။ ဖုသိဿန္တိ—မ၊ဥ။၆၉။ အပ၊ ၂။ ၂၀၀။ ဒီ၊ဌ၊၁။၁၁။ မ၊ဌ၊၄။၅၁။ ဖုသိဿာမိ—အံ၊ ၁။၅၆၆။ ဝိ၊ဌ၊ ၂။၁၂၀။ ဒီ၊ဌ၊ ၂။ဥ၄၀။ဖုသိဿံ —ဝိမာန။၁၁၁။ ထေရ။ ၂၀ဥ။ဝိမာန၊ဌ။ ၂၉၀။ ထေရ၊ဌ၊ ၂။၀၀။

ဖုသတိ၂ (ကြိ) [ဖုသ ၊-ယ+တေ]တွေ့ထိ–ထိခိုက်–အပ်၏။ ဥပါဒိန္နကေန ဖုသတိတိ ဥပါဒိန္နကေန ဖုသိယတိ ဃန်္ဓိယတိတိ ဧဝံ ကမ္မနိ ယကာရလောပေန အတ္ထော ဝေဒိတဗ္ဗော။ သာရတ္ထ၊ ၂။၉၂။ (–ဝိမတိ၊၁။၁၄၆။)

ဖုသတု (ကြိ) [ဖုသ+အ+တု] (၁) တွေ့ထိစေသတည်း။ (၂) ရောက်စေသတည်း။ ဖုသတိ၁-ကြည့်။

ဖုသန (ထိ၊န) [ဖုသ+ယု](၁)တွေ့ထိခြင်း။(က) ရခြင်း။ (ခ) တွေ့ထိရာအရပ်။ (၁) ဖဿော ဖုသနာ သမ္မုသနာ။ အဘိ၊ဓ။၁၀။ မဟာနိ။ ၄၀။ ဖုသနာတိ ဖုသနာကာရော။ အဘိ၊ဌ၊ ၁။၁၀၁။ မဟာနိ၊ဌ။၁၄၅။ (က) ဖုသန် နာမ ဝိန္ဒန် ပဋိလဒ္ဓိ။ ဒီ၊ဌီ၊၁။ဥ၇၀။ သီ၊ဌီ၊သဒ်၊ ၂။ ဥ၁ ၂။ (ခ) ဖုသနာ ဌပနာ သလ္လက္ခဏာ။ ဝိ၊ ဌ၊ ၂။၂ ၂။ ပဋိသံ၊ဌ၊ ၂။၉၄။ ဝိသုဒ္ဓိ၊၁။၂၇၀။ ဖုသနာတိ ဖုဋ္ဌဋ္ဌာန်။ ဝိ၊ဌ၊ ၂။ ၂ဥ။ ပဋိသံ၊ဌ၊ ၂။၉၄။ ဝိသုဒ္ဓိ၊၁။၁၇၀။ ဖုဋ္ဌဖုဋ္ဌဋ္ဌာနေယော ဂဏနာယိ ကာတဗ္ဗန္တိ ဒဿေတုံ ဣဓ ဖုသနာဂဟဏန္တိ ဒီပေန္တော "ဖုသနာတိ ဖုဋ္ဌဋ္ဌာန"န္တိ အာဟ။ ဝိသုဒ္ဓိ၊ဌီ၊၁။ဥ၂၇။

ဖုသနက (န) [ဖုသန+က] တွေ့ထိခြင်း။ တသ္မိံ သမယေ ဖုသနကဝေသေန ဥပ္ပန္နော ဖဿော။ အဘိ၊ဌ၊၁။၁၀၁။

ဖုသနကဋ္ဌာန (န) [ဖုသနက+ဌာန] တွေ့ထိရာအရပ်။ ဒေသတောတိ ဖုသနကဋ္ဌာနတော။ ဝဇိရ။၁၅၂။

ဖုသနကရဏ (န) [ဖုသန+ကရဏ] တွေ့ထိမှုကို ပြုခြင်း။ တေံ ယထာဝုတ္တံ ဝိမေ၊ကံ့ ဖုသန-ကရဏဝသေန ဇာနာတိ။ ထေရ၊ဌ၊ ၂။၅၀၄။

ဖုသနကိစ္စ (န) [ဖုသန+ကိစ္စ] (၁) တွေ့ထိခြင်း ကိစ္စ။ (တိ) (၂) တွေ့ထိခြင်း ကိစ္စရှိသော။ ဖုသန္တော်ယေဝါတိ ဖုသနကိစ္စံ ကရောန္တော ဝေ။ မ၊ဌီ၊၁။ဥ၁၁။ သံ၊ဌီ၊ ၂။ ၂၉။ (တိ) (၂) ဖဿော ဖုသနကိစ္စော။ အဘိ၊ဌ၊၁။၁၀ ။ (–ဒီ၊ဌ၊၁။၁၁၅။ ဒီ၊ဌီ၊၁။၁၀ဥ။)

ဖုသနကိရိယ (ထိ၊န) [ဖုသန+ကိရိယ] (၁) တွေ့ထိခြင်း ကိရိယာ။ (၂) တွေ့ထိခြင်း အမူအရာ။ (၁) ဖုသနကိရိယာယေဝေတ္ထ ဥပပန္နော။ သီ၊ဌီ၊သဒ်၊ ၂။ ၁ဥ၆။ (၂) ဖုသနာကာရ-ကြည့်။

ဖုသနဋ္ဌ (ပု) [ဖုသန+အတ္ထ] တွေ့ထိခြင်း သဘော။ ဖုသနဋ္ဌေန ဖဿော နာမ။ သံ၊ဌ၊ ၂။ဥ၇။ အံ၊ဌ၊ ၂။၁၀၉။

ဖုသနဋ္ဌာန (န) [ဖုသန+ဌာန] တွေ့ထိရာအရပ်။ ဖုသနဋ္ဌာနံ အပဂတော....ဝိဒိတော ဧဝ ဟောန္တိ။ ပဋိသံ၊ဌ၊ ၂။၇၉။ (–သာရတ္ထ၊ ၂။ ၂၁၇။)

ဖုသနတ္ထ (တိ) [ဖုသန+အတ္ထ] တွေ့ထိခြင်း သဘောရှိသော။ ကာယော ဖုသနတ္ထော။ အဘိ၊ဌ၊၁။ဥ၂၃။

ဖုသနပစ္စယ (ပု) [ဖုသန+ပစ္စယ] တွေ့ထိခြင်း ဟူသော အကြောင်း။ ဂေဟသိတပေ၊မန ပန ဖုသနပစ္စယာ ဒုက္ကဋံ။ ဝိ၊ဌ၊ ၂။၁၁၆။

ဖုသနဗျာပါရ (ပု) [ဖုသန+ဗျာပါရ] တွေ့ထိခြင်း – အမူအရာ – အခြင်းအရာ။ ဖုသနာ-ကာရ-ကြည့်။

ဖုသနဘယ (န) [ဖုသန+ဘယ] တွေ့ထိခြင်းမှကြောက်ခြင်း။ အာဂတဝါတာသာ အတ္တာနော သရီရေ ဖုသနဘယေန....ဥပရိ ဝါတံ အဂ-မာသိ။ ဇာ၊ဋ္ဌ၊၃၊ ၂၁၀။

ဖုသနမုခ (န) [ဖုသန+မုခ] တွေ့ထိမှုကို အဦးမူခြင်း။ တထာ ဟိ သဏ္ဌာနံ ဖုသနမုခေနပိ ဂယ့်တိ။ ဒီ၊ဋ္ဌီ၊၁။၃၉၃။ သီ၊ဋ္ဌီ၊သစ်၊ ၂။၄၁၀။

ဖုသနလက္ခဏ (န) [ဖုသန+လက္ခဏ] (၁) တွေ့ထိခြင်းလက္ခဏာ။ (တိ) (၂) တွေ့ထိခြင်းလက္ခဏာရှိသော။ (၁) ဖဿသ ဖုသန-လက္ခဏံ။ ဒီ၊ဋ္ဌ၊၁။၆၃။ မ၊ဋ္ဌ၊၁။၅၀။ အံ၊ဋ္ဌ၊၁။၈၃။ (တိ) (၂) သွာယံ ဖုသနလက္ခဏော။ အဘိ၊ဋ္ဌ၊၁။၁၅၁။ ဝိသုဒ္ဓိ၊ ၂။၉၃။

ဖုသနသဘာဝ (တိ) [ဖုသန+သဘာဝ] တွေ့ထိခြင်းသဘောရှိသော။ဖုသန္တော်ယေဝါတိ ဣဒံ ဖဿသ ဖုသနသဘာဝတ္တာ ဝုတ္တံ။ မ၊ဋ္ဌီ၊၁။ ၃၁၁။ သံ၊ဋ္ဌီ၊ ၂။၂၉။

ဖုသနဟေတု (ပု) [ဖုသန+ဟေတု] တွေ့ထိခြင်းဟူသောအကြောင်း။ တတောတိ ဖုသနဟေ-တု။ သံ၊ဋ္ဌီ၊၁။၉၁။

ဖုသနာကာရ (ပု) [ဖုသန + အာကာရ] တွေ့ထိခြင်း – အမူအရာ – အခြင်းအရာ၊ တွေ့ထိပုံ – အမူအရာ – အခြင်းအရာ။ ဖုသနာတိ ဖုသ-နာကာရော်။ အဘိ၊ဋ္ဌ၊၁။၁၀၁။ ဖုသန္တသာ ဟိ စိတ္တသာ ဖုသနကိရိယာ ဖုသနာကာရော။ မူလဋ္ဌီ၊၁။၉၄။ အာရမ္မဏံ ဖုသန္တသာ စိတ္တသာ ပဝတ္တိအာကာရော ဖုသနဗျာပါရော ဟောတိ-တိ "ဖုသနကိရိယာ ဖုသနာကာရော"တိ ဝုတ္တံ။ အနုဋီ၊၁။၁၀၂။

ဖုသနာကာရပဝတ္တိ (ထိ) [ဖုသနာကာရ+ပဝတ္တိ] တွေ့ထိပုံအခြင်းအရာအားဖြင့်ဖြစ်ခြင်း။ သာ စ တဿ ဖုသနာကာရပဝတ္တိ.... ပရိဗျတ္တာ ဟောတိ။ ဝိသုဒ္ဓိ၊ဋ္ဌီ၊ ၂။၁၄၀။

ဖုသနာကာရရဟိတ(တိ)[ဖုသနာကာရ+ရဟိတ] တွေ့ထိပုံအခြင်းအရာမှကင်းသော။ သန္နိဟိ-တောပိ ဟိ ဝိသယော သစေ ဖုသနာကာရ-ရဟိတော ဟောတိ။ ဒီ၊ဋ္ဌီ၊၁။၁၀၂။

ဖုသနာဂဟဏ (န) [ဖုသန+အဂဟဏ] တွေ့ထိမှုကိုမယူခြင်း။ ဖုသန (၁)-ကြည့်။

ဖုသနာပရိယာယ (ပု) [ဖုသနာ + ပရိယာယ] တွေ့ထိခြင်း – ရခြင်း – ၏ အကြောင်း။ ဖုသ-တိ ဖလံ အဓိဂစ္ဆတိ ဧတာယာတိ ကာရဏ-ဘာဝဿ ဖုသနာပရိယာယော ဝေဒိတဗ္ဗော။ အနုဋီ၊၃။၄၃။

ဖုသနာရဟ (တိ) [ဖုသန+အရဟ] တွေ့ထိ – ရောက် – ခြင်းငှါ ထိုက်သော။ တဋ္ဌ ဣဒံ ပါရံ ကေဝါရံယေဝ ဖုသနာရဟံ န ဟောတိ။ အဘိ၊ဋ္ဌ၊၃။၁၄၄။

ဖုသန္တ (တိ) [ဖုသ+အန္တ။ ထီ-၌ ဖုသန္တီ] တွေ့ထိသော၊သူ။ ဂူထဖဿံ ဖုသန္တော ဒုက္ခမနုဘဝိ-တုံ တတ္ထ နိဗ္ဗတ္တော။ ဝိ၊ဋ္ဌ၊ ၂။၉၉။ သဗ္ဗပွဒေ-သေဟိ ဖုသန္တီယော ဧတေသံ ပါဒတလာနံ သန္တိ။ ဒီ၊ဋ္ဌီ၊၃။၁၀၄။

ဖုသန္တီ (ကြိ) [ဖုသ+အ+အန္တီ] တွေ့ထိကုန်၏။ ဖုသတိ-ကြည့်။

ဖုသမာန (တိ) [ဖုသ+အ+မာန]၊ တွေ့ထိသော။ ဖဿော အာရမ္မဏံ ဖုသမာနော ဥပ္ပဇ္ဇတိ။ အဘိ၊ဋ္ဌ၊၁။၁၅၀။ (–မ၊ဋ္ဌ၊၁။၂၀၀။ သံ၊ဋ္ဌ၊ ၂။၁၂၃။)

ဖုသယန္တီ (ကြိ) [ဖုသ+ဏယ+အန္တီ။ စုရာဒိဂိဏ်း ရုပ် မည်သည့်သဒ္ဒါကျမ်း၌မျှ မတွေ့ရသော ကြောင့် ဘူဝါဒိဂိဏ်း ရုပ်စဉ်၌သွင်းပြခဲ့သည်။] တွေ့ထိကုန်၏။ ဖုသတိ-ကြည့်။

ဖုသယိ (ကြိ) [ဖုသ + ဏယ + တ္ထိ] တွေ့ထိပြီ။ ဖုသတိ-ကြည့်။

ဖုသယိတ္စာ (ကြိ၊ဝိ) [ဖုသ + ဏယ+တ္စာ] တွေ့ထိ၍၊ ရောက်၍။ ကာယေန အမတံ ဓာတုံ၊ ဖုသယိတ္စာ နိရွုပဓိံ ။ ဣတိဝုတ်။၂၂၆။ ဖုသ-ယိတ္စာတိ ပတ္စာ။ ဣတိဝုတ်၊၎။၁၇၅။

ဖုသဿု (ကြိ) [ဖုသ+အ+ဟိ] တွေ့ထိလော့။ ဖုသတိ-ကြည့်။

ဖုသာပိတ (တိ) [ဖုသ+ဏာပေ+တ] တွေ့ထိစေအပ်သော။ မုခဝဋ္ဋိ ဥက္ခိပိတ္စာ ဟတ္ထေ ဖုသာပိတေ ဂဏှိတုံ ဝဋ္ဋတိ။ သာရတ္ထ၊၃။၇၁။

ဖုသာပေတိ (ကာ၊ကြိ) [ဖုသ +ဏာပေ +တိ] တွေ့ထိစေ၏။ ဟတ္ထံ ဖုသာပေတိ။ ဝိမတိ၊၂။ ၃၇။ ဖုသာပေန်—အံ၊၎၊၁၉၂။ ထေရ၊၎၊ ၁။၁၇၁။ သာရတ္ထ၊၃။၃၉၄။ ဖုသာပေသုံ—ဝိ၊၎၊၂။၁၁၀။

ဖုသာပေတ္စာ (ကြိ၊ဝိ) [ဖုသ + ဏာပေ+ တ္စာ] တွေ့ထိစေ၍။ ပါဒေန အက္ကမိတ္စာ ဘူမိယံ ဖုသာပေတ္စာ။ ဝိ၊၎၊၁။၂၉၂။ (–ဥဒါန၊၎။ ၃၁၁။)

ဖုသာပေန္တ (တိ) [ဖုသ + ဏာပေ + အန္တ] တွေ့ထိစေသော၊ သူ။ မုခဝဋ္ဋိယာ မုခဝဋ္ဋိ ဖုသာပေန္တော စေတိယံ ပရိက္ခိပါပေတ္စာ။ အံ၊၎၊၁၄၅။ (–ထေရ၊၎၊၂။၃၃၆။ ဝိမတိ၊ ၁။၁၆၂။)

ဖုသာပေန္တိ (ကာ၊ကြိ) [ဖုသ+ဏာပေ+ အန္တိ] တွေ့ထိစေကုန်၏။ ဖုသာပေတိ-ကြည့်။

ဖုသာပေသုံ (ကာ၊ကြိ) [ဖုသ + ဏာပေ + ဥံ] တွေ့ထိစေကုန်ပြီ။ ဖုသာပေတိ-ကြည့်။

ဖုသာမိ (ကြိ) [ဖုသ + အ + မိ] တွေ့ထိ၏။ ဖုသတိ-ကြည့်။

ဖုသာယတိ (ကြိ) [ဖုသာ+ အာယ+ တိ] ဆုတ်ဖြန်း၏၊ ကျစေ၏၊ ရွာစေ၏။ ဒေဝေါ စ ကေမေကံ ဖုသာယတိ။ ဥဒါန။၈၂။ (–ဝိ၊ ၂။၁၅၆။) ဒေဝေါတိ မေဃော ကေမေကံ ဖုသိတကံ ဥဒကဗိန္ဒုံ ပါတေတိ။ ဥဒါန၊၎။၆၀။ ဖုသာယတု ဇာလဝိနဒ္ဓံ ဝိယ ဝဿတု။ သံ၊၎၊ ၂။၃၇၂။ ဖုသာယတု—သံ၊၎၊၃။၁၃၁။ သံ၊၎၊ ၂။၃၇၂။

ဖုသာယတု (ကြိ) [ဖုသ+အာယ+တု] ကျစေသတည်း၊ ရွာစေသတည်း။ ဖုသာယတိ-ကြည့်။

ဖုသာယန္တ (တိ) [ဖုသ+အာယ+အန္တ] တွေ့ထိစေသော၊ ရွာသော။ ဒေဝေ ဖုသာယန္တေ အလ္လီယတိ။ ဝိ၊၎၊၃။၂၂။ (–ထေရ၊၎၊ ၁၆၁။)

ဖုသိ (ကြိ) [ဖုသ+ဣ] တွေ့ထိပြီ။ ဖုသတိ-ကြည့်။

ဖုသိသု (ကြိ) [ဖုသ+ဥံ] တွေ့ထိကုန်ပြီ။ ဖုသ-တိ-ကြည့်။

ဖုသိ (ကြိ) [ဖုသ+ဤ] တွေ့ထိပြီ။ ဖုသတိ-ကြည့်။

ဖုသိတ (န) [ဖုသ+တ။ ဓာန်၊ ဋီ။၆၆၀။] (၁) (က) ရောက် ရောပေါက်။ (ခ) အစက် အပြောက်။ (တိ) (၂) ထိစပ်သော။ (၃) တွေ့ထိသော၊ သူ။ (၄) တွေ့ထိအပ်–ရအပ်–သော။ (၁) (က) ဖုသိတံဝ ပဝဿတိ။ အပ၊၎။၃၀၉။ (–အပ၊ ၂။၂၃၀။) (ခ) ဖုသိ-တာနိ ဒါတု (ဝိ၊၎၊၄။၆၁) နှစ်ဆ သညာကရဏတ္ထံ ဗိန္ဒုံ။နိ ဒါတုံ။ သာရတ္ထ၊၃။၃၉၅။ (တိ) (၂) ယထာ ဒ္ဝိန္နံ သမုဂ္ဂပဋ္ဌလာနံ သမ္မာ ဖုသိတာနံ။ ပဋိသံ။ ၃၇၆။ (၃) ဖုဋ္ဌ (၁)-ကြည့်။ (၄) တထာတထာဿ တေ ဓမ္မာ ဝိမုတ္တိယာ ဖုသိ-တာ ဟောန္တိ။ အံ၊၎။၅၆၆။ (–ထေရ။ ၃၄၀။)

ဖုသိတက (န) [ဖုသိတ+က] ရောက် ရောပေါက်။ ဖုသာယတိ-ကြည့်။

ဖုသိတကမ္မိယ (ပု) [ဖုသိတ+ကမ္မိယ] ဖုသိတ-ကမ္မိယမထေရ်။ အာယသ္မာ ဖုသိတကမ္မိယော

ထေရော ဣမာ ဂါထာယော အဘာသိတ္ထ။ အပ၊၁။၃၀၉။

ဖုသိတကဝါဠ (တိ) [ဖုသိတ+ကဝါဠ] တွေ့ထိအပ် – ထိစပ်အပ် – သော တံခါးရွက်ရှိသော။ ဖုသိတဂ္ဂဠ-ကြည့်။

ဖုသိတဂတ္တ (တိ) [ဖုသိတ+ဂတ္တ] တွေ့ထိအပ်သော ကိုယ်ရှိသော၊ သူ။ မနုဿလောကေ ဥတုကမ္မဇတာယ ဝါတာတပေန ဖုသိတဂတ္တော ကာလမကာသိ။ အံ၊ဋီ၊၂။၂၄၀။

ဖုသိတဂ္ဂ(လ)ဠ (တိ) [ဖုသိတ+အဂ္ဂဠ] တွေ့ထိအပ် – ထိစပ်အပ် – သော တံခါးရွက်ရှိသော။ ကူဠာဂါရာနိပိ .... နိဝါတာနိ ဖုသိတဂ္ဂဠာနိ ပိဟိတဝါတပါနာနိ။ အံ၊၁။၉၉။ (–မ၊၁။ ၁၀၉။ ထေရ။ ၂၀၃။) ဖုသိတဂ္ဂဠာနီတိ ဆေကေဟိ ဝစ္ဆကီဟိ ကတတ္တာ ပိဒ္ဓသံဃာဋမိ သဋ္ဌု ဖုသိတကဝါဠာနိ။ အံ၊ဋ္ဌ၊၂။၆၉-၇၀။ (–မ၊ဋ္ဌ၊၁။၃၄၄။ ထေရ၊ဋ္ဌ၊၂။၀၀။) နိဝါတေ ဖုသိတဂ္ဂလေ။ မဟာနိ၊ဋ္ဌ။၆၀။

ဖုသိတပုပ္ဖ (တိ) [ဖုသိတ+ပုပ္ဖ] ရွေးခွဲတွေ့ထိသော၊ တွေ့ထိဘူးသော။ သမ္မဋ္ဌပုပ္ဖတိ စိတ္တေန ဖုသိတပုပ္ဖာ။ အံ၊ဋ္ဌ၊၃။၁၁၀။

ဖုသိတပုဗ္ဗ (တိ) [ဖုသိတ+ပုဗ္ဗ] ရှေးခွဲတွေ့ထိသော၊ တွေ့ထိဘူးသော။ သမ္မဋ္ဌပုပ္ဖတိ စိတ္တေန ဖုသိတပုပ္ဖာ။ အံ၊ဋ္ဌ၊၃။၁၁၀။

ဖုသိတပုဗ္ဗ (တိ) [ဖုသ+တပုဗ္ဗ] တွေ့ထိအပ်သော။ ဂန္ဓေ ရသေ ဖုသိတပုဗ္ဗေ စ ဓမ္မေ။ ထေရ။ ၃၅၅။

ဖုသိတပုဗ္ဗဋ္ဌ (တိ) [ဖုသိတပုဗ္ဗ+အတ္ထ] တွေ့ထိအပ်သော အနက်သဘောရှိသော။ ဖဿနဋ္ဌေတိ ဉာဏေန ဖုသိတပုဗ္ဗဋ္ဌေ။ ပဋိသံ၊ဋ္ဌ၊၁။၉၆။

ဖုသိတသရီရ (တိ) [ဖုသိတ+သရီရ] တွေ့ထိအပ်သော ကိုယ်ရှိသော၊ သူ။ ဖုဋ္ဌသရီရ-ကြည့်။

ဖုသိတုံ (ဗျ) [ဖုသ+တုံ] (၁) တွေ့ထိခြင်းငှါ။ (၂) ရခြင်း ရောက်ခြင်းငှါ။ (၁) ကာယေန ဖောဋ္ဌဗ္ဗေ ဖုသိတုံ။ ဥဒါန။၁၁၂။ (–ဝိ၊ဋ္ဌ၊၄။ ၈၇။ မ၊ဋ္ဌ၊၄။၆၀။ သံ၊ဋ္ဌ၊၂။၁၁၄။) (၂) အဖုသိတံ ဝါ ဖုသိတုံ။ ထေရ။၃၄၀။ စျာန-ဝိပဿနံ ဖုသိတုံ အဓိဂန္တုံ....ဝိသေသဘာဂိယံ ဟောတိ။ ထေရ၊ဋ္ဌ၊၂။၃၅၆။ ဖုဋ္ဌုံ-လည်း ကြည့်။

ဖုသိတုကာမ (တိ) [ဖုသိတုံ+ကာမ] တွေ့ထိခြင်းငှါ အလိုရှိသော၊ သူ။ နက္ခတ္တပထံ ဖုသိတုကာမတာယ ဝိယ။ မ၊ဋ္ဌ၊၁။၁၆။ ပဋိသံ၊ဋ္ဌ၊ ၂။၁၃၁။

ဖုသိတ္ဝာ (ကြိ၊ဝိ) [ဖုသ + တ္ဝာ] (က) တွေ့ထိ၍။ (ခ) ရောက်၍၊ ရ၍။ (က) ကာယေန ဖောဋ္ဌဗ္ဗံ ဖုသိတ္ဝာ။ ဒီ၊၁။၆၆။ မ၊၁။၂၀၂။ သံ၊၂။၃၀၄။ အံ၊၁။၁၁၁။ (ခ) တေ ကာယေန ဖုသိတ္ဝာ ဝိဟရေယျု။ မ၊၁။၄၀။ (–သံ၊၁။၃၄၇။ အဘိ၊ပု။၁၁၄။ အံ၊ဋ္ဌ၊၂။၂၀၃။) ကာယေန ဖုသိတ္ဝာတိ နာမကာယေန ဖုသိတ္ဝာ ပါပုဏိတ္ဝာ။ အဓိဂန္ဆာတိ ဝုတ္တံ ဟောတိ။ မ၊ဋ္ဌ၊၁။၁၆။ (–သံ၊ဋ္ဌ၊၂။၁၁၇။ အဘိ၊ဋ္ဌ၊၃။၃၀။ အံ၊ဋ္ဌ၊၂။၁၀၂။)

ဖုသိယတိ၊ ဖုသီယတိ (ကြိ) [ဖုသ+ယ+တေ] တွေ့ထိအပ်၏။ ဖုသိယတီတိ ဖောဋ္ဌဗ္ဗံ။ အဘိ၊ဋ္ဌ၊၂။၄၂။ (–သာရတ္ထ၊၂။၉၂။ ဒီ၊ဋ္ဌီ၊၂။ ၃၂၁။) ဖုသိယန္တီ—စုဋ္ဌန်၊ဋ္ဌ။၆၆။ ဖုသီယန္တီ—ပဋိသံ၊ဋ္ဌ၊၁။၃၄။ မဟာနိ၊ဋ္ဌ။၁၁။

ဖုသိ(သီ)ယန္တီ (ကြိ) [ဖုသ + ယ + အန္တေ] တွေ့ထိအပ်ကုန်၏။ ဖုသိယတိ-ကြည့်။

ဖုသိယမာန (တိ) [ဖုသ + ယ + မာန] တွေ့ထိအပ်သော၊သူ။ ဣတ္ထိယာ ဖုသိယမာနဿ.... ဖဿံ ပဋိစ္စာနန္တဿ။ ကခ်ိ။၁၂၉။ (–ဝိမတိ၊ ၁။၁၄၂။)

ဖုသိဿံ (ကြိ) [ဖုသ+ဿံ] တွေ့ထိလတ္တံ့၊ တွေ့ထိအံ့။ ဖုသတိ-ကြည့်။

ဖုသိဿတိ (ကြိ) [ဖုသ + ဿတိ] (၁) တွေ့ထိလတ္တံ့။ (၂) ရောက်လတ္တံ့။ ဖုသတိ-ကြည့်။

ဖုသိဿန္တိ (ကြိ) [ဖုသ + ဿန္တိ] တွေ့ထိကုန်လတ္တံ့။ ဖုသတိ၁-ကြည့်။

ဖုသိဿာမိ (ကြိ) [ဖုသ+ဿာမိ] တွေ့ထိလတ္တံ့။ တွေ့ထိအံ့။ ဖုသတိ၁-ကြည့်။

ဖုသေ (ကြိ) [(၁) ဖုသ+အ+တိ။ (၂) ဖုသ+ယျ] (၁) တွေ့ထိ၏။ (၂) တွေ့ထိရာ၏။ ဖုသတိ၁-ကြည့်။

ဖုသေတိ (ကြိ) [ဖုသ+အ+တိ] တွေ့ထိ၏။ ဖုသတိ၁-ကြည့်။

ဖုဿယျ (ကြိ) [ဖုသ+အ+ယျ] တွေ့ထိရာ၏။ ဖုသတိ၁-ကြည့်။

ဖုသေယျုံ (ကြိ) [ဖုသ+အ+ယျုံ] (၁) တွေ့ထိကုန်ရာ၏။ (၂) ကျရောက်ကုန်ရာ၏။ ဖုသတိ၁-ကြည့်။

ဖုသေဟိ (ကြိ) [ဖုသ+အ+ဟိ] တွေ့ထိလေ့။ ဖုသတိ၁-ကြည့်။

ဖုဿ၁ (ပု) [ဖုသ+သက်] ဖုသျှနက္ခတ်။ ဖုသော=နက္ခတ်။ မောဂ်၊၇။၂၁၅။

ဖုဿ၂ (ပု) [ဖုဿ+ဏ။ ဖုသ+ဏ။ ဖုဿနက္ခတ္တ-ယောဂေန ဇာတတ္တာ မာတာပိတူဟိ ကတ-နာမဓေယ္ယေန ဖုဿော။ အထ ဝါ နိဗ္ဗာနံ ဖုသိ ပဿိ သစ္ဆိ အကာသိတိ ဖုဿော။ အထ ဝါ သမတိံသပါရမိတာသတ္တတိံသ-ဗောဓိပက္ခိယဓမ္မေ သကာလေ စ တေ-ပိဋ္ဌကေ ပရိယတ္တိမဓမ္မေ ဖုသိ ပဿိ အညာ-သိတိ ဖုဿော။ အဗၤ၂။၂။၁၇၄။] (၁) ပြာသိုလ။ (၂) ဖုဿဘုရား။ (ထိုဘုရားရှင်သည် ဤကမ္ဘာမှပြန်၍ ရေတွက်သော် ၉၂-ကမ္ဘာထက်၌ ဘုရား ၂-ဆူ ပွင့်တော်မူသည့် အနက် ဒုတိယပွင့်သော ဘုရားရှင်ဖြစ်သည်။ (ပဌမပွင့်သော ဘုရားကား တိဿဘုရားရှင် ဖြစ်၏။) ကာသိကမြို့ ခမည်းတော် ဇယသေန-မင်း, မယ်တော်သီရိမာ မိဖုရားတို့မှ ဖွား-မြင်၍ အနှစ် ၉၀၀၀-တိုင်တိုင် ဂျွင့်, ပက္ခဟံသ, သုဝဏ္ဏဘာရမည်သော ပြာသာဒ်သုံးဆောင်၌ ကြင်ယာတော် ကိသာဂေါတမီ အမှူးရှိသော မောင်းမပေါင်း သုံးသောင်းခြံရံလျက် မင်း-စည်းစိမ်ကို ခံစားတော်မူသည်။ ထိုနောက် နိမိတ်ကြီး လေးပါးတို့ကိုမြင်၍ သားတော် အနုပမ-ဖွားမြင်ပြီးနောက် ဆင်စီးလျက်တော-ထွက် ရဟန်းပြုရာ အတူလိုက်၍ ရဟန်းပြုသူ တို့ကား ဟကုဋ္ဌေရှိသည်။ ၆-လ ဒုက္ကရစရိယာ ကျင့်၍ ကဆုန်လပြည့်နေ့၌ သီရိဝစ္ဆသူဌေး သမီး လှူဒါန်းသော နို့ဆန်ဆွမ်းကို သုံး-ဆောင်ရှိ ယင်းတိုက်တော၌ နေခိုတော်မူ-သည်။ ညချမ်းအခါ သီရိဝစ္ဆ ဥပါသကာ (ရသေ့။သီးကျေးမူကဲ့) လှူသော မြက်ရှစ်ဆုပ်ကို ယူ၍ ရှစ်ရှားပင်သို့ ချဉ်းကပ်လျက် မြက်-ရှစ်ဆုပ်ကို ကြဲဖြန့်သောအခါ ဖြစ်ပေါ်လာ-သော ပလ္လင်ထက်၌ နေတော်မူပြီးလျှင် မာရ်-စစ်သည်တို့ကို ချေမှုန်း အောင်မြင်တော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။ အဂ္ဂ-သာဝကတို့ကား အရှင်သုရက္ခိတ, အရှင်ဓမ္မ-သေန, အလုပ်အကျေးကား သဘိယထေရ်, အဂ္ဂသာဝိကာမတို့ကား စာလာထေရီ, ဥပ-စာလာထေရီ, အလုပ်အကျေး ဒါယကာတို့-ကား ဓနဉ္ဇယနှင့်ဝိသာခ, ဒါယိကာမတို့ကား ပဒုမာ ဥပါသိကာမ, နာဂါ ဥပါသိကာမတို့-တည်း။ ဗောဓိပင်ကား ရှစ်ရှားပင်တည်း။ အရပ်တော် ၅၀-တောင်ရှိ၍ အသက် ကိုး-သောင်းတမ်း၌ ပွင့်တော်မူသည်။ ကျွတ်တမ်း-ဝင်ပွဲကြီးများ—မိမိနှင့်အတူ ရဟန်းပြုသော ရဟန်း တကုဋ္ဌေတို့အား သက်ဿမြို့အနီး မိဂဒါဝုန်၌ ဓမ္မစကြာတရား ဟောတော်မူရာ-နတ်လူ ကုဋ္ဌေတသိန်း သစ္စာလေးအင်သိမြင်၍ ပဌမအကြိမ် ကျွတ်တမ်းဝင်ပွဲကြီး ဖြစ်သည်။ ဗာရာဏသီမင်းအဖြစ်ကို စွန့်လွှတ်၍ ရသေ့-ပြုသော သီရိဝစ္ဆအမှူးရှိသော ရသေ့ ၉-သန်း-တို့အား တရားဟောတော်မူသောအခါ သစ္စာ

သည် ရှေး ဘုရားရှင်တို့လက်ထက် ပါရမီ ဖြည့်ကျင့်ခဲ့၍ ဤ ဂေါတမဘုရားလက်ထက်၌ တိုင်းခရိုင်တခုကို စိုးအုပ်သော မင်းတပါး၏ သားဖြစ်၍ ဖုဿ အမည်တွင်သည်၊ အရွယ်ရောက်သော် မဟာထေရ်တပါး၏ တရားကို ကြားနာရ၍ ရဟန်းပြုပြီးလျှင် ဘာဝနာ ကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်ရာ မကြာမြင့်မီ ဈာန်အဘိညာဉ်၌ ရဟန္တာအဖြစ်သို့ရောက်သည်၊ တနေ့သောအခါ ပဏ္ဏရန္ဓယ်ဝင်ဖြစ်သောကြောင့် ပဏ္ဏရဂေါတ္တမည်သော ရဿဲသည် မထေရ်ထံတရားနာပြီးနောက် အကျင့်သီလပြည့်စုံ၍ လုံခြုံ စောင့်ရှောက်အပ်သော ဣန္ဒြေရှိကုန်သော ရဟန်းတို့ကိုမြင်သောအခါ ကြည်ညိုစိတ် ဖြစ်ပွါး၍ "ဤသို့သော အကျင့်မြတ်သည် လောကဌ် အရှည်တည်တံ့ပါမူ ကောင်းလေစ" ဟု အကြံဖြစ်ပေါ်လာရကား ဖုဿမထေရ်ကို "နောင်သောအခါ သာသနာဝယ် ရဟန်းတို့၏အကျင့်သည် မည်သို့မည်ပုံ ဖြစ်မည်နည်း" ဟု လျှောက်ထားသည်။ မထေရ်သည် အနာဂတံသဉာဏ်ဖြင့် ရှုမြော်လျက် "သုဏောဟိ ဝစနံ မယှံ" စသော ဂါထာ၃၀-တို့ဖြင့် သာသနာနောင်ရေးကို ဖြေကြားတော်မူရာ လွန်စွာမှတ်သားဖွယ် ကောင်းလေသည်၊ သင်္ဂါယနာတင် အရှင်မြတ်တို့ ထည့်သွင်းသော အကြောင်းပြ တဂါထာ, ရသေ့၏ အမေး တဂါထာ, မထေရ်၏ အဖြေဂါထာ ၃၀၊ပေါင်း ၃၂-ဂါထာတို့သည် "ဖုဿတ္ထေရဂါထာများ" ဟု သာသနာ၌ထင်ရှားသည်။ အဖြေဂါထာတို့တွင် အစ တဂါထာသည် ပဋိညာဉ်ပြဥယျောဇဉ်ဂါထာ, အဆုံး သုံးဂါထာသည် သာသနာနောင်ရေးကို မြော်တွေးလျက် သြဝါဒပေးဂါထာများဖြစ်၍ ၂၆-ဂါထာသည် သာ ဖြေကြားချက်စစ်စစ် ဖြစ်သည်၊ (မှတ်ချက်—ထို အမေးအဖြေတို့သည် ဘုရားရှင် လက်ထက်၌ ဟောလေသလော? ဘုရားပရိနိဗ္ဗာန်စံဝင်ပြီးမှ ဟောလေသလော?ဟု တိတိ

လေးအင်သိမြင်၍ ဒုတိယအကြိမ် ကျွတ်တမ်းဝင်ပွဲကြီးဖြစ်သည်။

သားတော် အနုပမမင်းသားအား တရားဟောတော်မူသောအခါ နှတ် လူ ဂ-သန်း သစ္စာလေးအင် သိမြင်၍ တတိယအကြိမ် ကျွတ်တမ်းဝင်ပွဲကြီး ဖြစ်သည်။ သာဝက အစည်းအဝေးပွဲကြီးများ— (၁) အရှင်သုရကို့ဘ အရှင်ဓမ္မသေန အမှူးရှိသော ရဟန္တာ ဖ-သန်း အစည်းအဝေး။ (၂) ဘုရားရှင်၏ ဗုဒ္ဓဝင်ကိုကြားနာရ၍ ဟိဘိကွ အဖြစ်ဖြင့် ရဟန်းပြုကြသော ရဟန္တာ ၅-သန်း အစည်းအဝေး။ (၃) မဟာမင်္ဂလာသဘင်၌ မင်္ဂလာတရား ကြားနာရ၍ ရဟန်းပြုကြသော ရဟန္တာ ၄-သန်း အစည်းအဝေး။ ဤအစည်းအဝေးကြီး ၃-ရပ်တို့၌ ဘုရားရှင်ကိုယ်တော်တိုင် ပါတိမောက် ပြတော်မူသည်။ ထိုဖုဿဘုရားလက်ထက် ဂေါတမဘုရားလောင်းသည် ဝိဇိတာဝီမင်းဖြစ်၍ ဖုဿဘုရားထံ ရဟန်းပြုကာ ပိဋကသုံးပုံဆောင်လျက် လူအပေါင်းအား တရားဟောတော်မူသည်၊ သီလပါရမီကိုလည်း ဖြည့်ကျင့်၍ "ဘုရားဖြစ်လတ္တံ့" ဟူသော ဗျာဒိတ်ကိုလည်း ခံယူရရှိသည်။ ဖုဿဘုရားရှင်သည် ကုသိနာရုံပြည် သေနအရာမ်၌ ပရိနိဗ္ဗာန် ပြုတော်မူသည် (ဗုဒ္ဓဝံ။ ၃၈၁-၃။ ဗုဒ္ဓဝံ၊၌။ ၂၇၃-၆)။ အဆိုကွဲပြားချက်များ— အာဒိတ္တသုတ်အဋ္ဌကထာ (သံ၊ ၌၊၃-၇)၌ "ဖုဿဘုရားရှင်သည် မဟိန္ဒမင်း၏ သားကြီးဖြစ်၍ သားငယ်သည် အဂ္ဂသာဝက ဖြစ်သည်၊ ပုရောဟိတ်သားသည် ဒုတိယသာဝက ဖြစ်သည်"ဟု ပြဆိုသည်။ ဗုဒ္ဓဝံ (ဗုဒ္ဓဝံ။၃၆၂။ ဗုဒ္ဓဝံ၊၌။ ၂၇၄)၌ "ကဏ္ဏကုဇ္ဇမြို့နေ သုရကို့တမင်းသားနှင့် ဓမ္မသေနမည်သော ပုရောဟိတ်သားတို့သည် ရဟန်းပြု၍ အဂ္ဂသာဝကတို့ဖြစ်ကြောင်း" ပြဆိုရာ များစွာခြားနားနေသည်၊ နှစ်သက်ရာ မှတ်ယူကြပါကုန်။) (၃) ဖုဿမထေရ်။ (ထိုမထေရ်

သုတ် အဋ္ဌကထာ (ဒီ၊ဋ္ဌ၊၂။၃၈၈)၌ ပြဆိုသည်။ ထိုအချက်တို့ကို ထောက်ဆက တိဿဖုဿအမည်များကို ရွေးအခါက တင်ကျယ်စွာ သုံးစွဲလေ့ရှိကြောင်း ထင်ရှားသည်။) (တိ) (၆) မင်္ဂလာရှိသော၊ မင်္ဂလာနှင့်ယှဉ်သော။ (၁) ဧဝံ မာဂသိရော ဖုဿော မာဃော။ ကစ္စည်း။၃၅၂။ (၂) အနုပမော အသမ-သမော၊ ဖုဿော လောကဂ္ဂနာယကော။ ဗုဒ္ဓဝံ။၃၆၁။ (-အပ၊၁။၁၄၃။ ဗုဒ္ဓဝံ၊ဋ္ဌ။ ၂၇၁။) (၃) ဖုဿတ္ထေရ-ကြည့်။ (၄) တိဿဧဋ္ဌပုတ္တော ဖုဿော နာမ။ သံ၊ဋ္ဌ၊၄။၆။ (-ထေရ၊ဋ္ဌ၊၂။၃၅၈။) (ဆီ)(၅) ဖုဿစေဝ သုဒတ္တော စ၊ အဟေသုံ အဂ္ဂသာဝိကာ။ ဗုဒ္ဓဝံ။၃၆၁။ (-ဗုဒ္ဓဝံ၊ဋ္ဌ။ ၂၇၁။) (တိ)(၆) ဖုဿတိလ၊ ဖုဿရထ-တို့ကြည့်။

ဖုဿ[၇] (ကြိ၊ဝိ) [ဖုသ+တ္ဝာ] တွေ့ထိ၍။ ဖုဿာ-(သံ၊၂။၂၉၇)တိ ဖုသိတ္ဝာ။ သံ၊ဋ္ဌ၊၃။၃၀။

ဖုဿကောကိလ (ပု) [ဖုဿ+ကောကိလ] ဖုဿမည်သော ဥဩ။ နန္ဒာရာမဝနေ တဿ၊ အ-ဟောသိ ဖုဿကောကိလော။ အပ၊၂။၁၄၃။ (-ဇာ၊၂။၁၁၅၊၁၁၇။ သုတ္တနိ၊ဋ္ဌ၊၂။၉၁။)

ဖုဿတိလ (နာ) [ဖုဿ + တိလ] မင်္ဂလာနှင့်စပ်ယှဉ်သော နှမ်း။ ဖုဿတိလံ ခါဒန္တိ(မဟာနိ။ ၆၈)တိ မင်္ဂလပဋိသံယုတ္တံ တိလံ ခါဒန္တိ။ မဟာနိ၊ဋ္ဌ။၁၈၉။

ဖုဿတေလ (နာ) [ဖုဿ + တေလ] မင်္ဂလာနှင့်စပ်ယှဉ်သော ဆီ။ ဖုဿတေလံ မက္ခေန္တိ-(မဟာနိ။၆၉)တိ တထာရူပံ တိလတေလံ သရီရဗ္ဘဉ္ဇနံ ကရောန္တိ။ မဟာနိ၊ဋ္ဌ။၁၈၉။

ဖုဿတ္ထေရ (ပု) [ဖုဿ+ထေရ] ဖုဿမထေရ်။ အာယသ္မတော ဖုဿတ္ထေရဿ ဂါထာ။ ထေရ၊ဋ္ဌ၊၂။၃၅၈။

ကျကျ မသိရချေ။) ဖုဿမထေရ်၏ အဖြေဂါထာတို့၌ နောင်သော အခါ ရဟန်းယုတ်ရဟန်းဆိုးတို့ လွှမ်းမိုးမာန်ထောင် အချောင်ကျင့်ကြံနေကြဟန်တို့ကို အသေးစိတ် ဖော်ပြထားရာ နောင်သောအခါ အရ(ပစ္ဆိမကာလ အရ) ကောက်ယူပုံ ၃-မျိုး ကွဲပြားလျက်ရှိသည်။ တတိယသင်္ဂါယနာ တင်ပြီးသည်မှ နောင်ကာလကို ယူရမည်ဟု ကေစိဆရာတို့က ဆိုသည် (ယင်း ဝါဒကို အချို့ဆရာတို့က ခွင့်မပြုကြချေ)။ သာသနာတော်၌ ဝိမုတ္တိယုဂ်, သမာဓိယုဂ်, သီလယုဂ်, သုတယုဂ်, ဒါနယုဂ်, ဟု ၅-မျိုးရှိသည့်အနက် သုတယုဂ်မှ နောင်ကာလကို ယူရမည်ဟု အဋ္ဌကထာဆရာ မိန့်ဆိုသည်။ သီလယုဂ်မှ နောင်ကာလကို ယူရမည်ဟု အပရေဆရာတို့ ဆိုကြသည်၊ မျက်မြင်ကို ထောက်ဆနှိုင်းချိန်၍ သင့်မြတ်သော အဆိုကို ယူရန်ဖြစ်သည် (ထေရ။၃၄၁-၃။ ထေရ၊ဋ္ဌ၊၂။၃၅၈၊၃၆၉)။ ဤဖုဿတ္ထေရ ဂါ-ထာပါဠိနိဿယကို အမှာအထားစုံလင်စွာဖြင့် မာန်လည်ဆရာတော်ဘုရားကြီးသည် ၁၂၄၆-ခု နယုန်လဆုတ် ၄-ရက်နေ့၌ စီရင်ရေးသားထားရာ (အခြားစာမူများနှင့် တဲ့ဖက်ရိုက်နှိပ်ထားသော) ငါးစောင်တဲ့စာအုပ်၌ ကြည့်ရှုနိုင်သည်။) (၄) ဖုဿမင်းသား။ (မဟိန္ဒမင်း၏သားဖြစ်သော ဖုဿဘုရားလောင်း ဖုဿမင်းသား။ သံ၊ဋ္ဌ၊၃။၆။ မဏ္ဍလိကမင်း (တိုင်းခရိုင်တခုကို အုပ်စိုးသောမင်း)၏ သားဖြစ်သော ဖုဿမထေရ်အလောင်းအလျာ ဖုဿမင်းသား။ထေရ၊ဋ္ဌ၊၂။၃၅၈-ဟု ဖုဿမင်းသား ၂-ယောက် တွေ့ရသည်။) (ဆီ) (၅) ဖုဿထေရီမ။ (အမည်ကိုပြဆိုရာ၌ "ဤသူသည် တိဿမည်စေ, ဤသူသည် ဖုဿမည်စေ"ဟု သားအား အမည်ပေးကြောင်းကို သဒ္ဒိတိ သုတ် အဋ္ဌကထာ(ဒီ၊ဋ္ဌ၊၃။၁၅၉)၌ ပြဆိုထားသည်။ တိဿသေသည်, ဖုဿသေသည်ဟု လောကဆိုရိုးရှိကြောင်းကိုလည်း သတိပဋ္ဌာန

ဖုဿဒန္တကဋ္ဌ (နာ) [ဖုဿ+ဒန္တကဋ္ဌ] မင်္ကလာနှင့် ယှဉ်သော တံပူ။ ဖုဿဒန္တကဋ္ဌံ ခါဒန္တိ။ မဟာနိ။၆၉။

ဖုဿဒေဝ (ပု) [ဖုဿ+ဒေဝ] ဖုဿဒေဝမထေရ်။ ဖုဿဒေဝေါ မဟာကထီ။ ဝိ၅။၃၊၇၊၁၃။ (–အပ၊၂။၃၅၆။ ဝိ၊ဋ္ဌ၊၁။၄၇။)

ဖုဿဒေဝကုမာရ (ပု) [ဖုဿဒေဝ + ကုမာရ] ဖုဿဒေဝသတ္ထိသား။ ပဒုမကုမာရံ ဖုဿဒေဝကုမာရဉ္စ သပရိဝါရေ ပဗ္ဗာဇေသိ။ ဗုဒ္ဓဝံ၊ဋ္ဌ။၂၆၁။

ဖုဿဒေဝတ္ထေရ (ပု) [ဖုဿဒေဝ+ထေရ] ဖုဿဒေဝမထေရ်။ တမ္မပဏ္ဏိဒီပေ....အဟေသုံ ဥပတိဿ၀တ္ထရော စ ဖုဿဒေဝတ္ထေရော စ။ ဝိ၊ဋ္ဌ၊၁၀။၂၂၀။

ဖုဿဒေဝတ္ထေရဝါဒ (ပု) [ဖုဿဒေဝတ္ထေရ+ဝါဒ] ဖုဿဒေဝမထေရ်၏ အယူဝါဒ။ တသ္မာ ဖုဿဒေဝတ္ထေရဝါဒေ ဇဝ ဌတွာ ဝတ္ထုဝိဇာနနစိတ္တေနေဝ သဗ္ဗသေခိယာနိ သစိတ္တကာနိ။ ဝိမတိ၊၂။၆၀။

ဖုဿနက္ခတ္တ (နာ) [ဖုဿ+နက္ခတ္တ] ဖုသ္သနက္ခတ်။ ဖုဿဝေဋ္ဌဝလဉ္ဇိ-ကြည့်။

ဖုဿနက္ခတ္တယောဂ (ပု) [ဖုဿနက္ခတ္တ+ယောဂ] ဖုသ္သနက္ခတ်နှင့်ယှဉ်ခြင်း။ ဖုဿထောင့်ကွင်း ကြည့်။

ဖုဿမတ္တိကာ (ထီ) [ဖုဿာ+မတ္တိကာ] မင်္ကလာမြေညက်။ဖုဿမတ္တိကာယ နှာယန္တိ။ မဟာနိ။၆၉။

ဖုဿမာသ (ပု) [ဖုဿ + မာသ] ပြာသိုလ။ ဖုဿမာသဿ ပဌမဒိဝသေ မဟာဘိက္ခု-သံဃပရိဝါရာ နိက္ခမိတ္ထ၁။ ဝိ၊ဋ္ဌ၊၁။၁၆၄။

ဖုဿမာသပုဏ္ဏမာ (ထီ) [ဖုဿမာသ+ပုဏ္ဏမာ] ပြာသိုလပြည့်။ ဘိက္ခုသဟဿပရိဝါရော ဖုဿ-မာသပုဏ္ဏမာယံ ရာဇဂဟံ ဂန္ဒွာ ဒ္ဝေ မာသေ ဝသိ။ အပ၊ဋ္ဌ၊၁။၁၀၂။ ဇာ၊ဋ္ဌ၊၁။၁၀၀။ (–ဗုဒ္ဓဝံ၊ဋ္ဌ။၅၅)

ဖုဿမိတ္တ (ပု) [ဖုဿ+မိတ္တ] ဖုဿမိတ္တပြိတ္တာ။ ဖုဿမိတ္တာ ဓမ္မဂုတ္တာတိ ဧဝမာဒိကာ အညေ စ ဝေမာနိကာ ပေတာ။ ဒီ၊ဋ္ဌ၊၂။၁၀၀။ အံ၊ဋ္ဌ၊၃။၁၆၃။ ပဋိသံ၊ဋ္ဌ၊၁။၁၀၄။

ဖုဿမိတ္တတ္ထေရ (ပု) [ဖုဿမိတ္တ+ထေရ] ဖုဿ-မိတ္တမထေရ်။ ကုရုန္ဒကဝါသီ ဖုဿမိတ္တတ္ထေ-ရော ပနာဟ။ အံ၊ဋ္ဌ၊၁။၄၀၊၄၅။

ဖုဿရထ (ပု) [ဖုဿ + ရထ] မင်္ကလာရထား။ (ဓာန်၊ဓာန်ဋီ။၃၇၂ - တို့ဋ္ဌ ပုဿရထ ဟု ရှိသည်၊ စစ်ရထားမဟုတ်၊ အပျော်အပါးသွား-ရန် စသည်အတွက် ပြုလုပ်ထားသော ရထား-တည်း၊ ပုသမည်သော သခွါး ငပြုတ်သီးနှင့် ယှဉ်သော ရထား၊ တနည်း ဖုဿနက္ခတ်ဖြင့် စီရင်အပ်သော ရထားသည် ပုဿရထမည်၏ ဟု ဝိဂြိုဟ်ပြုသည်။ ဓာန်၊ ဋီအလို ပုသဓာတ်-ထား၍ ပုဿ-ဟု ပဌမကွဏ္ဍနှင့် ဆိုသည်၊ မောဂ္ဂလ္လာန်အလို နက္ခတ်ဟော ဖုဿ-၌ ဒုတိ-ယကွဏ္ဍ ဖ နှင့် ရှိသည်။ ဇာတ်နိပါတ်နိဿယ များ၌ဖုတ်သင်းရထားဟု မြန်မာပြန်ကြသည်-ကား မသင့်ဟု ဓာန်၊ဋီသျ၌ မှာသည်။ ပုဿရထ-လည်းကြည့်။)ဖုဿရထံ ဝိဿဇ္ဇေမ။ သံ၊ဋ္ဌ၊၂။၁၇၄။ အံ၊ဋ္ဌ၊၁။၁၃၄။ ဖုဿရထန္တိ မင်္ကလရထံ။ သံ၊ဋီ၊၂။၁၆၆။ အံ၊ဋီ၊၂။၁၅၂။

ဖုဿရာဂ (ပု) [ဘာသ+ရန္ဒ+ဏ။ သူစိ။၃၇၁။ (ပုဗ္ဗရာဂ-သံ)] ဥဿဖယား၊ ဖုဿရာဂမည်သော ကျောက်။ ဖုဿရာဂေါ လောဟိတ-ကော် မသာရဂလ္လောတိ။ မိလိန္ဒ။၁၂၃။ (–ဥဒါန၊ဋ္ဌ။၉၁။ ဝိမာန၊ဋ္ဌ။၂၀၅။)

ဖုဿဝေဌန (နာ) [ဖုဿ+ဝေဌန] မင်္ကလာရှိသော –ဦးရစ်–ခေါင်းပေါင်း။ ဖုဿဝေဋ္ဌနံ ဝေ-ဌေန္တိ။ မဟာနိ။၆၉။ (– ခုဒ္ဒက၊ဋ္ဌ။၁၀၀။ သုတ္တနိ၊ဋ္ဌ၊၂။၂။)

ဖုံးဝေဋ္ဌဝလဋ္ဌိ (ထီ) [ဖုံး + ဝေဋ္ဌဝလဋ္ဌိ] ဖုံးသျှနက္ခတ်နှင့် ယှဉ်၍ပေါက်သော ဥသျစ်ပင်ပျို။ (ဝါးပင်ပျို။ ပါဠိတော်အလို။) ဖုံးဝေဋ္ဌဝလဋ္ဌိ (မဟာနီ။၆၇) နှစ်ဟ ဖုံးသနက္ခတ္တောန ဥပပ္ပန္နံ တရုဏံ ဗေဋ္ဌဝလဋ္ဌိ ။ မဟာနိ။ဋ္ဌ။၁၇၇။

ဖုံးသဒ္ဒ (ပု) [ဖုံး + သဒ္ဒ] ဖုံး-သဒ္ဒါ။ အောက်ပုဒ်-ကြည့်။

ဖုံးသဝုယ (တိ) [ဖုံး + အဝုယ] ဖုံးသဒ္ဒါ ဖြင့် ခေါ်ဝေါ်အပ်သော၊ ဖုံးမည်သော၊ သူ။ ဖုံးသဝုယ (ထေရ။၃၄၁)နှစ်ဟ ဖုံးသဒ္ဒေန အဝုါတဗ္ဗံ၊ ဖုံးနာမကန္တိ အတ္ထော။ ထေရ၊ ဋ္ဌ၊၂။၃၅၈။

ဖုံးသာဋ္ဌက (ပု) [ဖုံး + သာဋ္ဌက] မင်္ဂလာပုဆိုး။ ဖုံးသာဋ္ဌကံ နိဝါသေန္တိ။ မဟာနိ။ ၆၉။ (–ခုဒ္ဒက၊ဋ္ဌ။၁၀၀။ သုတ္တနိ၊ဋ္ဌ၊၂။၂။) သာဋ္ဌကံ နိဝါသေန္တီတိ မင်္ဂလပဋိသံယုတ္တံ ဝတ္ထံ ပရိဒဟန္တိ။ မဟာနိ၊ဋ္ဌ။၁၈၉။

ဖုံးသိတ (တိ) [ဖုံသ+က] (၁) ပွင့်သော။ (၂) ထိအပ်သော၊ ကိုက်သော။ (၁) အောက်ပုဒ်-ကြည့်။ (၂) သူစိမုခပါဏေဟိ ဖုံးသိတော ဒဋ္ဌောတိ အတ္ထော။ ထေရ၊ဋ္ဌ၊၁။ ၁၁၄။

ဖုံးသိတဂ္ဂ (တိ) [ဖုံးသိတ+အဂ္ဂ] (ပင်လုံးကျွတ်) ပွင့်သော အဖျားရှိသော။ ဝနပုဂ္ဂမွေ ယထာ ဖုံးသိတဂ္ဂေ။ ခုဒ္ဒက။၇။ သုတ္တနိ။၃၁၄။ ဖုံးသိတာနိ အဂ္ဂါနိ အဿာတိ ဖုံးသိတဂ္ဂေါ၊ သမ္ဗသာခါ၁သာခါသု သဉ္ဇာတပုပ္ဖေါတိ အတ္ထော။ ခုဒ္ဒက၊ဋ္ဌ။၁၆၁။ သုတ္တနိ၊ဋ္ဌ၊၁။ ၂၀၉။

ဖေဂ္ဂု (ထီ၊န) [ဖလ+ဂု။ ဖလ နိပ္ဖတ္တိယံ၊ ဂု၊ လဿ ဂေါ။ အသော။ ဖေဂ္ဂု။ ဖ+ဂ္လဥ္ဇ+ဏု။ ဖေန ဝါတေန ဂ္လဥ္ဇတီတိ ဝါ ဖေဂ္ဂု၊ ဖသဒ္ဒ္ဂုပ-ပဒဂ္လဥ္ဇ ကမ္မနေ။ ဇဿ ဂေါ ဒ္ဝေဘာဝေါ ဏှ။ သူစိ။၃၇၂။] (၁) ထအောင်း၊ ခအောင်း။ (၂) ကာကောဒုမ္မရိကာ ဖေဂ္ဂု။ ဓာန်။၅၇၂။ (၂) သာရံ အတိဂ္ဂမ္မ ဖေဂ္ဂုံ အတိဂ္ဂမ္မ။ မ၊၁။၂၅၀။ (–သံ၊၂။ ၁၁၅။ အံ၊၁။၄၂၄။ အဘိ၊ပု။၁၆၁။)

ဖေဂ္ဂုဂန္ဓ (ပု) [ဖေဂ္ဂု+ဂန္ဓ] အကာနံ့သာ။ သန္တီ ဘိက္ခဝေ ဖေဂ္ဂုဂန္ဓေ အဓိဝတ္ထာ ဒေဝါ။ သံ၊ ၂။၂၁၀။ (–မိလိန္ဒ။၂၆၀။ မ၊ဋ္ဌ၊၃။၂၅။)

ဖေဂ္ဂုစ္ဆဒ (ပု) [ဖေဂ္ဂု+ဆဒ] အကာကိုဖြတ်ခြင်း။ ဖေဂ္ဂုစ္ဆဒေါ ဝိယ ဝိပဿနာ။ သာရစ္ဆဒေါ ဝိယ မဂ္ဂေါ။ မ၊ဋ္ဌ၊၃။၁၀၂။ မ၊ဋ္ဌီ၊၃။ ၆၈။

ဖေဂ္ဂုဒဏ္ဍ (ပု) [ဖေဂ္ဂု+ဒဏ္ဍ] အကာရိုး။ အညတရံ အယောဗန္ဓနံ ဖေဂ္ဂုဒဏ္ဍံ ဝိယ သုခေနေဝ ဆိန္ဒန္တိ။ မ၊ဋ္ဌီ၊၂။ ၂၄၀။

ဖေဂ္ဂုပဋိစ္ဆန္န (တိ) [ဖေဂ္ဂု+ပဋိစ္ဆန္န] အကာဖြင့် ဖုံးလွှမ်းအပ်သော။ ဘသ္မာဆန္နော အဂ္ဂိ ဝိယ ဖေဂ္ဂုပဋိစ္ဆန္နော စန္ဒနသာရော ဝိယ။ မ၊ဋ္ဌ၊၃။ ၂၀၆။

ဖေဂ္ဂုပတ္တ (တိ) [ဖေဂ္ဂု + ပတ္တ] အကာသို့ရောက်သော၊ အကာနှင့် တူသော။ ဖေဂ္ဂုပတ္တာ(ဒီ၊ ၃။၄၂)တိ တစတောဒ အဒ္ဓန္တရံ ဖေဂ္ဂုံ ပတ္တာ၊ ဖေဂ္ဂုသဒိသာ ဟောတီတိ အတ္ထော။ ဒီ၊ဋ္ဌ၊၃။ ၂၄။

ဖေဂ္ဂုပဝဋ္ဋိကာ (ထီ) [ဖေဂ္ဂု+ပဝဋ္ဋိကာ] အကာလွှာ။ ပူတိဘူတေ စုဏ္ဏေ စေဝ ဖေဂ္ဂုပဝဋ္ဋိကာသု စ အမနုညဝဏ္ဏာ အသုဘဓာတု။ အံ၊ ဋ္ဌ၊၃။၁၀၉။

ဖေဂ္ဂုပရိဝါရ (တိ) [ဖေဂ္ဂု+ပရိဝါရ] အကာပင်အခြံအရံရှိသော (သစ်ပင်)။ ဖေဂ္ဂုပရိဝါရော-(အံ၊၁။၄၂၄)တိ နိဿာရော ဖေဂ္ဂုရုက္ခော ဖေဂ္ဂုရုက္ခေဟေဝ ပရိဝုတော။ အံ၊ဋ္ဌ၊၂။၃၂၀။

ဖေဂ္ဂုရဟိတ (တိ) [ဖေဂ္ဂု+ရဟိတ] အကာမှကင်းသော။ ဖေဂ္ဂုရဟိတံ သာရံ ဝိယ။ သီ၊ ဋ္ဌီ၊သစ်၊၁။၇၃။

ဖေဂ္ဂုရဟိတသာရ (ပု) [ဖေဂ္ဂုရဟိတ+သာရ] အကာမှကင်းသော အနှစ်။ ဖေဂ္ဂုရဟိတသာရံ ဝိယ ကသဋ္ဌဝိနိမုတ္တံ ပသန္နဘူတံ ဝိယ စ။ သာရတ္ထ၊၁။၅၇။

ဖေဂ္ဂုရုက္ခ (ပု) [ဖေဂ္ဂု+ရုက္ခ] အကာပင်၊ အနှစ်မရှိသော သစ်ပင်။ ဖေဂ္ဂုပရိဝါရ-ကြည့်။

ဖေဏ (န) [ဖိ+ယု။ ဖိ ဥန္နတေတိ ဓာတုတော ယုပစ္စယော။ ဖိယတိ ဥဂ္ဂစ္ဆတိ ဥန္နမတီတိ ဖေဏံ။ သူစီ။၃၇၂။] အမြှုပ်၊ ရေမြှုပ်။ ဥဂ္ဂတံ ဖေဏံ ဆိန္ဒိတ္ဝာ ဟရတိ။ ဝိ၊၄၊၃။ ၁၁၇။ (–မ၊၄၊၄။၂၇။)

ဖေဏပဋ္ဋလ (န) [ဖေဏ+ပဋ္ဋလ] အမြှုပ်လွှာ။ နာပိ ဖေဏပဋ္ဋလံ ဇာနာတိ "အဟံ စန္ဒနိကာယ ဌိတ"န္တိ။ အဘိ၊၄၊၂။၆၁။ (–ဝိသုဒ္ဓိ၊၁။၃၅၅။ ခုဒ္ဒက၊၄။၄၉။)

ဖေဏပိဏ္ဍ (ပု) [ဖေဏ+ပိဏ္ဍ] ရေမြှုပ် အစိုင်အခဲ။ သေယျထာပိ ဘိက္ခဝေ အယံ ဂင်္ဂါနဒီ မဟန္တံ ဖေဏပိဏ္ဍံ အာဝဟေယျ။ သံ၊၂။ ၁၁၄။ (–မဟာနိ။၃၂၁။ စူဠနိ။၁၀၃။)

ဖေဏပိဏ္ဍသရိက္ခက (တိ) [ဖေဏပိဏ္ဍ+သရိက္ခက] ရေမြှုပ် အစိုင်အခဲနှင့်တူသော။ ဖေဏူပမ-ကြည့်။

ဖေဏပိဏ္ဍူပမ (တိ) [ဖေဏပိဏ္ဍ+ဥပမာ] ရေမြှုပ် အစိုင်အခဲနှင့် တူသော။ ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုဋ္ဌူပမာ။ သံ၊၂။၁၁၆။

ဖေဏပိဏ္ဍောပမ (တိ) [ဖေဏပိဏ္ဍ+ဥပမာ] ရေမြှုပ် အစိုင်အခဲနှင့် တူသော။ ဖေဏပိဏ္ဍောပမဿာ (ထေရီ။၄၃၃) တိ ဝိမဒ္ဒါသဟနတော ဖေဏပိဏ္ဍသဒိသဿ။ ထေရီ၊၄။၂၉၅။

ဖေဏပုဋ္ဌဝဏ္ဏ (တိ) [ဖေဏ+ပုဋ္ဌ+ဝဏ္ဏ] ရေမြှုပ် အစုအပုံ အဆင်းရှိသော။ ဝတ္ထာနိပိ သေတာနိ ဖေဏပုဋ္ဌဝဏ္ဏာနိ။ သံ၊၄။၃။၁၅၆။

ဖေဏပုဗ္ဗုဋ္ဌကာစိတ (တိ) [ဖေဏ+ပုဗ္ဗုဋ္ဌက+အာစိတ] ရေမြှုပ် ရေပြွက် စီစီတက်သော။ သူရိယာတပေန သန္တတ္တာနိ ဖေဏပုဗ္ဗုဋ္ဌ-ကာစိတာနိ တိဋ္ဌန္တိ။ ဝိသုဒ္ဓိ၊၁။၃၄၀။

ဖေဏပုဗ္ဗုဋ္ဌကမိဿ (တိ) [ဖေဏပုဗ္ဗုဋ္ဌက+မိဿ] ရေမြှုပ် ရေပြွက်နှင့် ရောနှောသော။ သစေ ဖေဏပုဗ္ဗုဋ္ဌကမိဿံ ဥဒကံ ဟောတိ။ ဝိသုဒ္ဓိ၊၁။၁၆၅။

ဖေဏမာလာ (ထီ) [ဖေဏ+မာလာ] ရေမြှုပ်ပန်း။ ဖေဏမာလာ ဘဝန္တိ။ မိလိန္ဒ။၁၂၂။

ဖေဏမာလီ (တိ) [ဖေဏမာလာ+ဣ] ရေမြှုပ်ပန်းရှိသော။ ဥတ္တရတိ ပတရတိ ဖေဏမာလီ ဟောတိ။ မိလိန္ဒ။၂၅၂။

ဖေဏမိဿ (တိ) [ဖေဏ+မိဿ] အမြှုပ်နှင့် ရောနှောသော။ ခဇ္ဇောတိ အန္တောမုခေ ဖေဏမိဿာ အာပေါဓာတု။ အဘိ၊၄၊၂။ ၂၃၅။ ဝိသုဒ္ဓိ၊၁။၂၅၅။

ဖေဏဝဏ္ဏ (တိ) [ဖေဏ+ဝဏ္ဏ] ရေမြှုပ်အဆင်းရှိသော။ သော ဝဏ္ဏတော သေတော ဖေဏ-ဝဏ္ဏော။ အဘိ၊၄၊၂။ ၂၃၅။ ဝိသုဒ္ဓိ၊၁။၂၅၅။

ဖေဏသဏ္ဌာန (တိ) [ဖေဏ+သဏ္ဌာန] ရေမြှုပ်သဏ္ဌာန်ရှိသော။ ဖေဏသဏ္ဌာနောတိပိ ဝတ္တုံ ဝဋ္ဋတိ။ အဘိ၊၄၊၂။ ၂၃၅။ ဝိသုဒ္ဓိ၊၁။၂၅၅။

ဖေဏိလ (ပု) [ဖေဏ+ဏ္ဍလ။ ဓာန်၊ ဋီ။၅၅၅။] (၁) ပုတီးနက်။ (ကင်ပွန်းတော်။ ဓာန်၊ သျှ၊ သစ်။) (၂) အိမ်ဆီးသီး။ (၁) အရိဋ္ဌော ဖေဏိလော ဘဝေ။ ဓာန်။၅၅၅။ ဒုယံ ပုတီး-တိချာတေ။ ဓာန်၊ ဋီ။၅၅၅။ (၂) ကုဝလံ ဖေဏိလံ သောဝီရမ္မိ။ ဓာန်၊ ဋီ။၅၅၉။

ဖေဏ္ဍုဒ္ဓာန (န) [ဖေဏ+ဥဋ္ဌာန] အမြှုပ်ထခြင်း၊ အမြှုပ်ထမှု။ အောက်ပုဒ်-ကြည့်။

ဖေဏ္ဍုဒ္ဓာနဘာဝ (ပု) [ဖေဏ္ဍုဒ္ဓာန+အဘာဝ] အမြှုပ်ထမှု မရှိခြင်း။ ကေဝလံ ဥဒကတော ဖေဏ္ဍုဒ္ဓာနာဘာဝါ န ဥတ္တရတိ။ ဝိမတိ၊၂။ ၁၉၈။

ဖေဏုဒ္ဒေဟက (တိ) [ဖေဏ + ဥဒ္ဒေဟက] အမြွေပ်ထစေသော။ သော တတ္ထ ဖေဏုဒ္ဒေဟကံ ပစ္စမာနော သကိမ္မိ ဥဒ္ဒံ ဂစ္ဆေယျ။ အံ၊ ၂။၎၉၉။ (–မ၊၃။၂၀၅။ အဘိ၊က။၎၃၁။ မဟာနိ။၃၁၇။ သံ၊ဋ္ဌ၊၁။၁၃၁။) ဖေဏုဒ္ဒေဟကန္တိ ဖေဏံ ဥဒ္ဒေဟိတ္ထာ၊ ဥဿာဒေတ္ထာတိ အတ္ထော။ အံ၊ဋ္ဌ၊၃။၁၀၉။ ဖေဏုဒ္ဒေဟကန္တိ ဖေဏံ ဥဒ္ဒေဟေတ္ထာ ဥဒ္ဒေဟေတ္ထာ၊ အနေကဝါရံ ဖေဏံ ဥဋ္ဌာပေတ္ထာတိ အတ္ထော။ အံ၊ဋ္ဌီ၊ ၃။၁၉၆။ (–သံ၊ဋ္ဌီ၊၁။၁၇၉။)

ဖေဏူပမ (တိ) [ဖေဏ+ဥပမာ] ရေမြွေပ်ံ (စိုင်) နှင့်တူသော။ ဖေဏူပမ (ဓမ္မ။ ၂၀)နှင့်....ဖေဏပိဏ္ဍသရိက္ခကောတိ ဝိဒိတ္ထာ။ ဓမ္မ၊ဋ္ဌ၊၁။၂၁၄။

ဖေလ္လိတမ္မ (တိ) [ဖေလ+တမ္မ] တွန်းအပ် နှိပ်စက်အပ်သော။ တဂ္ဂတိကတာ စ သမာနဂတိနာမ ဝါတမဏ္ဍလေန ဝိမာနဿ ဖေလ္လိတမ္မတ္တာ။ သာရတ္ထ၊၁။၂၆၂။

ဖေလ္လိယမာန (တိ) [ဖေလ+ဏ္ဍယ+မာန] တွန်းအပ် နှိပ်စက်အပ်သော။ ဝိသမံ ဝါယန္တေန ဝါယုနာ ဖေလ္လိယမာနာ ....ပရိဝတ္တန္တိ။ သာရတ္ထ၊၁။၂၆၂။

ဖောဒ္ဓ (ပု၊ နှ) [ဖုဋ္ဌ+ဏ။ ဓာန်၊ဋ္ဌီ။၃၂၄။] (၁) အဖု၊ အဖုထသောအနာ။ (ဖောနာ၊ ထုတ်အိုင်းနာ၊ သွေးစုနာ၊ ဖုံးရရှုံးနာ-ဟု ဓာန်၊ သျှ၊ ဟောင်းသစ်။ ဓာန်၊ဋ္ဌီ၊သျှ။ အဘိ၊ဋ္ဌ၊သျှတို့၌ အမျိုးမျိုးပြန်ကြ၏။) (၂) စစ်ထိုးခြင်း၊ စစ်တိုက်ခြင်း။ (၁) ကဋိနဘတ္တာဃ ပထဝိယာ ဂစ္ဆန္တဿ ပါဒတလေသု ဖောဋ္ဌာ ဥဋ္ဌဟိတ္ထာ ဘိဇ္ဇန္တိ။ မ၊ဋ္ဌ၊၄။၂၀၃။ (–အံ၊ဋ္ဌ၊၁။ ၁၀၅။ အဘိ၊ဋ္ဌ၊၁။၃၇။) (၂) ကလိသံ, ဖောဋ္ဌော, အဘျာမဒ္ဒေါ ဣစ္စာဒယောပိ ယုဒ္ဓေ။ ဓာန်၊ဋ္ဌီ။ ၃၉၉ – ၄၀၀။ (ဓာန်၊ဋ္ဌီ၊ သျှ-ဥ် မောဋ္ဌော-ဟု ရှိ၍ မုဋ္ဌဓာတ်ဖြင့် ဝိဂြိဟ်ပြုထားသည်။)

ဖောဒ္ဓန (နှ) [ဖုဋ္ဌ+ယု] ခါခြင်း။ ပံသုရဇဝါလိကာနံ ဖောဒ္ဓနတ္ထံ ဂဟိတမောရပိဉ္ဆမတ္တတော။ သံ၊ဋ္ဌ၊၃။၁၃၉။

ဖောဒ္ဓပဒ္ဓလ (နှ) [ဖောဒ္ဓ+ပဒ္ဓလ] အဖုထပ်၊ အဖုလှာ။ သမန္တတော ဖောဒ္ဓပဒ္ဓလဘဒိဟိ ပရိယောနဒ္ဓတ္တာ အပရိသုဒ္ဓါ။ စူဠနိ၊ဋ္ဌ။၇၅။

ဖောဒ္ဓယတိ (ကြိ) [ဖုဋ္ဌ+ဏ္ဍယ+တိ] ခါ၏။ အဂ်ုလိ ဝါ ဖောဒ္ဓယန္တိ။ မ၊ဋ္ဌီ၊၃။၁။

ဖောဒ္ဓယန္တိ (ကြိ) [ဖုဋ္ဌ+ဏ္ဍယ+အန္တိ] ခါကုန်၏။ ဖောဒ္ဓယတိ၊ ဖောဒ္ဓေတိ-တို့ကြည့်။

ဖောဒ္ဓယိတ္ထာ (ကြိ၊ ဝိ) [ဖုဋ္ဌ+ဏ္ဍယ+တ္ထာ] ခါ၍။ ဖောဒ္ဓယိတ္ထာတိ ပပ္ပေါဋ္ဌေတ္ထာ။ မဟာနိ၊ဋ္ဌ။ ၃၂၆။

ဖောဒ္ဓိတ (တိ) [ဖုဋ္ဌ+တ] ခါအပ်–ဖတ်အပ်–သော။ အောက်ပုဒ်-ကြည့်။

ဖောဒ္ဓိတတ္ထလပိစု (ပု၊ နှ) [ဖောဒ္ဓိတ+တ္ထလ+ပိစု] ခါအပ်–ဖတ်အပ်–သော လဲ, ပါဂုမ်း။ သတဓာ ဖောဒ္ဓိတတ္ထလပိစုနော ဝိယ သမ္မုဿော ဟောတိ။ သုတ္တနိ၊ဋ္ဌ၊၁။၂၇၅။

ဖောဒ္ဓေတိ (ကြိ) [ဖုဋ္ဌ+ဏော+တိ။ နီတိ၊ဓာ။ ၂၉၇။] (၁) (က) တီး၏။ (ခ) ခတ်၏။ လက်ပမ်းပေါက်ခတ်၏၊ လက်ခမောင်းခတ်၏။ (၂) လှုပ်၏၊ ခါ၏။ (၁) (က) အစ္ဆရိကံ ဝါ ဖောဒ္ဓေတိ။ ဝိ၊ဋ္ဌ၊၄။၄၆။ ဝိ၊သင်္ဃာ။၄၃၉။ (ခ) ဘုဇာနိ ဖောဒ္ဓေန္တိ။ သုတ္တနိ။၃၀၅။ဖောဒ္ဓေန္တိတိ အပ္ပေါဋ္ဌေန္တိ။ သုတ္တနိ၊ဋ္ဌ၊ ၂။ ၂၀၅။ (၂) အဂ်ုလိ ဖောဒ္ဓေသု (ဝိ၊၃။၃၂၈။ ဒီ၊ ၂။ ၈၂) နှိ အဂ်ုလိ စာလေသုံ။ ဝိ၊ဋ္ဌ၊၃။၃၇၈။ ဒီ၊ ဋ္ဌ၊ ၂။ ၁၃၅။ ဖောဒ္ဓယန္တိ—မ၊ဋ္ဌီ၊ ၃။ ၁။ ဖောဒ္ဓေန္တိ—သုတ္တနိ။ ၃၀၅။ သုတ္တနိ၊ ဋ္ဌ၊ ၂။ ၂၀၅။ ဖောဒ္ဓေသိ—ဝိ၊ဋ္ဌ၊၁။၅၅။ ဖောဒ္ဓေသုံ—ဝိ၊၃။၃၂၈။ ဒီ၊ ၂။၈၂။

ဖောင်္ဒေတွာ (ကြိ၊ ဝိ) [ဖုင်္ဒ+ကော+တွာ] ခါ၍။ ဖောင်္ဒေတွာ ရဇဂတေ ဂတ္တော (စရိယာ။ ၃၉၇) တိ သစေ လောမန္တရေသု....တိက္ခတ္တုံ ဝိမုနိတွာ။ စရိယာ၊ဋ္ဌ။၁၀၈။

ဖောင်္ဒေန္တ (တိ) [ဖုင်္ဒ+ကော+အန္တ] (၁) ခါသော၊ သူ။ (၂) ခတ်သော၊ လက်ပမ်းပေါက်ခတ်သော၊ သူ။ (၃) ဖောင်္ဒေန္တာ'ဇိနစမ္မကံ။ အပ၊၁။၄၀၈။ (၂) ဖောင်္ဒေန္တံ ဒိဂုဏံ ဘုဇံ။ ဇာ၊၂။၇၂။ (–၂၈၃။)

ဖောင်္ဒေန္တီ (ကြိ) [ဖုင်္ဒ+ကော+အန္တီ] ခတ်ကုန်၏၊ လက်ပမ်းပေါက် ခတ်ကုန်၏။ ဖောင်္ဒေတိ-ကြည့်။

ဖောင်္ဒေသိ (ကြိ) [ဖုင်္ဒ+ကော+ဣ] ခါပြီ။ ဖောင်္ဒေတိ-ကြည့်။

ဖောင်္ဒေသုံ (ကြိ) [ဖုင်္ဒ+ကော+ဥံ] လှုပ်ကုန်ပြီ။ ဖောင်္ဒေတိ-ကြည့်။

ဖောင်္ဒဗ္ဗ (ပု၊ န) [ဖုသ+တဗ္ဗ] အတွေ့အထိ၊ ဖောင်္ဒဗ္ဗာရုံ။ ဖောင်္ဒဗ္ဗာ အနိစ္စာ ဒုက္ခာ အနတ္တာ ဝိပရိဏာမဓမ္မာ။ အဘိ၊ဝိ။၆၉။ (–ပဋိသံ။၇။ ဒီ၊ဋ္ဌ၊၂။၃၇၄။ မ၊ဋ္ဌ၊၁။၂၉၁။) ဖုသိယတိတိ ဖောင်္ဒဗ္ဗံ။ အဘိ၊ဋ္ဌ၊၂။၄၂။ ဒီ၊ဋ္ဌီ၊၂။၃၂၁။ မ၊ဋ္ဌီ၊၁။၃၇၈။ (–ပဋိသံ၊ဋ္ဌ၊၁။ ၇၄။)

ဖောင်္ဒဗ္ဗဂဟဏ (န) [ဖောင်္ဒဗ္ဗ+ဂဟဏ] ဖောင်္ဒဗ္ဗာရုံကိုယူခြင်း။ သဗ္ဗဒါ ဖောင်္ဒဗ္ဗဂဟဏဿ ဥပနိဿယော။ မူလဋ္ဌီ၊၁။၁၅၀။

ဖောင်္ဒဗ္ဗဇာနန (န) [ဖောင်္ဒဗ္ဗ+ဇာနန] ဖောင်္ဒဗ္ဗာရုံကို သိခြင်း။ အဇ္ဈတ္တိကဗာဟိရာ ပထဝီဇော ဟောတိ။ သံ၊ဋ္ဌ၊၃။၁၁၂။

ဖောင်္ဒဗ္ဗတဏှာ (ထီ) [ဖောင်္ဒဗ္ဗ+တဏှာ] အတွေ့အထိ၌ တပ်မက်မှု၊ ဖောင်္ဒဗ္ဗာရုံ၌တပ်မက်မှု။ ရူပတဏှာ သဒ္ဒတဏှာ....ဖောင်္ဒဗ္ဗတဏှာ ဓမ္မတဏှာ။ ဒီ၊၂။၄၉။ မ၊၁။၆၃။ အံ၊၂။၅၁။

ဖောင်္ဒဗ္ဗဒါန (န) [ဖောင်္ဒဗ္ဗ+ဒါန] အတွေ့အထိအလှူ။ ဖောင်္ဒဗ္ဗာရုံအလှူ။ ဖောင်္ဒဗ္ဗဝတ္ထုံလဘိတွာ ဖောင်္ဒဗ္ဗဝသေန အာဘုဇိတွာ ဖောင်္ဒဗ္ဗဒါနံ မဟှန်တိ ဒေတိ ပရိစ္စဇတိ။ အဘိ၊ဋ္ဌ၊၁။၁၂၁။ (–စရိယာ၊ဋ္ဌ။၂၉၁။)

ဖောင်္ဒဗ္ဗဓာတု (ထီ) [ဖောင်္ဒဗ္ဗာ+ဓာတု] တွေ့ထိခြင်းသဘော၊ ဖောင်္ဒဗ္ဗဓာတ်။ ကာယဓာတု ဖောင်္ဒဗ္ဗဓာတု။ သံ၊၁။၃၅၈။ အဘိ၊ပု။၁၀၁။

ဖောင်္ဒဗ္ဗဓာတုပရိယာပန္န (တိ) [ဖောင်္ဒဗ္ဗဓာတု+ပရိယာပန္န] ဖောင်္ဒဗ္ဗဓာတ်၌ အကျုံးဝင်သော (တရား)။ ဖောင်္ဒဗ္ဗရာဂ-ကြည့်။

ဖောင်္ဒဗ္ဗပဋိလာဘ (ပု) [ဖောင်္ဒဗ္ဗ+ပဋိလာဘ] အတွေ့အထိ – ဖောင်္ဒဗ္ဗာရုံ – ကို ရခြင်း။ ဖောင်္ဒဗ္ဗပဋိလာဘံ အာသီသန္တိ။ စူဋ္ဌန်။၅၅။

ဖောင်္ဒဗ္ဗဘောဂ (ပု) [ဖောင်္ဒဗ္ဗ+ဘောဂ] အတွေ့အထိ – ဖောင်္ဒဗ္ဗာရုံ – ကို သုံးဆောင်ခံစားခြင်း။ ယေ တေ ဗြာဟ္မဏ ရူပဘောဂါ.... ဖောင်္ဒဗ္ဗဘောဂါ။ ဝိ၊၁။၂။ အံ၊၃။၁၉။

ဖောင်္ဒဗ္ဗရသ (ပု) [ဖောင်္ဒဗ္ဗ+ရသ] ဖောင်္ဒဗ္ဗာရုံ–၌–ကို–သာယာခြင်း။ ယေ တေ ဗြာဟ္မဏ ရူပရသာ....ဖောင်္ဒဗ္ဗရသာ။ ဝိ၊၁။၂။ အံ၊၃။ ၁၉။

ဖောင်္ဒဗ္ဗရာဂ (ပု) [ဖောင်္ဒဗ္ဗ+ရာဂ] အတွေ့အထိ – ဖောင်္ဒဗ္ဗာရုံ – ၌ – ကို – တပ်မက်မှု။ ဖောင်္ဒဗ္ဗ-ရာဂေါ ဖောင်္ဒဗ္ဗဓာတုံ အနုသေတိ နဝတ္ထုံ ဖောင်္ဒဗ္ဗဓာတု ပရိယာပန္နောတိ။ အဘိ၊က။ ၃၆၄။ (–သံ၊ဋ္ဌ၊၂။၁၀၂။)

ဖောင်္ဒဗ္ဗဝတ္ထု (န) [ဖောင်္ဒဗ္ဗ+ဝတ္ထု] ဖောင်္ဒဗ္ဗာရုံ၏ တည်ရာဝတ္ထု။ ဖောင်္ဒဗ္ဗဒါန-ကြည့်။

ဖောင်္ဒဗ္ဗဝိစာရ (ပု) [ဖောင်္ဒဗ္ဗ+ဝိစာရ] ဖောင်္ဒဗ္ဗာရုံ – ၌ – ကို – ဆင်ခြင်သုံးသပ်တတ်သော တရား၊ ဖောင်္ဒဗ္ဗာရုံကို သုံးသပ်ခြင်း။ ဖောင်္ဒဗ္ဗဝိစာရော လောကေ။ ဒီ၊၂။၂၄၇။ မ၊၁။ ၈၆။

ဖောဋ္ဌဗ္ဗဝိတက္က (ပု)[ဖောဋ္ဌဗ္ဗ+ဝိတက္က]ဖောဋ္ဌဗ္ဗာ-ရုံ-၌-ကို-ကြံစည်တတ်သော တရား။ ဖောဋ္ဌဗ္ဗာရုံကို ကြံစည်ခြင်း။ ဖေ ဋ္ဌဗ္ဗ-ဝိတက္ကော လောကေ။ ဒီ၊ ၂။ ၂၄၇။ မ၊၁။၈၆။

ဖောဋ္ဌဗ္ဗဝိသေသ (ပု) [ဖောဋ္ဌဗ္ဗ + ဝိသေသ] ဖောဋ္ဌဗ္ဗာရုံအထူး။ ဖောဋ္ဌဗ္ဗဝိသေသော ဝိယ ကာယဝိညာဏာဿ အာရမ္မဏဘာဝေ။ ဝိသုဒ္ဓိ၊ ၌၊ ၂။၉၄။

ဖောဋ္ဌဗ္ဗသညာ (ထီ) [ဖောဋ္ဌဗ္ဗ+သညာ] ဖော-ဋ္ဌဗ္ဗာရုံ၌ မှတ်တတ်သော တရား၊ ဖောဋ္ဌဗ္ဗာရုံကို မှတ်သားခြင်း။ ဖောဋ္ဌဗ္ဗသညာ လောကေ။ ဒီ၊ ၂။ ၂၄၇။ မ၊၁။၈၅။

ဖောဋ္ဌဗ္ဗသဉ္စေတနာ (ထီ) [ဖောဋ္ဌဗ္ဗ + သဉ္စေ-တနာ] ဖောဋ္ဌဗ္ဗာရုံ၌ စေ့ဆော်ဘတ်သော တရား၊ ဖောဋ္ဌဗ္ဗာရုံ၌-စေ့ဆော်ခြင်း-တိုက်တွန်းနှိုး ဆော်ခြင်း။ ဖောဋ္ဌဗ္ဗသဉ္စေတနာ လောကေ။ ဒီ၊ ၂။ ၂၄၇။ မ၊၁။၈၆။

ဖောဋ္ဌဗ္ဗသဘာဝ (တိ) [ဖောဋ္ဌဗ္ဗ + သဘာဝ] ဖောဋ္ဌဗ္ဗာရုံ သဘောရှိသော။ ဖောဋ္ဌဗ္ဗသဘာ-ဝေသုယေဝ အနေကေသုပိ အာရမ္မဏေသု အာပါထဂတေသု။ အနုဋ္ဌီ၊၁။၁၆၇။

ဖောဋ္ဌဗ္ဗသမာယောဂ (ပု) [ဖောဋ္ဌဗ္ဗ + သမာ-ယောဂ] ဖောဋ္ဌဗ္ဗာရုံနှင့် ယှဉ်ခြင်း။ ဖောဋ္ဌဗ္ဗ-သမာယောဂေ ပဌမံ ကာယဒွါရာဝဇ္ဇနပုဗ္ဗက-ယုတ္တာ။ အနုဋ္ဌီ၊ ၂။၁၁၄။

ဖောဋ္ဌဗ္ဗသုခ (န) [ဖောဋ္ဌဗ္ဗ + သုခ] ဖောဋ္ဌဗ္ဗာရုံ ချမ်းသာ။ တေန ဟိ ဖောဋ္ဌဗ္ဗသုခံ အဿာ-ဒေန္တော သတ္တော မေထုနမ္မို သေဝန္တီ။ ဝိသုဒ္ဓိ၊၌၊ ၂။၁၇၁။

ဖောဋ္ဌဗ္ဗာဓိမုတ္တ (တိ) [ဖောဋ္ဌဗ္ဗ + အဓိမုတ္တ] ဖောဋ္ဌဗ္ဗာရုံ-၌-ညွတ်သော-အလေးပြု သော၊သူ။ ဖောဋ္ဌဗ္ဗာဓိမုတ္တော ကုလာဓိ-မုတ္တော။ စူဠနိ။၁၇၀။ (-နေတ္တိ။၄၆၊၈၁။)

ဖောဋ္ဌဗ္ဗာဘိဘူ (တိ) [ဖောဋ္ဌဗ္ဗ+အဘိဘူ] ဖောဋ္ဌဗ္ဗာရုံကို-လွှမ်းမိုး-နှိပ်နင်း-အောင်နိုင်-သော၊ သူ။ ဂန္ဓာဘိဘူ ရသာဘိဘူ ဖောဋ္ဌဗ္ဗာဘိဘူ။ မဟာနိ။၃၁၄။

ဖောဋ္ဌဗ္ဗာယတန (န) [ဖောဋ္ဌဗ္ဗ+အာယတန] (တွေ့ထိသိစိတ်၏) ဖြစ်ကြောင်း အတွေ့အထိ၊ ဖောဋ္ဌဗ္ဗာရုံ။ ကတမံ တံ ရူပံ ဖောဋ္ဌဗ္ဗာယတနံ။ အဘိ၊ဓ။၁၇၀။ (-မ၊၃။ ၂၅၉။) ဖောဋ္ဌဗ္ဗဉ္စ တံ အာယတနဉ္စာတိ ဖောဋ္ဌဗ္ဗာယတနံ။ အဘိ၊ ဋ္ဌ၊၁။၃၆၈။

ဖောဋ္ဌဗ္ဗာရမ္မဏ (န) [ဖောဋ္ဌဗ္ဗ+အာရမ္မဏ] (၁) အတွေ့အထိအာရုံ၊ ဖောဋ္ဌဗ္ဗာရုံ။ (တိ) (၂) အတွေ့အထိလျှင် အာရုံရှိသော။ (၁) စတု-သမုဋ္ဌာန် အတိတာနာဂတပစ္စုပ္ပန်နှံ ဖောဋ္ဌဗ္ဗ-မေဝ ဖောဋ္ဌဗ္ဗာရမ္မဏံ။ အဘိ၊ ဋ္ဌ၊ ၁။ ၁၁၃။ (-ဒီ၊ဋ္ဌ၊၃။ ၉၈။ သံ၊ဋ္ဌ၊၁။ ၂၄၇။) (တိ) (၂) ရသာရမ္မဏံ ဝါ ဖောဋ္ဌဗ္ဗာရမ္မဏံ ဝါ ဓမ္မာ-ရမ္မဏံ ဝါ။ အဘိ၊ဓ။၁၇။ အဘိ၊ဝိ။၁၅၀။ ဂန္ဓာရမ္မဏလည်း-ကြည့်။

ဖောဋ္ဌဗ္ဗာသာ (ထီ) [ဖောဋ္ဌဗ္ဗ + အာသာ] ဖောဋ္ဌဗ္ဗာရုံ၌ တောင့်တခြင်း။ ဂန္ဓာသာ ရသာသာ ဖောဋ္ဌဗ္ဗာသာ။ အဘိ၊ဓ။ ၂၁၅။ မဟာနိ။၆။

ဖောဋ္ဌဗ္ဗူပဟာရ (ပု) [ဖောဋ္ဌဗ္ဗ+ဥပဟာရ] ဖောဋ္ဌဗ္ဗာရုံကို ရွေးချယ်ဆောင်ခြင်း။ ရသူပ-ဟာရော၊ ဖောဋ္ဌဗ္ဗူပဟာရော။ ဝိ၊၁။၉၄။

ဖောသိတုံ (ဗျ) [ဖုသ+တုံ] (ဆိုးရည်ဖြင့်) တွေ့ထိ-ဖျန်း-ခြင်းငှါ၊ အစက်အပြောက် ပြုခြင်းငှါ။ ဖောသိတုံ (ဝိ၊၄။ ၂၉၆) နှိ့ ရဇ-နေန ဝါ ဟလိဒ္ဒိယာ ဝါ ဥပရိ ဖုသိတာနိ ဒါတုံ။ ဝိ၊ဋ္ဌ၊၄။၆၁။ ဖောသိတုန္တိ စောရေဟိ ဟရိတဿ ပစ္ဆာ ဟရိတသညာဏဖုသိတ-ဗိန္နူနိ ဒါတုံ။ ဝိမတိ၊ ၂။ ၂၃၀။

၈၁ ၈-ဗျည်း၊ ၎၁-လုံးသော အက္ခရာတို့တွင် ၃၁-လုံးမြောက်, ဗျည်း ၃၃-လုံးတွင် ၂၃-လုံး မြောက်, ဝဂ် ၅-ဝဂ်တို့တွင် (နှုတ်ခမ်းအရပ်၌ ဖြစ်သော - သြဋ္ဌ) ၅-ခုမြောက် ပ-ဝဂ်,

သိထိလ-တတိယက္ခရာ ဗဗျည်း။ (ယင်း ဗ အက္ခရာသည် ပစ္စည်း ဗအက္ခရာ, ကာရိယ ဗအက္ခရာဟူ၍ ၂-မျိုးရှိ၏။ ထိုတွင် ဂမြော သမြော(မောဂ်၊၇။၁၂၁) ၌ ပစ္စည်း ဗအက္ခရာ။ ကုဗ္ဗတော(ကော။ကောင်္ခီ။၇၉။ သူစိ။)လဗ္ဘတေ (ရှု၊နှာ။၊ ၂၀၆။ ကော။ကောင်္ခီ။၇၉။ သူစိ) တို့၌ ကာရိယ ဗအက္ခရာ။)

ဗ၂ (ပု) [ဗလ+ဇ (ကို)။ ထောမ။] (၁) (နဂါးမင်း၏) လက်နက်အစုံ။ (၂) အိုး။ (၁) နာဂဗော ဇနဘုသံ ကရောတိ။ ကော။ ကောင်္ခီ။၇၉။ သူစိ။ (၂) ဥဒဗောတိအာဒီသု ဃဋ္ဌေ၊ ဥဒဗောတိ ဥဒကဃဋ္ဌော။ ကော။ ကောင်္ခီ။၇၉။ သူစိ။ (ထောမ။ P.S.E.D, S.E.D – တို့၌ ဝရုဏအမည်၊ ရေ၊ သမုဒ္ဒြာ၊ ရေအိုး၊ စသည်လာသေး၏။)

ဗက (ပု) [ဝက+အ။ ဝကတိ ဂေါစရံ အာဒဒါတိတီတိ ဗကော။ သူစိ။] (၁) ဗျိုင်း၊ ဥဗျိုင်း၊ ဗျိုင်းဖြူ။ (၂) ဗကမင်း။ (၃) ဗကဗြဟ္မာ။ (၁) ဗကော ကက္ကဋကာမိဝ။ ဇာ၊၁။၉။ ဇာ၊၌၊၁။၂၄၀။ ဗကေ သေတပတ္တေ။ ဓာန်၊ ၌။၁၀၄၂။ (၂) ဗကဿ စ ဗာဝရိကဿ ရညော။ ဇာ၊၂။၁၂၃။ (၃) ဗကဿ ဗြဟ္မုနော ဝေရွိပ် ပါပကံ ဒိဋ္ဌိဂတံ ဥပ္ပန္နံ ဟောတိ။ မ၊၁။၄၀၁။ (–၄၀၃။ သံ၊၁။၁၄၊၁၄၅။)

ဗကဂလ (ပု) [ဗက+ဂလ] ဗျိုင်း–လည်ပင်း–လည်တန်။ ဒီဃဂလော ဝါ ဗကဂလသဒိသေန ဂလေန သမန္နာဂတော။ ဝိ၊၌၊၃။၃၁၁။ ဝိ၊ သင်္ဃ။၁၄၃။

ဗကဇာတက (နှ) [ဗက+ဇာတက] ဗကဇာတ်။ ယင်း ဇာတ်သည် (၁) ကေနိပါတ၊ ၄-ဂဂ်၊ ဂ-ဇာတ်။ ဇာ၊၁။၉။ ဇာ၊၌၊၁။၂၃၇-၂၄၀။ (၂) ဒုကနိပါတ၊ ၂-ဝဂ်၊ ၆-ဇာတ်။ ဇာ၊၁။ ၆၅။ ဇာ၊၌၊ ၂။၂၁၄-၅။ (၃) သတ္တကနိပါတ၊ ၁-ဝဂ်၊ ၁၀-ဇာတ်။ ဇာ၊၁။၁၆၃-၄။ ဇာ၊၌၊၃။ ၃၃၇-၃၄၃-ဟု ၃-ဇာတ်ရှိ၏။

ဗကပတ္တ (နှ) [ဗက+ပတ္တ] ဗျိုင်းတောင်။ သဗ္ဗာနိ ဗကပတ္တသဒိသာနိ အဟေသုံ။ ဇာ၊၌၊၁။ ၅၀၂။

ဗကဗြဟ္မ (ပု) [ဗက + ဗြဟ္မ] ဗကဗြဟ္မာ။ ဗကဗြဟ္မာကြီးကား "ဗြဟ္မဘဝ ဗြဟ္မလောကသည် မြဲမြံခိုင်ခဲ့ တည်တံ့၏၊ ဗြဟ္မလောက၌ ပဋိသန္ဓေနေသူ အိုသူ သေသူမရှိ၊ ဗြဟ္မလောကမှ တပါး လွတ်မြောက်ရာ နိဗ္ဗာန်မရှိ" ဟု သဿတ ဝါဒကို တရားသေ စွဲကိုင်ထားသူ အတ္တသမားဖြစ်သည်။ စကြဝဠာတထောင် အတွင်း တန်ခိုးအာဏာ ပြန့်နှံ့သူ (သဟဿီ ဗြဟ္မာ)လည်းဖြစ်၏။ သူ့ထက် တန်ခိုးအာဏာ ကြီးမားသူ (ဒွိသဟဿီ တိသဟဿီ စသည်) ဗြဟ္မာများရှိနေသည်ကို မသိသဖြင့် ၄-တောင် လုံကွင်းဖြင့် တောင်ရှည်ပုဆိုးကို တုန့်ခိုင်းဖက် ပြိုင်သကဲ့သို့ သူသာလျှင် တန်ခိုးအာဏာကြီး မားသူဟု မာနတက်နေသူတည်း။

ရှေးရသေ့ ဖြစ်စဉ်အခါက သူ၏ဈာန်-အဘိညာဏ်တန်ခိုးဖြင့် သဲကန္တာရအတွင်း မျက်စိလည် လမ်းမှားကာ ရေတော်ဘေးဆိုက်၍ သေကြေပျက်စီးလုဆဲဆဲ လူအများကိုငဲ့, တောရွာတရွာ၌ ခိုးသားဓားပြ နှိပ်စက်ခံနေရသည့် လူအများကိုငဲ့, ဂင်္ဂါမြစ်အတွင်း ရေနတ်နဂါး ဘေးအန္တရာယ် ကျရောက်နေသော လူအများကိုငဲ့ ကယ်တင်စောင့် ရှောက်ခဲ့ဘူးသည်၊ နောက်တချိန် တခုသော ဘဝဝယ် ဗကဗြဟ္မာအလောင်းသည် ကေသဝမည်သော ရသေ့ဖြစ်၍ ဘုရားရှင်သည် သူတပည့် ကပ္ပမည်သော ရသေ့ဖြစ်ဘူး၏။ ထိုစဉ်တွင် စတုတ္ထဈာန် သမာပတ်ကို မပြတ် လေ့လာသဖြင့် ခန္ဓာကြွေသော် ဝေဟပ္ဖိုလ်-စတုတ္ထဈာန်ဘုံ၌ဖြစ်၏၊ ထိုဘုံ၌ မဟာကပ် ငါးရာပတ်လုံး ဗြဟ္မာ့ချမ်းသာကို ခံစားပြီး စုတေခဲ့သော် မဟာကပ် ဖြင့်-ကပ် အသက် ရှည်သည့် သုဘကိဏ္ဏ တတိယဈာန်ဘုံ၌ ဖြစ်၏၊ ထိုမှ စုတေပြန်သော် မဟာကပ် ဂ-

ဖုံးကွယ်လိုသဖြင့် တန်ခိုးပြိုင်စစ်ပွဲ လမ်းကြောင်းသို့ ရွှေပြောင်း ဦးတည်လာပြန်သည်၊ ကိုယ်ရောင်ဖျောက် (တူတူပုန်း)တန်ခိုးပြိုင်ရန် အဆိုပြုလာသည်။ ပြဟ္မာတို့မှာ ပဋိသန္ဓေ တည်နေစဉ်က ပကတိ အတ္တဘော (ခန္ဓာကိုယ်)သည် အလွန်သိမ်မွေ့၏၊ တပါးသူတို့ မမြင်နိုင်၊ ပြုပြင်ဖန်ဆင်းထားမှသာ မြင်နိုင်သည်။ ဗကပြဟ္မာကြီးသည် ပြဟ္မာပရိသတ်နှင့် ဘုရားသခင်၏ မျက်မှောက်မှ ဖန်ဆင်းထားသည့် ခန္ဓာကိုယ်ကို ကွယ်စေ၍ ပကတိအတ္တဘောသို့ ရောက်အောင် (ကိုယ်ရောင်ဖျောက်ရန်) ကြိုးစား၏၊ သို့သော် ဘုရားသခင်၏ အဓိဋ္ဌာန် တန်ခိုးတော်ကြောင့် မကွယ်ပျောက်ပဲ ရှိလေသည်။ ထို့ကြောင့် ပကတိအတ္တဘောကို ဖုံးလွှမ်းနိုင်မည့်အမှောင်ထုကြီးကို ဖန်ဆင်းပြန်လေသည်။ ယင်းအမှောင်ထုကြီးကိုလည်း ဘုရားသခင်၏ တန်ခိုးတော်ဖြင့် ပယ်ဖျောက်လိုက်ပြန်ရာ ပုန်းကွယ်စရာ နေရာမရ ဒုက္ခလှလှကြီး တွေ့လေတော့သည်၊ ကိုယ်ရောင်လည်း မဖျောက်နိုင်၊ အမှောင်ထုကိုလည်း မဖန်ဆင်းနိုင်သဖြင့် ပုန်းကွယ်ဖို့ရန် မစွမ်းနိုင်တော့ပဲ ပြုမိပြုရာ ယောင်ရမ်းပြုမိသောအားဖြင့် ဘုံဗိမာန်အတွင်းသို့ဝင်၍ ပုန်းပြန်၏၊ ပဒေသာပင်၌ ပုန်းပြန်၏၊ ဆောင့်ကြောင့်ကုပ်ကုပ် ငုတ်တုတ်ကလေးထိုင်နေပြန်၏။ ထိုအခါ ပြဟ္မာ-ပရိသတ်အပေါင်းသည် ဗကပြဟ္မာကြီး ဘုံဗိမာန်၌ ပုန်းအောင်းနေ၏၊ ပဒေသာပင်၌ ပုန်းအောင်းနေ၏၊ ဆောင့်ကြောင့်ကုပ်ကုပ် ငုတ်တုတ်ကလေးထိုင်နေ၏ ဟု သိကြသဖြင့် ပြက်ရယ်ပြောင်လှောင်မှုကို ပြုကုန်၏။

ဤကဲ့သို့ ဗကပြဟ္မာကြီး မပုန်းကွယ်နိုင်သောအခါ ဘုရားသခင်သည် ဗကပြဟ္မာကြီးကို "ဗကပြဟ္မာ သင်မပုန်းကွယ်နိုင်လျှင် ငါဘုရားသည် သင်၏မျက်မှောက်မှ ယခုပင် ပုန်းကွယ်လိုက်မည် (သင် ငါ့ကို မမြင်နိုင်

ကပ် အသက်ရှည်သည့် အာဘာဿရ ဒုတိယစျာန်ဘုံ၌ ဖြစ်၏၊ ထိုမှ စုတေပြန်သော် အန္တရကပ် ၆၄-ကပ် (=အသင်္ခ်ေယျကပ် ၁-ကပ်) အသက်ရှည်သည့် မဟာပြဟ္မာ ပထမစျာန်ဘုံ၌ဖြစ်၏၊ ဤသို့ စတုတ္ထစျာန်ဘုံမှ ပထမစျာန်ဘုံအထိ တဆင့်တဆင့် လျှောကာ ဖြစ်လာခဲ့ရသော်လည်း အထက်အထက် ဘုံမှ စုတေရသော နာမ်ရုပ်အစဉ်ကိုလည်း မမှတ်မိ၊ ပဋိသန္ဓေအစဉ်လည်း မထင်၊ မူလဘဝအတိုင်းပင် တည်သည်ဟု မှတ်ထင်သောကြောင့် သဿတ အယူကို စွဲယူမိလေသည်။

ဘုရားသခင်သည် ဥက္ကင်္ဌမြို့ သုဘဂ တောအုပ် အင်ကြင်းပင်မင်းအနီးမှ (ဇေတဝန်ကျောင်းတော်မှ သံ၊၁။၁၄၄။) ဗကပြဟ္မာကို နှိပ်နင်းဆုံးမတော်မူရန် (ပထမစျာန်) ပြဟ္မာ့ပြည်သို့ကြွသွားတော်မူသည်။ ဘုရားသခင်က တေဘူမက ဘဝဟူသမျှ အနိစ္စ ဒုက္ခ အနတ္တချည်းသာဟု သစ္စကထာကို မိန့်ကြားတော်မူ၏၊ ဗကပြဟ္မာကြီးကား တရားသော စွဲကိုင်ထားသည့် သဿတဝါဒလက်နက်ဖြင့် ဖက်ပြိုင်တိုက်ခိုက်ကာ ဝါဒစစ်ပွဲ ဆင်နွှဲလေတော့သည်။ ဝါဒစစ်ပွဲ ဆင်နွှဲရာသို့ ဗကပြဟ္မာကြီးနှင့် ဝါဒတူသူ ပြဟ္မာ ၇၂-ယောက် အပါအဝင် ပြဟ္မာပေါင်း တသောင်း တက်ရောက် ကြသည်။ ဘုရားသခင်၏ လှုပ်ရှားမှုမှန်သမျှ မျက်ခြေမပြတ် လေ့လာကြည့်ရှုကာ နှောက်ယှက်လေ့ရှိသော မာရ်နတ်သားသည် အလုပ်အကျွေး (ပြဟ္မပါရိသဇ္ဇ) ပြဟ္မာငယ်တဦး၏ ကိုယ်သို့ ပူးဝင်ပြီး ဗကပြဟ္မာကြီးဘက်က ဝင်ရောက် ကူညီလေသည်။ (မဟာပြဟ္မာနှင့် ပြဟ္မပုရောဟိတ ပြဟ္မာတို့ကိုယ်သို့ မာရ်နတ်မပူးဝင်နိုင်။)

ဘုရားသခင်သည် ဗကပြဟ္မာကြီး၏ သဿတဝါဒကို အပြစ်အမျိုးမျိုးပြကာ ပယ်ချစွန့်ပစ်စေသည်။ ဝါဒစစ်ပြိုင်ရှိ နိုင်ပုံမပေါ်သော ဗကပြဟ္မာကြီးသည် မိမိ၏ အချုံးကို

အောင် တန်ခိုးပြာဋိဟာ ငါပြလိုက်မည်) ဟု မိန့်တော်မူ၍ စည်းဝေးဆောက်လာကြသည့် ဗြဟ္မာများ ငါဘုရာ၏အသံကိုသာ ကြားစေ၊ ငါဘုရားကိုကား မမြင်ကြစေကုန်သတည်းဟု အဓိဋ္ဌာန်တော်မူသည်။ ဘုရားရှင်သည် ဟော်ကာက်ယ်တော်မူသည့် နေရာ၌ပင် ရှိနေသည်ကို သိစေတော်မူလိုသဖြင့် 'ဘဝေါဟံ ဘယံ ဒိသွာ' အစချီသော ဂါထာကို ရွတ်ဆို ဟောကြားတော်မူသည်။

ယင်းဂါထာ၏ အဓိပ္ပါယ်ကား—အို-ဗြဟ္မာတို့....ငါဘုရားသည် ဘဝသုံးပါး ဝဋ်-တရား၌ ပဋိသန္ဓေ အိုနာသေရေး ကြောက်ဖွယ်ဘေးကိုငင်း, ဘဝကင်းရာ နိဗ္ဗုတာသို့ ဖေရွာလမ်းမှား ဗကဗြဟ္မာကဲ့သို့သော သတ္တ-ဝါများ၏ ဘဝသုံးထပ် ဘုံသုံးရပ်ဝယ် မရပ်မနား ဖြစ်ပျက်နေခြင်းကိုငင်း ဉာဏ်မျက်စိဖြင့် တိတိကျကျ တွေ့မြင်ရသောကြောင့်ပင်လျှင် တစုံတခုသော ဘဝကိုမျှ တဏှာဒိဋ္ဌိတို့၏ အစွမ်းဖြင့် နိစ္စ ဓုဝ သဿတ က စသည် ဖောက်ပြား အထင်မမှားတော့ပြီ၊ ဘဝ၌ တပ်မက်မှု တဏှာကိုလည်း လေးမင်္ဂလာရှိန် ဉာဏ်ပုဆိန်ဖြင့် လေးကြိမ်ဖြတ်တောက် အမြစ်ပါပျောက်သဖြင့် မကပ်ရောက် မစဲယူတော့ပြီ။

ဤတရား ဒေသနာတော်၏ အဆုံး၌ ဝါဒ စစ်ပွဲ တန်ခိုးပြိုင်စစ်ပွဲလာ ဗြဟ္မာပရိသတ် အပေါင်း တသောင်းတို့ သောတာပန်စသည့် အရိယာပုဂ္ဂိုလ်ချည်း ဖြစ်ကြလေကုန်၏။

ဗကဗြဟ္မာကြီးကား သရဏဂုံ တည်သည်ဟုပင် ပါဠိ,ဋ္ဌ,ဋီ တို့၌ မပါရှိပေ။ နောင် အခါ ကျတ်တမ်းဝင်ကြောင်း အားကောင်း သော အထုံဝါသနာအတွက်ဟု ဆိုသော (မ၊ ဋ္ဌ၊၁။၃၄၀) မှတ်ချက်ကိုပင် အလေးအနက် ထား၍ မှတ်သားရပေမည်။ ဇိနတ္ထပကာသနီ ၌ ဗကဗြဟ္မာကြီး ဒီဋ္ဌိအယူစွန့်ကြောင်း ရေး သား ဖော်ပြထားသည်၊ စဉ်းစားစရာပင်။

တယူသန် ဗကဗြဟ္မာကြီးကို နှိမ်နင်းရန် ဗြဟ္မာ့ပြည်၌ ဟောကြားအပ်သော သုတ္တန်ကို မာရ်နတ်အား စကားမဆိုနိုင်စေခြင်း (နှုတ်-ပိတ်ပစ်ခြင်း)၊ ဗြဟ္မာအား အထူးသိစေခြင်း ဤအကြောင်း ၂-မျိုးကြောင့် "ဗြဟ္မနိမန္တ-နိက" သုတ္တန် ဟု ခေါ်သည်။ (မ၊၁။၄၀၃-၇။ မ၊ဋ္ဌ၊၂။၃၀၂-၃၁၂။ မ၊ဋီ၊၂။၃၁၁-၃၁၉။ သံ၊၁။ ၁၄၄-၅။ သံ၊ဋ္ဌ၊၁။၁၉၀-၄။ သံ၊ဋီ၊၁။၂၄၁-၃။ ဇာ၊၁။၁၆၃။ ဇာ၊ဋ္ဌ၊၃။၃၄၀။ မဟာဗုဒ္ဓဝင်၊ စတုတ္ထတွဲ။ ၄၄၁-၄၄၇။ ဇိနတ္ထပကာသနီ။ ၅၃၁-၈-တို့၌ အကျယ်ကြည့်။) သော ကိုရ ဗကဗြဟ္မာ ကေသို့ ကပ္ပေ တာပသော ဟုတ္တာ။ ဇာ၊ဋ္ဌ၊၃။၃၄၀။ (–ဇာ၊ဋ္ဌ၊၄။၁၈၂။)

ဗကဗြဟ္မသုတ္တ (န) [ဗကဗြဟ္မ + သုတ္တ] ဗက-ဗြဟ္မာအား ဟောသော သုတ်၊ ဗကဗြဟ္မ-သုတ်။ သဂါထာဝဂ္ဂသံယုတ္တပါဠိ၊ ၆-သံယုတ်၊ ၁-ဝဂ်၊ ၄-သုတ်။ သံ၊၁။၁၄၄-၆။ အယံ ပနတ္ထော ဗကဗြဟ္မသုတ္တေန ဒီပေတဗ္ဗော။ ထေရ၊ဋ္ဌ၊၂။၄၉၈။ အပ၊ဋ္ဌ၊၁။၂၇၇။

ဗကရာဇ (ပု) [ဗက+ရာဇ] ဗျိုင်းမင်း။ အာဝါ-သော ဗကရာဇဿ၊ ပေတ္တိကံ ဘဝနံ မမ။ ဇာ၊၁။၁၇၆။ ဇာ၊ဋ္ဌ၊၃။၄၀၉။

ဗကသကုဏိကာ (ထီ) [ဗက + သကုဏိကာ] ဗျိုင်းမ။ အယံ မမ ဝစနံ အကတ္တာ ဂိရိကန္ဒ-ရာယ ဗကသကုဏိကာ ဟုတ္တာ နိဗ္ဗတ္တာ။ ဒီ၊ဋ္ဌ၊ ၂။၃၀၈။ (–ဓမ္မ၊ဋ္ဌ၊၁။၁၇၄။ဇာ၊ဋ္ဌ၊၁။၂၂၀။)

ဗကာရ (ပု) [ဗ+ကာရ] ဗ-အက္ခရာ။ ဝ-ကာ-ရဿ ဗ-ကာရံ ယကာရသံယောဂဋ္ဌ ကတ္တာ။ သီ၊ဋီ၊သစ်၊၁။၁၄၃။ (–ဝိသုဒ္ဓိ၊ဋီ၊၁။၄၂၇။)

ဗကုလ (ပု) [ဝက+ဥလ။ ဝကိတဗ္ဗော ဂဏ္ဍိ-တဗ္ဗောတိ ဝကုလော။ ဇာ၊ဋီ၊သစ်၊ဇား၊ ကျော။ (ဝကုလ-သံ)] ချယားပင်၊ ခရေပင်။ အသောကဗကုလကုယျကပုန္နာဂစမ္ပကဇာတိ။ ဝိ၊ဋ္ဌ၊၃။၁၀၂။ (–ဇာ၊၂။၁၁၅။ သံ၊ဋ္ဌ၊၃။၉၁။ ဇာ၊ဋ္ဌ၊၅။၄၄၉။) ဗကုလ မုထုဝလ။ ဝဇီရ။

၃၂၀။ ဝကုလောတိ မဓုရသပုပ္ပေါ ကောရကွဝိသေသော။ ဇာ၊ဦး၊သစ်၊ဇား၊ကျော။

ဗကုလာ (ထီ) [ဗကုလ+အာ] ဗကုလာထေရိမ။ ဒိဗ္ဗစက္ခုကာနံ ယဒိဒံ ဗကုလာ။ အံ၊ဝ။၂၆။ အံ၊ဋ္ဌ ဝ။၂၀၃။

ဗဋ္ဋ (ကြိ၊ဝိ) [ဗဓ+တ္ဝာ] ဖွဲ့၍၊ ချည်တုပ်–နှောင်ဖွဲ့–၍။ ရဇ္ဇုယာ ဗဋ္ဋ မိယန္တိ။ အံ၊၂။၎၇၂။ (–ဇာ၊၂။ ၂၁၁၊၃၁၉။ ဇာ၊ဋ္ဌ၊၆။ ၂၉၀။)ရဇ္ဇု-ယာ ဗဋ္ဋ မိယန္တိတိ ရဇ္ဇုယာ ဗန္ဓိတ္ဝာ မရန္တိ။ အံ၊ဋ္ဌ၊၃။၁၇။ (–ဇာ၊ဋ္ဌ၊၇။ ၂၆၎။)

ဗဋ္ဋတိ[၁] (ကြိ) [ဗဓ+ယ+တိ] (က) ဖွဲ့၏၊ ချည်တုပ်–နှောင်ဖွဲ့–ဖွဲ့ယှက်–ငြိကပ်–စပ်–၏။ (ခ) ကပ်ငြိ၏။ (က) တတြ တတြ ဗဋ္ဋတိ။ မဟာနိ။၃၀၂။ (–သံ၊ဝ။၎၀၂။ သုတ္တနိ။၃၅၅။ စူဠနိ။ ၂၎၃။) ဗဋ္ဋတိတိ တေဟိ တေဟိ အာ-ရမ္မဏေဟိ သဒ္ဓိံ ဗဋ္ဋတိ ကေဟိ ဘဝတိ။ မဟာနိ၊ ဋ္ဌ။၃၆၉။ (ခ) သော တံ လေပံ ဥပသင်္ကမိ-တ္ဝာ ဟတ္ထေန ဂဏှာတိ၊ သော တတ္ထ ဗဋ္ဋတိ။ သံ၊၃။ဝ ၂၉။ **ဗဋ္ဋန်**—ဒီ၊ဋ္ဌ၊၂။၂၀။ မ၊ဋ္ဌ၊၎။ ဝ၂၉။ ဒီ ဦ၊၂။၂၇။ မ၊ဦ၊၃။၃၃၇။ **ဗဋ္ဋန္တေ**—ဇာ၊ဋ္ဌ၊၅။၃၆၎။ **ဗဋ္ဋရေ**—ဇာ၊၂။၃၂၀။ ဇာ၊ဋ္ဌ၊၇။ ၂၆၀။ **အဗဋ္ဋရေ**—ဇာ၊ဝ။၂၇။ ဇာ၊ဋ္ဌ၊ဝ။ ၎၅၃။ **ဗဋ္ဋသိ**—မ၊ဋ္ဌ၊၎။ ၂၃၀။ ဇာ၊ဋ္ဌ၊ဝ။ဝ၀၅။ **ဗဋ္ဋေယျ**—သံ၊ဝ။၎၂၆။ အံ၊ဝ။၎၀၎။ မဟာနိ။ ၃၀၂။ **ဗဋ္ဌီ**—မ၊ဋ္ဌ၊၃။၁၇၊။ အဘိ၊ဋ္ဌ၊၂။ ၂၀၀။ ဇာ၊ဋ္ဌ၊ဝ။၁၆၆။ ဇာ၊ဋ္ဌ၊၎။၎၁၅။ အဗဋ္ဌီ—ဇာ၊ဝ။၃၃။ ဇာ၊ဋ္ဌ၊၎။ ၎၁၅။ **ဗဋ္ဌီ ံသု**—ဇာ၊ဋ္ဌ၊၎။ ၎၉၀။ **ဗဋ္ဌီဿတံ**—ဇာ၊ဋ္ဌ၊၅။၎၇၁။

ဗဋ္ဋတိ[၂] (ကြိ) [ဗဓ+ယ+တေ။ ကဒမ္မ ဗာဓိယ-တိ ဗာဓိယန္တိ ဗဋ္ဋတိ ဗဋ္ဋန္တိ။နိရုတ္တိ၊နှာ။၎၆၅။] ဖွဲ့အပ်၏၊ ချည်တုပ် – နှောင်ဖွဲ့ – ဖွဲ့ယှက် – ငြိကပ် – စပ် – အပ်၏။ (ဒီ၊ဋ္ဌ၊ဝ။ အဘိ၊ဋ္ဌ၊ဝ။ သျ-တို့ဋ္ဌ ကတ္တုရူပ်အနက် ပြန်ဆိုသည်။) အယံ ကိရိယာသမုဋ္ဌာပိကစေတနာဝဿေ-ယေဝ မုသာဝါဒကမ္မုနာ ဗဋ္ဋတိ။ ဒီ၊ဋ္ဌ၊ဝ။ ၇၁ဝ။ အဘိ၊ဋ္ဌ၊ဝ။၁၄၂။ (–အံ၊၂။၃၁၀။ ဇာ၊ဝ။၅။ ဝိ၊ဋ္ဌ၊၂။၎၃၀) နဗဋ္ဋန္တိ (ပဋိသံ။၃၅၀)-တိ နဗာဓိယန္တိ။ ပဋိသံ၊ဋ္ဌ၊၂။ ၂၂၇။ မုသာ-ဝါဒကမ္မုနာ ဗဋ္ဋတိတိ ဝိသံဝါဒနစေတနာ-သင်္ခါတေန မုသာဝါဒကမ္မုနာ သမ္ဗန္ဓိယတိ၊ အလ္လိယတိတိ ဝါ အတ္ထော။ သီ၊ဦ၊သစ်၊ဝ။ ၃၃၆။ (–ဇာ၊ဋ္ဌ၊ဝ။ဝဂ၅။ သာရတ္ထ၊၂။၂၆၀။ ဝိမတိ၊ဝ။၂၂၅။ သံ၊ဦ၊ဝ။၃၃၂။) **ဗဋ္ဋတေ**—နေတ္တိ။၂၉၊ဝ၀၀။ ဒီ၊ဋ္ဌ၊၂။၃၄၇။ မ၊ဋ္ဌ၊ဝ။၂၄၇။ **ဗဋ္ဋန်**—ဇာ၊ဝ။၂၀။ ပဋိသံ။၃၅၀။ မိလိန္ဒ။ ၃၉၃။ ဇာ၊ဋ္ဌ၊ဝ။၎၆၅။ ဇာ၊ဋ္ဌ၊၆။၇၆။ ပဋိသံ၊ ဋ္ဌ၊၂။၂၂၇။ **ဗဋ္ဋရေ**—ထေရ။၂၄၉။ ဇာ၊ဝ။ ၂၀၇။ ဇာ၊၂။၎၇၆။ ထေရ၊ဋ္ဌ၊ဝ။၃၂၅။ ဇာ၊ ဋ္ဌ၊၎၊၃၁ ၂။ ဇာ၊ဋ္ဌ၊၆။ **ဗဋ္ဋတု**—ဇာ၊ဝ။ ၂၀၇။ အံ၊ဋ္ဌ၊၂။ဝ၂၀။ သံ၊ဦ၊ဝ။၃၃၂။ **ဗဋ္ဋန္တု**—သံ၊၂။၎၉၆။ အံ၊၃။၎၇၆။ ဝိ၊ဋ္ဌ၊ဝ။၎၅။ အဘိ၊ဋ္ဌ၊ဝ။၁၃၆။ ဣတိဝုတ်၊ဋ္ဌ။၂၅၀။ **ဗဋ္ဋေ-ယျ**—ဥဒါန၊ဋ္ဌ။၃၅၀။ **ဗဋ္ဋေထ**—ဇာ၊ဝ။၂၇၆။ ဇာ၊ဋ္ဌ၊၎။ ၂၇၀။ **အဗဋ္ဋထ**—ဇာ၊၂။ ဂ၆။ **ဗဋ္ဌီ ံသု**—ဓမ္မ၊ဋ္ဌ၊ဝ။ဝ၎၃။ ဇာ၊ဋ္ဌ၊၎။ဝ၀၀။ **ဗဋ္ဌီဿာမိ**—ဇာ၊ဋ္ဌ၊၆။၇၆။

ဗဋ္ဋတု (ကြိ) [ဗဓ+ယ+တံ] ဖွဲ့–နှောင်ဖွဲ့–ချည်တုပ်–အပ်ပါစေသတည်း၊ ဖွဲ့–ချည်–ခံရပါစေသတည်း။ ဗဋ္ဋတိ၂-ကြည့်။

ဗဋ္ဋတေ (ကြိ) [ဗဓ+ယ+တေ] နှောင်ဖွဲ့အပ်၏။ ဗဋ္ဋတိ၂-ကြည့်။

ဗဋ္ဋန (န) [ဗဓ+ယ+ယု] (ခ) (ရုပ်စသည်၌) ငြိကပ်–တွယ်တာ–ခြင်း (ဆန္ဒရာဂ)။ (တိ) (၂) ဖွဲ့အပ်–အဖွဲ့ခံရ – ဖွဲ့မိ – သော၊ သူ။ (ခ) လဂ္ဂပုဗ္ဗာတိ လဂ္ဂနဿ ဗဋ္ဋနဿ ပုဗ္ဗာ၊ သံ၊ဦ၊၂။၂၆၂။ (တိ) (၂) အောက်ပုဒ်-ကြည့်။

ဗဋ္ဋနက (တိ) [ဗဋ္ဋန+က] ဖွဲ့အပ်–အဖွဲ့ခံရ–ဖွဲ့မိ–သော၊ မိလတ္တံ့သော၊ သူ။ အောက်ပုဒ်-ကြည့်။

ဗဋ္ဌနကသတ္တ (ပု) [ဗဋ္ဌနက+သတ္တ] မိလက္ခံ့သောသတ္တဝါ။ အဝဿံ ဗဋ္ဌနကသတ္တာနံ့ ဝသေန ဟတ္ထာ မုတ္တမတ္တေ ပါရုဇိကာနန္တ-ရိယဆုလ္လစ္ဆယပါစိတ္တိယာနိ ဝေဒိတဗ္ဗာနိ။ ဝိ၊ ဋ္ဌ၊ ၂။၅၄-၅။

ဗဋ္ဌနဋ္ဌ (ပု) [ဗဋ္ဌန+အတ္ထ] ငြိကပ်–တွယ်တာ–ခြင်း အနက်သဘော။ လောဘောယေဝ အာရမ္မဏေန သဒ္ဓိံ ဂန္ဆနဋ္ဌေန ဗဋ္ဌနဋ္ဌေန ဂေဓော လောဘဂေဓော။ သံ၊ဋ္ဌိ၊ ၂။၁၅၆။

ဗဋ္ဌန္တိ (ကြိ) [ဗဓ+ယ+အန္တိ] ဖွဲ့–နှောင်ဖွဲ့–ကုန်၏။ ဗဋ္ဌတိ-ကြည့်။

ဗဋ္ဌန္တိ၂ (ကြိ) [ဗဓ+ယ+အန္တေ] ဖွဲ့–နှောင်ဖွဲ့–အပ်ကုန်၏။ ဗဋ္ဌတိ၂-ကြည့်။

ဗဋ္ဌန္တု (ကြိ) [ဗဓ+ယ+အန္တံ] ဖွဲ့–နှောင်ဖွဲ့–အပ်စေကုန်သတည်း။ ဗဋ္ဌတိ၂-ကြည့်။

ဗဋ္ဌန္တေ (ကြိ) [ဗဓ+ယ+အန္တေ] ဖွဲ့–နှောင်ဖွဲ့–အပ်ကုန်၏။ ဗဋ္ဌတိ၂-ကြည့်။

ဗဋ္ဌမာန (တိ) [ဗဓ+ယ+မာန] (၁) ဖွဲ့–နှောင်ဖွဲ့–အပ်သော။ (၂) ဖွဲ့အပ်ရာ၊ ဖွဲ့ဆဲ။ (၁) သာ ဧဝံ သမ္မန္နိတ္ဝာ ဗဋ္ဌမာနာ ဧကေန ဒ္ဒိဟိ ဝါ နိမိတ္တေဟိ အဗဒ္ဓါ ဟောတိ။ ဝိ၊ဋ္ဌ၊ ၃။၃၂၂။ ဝိ၊သင်္ခ။၁၀၄။ (၂) အောက်ပုဒ်-ကြည့်။

ဗဋ္ဌမာနက္ခဏ (ပု) [ဗဋ္ဌမာန+ခဏ] ဖွဲ့အပ်ရာ အချိန်၊ ဖွဲ့ဆဲ–ခဏ–အချိန်။ ဗဋ္ဌမာနက္ခဏေ သိမာ န ဟောန္တိ။ ဝိမတိ၊ ၂။၁၀၅။ (–၁၄၉၊ ၁၅၃။)

ဗဋ္ဌရေ (ကြိ) [ဗဓ+ယ+အန္တိ] ဖွဲ့–ကျစ်–ရက်–ကုန်၏။ ဗဋ္ဌတိ-ကြည့်။

ဗဋ္ဌရေ၂ (ကြိ) [ဗဓ+ယ+အန္တေ] ဖွဲ့–နှောင်ဖွဲ့–အပ်ကုန်၏။ ဗဋ္ဌတိ၂-ကြည့်။

ဗဋ္ဌသိ (ကြိ) [ဗဓ+ယ+သိ] ငြိကပ်–တွယ်တာ–၏။ ဗဋ္ဌတိ-ကြည့်။

ဗဋ္ဌာပေတိ (ကာ၊ကြိ) [ဗဓ+ယ+အာပိ+တိ။ နိရုတ္တိ။၇၁၃။] ဖွဲ့–နှောင်ဖွဲ့–၏။ ရူပဂရုက-ဿ ပုရိသဿ ဣတ္ထိရူပံ စိတ္တါပ္ပါဒံ ဂမေတိ ပလိဗုန္ဓတိ ဗဋ္ဌာပေတိ ဗဒ္ဓါပေတိ။ အံ၊ဋ္ဌ၊၁။ ၂၀။

ဗဋ္ဌိ ံသု (ကြိ) [ဗဓ+ယ+ဥ] ဖွဲ့–မိ–ကုန်ပြီ။ ဗဋ္ဌတိ-ကြည့်။

ဗဋ္ဌိ ံသု၂ (ကြိ) [ဗဓ+ယ+ဥ] ဖွဲ့အပ်ကုန်ပြီ။ ဗဋ္ဌတိ၂-ကြည့်။

ဗဋ္ဌိ (ကြိ) [ဗဓ+ယ+ဣ] ဖွဲ့–နှောင်ဖွဲ့–ငြိ–မိ–ပြီ။ ဗဋ္ဌတိ-ကြည့်။

ဗဋ္ဌိတ (တိ) [ဗဓ + ယ + တ] ဖွဲ့အပ်သော။ အောက်ပုဒ်ကြည့်။

ဗဋ္ဌိတစိတ္တ (တိ) [ဗဋ္ဌိတ+စိတ္တ] ဖွဲ့အပ်သော စိတ်ရှိသော၊သူ။ ဗဋ္ဌိတစိတ္တော ထဒ္ဓအယော-သလာကော ဝိယ ကဿစိပိ အနောနတော။ သံ၊ဋ္ဌိ၊၁။၂၇၀။

ဗဋ္ဌိတ္ဝာ (ကြိ၊ဝိ) [ဗဓ+ယ+တ္ဝာ] ဖွဲ့–နှောင်ဖွဲ့–ငြိ–မိ–တပ်မက် – ၍။ တတ္ထ ဗဋ္ဌိတ္ဝာ သတ္တာ မရိဿန္တိ။ ဝိ၊ဋ္ဌ၊ ၂။၅၄။ (–အံ၊ဋ္ဌ၊၁။ ၂၁။ ဓမ္မ၊ဋ္ဌ၊ ၂။၀၃။)

ဗဋ္ဌိဿတိ (ကြိ) [ဗဓ+ယ+ဿတိ] ငြိကပ်–တပ်မက်–လတ္တံ့။ ဗဋ္ဌတိ-ကြည့်။

ဗဋ္ဌိဿာမိ (ကြိ) [ဗဓ+ယ+ဿံ] နှောင်ဖွဲ့အပ်လတ္တံ့၊ နှောင်ဖွဲ့ခံရလတ္တံ့။ ဗဋ္ဌတိ၂-ကြည့်။

ဗဋ္ဌေထ (ကြိ) [ဗဓ+ယ+ထေ] ဖွဲ့အပ်ရာ၏၊ မိရာ၏။ ဗဋ္ဌတိ၂-ကြည့်။

ဗဋ္ဌေယျ (ကြိ) [ဗဓ+ယ+ဧယျ] ငြိကပ်ရာ၏။ ဗဋ္ဌတိ-ကြည့်။

ဗဋ္ဌေယျ၂ (ကြိ) [ဗဓ+ယ+ထေ] ဖွဲ့အပ်ရာ၏၊ မိရာ၏။ ဗဋ္ဌတိ၂-ကြည့်။

ဗန္ဓေသံဂေါတိဝစန (န) [ဗန္ဓေသံဂေါ+ဣတိ+ဝစန] ဗန္ဓေ,သံဂေါဟု ရွတ်ဖတ်ခြင်း။ "ဘန္ဓေ သံဃော"တိ ဝတ္တမ္မေ ဘ-ကာရ ဃ-ကာရာနံ

ဗ-ကာရ ဂ-ကာရေကတ္ဝာ "ဗန္တေ သံဂေါ"တိ ဝစနံ ဓနိတဿ သိထိလကရဏံ နာမ။ ဝိ၊ဌ၊ ၄။ ၂၄၇။ ဝိ၊သင်္ဂဟ။ ၃၉၈။

ဗဒရ (ပုံ၊န) [ဗဒ(ဝဒ)+အရ။ ဗဒရိ+ဏ။ ထောမ။ ဓာန်၊ဋီ။ ၅၅၈-၉။ (ဝဒရ-သံ)] (၁) ဆီး(ဇီး)ပင်။ (၂) ဆီး(ဇီး)သီး။ (၁) ဟရိတကီ အာမလကာ၊ အဿတ္ထာ ဗဒရာနိ စ။ ဇာ၊ ၂။ ၃၃၉။ ဇာ၊ဌ၊ ၇။ ၃၀၃။ (၂) ဗဟူ မေ ဗဒရာ ပဋိယတ္တာ။ ဝိ၊ ၂။ ၁၀၂။ ဗဒရာ ပဋိယတ္တာတိ ဥပစာရဝသေန ဝဒတိ။ ဝိ၊ဌ၊ ၃၄။ (ထောမ၊ P.S.E.D-၌ (၁) နတ်မုံ ညင်း။ (၂) ဝါစေ့။ (၃) ဝက်မြေး-စသည် လာသေး၏။)

ဗဒရစုဏ္ဏ (န) [ဗဒရ+စုဏ္ဏ] ဆီးမှုန့်။ ဗဒရစုဏ္ဏသက္ခရာဒီဟိ ပယောဇိတံ "ဗဒရသာဋဝ"န္တိ ဝုစ္စတိ။ သာရတ္ထ၊ ၃။ ၅၆။

ဗဒရဋ္ဌိ (န) [ဗဒရ+အဋ္ဌိ] ဆီးစေ့။ အောက်ပုဒ်ကြည့်။

ဗဒရဋ္ဌိပမာဏ (တိ) [ဗဒရဋ္ဌိ+ပမာဏ] ဆီးစေ့-အတိုင်းအရွယ် - ပမာဏ - ရှိသော၊ ဆီးစေ့ခန့်ရှိသော။ ယဒိ သေ ယာ သာ မဇ္ဈိမဿ ပုရိသဿ သကလသရီရတော သံကစိုတာ ဗဒရဋ္ဌိပမာဏာ ဘဝေယျ။ သုတ္တနိ၊ဋ္ဌ၊ ၁။ ၂၃၈။ (- သာရတ္ထ၊ ၃။ ၂၄၂။ ဝိမတိ၊ ၂။ ၁၀၉။)

ဗဒရဋ္ဌိမတ္တ (တိ) [ဗဒရဋ္ဌိ+မတ္တ] ဆီးစေ့အတိုင်းအရွယ်ရှိသော၊ ဆီးစေ့ခန့်ရှိသော။ ယာ သကလသရီရတောပိ သင်္ကစိုယမာနာ ဗဒရဋ္ဌိမတ္တာ ဟောတိ။ အဘိ၊ဋ္ဌ၊ ၂။ ၂၂၄။ ဝိသုဒ္ဓိ၊ ၁။ ၂၄၃။

ဗဒရတိတ္ထ (န) [ဗဒရ+တိတ္ထ] ဆီးပင်ဆိပ်။ အောက်ပုဒ်-ကြည့်။

ဗဒရတိတ္ထဝိဟာရဝါသီ (တိ) [ဗဒရတိတ္ထဝိဟာရ+ဝသ+ဏီ] ဆီးပင်ဆိပ်ကျောင်း၌ - နေလေ့ - သီတင်းသုံးလေ့ - ရှိသော၊သူ။ ဗဒရတိတ္ထဝိဟာရဝါသိနာ အာစရိယဓမ္မပါလတ္ထေရေန ကတာ။ ထေရီ၊ဋ္ဌ။ ၃၀၅။ (- ဝိမာန၊ဋ္ဌ။ ၃၃၅။ နေတ္တိ၊ဋ္ဌ။ ၂၇၆။)

ဗဒရပက္က (န) [ဗဒရ + ပက္က] ဆီးသီးမှည့်။ အောက်ပုဒ်-ကြည့်။

ဗဒရပက္ကပမာဏ (န) [ဗဒရပက္က+ပမာဏ] ဆီးသီးမှည့် - အတိုင်းအရွယ် - ပမာဏ။ ဥဒ္ဒာနုဒ္ဒာနေ ဗဒရပက္ကပမာဏတော ပဋ္ဌာယ။ သံ၊ဋ္ဌ၊ ၂။ ၂၉၄။

ဗဒရပက္ကမတ္တ (တိ) [ဗဒရပက္က+မတ္တ] ဆီးသီးမှည့် - အတိုင်းအရွယ် - ပမာဏ - ရှိသော၊ ဆီးသီးမှည့်ခန့်ရှိသော။ ယထာ စ ဖေဏပိဏ္ဍော အာဒိတော ဗဒရပက္ကမတ္တော ဟုတ္ဝာ။ သံ၊ဋ္ဌ၊ ၂။ ၂၉၄။ အဘိ၊ဋ္ဌ၊ ၂။ ၃၁။

ဗဒရပဏ္ဏု (ပုံ၊န) [ဗဒရ+ပဏ္ဏု] ဆီးသီး - ရွှမ်းပြင်း - မမှည့်တမှည့်၊ မှည့်ခါစ ဆီးသီး။ သာရဒံ ဗဒရပဏ္ဏု(အံ၊ဂ။ ၁၀၂)နွှဲ့ သရဒကာလေ ဇာတံ နာတိသုပရိပက္ကံ ဗဒရံ။ အံ၊ဋ္ဌ၊ ၂။ ၁၇၁။

ဗဒရပါန (န) [ဗဒရ+ပါန] ဆီးဖျော်ရည်။ ကောလပါနံ ဗဒရပါနံ ဃတပါနံ။ မဟာနိ။ ၂၉၀။ (- ဝိ၊ဋ္ဌ၊ ၃။ ၃၀၂။) ဗဒရပါနန္တိ မဟာကောလဖလေဟိ အမ္ဗပါနံ ဝိယ ကတပါနံ။ မဟာနိ၊ဋ္ဌ။ ၃၄၉။

ဗဒရပုပ္ဖ (န) [ဗဒရ+ပုပ္ဖ] ဆီးပွင့်။ တေသံ ဥပရိ တဟံ တဟံ ဒုဗ္ဗဏ္ဏဒုဂ္ဂန္ဓာနိ ဗဒရပုပ္ဖါဒီနိ ပတိတာနိ ဘဝေယျုံ။ အဘိ၊ဋ္ဌ၊ ၃။ ၇၃။

ဗဒရပုမာဏ (တိ) [ဗဒရ+ပမာဏ] ဆီးသီး - အတိုင်းအရွယ် - ပမာဏ - ရှိသော၊ ဆီးသီးခန့်ရှိသော။ ဗဒရပုမာဏံ သုဓောဟာရံ ပရိဘုဉ္ဇန္တီ။ အံ၊ဋ္ဌ၊ ၂။ ၃၄၇။

ဗဒရဖလ (န) [ဗဒရ+ဖလ] ဆီးသီး။ သာမိ အဘိရုဟိတ္ဝာ ဗဒရဖလံ ဂဟေတ္ဝာ ခါဒါဟိ

မယ့်မို့ ဒေဟိ။ ဇာ၊ဋ္ဌ၊၆။ ၂၀၈။ ဗဒရသာဋ္ဌဝ-လည်း ကြည့်။

ဗဒရမတ္တ (န) [ဗဒရ+မတ္တ] ဆီးသီးမျှ။ န ဟိ သော ဗဒရမတ္တမေဝ ဒေတိ။ သာရတ္ထ၊၃။၅၆။

ဗဒရမိဿ (တိ) [ဗဒရ+မိဿ] ဆီးသီးနှင့် ရောသော(အဖျော်ရည်)။ ဗဒရမိဿေန ပေယျာပရိပူရိဿန္တိ။ ဝိ၊၂။၁၀၂။ ဗဒရမိဿေနာတိ ဗဒရသာဋ္ဌဝေန။ ဝိ၊ဋ္ဌ၊၃။၈၄။

ဗဒရယူသ (ပု၊ န) [ဗဒရ+ယူသ] ဆီးသီးပြုတ်ရည်။ ဗဒရယူသေန ယာဂုံ သမ္မာဒေတ္ထ။ ဝိမာန၊ဋ္ဌ။၁၆၉။

ဗဒရရုက္ခ (ပု) [ဗဒရ+ရုက္ခ] ဆီးပင်။ ကေသ္မိ· ဌာနေ ဖလသမ္ပန္နံ ဧကံ ဗဒရရုက္ခံ ဒိသွာ ဗဒရရုက္ခမူလေ နိသီဒိ။ ဇာ၊ဋ္ဌ၊၆။၂၀၈။

ဗဒရရုက္ခမူလ (န) [ဗဒရရုက္ခ+မူလ] ဆီးပင်ရင်း၊ ဆီးပင်အနီး။ အထက်ပုဒ်ကြည့်။

ဗဒရဝန (န) [ဗဒရ+ဝန] ဆီးတော၊ ဗဒရ-ဝနေ ဒိဝါဝိဟာရံ ကတ္ဝာ။ ဗုဒ္ဓဝံ၊ဋ္ဌ။၂၅၉။

ဗဒရသကဋ္ဌ (ပု၊ န) [ဗဒရ+သကဋ္ဌ] ဆီးသီးလှည်း။ ဝါလိကသကဋ္ဌဿ ဗဒရသကဋ္ဌဿ ပလာလသကဋ္ဌဿ ဝါ ပစ္ဆာဘာဂေန ကဏ္ဏံ ပဝေသေတ္ဝာ။ ဇာ၊ဋ္ဌ၊၂။၈၃။

ဗဒရသာဋ္ဌဝ (ပု၊ န) [ဗဒရ+သာဋ္ဌဝ။ သာဋ္ဌဝ-သဒ္ဒါ-ထောမဋ္ဌ-ပု၊ ဋ္ဌကာတ္ပိဋ္ဌ နှ-ရှိသည်။] (၁) ဆီးဖျော်ရည်။ (၂) ဆီးမှုန့်တို့ဖြင့် စီမံထားသော ခဲဘွယ်တမျှိုး၊ ဆီးယို၊ ဆီးထုပ်၊ ဆီးတော်ဖီ။ (ဝိမတိ၊၂။၇၆-၌ ဆီးမှုန့်တို့ဖြင့် စီမံထားသောဟင်းလျာတမျိုးဟု ဆိုသည်။) (၁) ဗဒရမိဿေနာတိ ဗဒရသာဋ္ဌဝေန။ ဝိ၊ဋ္ဌ၊၃။၈၄။ ဗဒရစုဏ္ဏသက္ကရာဒီဟိ ယောဇိတံ ဗဒရသာဋ္ဌဝံ။ ဝဇိရ။၃၁၃။ (–သာရတ္ထ၊၂။၅၆။ ဝိမတိ၊၂။၂၀။) (၂) တေလာဒီသု ဝါ ဗဒရသာဋ္ဌဝါဒီသု ဝါ အမ္မိလသာကာဒီသု ဝါ။ ဝိ၊ဋ္ဌ၊၃။၁၉၆။ ဗဒရသာဋ္ဌဝံ ကိရ ဗဒရဖလာနိ သုက္ခာပေတ္ဝာ စုဏ္ဏေတ္ဝာ ကတ္တဗ္ဗာ ခါဒနီယဝိကတိ။ ဝဇိရ။၃၆၈။ သာရတ္ထ၊၃။၁၂၃။ (–ကခ်ိ၊ဋ္ဌ၊သစ်။၄၆၇။)

ဗဒရိက (တိ) [ဗဒရ+ကက] ဆီးပင်ရှိသော (တော)၊ ဆီးတော။ အောက်ပုဒ်ကြည့်။

ဗဒရိကာရာမ (ပု) [ဗဒရိက+အာရာမ] ဆီးတော၌ ဆောက်အပ်သောအရာမ်ကျောင်း၊ ဆီးတောကျောင်း၊ ဗဒရိကာရုံကျောင်း။ တတြ သုဒံ ဘဂဝါ ကောသမ္ဗိယံ ဝိဟရတိ ဗဒရိကာရာမေ။ ဝိ၊၂။၂၇။ (–သံ၊၂။၁၀၃။ သံ၊ဋ္ဌ၊၂။၂၀၉။)

ဗဒရိပဏ္ဏ (န) [ဗဒရိ+ပဏ္ဏ] ဆီးရွက်။ ဗဒရိ-ပဏ္ဏံ ကဟာပဏောတိ ကတ္ဝာ ဒဿိတံ။ မ၊ဋ္ဌ၊၄။၃၀။

ဗဒရိရုက္ခ (ပု) [ဗဒရိ+ရုက္ခ] ဆီးပင်။ အောက်ပုဒ်ကြည့်။

ဗဒရိရုက္ခမူလ (န) [ဗဒရိရုက္ခ+မူလ] ဆီးပင်ရင်း၊ ဆီးပင်အနီး။ တေ ကေဒိဝသံ အာစရိယေ ဗဒရိရုက္ခမူလေ နိသိန္နေ တံ ဝမ္မေတုကာမာ ဗဒရိရုက္ခံ နခေန အာကောဋေ့တ္ဝာ။ ဇာ၊ဋ္ဌ၊၂။၂၃၇။

ဗဒရီ (ထီ) [ဗဒ (ဝဒ)+အရ+ဣ။ ဝဒ ထေ-ရိယေ၊ အရော၊ နဒါဒိ။ ဓာန်၊ဋ္ဌ။၅၅၈။] ဆီးပင်။ ကောသိ စ ဗဒရိတ္ထိယံ။ ဓာန်။၅၅၈။

ဗဒရီဖလ (န) [ဗဒရီ+ဖလ] ဆီးသီး။ လဗုဇာ ပနသာ တတ္ထ၊ ကဒလီ ဗဒရီဖလာ။ အဗၤ၁။ ၄၀၆။

ဗဒ္ဓ (တိ) [ဗခ+တ။ ဗဓ ပန္ဓနေ။ အဗဇ္ဈိတ္ထာတိ ဗဒ္ဓေါ၊ရွ။၆၂၀။ နိရုတ္တိ၊နှာ။၄၉၀။ ဗဒ္ဓေါတိ ဗာမိယတေ ပန္ဓိယတေ သောတိ ဗဒ္ဓေါ။ နီတိ၊ဓာ။၃၂၀။ ဗဒ္ဓ+အ။ ဗဒ္ဓ သံဟရိသေ၊

သံဟရိသော ဝိနိဗဒ္ဓကြိယာ။ နီတိ၊ ဓာ။၁၀၈။]
(၁) ဖွဲ့ – နှောင်ဖွဲ့ – အပ်သော။ (က) သမုတ်
အပ်သော။ (ခ) စပ်သော၊ ဆက်သွယ်သော။
(ဂ) သီကုံး – စပ်ဆို – အပ်သော။ (ဃ)
ပညတ်အပ်သော။ (င) ရစ်ပတ် – မြှေးရှက်
– အပ်သော။ (စ) ပြုစီရင်အပ်သော။ (၂)
တပ်နှစ်သက်သော စိတ်ရှိသော၊ တပ်နှစ်သက်
သော၊ သူ။ (ဥ) နှောင်ဖွဲ့ကြောင်း၊ အနှောင်
အဖွဲ့။ (၄) ဖွဲ့ခြင်း၊ စပ်ခြင်း။ (၁) ပမတ္တ-
ဗန္ဓနာ ဗဒ္ဓါ၊ မစ္ဆာဝ ကုမိနာမုခေ။ နေတ္တိ။
ဗုဒ္ဓပဋ္ဌ (တိ) [ဗုဒ္ဓ + ပဋ္ဌ] ဘုရားရှင်၏ အမေးပြဿနာ။ ကိံ နာမေတံ ဘန္တေတိ ပုစ္ဆိ၊ ဗုဒ္ဓပဋ္ဌော နာမ ဘဂိနီတိ။ ဓမ္မ၊ဋ္ဌ၊၁။၄၁၇။

ဗုဒ္ဓပဋိကဿကက (တိ) [ဗုဒ္ဓ+ပဋိကဿကက] ဘုရားရှင်၏–ဆန့်ကျင်ဖက် – ရန်သူ – ဖြစ်သော၊ သူ။ဗုဒ္ဓပဋိကဿကော ဒေဝဒတ္တော ပထဝိယာ ဂိလိတော၊။ ဇာ၊၄၊၂။၂၁၉။

ဗုဒ္ဓပ (ပ္ပ) ဋီကဋ္ဌ (တိ) [ဗုဒ္ဓ+ပဋိကဋ္ဌ] ဘုရားရှင် စက်ဆုပ်အပ်သော။ ဗုဒ္ဓပဋိကဋ္ဌံ အနေသနာယ ဥပ္ပန္နံ အကပ္ပိယဘောဇနံ ပဋိက္ခိပတိ။ ဝိ၊၄၊၃။၉၁။ ဝိ၊သင်္ဃာ။၁၂၆။ ဗုဒ္ဓပ္ပဋိကုဋ္ဌေန မိစ္ဆာဇီဝေန။ မိလိန္ဒ။၃၅၂။ (–အာဘိ၊၄။၂။၃၁၉။)

ဗုဒ္ဓပဋိကုဋ္ဌအနေသနာ (ထီ) [ဗုဒ္ဓပဋိကုဋ္ဌာ+အနေသနာ] ဘုရားရှင်စက်ဆုပ်အပ်သော–မသင့်လျော်– မအပ် – သော ရှာမှီးခြင်း။ ဣဒဉ္ဉိ ဗုဒ္ဓပဋိကုဋ္ဌအနေသနာယ ဥပ္ပန္နေ့ယေဝ သင်္ဃံ ဂစ္ဆတိ။ ဝဇိရ။၃၁၇။ အနေသနာ-လည်း ကြည့်။

ဗုဒ္ဓပဋိကုဋ္ဌဂရဟိတဇီဝိတ (တိ) [ဗုဒ္ဓပဋိကုဋ္ဌဂရဟိတ + ဇီဝိတ] ဘုရားရှင် စက်ဆုပ်ကဲ့ရဲ့အပ်သော အသက်မွေးခြင်း ရှိသော၊သူ။ တဿ ဗုဒ္ဓပဋိကုဋ္ဌဂရဟိတဇီဝိတဘာဝတော နေဝ ဟာသော၊ ဇာ၊၄၊၂။၇၆။

ဗုဒ္ဓပဋိကုဋ္ဌမိစ္ဆာဇီဝ (ပ)[ဗုဒ္ဓပဋိကုဋ္ဌ+မိစ္ဆာဇီဝ] ဘုရားရှင် စက်ဆုပ်အပ်သော မှားသော အသက်မွေးမှု။ ဗုဒ္ဓပဋိကုဋ္ဌမိစ္ဆာဇီဝံ ပဟာယ သမ္မာဇီဝေန ဇီဝန်။ မ၊၃၊၃။

ဗုဒ္ဓပဋိညာတ (တိ) [ဗုဒ္ဓ+ပဋိညာတ] ဘုရားဟု ဝန်ခံသော၊သူ။ တဿ အဗုဒ္ဓဿာပိ သမာနဿ ဗုဒ္ဓပဋိညာတဿ။ သီ၊၃၊သစ်၊၂။၁၅။

ဗုဒ္ဓပဋိဘာဂ (တိ) [ဗုဒ္ဓ + ပဋိဘာဂ]ဘုရားနှင့်တူသော၊သူ။ အာနန္ဒေန ဗုဒ္ဓပဋိဘာဂေါ သာဝကော ဝါရိတော။ သံ၊၄၊၂။၁၆၃။ (–သံ၊၃၊၂။၁၆၃။)

ဗုဒ္ဓပဋိမာ (ထီ) [ဗုဒ္ဓ + ပဋိမာ] ဘုရားဆင်းတုတော်။ အောက်ပုဒ် ကြည့်။

ဗုဒ္ဓပဋိမာကရဏနိဿန္ဒ (ပု) [ဗုဒ္ဓပဋိမာကရဏ+နိဿန္ဒ] ဘုရားဆင်းတုတော် ပြုလုပ် ပူဇော်ခြင်း၏ အကျိုးဆက်။ ဗုဒ္ဓပဋိမာကရဏနိဿန္ဒေန စ ဇေဝံ တေဇဝန္တော အဟောသိ။ ဇာ၊၄၊။၃၃၁။

ဗုဒ္ဓပ (ပ္ပ) ဋိသံယုတ္တ (တိ) [ဗုဒ္ဓ+ပဋိသံယုတ္တ] ဘုရားနှင့်–ဆက်စပ်–သက်ဆိုင်– စပ်ယှဉ်–သော။ သဟဿတ္တယမတ္တံ ဗုဒ္ဓပဋိသံယုတ္တံ ပရိယတ္တိ ပက္ခိပိတ္ဝာ။ ဝဇိရ။၄၁၄။ ဥက္ကဋ္ဌနာမ နာမံ ဗုဒ္ဓပ္ပဋိသံယုတ္တံ။ ဝိ၊၂။၈။

ဗုဒ္ဓပ(ပ္ပ)မုခ (တိ) [ဗုဒ္ဓ+ပမုခ] ဘုရား–အမှူးရှိ–အဦးပြု–ဦးဆောင်–သော။ ဗုဒ္ဓပမုခဿ ဘိက္ခုသံဃဿ။ ပေတ၊၄။၁၈၀။ အထ ခေါ ဝေရဉ္ဇော ဗြာဟ္မဏော ဗုဒ္ဓပ္ပမုခံ ဘိက္ခုသံဃံ။ ဝိ၊၁။၁၂။ (– အံ၊၃။၁၉၇။) ဗုဒ္ဓပ္ပမုခန္တိ ဗုဒ္ဓပရိဏာယကံ၊ ဗုဒ္ဓံ သံဃတ္ထေရံ ကတ္ဝာ နိသိန္နန္တိ ဝုတ္တံ ဟောတိ။ ဝိ၊ ၁။၁၆၇။ (–အံ၊၄၊၃။၂၇၁။)

ဗုဒ္ဓပရမ္မုက္ကတ (တိ) [ဗုဒ္ဓပရမ္မုရ + အာဂတ] ဘုရားရှင်အဆက်ဆက်မှလာသော။ ဗုဒ္ဓပရမ္မုက္ကတ(ဗုဒ္ဓဝံ။၃၀၆)နှင့် ဒီပင်္ကရဒသဗလတော ပဌာယ ယာဝ ကဿပပရမ္မုရတော အာဂတံ ဒေသိတံ နိကီလိတံ ဝါတိ အတ္ထော။ ဗုဒ္ဓဝံ၊ ၄။၈၃။

ဗုဒ္ဓပရာယဏ (တိ) [ဗုဒ္ဓ + ပရာယဏ] ဘုရားဟူသော–ကိုးကွယ်– လည်းလျောင်း– ပုန်းအောင်း–မှီခို – အားထား– ရာရှိသော၊သူ။ “အဇ္ဇာဒိ ကတ္ဝာ အဟံ ဗုဒ္ဓပရာယဏော, ဓမ္မပရာယဏော,သံဃပရာယဏောတိ, မံ ဓာရေထာ”တိ။ ဒီ၊၄၊၁။၂၀၆။ (–အံ၊၄၊၂။၁၇။)

ဗုဒ္ဓပရိဏာယက (တိ) [ဗုဒ္ဓ + ပရိဏာယက] ဘုရား – အမှူးရှိ– အဦးပြု – ဦးဆောင်–သော။ ဗုဒ္ဓပ (ပ္ပ) မုခ-ကြည့်။

ဗုဒ္ဓပရိသာ (ထီ) [ဗုဒ္ဓ + ပရိသာ] ဘုရားရှင်၏ ပရိသတ်။ ယာဝတာ ဗုဒ္ဓပရိသာ၊ ပုပ္ပေ ဟစ္ဆာ-ဒယီ တဒါ။ အပ၊၁။၄၁။ (–ဇာ၊၂။၁၁။ ဝိ၊ ဋ္ဌ၊၃၊ ၂၆၄။ အံ၊ဋ္ဌ၊၁။၁၀၁။)

ဗုဒ္ဓပဝေဏီ (ထီ) [ဗုဒ္ဓ+ပဝေဏီ] ဘုရားအစဉ် အဆက်။ ဗုဒ္ဓတန္တိ (၂) ကြည့်။

ဗုဒ္ဓပ (ပ္ပ) သတ္ထ (တိ) [ဗုဒ္ဓ + ပသတ္ထ] ဘုရားရှင် ချီးမွမ်းအပ်သော။ ဂိလာနုပဋ္ဌာနံ နာမ ဗုဒ္ဓပသတ္ထံ ဗုဒ္ဓဝဏ္ဏိတံ။ သံ၊ဋ္ဌ၊၃၊၁။ (–အဘိ၊ဋ္ဌ၊၂။၁၁၂။) ဣဒဉ္စိ ကထိနဝတ္ထုံ နာမ ဗုဒ္ဓပွသတ္ထံ။ ဝိ၊ဋ္ဌ၊၃။၃၉၀။ (–ပဋိသံ၊ဋ္ဌ၊၁။ ၁၅၅။ သံ၊ဋ္ဌီ၊၂။၄၀၁။)

ဗုဒ္ဓပါတုဘာဝ (ပု) [ဗုဒ္ဓ+ပါတုဘာဝ] ဘုရားရှင် ထင်ရှားစွာဖြစ်ခြင်း။ အဋ္ဌ ပုရိသပုဂ္ဂလာ ဗုဒ္ဓ-ပါတုဘာဝါ ပါတုဘဝန္တိတိ။ အဘိ၊က။၅၃။ (–သံ၊ဋ္ဌ၊၁။၂၆၅။)

ဗုဒ္ဓပါရိစရိယာ (ထီ) [ဗုဒ္ဓ+ပါရိစရိယာ] ဘုရား၏ အလုပ်အကျေး။ တသ္မာ ဗုဒ္ဓပါရိစရိယာ ဝတ္တပဋိပတ္တိကိရိယာ။ အပ၊ဋ္ဌ၊၁။၃၁၆။

ဗုဒ္ဓပါဝစန (န) [ဗုဒ္ဓ + ပါဝစန] ဘုရားရှင်၏ သာသနာ၊ ဘုရားရှင်၏ မြတ်သော စကား။ ဗုဒ္ဓဓမ္မဝိနယ-ကြည့်။

ဗုဒ္ဓပိတု (ပု) [ဗုဒ္ဓ+ပိတု] ဘုရား၏ ဘခင်၊ ဘုရားခမည်းတော်။ ဗုဒ္ဓမာတာ ဗုဒ္ဓပိတာ စက္ကဝတ္တိ-ရာဇာ။ အံ၊ဋ္ဌ၊၁။၇၆။ ဣတိဝုတ်၊ဋ္ဌ။၂၄၀။ (–ဓမ္မ၊ဋ္ဌ၊၂။၅၁။)

ဗုဒ္ဓပိတိသမာယုတ (တိ) [ဗုဒ္ဓပိတိ+သမာယုတ] ဘုရားဌ နှစ်သက်ခြင်း ပီတိနှင့် ယှဉ်သော။ ဂုဏ် ဝဒန္တော ဗုဒ္ဓဿ၊ ဗုဒ္ဓပိဘိသမာယုတော။ အပ၊၂။၁၁၁။

ဗုဒ္ဓပုည (န) [ဗုဒ္ဓ+ပုည] ဘုရားရှင်၏ ဘုန်းကံ။ ရာဇပုညေန နိဗ္ဗတ္တံ၊ ဗုဒ္ဓပုညေန ဘူသိတံ။ အပ၊၂။၂၂၅။ ထေရီ၊ဋ္ဌ။၁၃၅။

ဗုဒ္ဓပုတ္တ (ပု) [ဗုဒ္ဓ+ပုတ္တ] ဘုရားသားတော်။ ဇဟန္တိ ပုရိမံ နာမံ၊ "ဗုဒ္ဓပုတ္တာ"တိ ဉာယရေ။ အပ၊၁။၃၀။ ဗုဒ္ဓပုတ္တာတိ ဗုဒ္ဓဿ သြရသာ။ အပ၊ဋ္ဌ၊၁။၂၆၀။

ဗုဒ္ဓပူဇတ္ထ (ပု) [ဗုဒ္ဓပူဇာ+အတ္ထ] ဘုရားအား ပူဇော်ခြင်းအကျိုး။ ဝဿဇန္တော ဗုဒ္ဓပူဇတ္ထံ၊ နိဋ္ဌံ ဂန္တွာ နံ ပဇဟံ။ အပ၊၂။၁၄၄။

ဗုဒ္ဓပူဇာ (ထီ) [ဗုဒ္ဓ+ပူဇာ] ဘုရား–အား–ကို–ပူဇော်ခြင်း။ ပရိဝါရေဿန္တိ မံ နိစ္စံ၊ ဗုဒ္ဓ-ပူဇာယိဒံ ဖလံ။ အပ၊၁။၂၄၊

ဗုဒ္ဓပေမဂတ (တိ) [ဗုဒ္ဓပေမ+ဂတ] ဘုရား၌–ချစ်ခင်–ကြည်ညို– ခြင်းသို့ ရောက်သော။ အောက်ပုဒ်ကြည့်။

ဗုဒ္ဓပေမဂတာသယ (တိ) [ဗုဒ္ဓပေမဂတ+ အာ-သယ] ဘုရား၌–ချစ်ခင်–ကြည်ညို–ခြင်းသို့ ရောက်သော အလိုဆန္ဒရှိသော၊သူ။ တဒါ မု-ဒိတစိတ္တံ မံ၊ ဗုဒ္ဓပေမဂတာသယံ။ အပ၊၂။ ၁၄၄။

ဗုဒ္ဓပေါသက (တိ) [ဗုဒ္ဓ+ပေါသက။ ထီ၌ ပေါ သိကာ] ဘုရားကို မွေးမြူတတ်သော၊သူ။ ယတ္ထ နာမ ဇိနသာယံ၊ မာတုစ္ဆာ ဗုဒ္ဓ ပေါသိကာ။ အပ၊၂။၂၁၁။ (–၂၂၁။)

ဗုဒ္ဓပွမုခ (တိ) [ဗုဒ္ဓ+ပမုခ] ဘုရား–အမှူးရှိ–အဦးပြု–ဦးဆောင်–သော။ ဗုဒ္ဓပ(ပ္ပ)မုခ-ကြည့်။

ဗုဒ္ဓပဝေဒိတ (တိ) [ဗုဒ္ဓ+ပဝေဒိတ] ဘုရားရှင်–သိစေအပ်–ဟောကြားအပ်–ပြအပ်–သော။ ပါမောဇ္ဇ ဗဟုလော ဘိက္ခု၊ ဓမ္မေ ဗုဒ္ဓပွဝေ-ဒိတေ။ ထေရ။၂၂၂။ (–သံ၊၁။၄၇၂။) တတ္ထ ဓမ္မေတိ.....သော ဟိ သဗ္ဗညုဗုဒ္ဓေန သာမုက္ကံသိကာယ ဒေသနာယ ပကာသိ-တတ္တာ သာတိသယံ ဗုဒ္ဓပွဝေဒိတော နာမ။ ထေရ၊ဋ္ဌ၊၁။၆၉။

ဗုဒ္ဓပွဿဒေဝ (ပု) [ဗုဒ္ဓ+ပဿာဒ] ဘုရား၌ ကြည်ညိုခြင်း။ ဗုဒ္ဓပွဿဒေါ တနုတ္တံ ဂတောဝါ။ သံ၊ဋ္ဌ၊၁။ ၂၀၇။ သာရတ္ထ၊၃။၃၉၇။

ဗုဒ္ဓဗလ (နာ) [ဗုဒ္ဓ + ဗလ] ဘုရားရှင်၏ ဉာဏ်တော်အား။ ဧဝံ ဗုဒ္ဓဗလံ ဒီပေတွာ။ ဒီ၊ဋ္ဌ၊၁။ ၁၁၈။ (– အပ၊၂။၂၉၉။ မိလိန္ဒ။၁၅၆။) ဗုဒ္ဓဗလန္တိ ဗုဒ္ဓါနံ ဉာဏဗလံ။ သီ၊ဋ္ဌ၊သစ်၊၁။ ၄၇၁။ ဗလ[၁] (၁) လည်း-ကြည့်။

ဗုဒ္ဓဗလဒီပန (ထီ၊နာ) [ဗုဒ္ဓဗလ+ဒီပန] ဘုရားရှင်၏ အားအစွမ်းကို ပြခြင်း။ အပိ စ ဗုဒ္ဓဗလ-ဒီပနတ္ထံ နိမိတ္တောဘာသကရဏံ။ ဥဒါန၊ဋ္ဌ။ ၂၉၇။

ဗုဒ္ဓဗလပရိဒီပန (ထီ၊နာ) [ဗုဒ္ဓဗလ + ပရိဒီပန] ဘုရားရှင်၏ အားအစွမ်းကို ပြခြင်း။ အပိ စ မဟာဆုဇ ဣမံ့ ကာရဏံ ဗုဒ္ဓဗလပရိဒီပနာယ ဩသာရိတံ။ မိလိန္ဒ။၂၃၂။ ဒီ၊ဋ္ဌ၊၃။၈၆။ မ၊ဋ္ဌ၊၄။၈၄။

ဗုဒ္ဓဗလပါရမီ (ထီ) [ဗုဒ္ဓ+ဗလပါရမီ] ဘုရားရှင်၏ အားတော်အထုတ်အထိပ်။ အနန္တဗလော ဗုဒ္ဓဗလပါရမိံ ဂတောဝါ။ မိလိန္ဒ။၃၁၆။

ဗုဒ္ဓဗီဇ (နာ) [ဗုဒ္ဓ+ဗီဇ] ဘုရားမျိုးစေ့၊ ဘုရားလောင်း။ အာမောဒိတာ နရမရူ၊ ဗုဒ္ဓဗီဇံ ကိရ အယံ။ ဗုဒ္ဓဝံ။၃၁၂။ (– အဘိ၊ဋ္ဌ၊၁။ ၄၅။) ဗုဒ္ဓဗီဇံ ကိရ အယန္တိ အယံ ကိရ ဗုဒ္ဓ-ကုံရော ဥပ္ပန္နောတိ အာမောဒိတာတိ အတ္ထော။ ဗုဒ္ဓဝံ၊ဋ္ဌ။၁၂၃။

ဗုဒ္ဓဗောဓိပ္ပ (တိ) [ဗုဒ္ဓ + ဗောဓိပ္ပ] ဘုရားဟူသိအပ်သော၊သူ။ ဗုဒ္ဓေါတိ ဝိဗုဒ္ဓေါ၊ ဗုဒ္ဓ-ဗောဓိပ္ပော ဝါ၊ သုတ္တနိ၊ဋ္ဌ၊၂။၁၄၉။

ဗုဒ္ဓဗျာကရဏ (နာ) [ဗုဒ္ဓ+ဗျာကရဏ] ဘုရားအဖြစ်ကို ပြောကြားခြင်း၊ ဘုရားဗျာဒိတ်ကြားခြင်း၊ ဘုရား ဖြစ်လိမ့်မည် ဟူသော ဗျာဒိတ်။ ဗုဒ္ဓဗျာကရဏံ အလဒ္ဓါ နု ဥဋ္ဌဟိ-ဿာမီတိ ဝိရိယမဓိဋ္ဌာယ နိပဇ္ဇနံ။ ဗုဒ္ဓဝံ၊ဋ္ဌ။ ၃၉။

ဗုဒ္ဓဗြဟ္မစရိယ (နာ) [ဗုဒ္ဓ+ဗြဟ္မစရိယ] ဘုရားရှင်၏သာသနာ။ ဗုဒ္ဓဓမ္မဝိနယ-ကြည့်။

ဗုဒ္ဓဘဏိတ (တိ) [ဗုဒ္ဓ + ဘဏိတ] ဘုရားရှင်–ရွတ်အပ်–ဟောကြားအပ်–သော။ ယာဝတာ ဗုဒ္ဓဘဏိတံ၊ နဝင်္ဂသတ္ထုသာသနံ။ အပ၊၁။ ၄၈။ (– အပ၊၂။၃၇၆။ ဗုဒ္ဓဝံ၊ဋ္ဌ။၃၁၁။) ဗုဒ္ဓဘဏိတံ ဗုဒ္ဓေန ဒေသိတံ။ အပ၊ဋ္ဌ၊၁။ ၃၂၄။

ဗုဒ္ဓဘတ္တိ (တိ) [ဗုဒ္ဓ + ဘတ္တိ] ဘုရားကို ဆည်းကပ်ခြင်း ရှိသော၊သူ။ ခိဏော အာယုသိ-နိဗ္ဗာနံ၊ သုလဘံ ဗုဒ္ဓဘတ္တိနော။ အပ၊၂။ ၁၁၀။

ဗုဒ္ဓဘာဝ (ပု) [ဗုဒ္ဓ + ဘာဝ] (၁) ဘုရား၏အဖြစ်။ (၂) ဘုရားဖြစ်ရာ။ (၁) ဗုဒ္ဓဘာဝ (ဒီ၊ဋ္ဌ၊၁။၁)နှင့် သမ္မာသမ္ဗောဓိံ။ ဒီ၊ဋ္ဌ၊၁။ ၁၀။ (၂) ဗုဒ္ဓဘာဝကွဏ-ကြည့်။

ဗုဒ္ဓဘာဝကရဓမ္မသမာရမ္ဘ (ပု) [ဗုဒ္ဓဘာဝကရ ဓမ္မ + သမာရမ္ဘ] ဘုရားအဖြစ်ကို ပြုတတ်သော တရားကို အားထုတ်ခြင်း။ စတုတ္ထော ဗုဒ္ဓဘာဝကရဓမ္မသမာရမ္ဘတော ပဋ္ဌာယ။ သီ၊ဋ္ဌ၊သစ်၊၂။၆၃။

ဗုဒ္ဓဘာဝကာရက (တိ) [ဗုဒ္ဓဘာဝ+ကာရက] ဘုရားအဖြစ်ကို ပြုတတ်သော။ ဣဒါနိ ဗုဒ္ဓ-ဘာဝကာရကေ ဓမ္မေ ပုစ္ဆန္တော။ ဗုဒ္ဓဝံ၊ဋ္ဌ။ ၃၉။

ဗုဒ္ဓဘာဝကွဏ (ပု) [ဗုဒ္ဓဘာဝ + ခဏ] ဘုရားဖြစ်ရာ အခါ၊ ဘုရားဖြစ်ချိန်။ အနာဂတေ ပန မေတ္တေယျဒီဗုဒ္ဓါ ပစ္စေကဗုဒ္ဓါ စ ဗုဒ္ဓ-ဘာဝကွဏံ ဥဒ္ဒိဿ ဝန္ဒိတမ္ဘာဝေ။ ဝိမတိ၊ဋ၊ ၃၆။

ဗုဒ္ဓဘာဝဃောသနာ (ထီ) [ဗုဒ္ဓဘာဝ + ဃော-သနာ] ဘုရားအဖြစ်ကို ကြေးကြော်ခြင်း။ နအတ္တနော ဗုဒ္ဓဘာဝဃောသနတ္ထာယ။ ဒီ၊ဋ္ဌီ၊ ၃။၂၂။

ဗုဒ္ဓဘာဝတ္ထိက (တိ) [ဗုဒ္ဓဘာဝ + အတ္ထိက] ဘုရားအဖြစ်ကို –အလိုရှိ–တောင့်တ–သော၊ ဘုရားဖြစ်လိုသော၊သူ။ ဝရဒေါ ဗုဒ္ဓဘာ-ဝတ္ထိကာနံ တဒုပါယသမ္ပဒါနေန။ ခုဒ္ဒကဋ္ဌ။ ၁၆၂။ သုတ္တနိ၊ဋ္ဌ၊၁။၂၉၀။

ဗုဒ္ဓဘာဝနိပ္ပတ္တိ (ထီ) [ဗုဒ္ဓဘာဝ+နိပ္ပတ္တိ] ဘုရားအဖြစ်၏ ပြီးခြင်း။ တဒါ ဟိဿ ဗုဒ္ဓဘာဝ-နိပ္ပတ္တိတိ။ အံ၊ဋ္ဌီ၊၁။၁၃၆။

ဗုဒ္ဓဘာဝပတ္ထနာ (ထီ) [ဗုဒ္ဓဘာဝ + ပတ္ထနာ] ဘုရားအဖြစ်ကို တောင့်တခြင်း။ ဗုဒ္ဓဘာဝ-ပတ္ထနာ ပကိဏ္ဏ။ သီ၊ဋ္ဌီ၊သစ်၊၂။၂၂၈။

ဗုဒ္ဓဘာဝပတ္ထ (တိ) [ဗုဒ္ဓဘာဝ + ပတ္ထ] ဘုရားအဖြစ်သို့ ရောက်သော၊သူ။ ဗုဒ္ဓဘာဝပတ္ထ-သော စ နာထသာ နမော ကတော ဟောတိ။ ဝဇီရ။၇။

ဗုဒ္ဓဘာဝပတ္ထိ (ထီ) [ဗုဒ္ဓဘာဝ + ပတ္ထိ] ဘုရားအဖြစ်သို့ ရောက်ခြင်း။ အန္တရာ ဧဝ ဗုဒ္ဓဘာဝ-ပတ္ထိ နာမ နတ္ထိ။ ထေရဂါ၊ဋ္ဌ၊၁၁၁-၂။ (–သာရတ္ထ၊၂။၆။)

ဗုဒ္ဓဘာဝမဂ္ဂ (ပု) [ဗုဒ္ဓဘာဝ + မဂ္ဂ] ဘုရားဖြစ်ကြောင်း လမ်းစဉ်။ သမ္ဘဒုက္ခက္ခယံ ဗုဒ္ဓဘာဝ-မဂ္ဂံ ပဋိပဇ္ဇထ။ ဗုဒ္ဓဝံ၊ဋ္ဌ။၀၄။

ဗုဒ္ဓဘာဝသိဒ္ဓိ (ထီ) [ဗုဒ္ဓဘာဝ + သိဒ္ဓိ] ဘုရားအဖြစ်ပြီးခြင်း။ ပညာယ ဗုဒ္ဓဘာဝသိဒ္ဓိ။ ဣတိဝုတ်၊ဋ္ဌ။၁၄။ စရိယာ၊ဋ္ဌ။၂၀၁။ အံ၊ဋ္ဌီ၊ ၁။၁၁။

ဗုဒ္ဓဘာဝဟေတု (ထီ) [ဗုဒ္ဓဘာဝ+ဟေတု] ဘုရားဖြစ်ခြင်း၏ အကြောင်း။ တမေတံ ဗုဒ္ဓါနမ္မိ ဗုဒ္ဓဘာဝဟေတုဘူတံ။ ဒီ၊ဋ္ဌီ၊၁။၁၀။ မ၊ဋ္ဌီ၊၁။ ၁၀။ သံ၊ဋ္ဌီ၊၁။၁၀။

ဗုဒ္ဓဘာဝါနုစ္ဆဝိက (တိ) [ဗုဒ္ဓဘာဝ+အနုစ္ဆဝိက] ဘုရားအဖြစ်အား လျော်သော၊သူ။ ဗုဒ္ဓဘာ-ဝါနုစ္ဆဝိကဿ ဗောဓိသတ္တဿနုဘာဝဿ ယာ-ထာဝတော ပဝေဒိတတ္တာ။ ဒီ၊ဋ္ဌီ၊၂။၃၃။ မ၊ဋ္ဌီ၊၃။၃၄၂။

ဗုဒ္ဓဘာဝါဝဟ (တိ) [ဗုဒ္ဓဘာဝ + အာဝဟ] ဘုရားအဖြစ်ကို ရွက်ဆောင်တတ်သော။ ဝိ-ဝဋ္ဋဒေါတိ ဝစနံ ဗုဒ္ဓဘာဝါဝဟမေဝ သဗ္ဗ-ကိလေသပဟာနံ ဝိဘာဝေတိ။ ဒီ၊ဋ္ဌီ၊၁။၂၉၅။ မ၊ဋ္ဌီ၊၃။၁၇၀။

ဗုဒ္ဓဘာဝါဝဟပဗ္ဗဇ္ဇာ (ထီ) [ဗုဒ္ဓဘာဝါဝဟာ+ပဗ္ဗဇ္ဇာ] ဘုရားအဖြစ်ကို ရွက်ဆောင်တတ်သော ရဟန်းအဖြစ်။ ဒုတိယော ဗုဒ္ဓဘာဝါ-ဝဟပဗ္ဗဇ္ဇတော ပဋ္ဌာယ။ ဒီ၊ဋ္ဌီ၊၁။၂၃၅။ သီ၊ဋ္ဌီ၊သစ်၊၂။၆၃။

ဗုဒ္ဓဘာဝိ (တိ) [ဗုဒ္ဓ+ဘာဝိ] ဘုရားဖြစ်လတ္တံ့သော၊သူ။ (ဘုရားလောင်း)။ ဗုဒ္ဓတန္တိ (၁) ကြည့်။

ဗုဒ္ဓဘာသိတ (တိ) [ဗုဒ္ဓ+ဘာသိတ] ဘုရားရှင်ဟောကြားအပ်သော။ ဓမ္မော နာမ ဗုဒ္ဓဘာ-သိတော သာဝကဘာသိတော။ ဝိ၊၂။၂၆၊ ၃၄၊၂၆၂။ ဗုဒ္ဓဘာသိတောတိ သကလံ ဝိန-ယပိဋကံ....ပြဟ္မဇာလာဒိနိ စ သုတ္တာနိ။ ဝိ၊ဋ္ဌ၊ ၃။၈။

ဗုဒ္ဓဘာသိတဘာဝဒဿန (န) [ဗုဒ္ဓဘာသိတ-ဘာဝ+ဒဿန] ဘုရားဟောတရား၏အဖြစ်ကို ပြခြင်း။ တံ ဗုဒ္ဓဘာသိတဘာဝဒဿနေန ပဋိသေဓေတုံ "သမ္မာသမ္ဗုဒ္ဓေါတိ" တိအာဒိ-မာဟ။ မူလဋ္ဌီ၊၁။၁၄။

ဗုဒ္ဓဘာသိတဘာသိတ (တိ) [ဗုဒ္ဓ + ဘာသိတ-ဘာသိတ] ဘုရားရှင်ဟောတိုင်း ဟောတိုင်း

သော။ တထာပိ ဗုဒ္ဓပုတ္တာနံ၊ ဗုဒ္ဓဘာသိတ-ဘာသိတံ။ ဝင်ရ။၅၄၉။

ဗုဒ္ဓဘူတကာလ (ပု) [ဗုဒ္ဓဘူတ+ကာလ] ဘုရား ဖြစ်သောအခါ။ ဗုဒ္ဓဘူတကာလေ စတုတ္ထဇ္ဈာ-နိကဖလသမာပတ္တိရတိယာ ဝီတိဝတ္တနကာ-လော။ မ၊ဌ၊၃။၁၅၂။

ဗုဒ္ဓဘူတပုဗ္ဗ (တိ) [ဗုဒ္ဓ +ဘူတပုဗ္ဗ] ဘုရားဖြစ် ဘူးသော၊သူ။ ဣမေ ပဋ္ဌ မဟာပရိစ္စာဂေ အပရိစ္စင်တွာ ဗုဒ္ဓဘူတပုဗ္ဗော နာမ နတ္ထိ။ ဇာ၊ဋ္ဌ၊၇။၃၃၃။

ဗုဒ္ဓဘူမိ (ထီ) [ဗုဒ္ဓ+ဘူမိ] (၁) (က) ဘုရား ရှင်တို့၏–ဖြစ်ရာ–ဘုံ–ဌာန၊ ဘုရားအဆင့် အတန်း။ (ခ) ဘုရားဖြစ်သော အခိုက်အတန့်၊ ဘုရားအဖြစ်။ (ဤနေရာ၌ အရဟတ္တမဂ် ဉာဏ် သဗ္ဗညုတဉာဏ်တော်ကို ဗုဒ္ဓဘူမိဟု ခေါ်သည်။) (၂) ဘုရား ဖြစ်ခြင်း၏ အကြောင်း။ (ဤနေရာ၌မူ ဥဿာဟ, ဥမင်္ဂ, အဝတ္ထာန, ဟိတစရိယာ ဤ ၄-ပါးကို ဗုဒ္ဓ-ဘူမိဟုဆိုသည်။ သုတ္တနိ၊ဋ္ဌ၊၁။၄၅။ စရိယာ၊ ဋ္ဌ။၂၇။ ဒီ၊ဋ္ဌ၊၁။၇၃။ သီ၊ဋ္ဌ၊သစ်။၁။၂၅၉။ အကျယ်ကို မဟာဗုဒ္ဓဝင်၊ ပထမတဲ့၊ ဒုတိယ ပိုင်း၊ နှာ ၁၄၀-၁၄၁-ကြည့်။) (၁)(က)(ခ) ယံ ဘဂဝါ ဗုဒ္ဓဘူမိံ ပတ္တော။ ဒီ၊ဋ္ဌ၊၁။၁၄၁။ (–အပ၊၁။၅၂။ အပ၊၂။၁၅၁။ အံ၊ဋ္ဌ၊၁။၄၃။ အဘိ၊ဋ္ဌ၊၁။၅၃။) (က) ဗုဒ္ဓဘူမိန္တိ ဗုဒ္ဓဋ္ဌာနံ၊ အာသဝက္ခယဉာဏံ, သဗ္ဗညုတဉာဏဉ္စ။ သီ၊ဋ္ဌီ၊ သစ်၊၂။၃၀။ (ခ) ဘူမိသဒ္ဒေါ ဝါ အဝတ္ထာ-ဝါစကော၊ ဗုဒ္ဓါဝတ္ထံ။ သီ၊ဋ္ဌီ၊သစ်၊၂။၃၀။ (၂) စတဿော ခေါ သာရိပုတ္တ ဗုဒ္ဓဘူမိ-ယော။ သုတ္တနိ၊ဋ္ဌ၊၁။၄၅။ ဒီ၊ဋ္ဌီ၊၁။၇၃။ ယာ စ ဗုဒ္ဓဘာဝဿ ဥပ္ပတ္တိဋ္ဌာနတာယ "ဗုဒ္ဓဘူမိ-ယော"တိ ဝုစ္စန္တိ။ သီ၊ဋ္ဌီ၊သစ်၊၁။၂၅၉။

ဗုဒ္ဓဘူမိဂတ (တိ) [ဗုဒ္ဓဘူမိ+ဂတ] ဘုရားအရာ သို့ ရောက်သော၊ ဘုရားအဖြစ်သို့ ရောက် သော၊သူ။ ပဋမေ ဝိကပ္ပေ အဝိသေသဘူတာ ဗုဒ္ဓဘူမိဂတာ။ သီ၊ဋ္ဌီ၊သစ်၊၁။၀။

ဗုဒ္ဓဘူမိပရိယောသာန (န) [ဗုဒ္ဓဘူမိ+ပရိယော-သာန] ဘုရားအဖြစ်လျှင် အဆုံးရှိသော။ ဗုဒ္ဓဘူမိပရိယောသာနံ ပုညသမ္ဘဒါနုဘာဝေန အဓိဂန္တဗ္ဗမတ္တံ။ ခုဒ္ဒက၊ဋ္ဌ။၁၉၇။

ဗုဒ္ဓမန္တ (ပု) [ဗုဒ္ဓ+မန္တ] (၁) ဗုဒ္ဓမန္တန်၊ ဘုရား ရှင်၏ ဗေဒင်တော်။ (၂) ဗုဒ္ဓမန္တန်၊ ဘုရား ရှင်၏လက္ခဏာကို ပြသောကျမ်း။ (၁) ဗုဒ္ဓ မန္တော နာမာယံ မာဏဝါတိ။ ဝိ၊ဋ္ဌ၊၁။၃၁။ (၂) သောဠသသဟဿဂါထာပရိမာဏာ ဗုဒ္ဓမန္တာ နာမ အဟေသုံ။ ဒီ၊ဋ္ဌ၊၁။၂၂၀။ မ၊ဋ္ဌ၊၃။၂၄၉။ အံ၊ဋ္ဌ၊၂။၁၄၆။ ပဓာနဝသေန ဗုဒ္ဓါနံ လက္ခဏဒီပနတော ဗုဒ္ဓမန္တော နာမ။ သီ၊ဋ္ဌီ၊သစ်၊၂။၂၂၅။

ဗုဒ္ဓမဟန္တတာ (ထီ) [ဗုဒ္ဓမဟန္တ+တာ] ဘုရား ရှင်၏ မြတ်သည်၏ အဖြစ်၊ ဘုရားရှင်၏ မြတ်သောဂုဏ်တော်။ ဗုဒ္ဓမဟန္တတာ အာဘိဏှံ ပစ္စဝေက္ခိတဗ္ဗာ။ ဒီ၊ဋ္ဌီ၊၁။၉၁။

ဗုဒ္ဓမဟာဂန္ဓဟတ္ထိ (ပု) [ဗုဒ္ဓ+မဟာဂန္ဓဟတ္ထိ] ဘုရားရှင်တည်းဟူသော–မဟာဂန္ဓဆင်–ဂန္ဓ ဆင်ကြီး။ ဟန္ဒာဟံ ဗုဒ္ဓမဟာဂန္ဓဟတ္ထိနော-ဂုဏော ပါကဋော ကရိဿာမိတိ။ ထေရ၊ဋ္ဌ၊၂။ ၂၅၀။

ဗုဒ္ဓမဟာနာဂ (ပု) [ဗုဒ္ဓ+မဟာနာဂ] ဘုရားရှင် တည်းဟူသော ဆင်ပြောင်ကြီး။ အယံ မဟာ ဇနော ဣမံ တိရစ္ဆာနဂတံ နာဂံ ပသံသတိ နု ဗုဒ္ဓမဟာနာဂံ။ ထေရ၊ဋ္ဌ၊၂။၂၅၀။

ဗုဒ္ဓမဟာနုဘာဝ (ပု) [ဗုဒ္ဓ + မဟာနုဘာဝ] ဘုရားရှင်၏ ကြီးမြတ်သော အာနုဘော်။ အသမ္မုခံ ဗုဒ္ဓမဟာနုဘာဝံ။ ဝင်ရ။၅၀၄။ ကခ်၊ဋ္ဌီ။၄၀။

ဗုဒ္ဓမဟာမေဃ (ပု) [ဗုဒ္ဓ+မဟာမေဃ] ဘုရားရှင်တည်းဟူသော မိုးကြိုး။ ဝဿန္တေတိ ဗုဒ္ဓမဟာမေဃော ဝဿန္တေ။ ဗုဒ္ဓဝံ၊၃။ ၂၀၇။

ဗုဒ္ဓမာတု (ထီ) [ဗုဒ္ဓ+မာတု] ဘုရားမိခင်၊ ဘုရားမယ်တော်။ ဗုဒ္ဓပိတု·ကြည့်။

ဗုဒ္ဓမာမက (တိ) [ဗုဒ္ဓ + မာမက] ဘုရားကို မြတ်နိုးတတ်သော၊သူ။ တေ ပန သဒ္ဓါ ပဿန္နာ ဗုဒ္ဓမာမကာ ဓမ္မမာမကာ သံဃမာမကာ။ ဝိ၊၃။၁၄၅။ (–အဗ၊၂။၁၂၀။ မဟာနိ။၉၆။) အမှာကံ ဗုဒ္ဓါတိ ဧဝံ ဗုဒ္ဓံ မမာယန္တီတိ ဗုဒ္ဓမာမကာ။ သာရတ္ထ၊၁။၄၂၇။

ဗုဒ္ဓမိတ္တ (ပု) [ဗုဒ္ဓ + မိတ္တ] ဗုဒ္ဓမိတ္တမည်သူ။ ဗုဒ္ဓမိတ္တောတိ နာမေန၊ ဝိဿုတဿ ယသဿိ·နော။ ဝိ၊၃။၂၆၃။ (–ဇာ၊၃။၁။၂။)

ဗုဒ္ဓမိတ္တတ္ထေရ (ပု) [ဗုဒ္ဓမိတ္တ+ ထေရ] ဗုဒ္ဓမိတ္တထေရ်။ အာစရိယာ နာမ ဗုဒ္ဓမိတ္တတ္ထေရ·ဓမ္မသိရိတ္ထေရ ဥပတိဿတ္ထေရာဒယော ဂဏ·ပါမောက္ခာ။ ဝင်္သ။၁၄၇။

ဗုဒ္ဓမုနိ (ပု) [ဗုဒ္ဓ + မုနိ] ဘုရားရှင်ဟူသော ရဟန်း။ မုနီတိ ဗုဒ္ဓမုနိ။ ဒီ၊၃၊ ၂။၁၄၇။

ဗုဒ္ဓမေဃ (ပု) [ဗုဒ္ဓ + မေဃ] ဘုရားတည်းဟူသော မိုး။ ဓမ္မဝဿနကော ဗုဒ္ဓမေဃော။ ဗုဒ္ဓဝံ၊၃။ ၂၀၉။

ဗုဒ္ဓယာန (န) [ဗုဒ္ဓ+ယာန] ဘုရားဘုံသို့ သွားကြောင်း ယာဉ်၊ဘုရားဖြစ်ကြောင်းကျင့်စဉ်။ (ဘုရားရှင်တို့ သွားလာအပ်သော လက္ခဏာတည်းဟူသော ယာဉ်။ သျှ)။ သမ္မာသမ္ဗုဒ္ဓ·ဘာဝါဓိဂမာယ ဗုဒ္ဓယာနံ ပဋိပဇ္ဇန္တာနံ။ သီ၊ဋ္ဌီ၊သစ်၊၁။၃။

ဗုဒ္ဓယုတ္တက (တိ) [ဗုဒ္ဓ+ယုတ္တက] ဘုရားရှင်အား သင့်လျော် လျောက်ပတ်သော။ မဟာရဟံ ပညာပယိ်၊ အာသနံ ဗုဒ္ဓယုတ္တကံ။ အပ၊၁။ ၁၀၆။ ထေရာ၊၃၊၂။၁၃၃။

ဗုဒ္ဓရံသိ (ထီ) [ဗုဒ္ဓ+ရံသိ] ဘုရားရှင်၏အရောင်၊ ဘုရားရောင်ခြည်တော်။ ဗုဒ္ဓရံသိဟိ ဖုဋ္ဌောသ္မိ၊ ပူဇေသိ˚ ဒ္ဒိပဒုတ္တမံ။ အပ၊၁။ ၂၁၅။ (–အပ၊၃၊၁။ ၂၉၅။ ဇာ၊၃၊၅။၄၄၂။)

ဗုဒ္ဓရက္ခိတ (ပု) [ဗုဒ္ဓ + ရက္ခိတ] ဗုဒ္ဓရက္ခိတမည်သူ။ နာမလေသော နာမ ဗုဒ္ဓရက္ခိတော ဒိဋ္ဌော ဟောတိ။ ဝိ၊၁။ ၂၅၀။ (–ဝိ၊၃၊၁။၄၇။ ဒီ၊၃၊ ၂။၃၃၅။ သံ၊၃၊၁။၁၄၂။)

ဗုဒ္ဓရက္ခိတတ္ထေရ (ပု) [ဗုဒ္ဓရက္ခိတ+ထေရ] ဗုဒ္ဓ·ရက္ခိတထေရ်။ ယံ ဝါ အာယသ္မတော ဗုဒ္ဓရက္ခိ·တတ္ထေရဿ ယဿ နက္ခမတိတိ။ ဝိ၊၃၊၄။ ၂၄၇။ (–ဝိသုဒ္ဓိ၊၁။၁၅၀။)

ဗုဒ္ဓရတန (န) [ဗုဒ္ဓ + ရတန] ဘုရားရတနာ။ တိဏ္ဏံ ရတနာနံ ဥပ္ပါဒေါ ဗုဒ္ဓရတနဿ ဓမ္မ·ရတနဿ သံဃရတနဿ။ နေတ္တိ။၁၅၂။

ဗုဒ္ဓရတနပဏာမ (ပု) [ဗုဒ္ဓရတန + ပဏာမ] ဘုရားရတနာ–အား–ကို–ရှိခိုးခြင်း။ ဗုဒ္ဓ·ရတနပဏာမဉ္စ ကရောန္တော။ သီ၊ဋ္ဌီ၊သစ်၊၁။ ၆။

ဗုဒ္ဓရတနမူလက (တိ) [ဗုဒ္ဓရတန+မူလ+က] ဘုရားရတနာလျှင် အကြောင်းရင်းရှိသော။ ဗုဒ္ဓရတနမူလကာနိ ဟိ ဓမ္မသံဃရတနာနိ။ သီ၊ဋ္ဌီ၊သစ်၊၁။၅။ (–မ၊ဋ္ဌီ၊၃။၁၆၃။)

ဗုဒ္ဓရတနသိဒ္ဓိ (ထီ) [ဗုဒ္ဓရတန + သိဒ္ဓိ] ဘုရားရတနာအဖြစ် ပြီးစီးခြင်း။ တထာ ဗလေဟိ ဗုဒ္ဓရတနသိဒ္ဓိ။ ဣတိဝုတ်၊၃။၁၄။

ဗုဒ္ဓရသ္မိ (ထီ) [ဗုဒ္ဓ+ရသ္မိ] ဘုရားရှင်၏အရောင်၊ ဘုရားရောင်ခြည်တော်။ ဆဗ္ဗဏ္ဏာနံ ဗုဒ္ဓရသ္မိနံ အန္တော ပဝိသိတ္ဝာ။ ဒီ၊၃၊ ၂။၇၅။ (–မ၊၃၊၃။ ၁၅။)

ဗုဒ္ဓရုစိ (ထီ) [ဗုဒ္ဓ + ရုစိ] ဘုရားရှင်သာသနာ၊ ဘုရားရှင် နှစ်သက်အပ်သော သာသနာ။ ဗုဒ္ဓအာဒါယ·ကြည့်။

ဗုဒ္ဓရူပ (န) [ဗုဒ္ဓ + ရူပ] (၁) ဘုရားရှင်၏–အဆင်း–ရူပါရုံ။ (၂) ဘုရားရှင်၏ အသွင်သဏ္ဌာန်၊ ဘုရားဆင်းတု၊ ဘုရားရုပ်ပုံတော်။ (၁) ရူပပဟာဏသာ ဟိ ဗုဒ္ဓရူပတော ဥတ္တရိ ပသာဒါဝဟံ ရူပံ နာမ နတ္ထိ။ အဘိ၊ဋ္ဌ၊၃၀။ (– သာရတ္ထ၊၃။၁၀၇။) (၂) ဗုဒ္ဓရူပံ ပဿန္တော။ ဝိ၊ဋ္ဌ၊၁။၃၃။ (–အံ၊ဋ္ဌ၊၁။၇၀။ ဝိသုဒ္ဓိ၊၁။၂၂၁။)

ဗုဒ္ဓရူပကာယသဘာဝ (ပု) [ဗုဒ္ဓရူပကာယ+သဘာဝ] ဘုရားရှင်၏–ရူပကာယသဘော–ရုပ်ခန္ဓာကိုယ်၏ သဘော။ သုပါကဋံ သဘာဝသိဒ္ဓံ ဗုဒ္ဓရူပကာယသဘာဝံ။ မ၊ဋ္ဌီ၊၃။၃၉၆။

ဗုဒ္ဓရူပဒဿန (န) [ဗုဒ္ဓရူပ+ဒဿန] ဘုရားရှင်အဆင်းကို မြင်ခြင်း။ သတိပိ သညာဝိပလ္လာသေ ဗုဒ္ဓရူပဒဿနာဒီသု ကုသလဝိပါကသော်ဝ။ မူလဋ္ဌီ၊၂။၁၀။

ဗုဒ္ဓရူပရတိ (ထီ) [ဗုဒ္ဓရူပ + ရတိ] ဘုရားရှင်အဆင်းဌဋ္ဌမွေ့လျော်ခြင်း။ဗုဒ္ဓရူပရတိ ဉ တွာ၊ တဒါ ဩဝဒိ မံ ဇိနော။ အပ၊၂။၁၁၇။

ဗုဒ္ဓလီ (ဋ္ဌိ) လာ(ထီ) [ဗုဒ္ဓ + လီ (ဋ္ဌိ) လာ] ဘုရားရှင်၏ တင့်တယ်စံပယ်ခြင်း။ ဗုဒ္ဓဝိသယံ ဗုဒ္ဓလိလံ ဥပဓာရေဿာမ။ ဓမ္မ၊ဋ္ဌ၊၁။၂၇၉။ (–ဥဒါန။ဋ္ဌ၊၉၃။ ဝိမာန'ဋ္ဌ။၂၀၁။) ဗုဒ္ဓဝံသယံ ဗုဒ္ဓလိလံ ပဿိဿာမ။ ဓမ္မ၊ဋ္ဌ၊၁။၂၂။ (–အပ၊ဋ္ဌ၊၁။၆၆။ ဗုဒ္ဓဝံ။ဋ္ဌ။၂၇။)

ဗုဒ္ဓဝံသ (ပု) [ဗုဒ္ဓ+ဝံသ] (၁) ဘုရားရှင်တို့၏–အစဉ်အဆက်–ဖြစ်တော်စဉ်–ကို အကျယ်ပြဆိုရာ ကျမ်း၊ ဗုဒ္ဓဝင် ကျမ်း။ (၂) ဘုရားအစဉ်အဆက်၊ဘုရားအနွယ်။ (၁) တံ သဗ္ဗံ ဗုဒ္ဓဝံသေ ဝုတ္တနယေနေဝ ဝိတ္ထာရေတဗ္ဗံ။ ဆပ၊ဋ္ဌ၊၁။၃၅။ (–ဝိ၊ဋ္ဌ၊၁။၁၅။ ဒီ၊ဋ္ဌ၊၁။၁၇။) ဗုဒ္ဓါနံ ဥပ္ပန္နကပ္ပါဒိပရိစ္ဆေဒဝသေန ပဝေဏိဝိတ္ထာရကထာ ဗုဒ္ဓဝံသော နာမ။ ဗုဒ္ဓဝံ၊ဋ္ဌ။၃။ (၂) အမ္ဘာကံ ပန ဗုဒ္ဓဝံသော ဝံသော နာမ။ ဝိ၊ဋ္ဌ၊၃။၂၁။ (–ဒီ၊ဋ္ဌ၊၂။၁၄။ အဘိ၊ဋ္ဌ၊၂။၄၄၉။)

ဗုဒ္ဓဝံသကထာ (ထီ) [ဗုဒ္ဓဝံသ + ကထာ] ဗုဒ္ဓဝံကျမ်းကို အကျယ်ပြဆိုရာစကား၊ ဗုဒ္ဓဝံအဋ္ဌကထာ။သောတဗ္ဗရူပံ ပန ဗုဒ္ဓဝံသကထာယ အာဒိံ ဣမ နတ္ထိ။ ဗုဒ္ဓဝံ၊ဋ္ဌ။၂။

ဗုဒ္ဓဝံသဒေသနာ (ထီ) [ဗုဒ္ဓဝံသ + ဒေသနာ] ဘုရားအဆက်အနွယ်ကို ပြဆိုကြောင်းစကား၊ ဗုဒ္ဓဝင်ဒေသနာ။ ကပိလဝတ္ထုသ္မိံ နိဂြောဓာရာမေ ဗုဒ္ဓဝံသဒေသနာယ မဟာသမယသုတ္တန္တဒေသနာယ စ။ မိလိန္ဒ။၃၃၁။ (–ဗုဒ္ဓဝံသ၊ဋ္ဌ။၆၄။)

ဗုဒ္ဓဝံသမဋ္ဌကထာ (ထီ) [ဗုဒ္ဓဝံသ + ဓမ္မကထာ] ဗုဒ္ဓဝင်တရားစကား။ ခေမဝတီနဂရေ ဉာတိသမာဂမေ ဗုဒ္ဓဝံသမဋ္ဌကထံ သုတ္တာ။ ဗုဒ္ဓဝံ၊ဋ္ဌ။၂၇၀။

ဗုဒ္ဓဝံသပါဋိ (ထီ) [ဗုဒ္ဓဝံသ+ပါဋိ] ဗုဒ္ဓဝင်ပါဋိ။ သဗ္ဗံ ဗုဒ္ဓဝံသပါဋိံ အာဟရိတွာ။ စရိယာ၊ဋ္ဌ။၁၆။ (–သီ၊ဋ္ဌီ၊သဒ်၊၁။၂၄၀။)

ဗုဒ္ဓဝံသသံဝဏ္ဏနာ (ထီ) [ဗုဒ္ဓဝံသ+သံဝဏ္ဏနာ] ဗုဒ္ဓဝင်ကျမ်း၏အဖွင့်၊ ဗုဒ္ဓဝင်အဋ္ဌကထာ။ ယံ ပန ဗုဒ္ဓဝံသသံဝဏ္ဏနာ ဟေဿတိ သာရတ္ထတာ။ ဗုဒ္ဓဝံ၊ဋ္ဌ။၂။

ဗုဒ္ဓဝဂ္ဂ (ပု) [ဗုဒ္ဓ+ဝဂ္ဂ] ဗုဒ္ဓဝဂ်။ (၁) နိဒါနဝဂ္ဂသံယုတ်ပါဋိတော်၌ ပဋိစ္စသမုပ္ပါဒသုတ်မှ ဂေါတမသုတ်အထိ သုတ်ပေါင်း ၁၀-သုတ်။ သံ၊၁။၂၄၃-၂၅၂။ (၂) ထေရာပဒါန်ပါဋိတော်၌ ဗုဒ္ဓါပဒါန်မှ အာနန္ဒတ္ထေရာပဒါန်အထိ ၁၀-အပဒါန်။အပ၊၁။၁၅၉။ (၃) ဓမ္မပဒပါဋိတော်၌ မာရဓီဂရ၀တ္ထုမှ ကဿပဒသဗလသုဝဏ္ဏစေတိယ ဝတ္ထုအထိ ၁၁-ဝတ္ထု။ ဓမ္မ။၄၀-၄၂။ (၄) မိလိန္ဒပဉ္ဟပါဋိတော်၌ ဗုဒ္ဓဿအတ္ထိနတ္ထိဘာဝပဉ္ဟမှ ဗုဒ္ဓနိဒ္ဒသနပဉ္ဟာထိ ၁၀-ပဉ္ဟ။ မိလိန္ဒ။

၇၃-၇၇။ (၅) ဒိန္နံဗုဒ္ဓါနံအနုပ္ပဒ္ဒမာနပဥ္စာမှ ဥဒကသက္ကဇံဝပဥ္စာအထိ ၉-ပဥ္စာ၊ ၎င်းတို့ကို ဗုဒ္ဓဝဂ်ဟု ဆိုသည်။ မိလိန္ဒ။ ၂၃၁-၂၅၄။ ဣမာ ဓမ္မပဒေ ဗုဒ္ဓဝဂ္ဂေ ဒွေ ဂါထာ ဝဒန္တော။ အပ၊၄၁။၉၄။

ဗုဒ္ဓဝစန (န) [ဗုဒ္ဓ+ဝစန] ဘုရားစကားတော်။ (ပိဋကသုံးပုံ)။ တဒဋ္ဌဝ ဥဒါနံ ဘဏတိ အ-ညဉ္ဉ ဗဟုံ ဗုဒ္ဓဝစနံ။ ဝိ၊၂။၇၇။ (–သံ၊၂။ ၄၇၅။ အပ၊၁။၁၅၀။)

ဗုဒ္ဓဝစနဂဏ္ဌနပညာ (ထီ) [ဗုဒ္ဓဝစန + ဂဏ္ဌန-ပညာ] ဘုရားစကားကို သင်ယူကြောင်း ဖြစ်သော ပညာ။ ဣဓ ဗုဒ္ဓဝစနဂဏ္ဌနပညာ။ ဒီ၊၁၊၃။၇၇။

ဗုဒ္ဓဝစနဂဏ္ဌနဝီရိယ (န)[ဗုဒ္ဓဝစန+ဂဏ္ဌနဝီရိယ] ဘုရားစကားကို သင်ယူကြောင်း ဖြစ်သော လုံ့လ။ ဣဓ ဗုဒ္ဓဝစနဂဏ္ဌနဝီရိယံ။ ဒီ၊၁၊၃။၇၃။

ဗုဒ္ဓဝစနဂ္ဂဟဏဓာရဏာ (န) [ဗုဒ္ဓဝစန+ဂဟဏ+ဓာရဏာ] ဘုရားစကားကိုသင်ယူခြင်း ဆောင်ခြင်း။ တသ္မိံ အတ္တဘာဝေ ဗုဒ္ဓဝစနဂ္ဂဟဏဓာရဏာဒိသဒိုတံ ဗျဉ္ဇနမေဝ ပရမံ အဿ။ ဝိမတိ၊၁။ ၂၉၅။

ဗုဒ္ဓဝစနတေဇ (ပု) [ဗုဒ္ဓဝစန+တေဇ] ဘုရား-စကားတော်-တရားတော်-၏ တန်ခိုး။ ဓမ္မ-တေဇောတိ စတုန္နံ တေဇာနံ ပတိဋ္ဌာဘူတော ဗုဒ္ဓဝစနတေဇော။ ပဋိသံ၊၁၁၊၁။၂၉၃။

ဗုဒ္ဓဝစနဒါယက (တိ) [ဗုဒ္ဓဝစန + ဒါယက] ဘုရားစကားတော်ကို သင်ကြားပေးတတ်သော၊သူ။ ပမ္ဗဇ္ဇာဒါယကော ဗုဒ္ဓဝစနဒါယ-ကော ကမ္မဝါစာစရိယော။ အံ၊၁၁၊၂။၉၁။

ဗုဒ္ဓဝစနပိဋက (န) [ဗုဒ္ဓဝစန + ပိဋက] ဘုရား-စကားတော်ဟူသော ပိဋက။ စတုရာသီတိ ဓမ္မက္ခန္ဓသဟဿာနိတိ ဗုဒ္ဓဝစနပိဋကာဒိနိ ပတိဋ္ဌာပေတွာ။ မူလဋီ၊၁။၂၃။

ဗုဒ္ဓဝစနပဗ္ဗာဇ (တိ) [ဗုဒ္ဓဝစန + ပဗ္ဗာဇ] ဘုရား၌၏ စကားတော်ဟူသော-ပဗ္ဗာဇ-နှိုင်းယှဉ်ကြောင်း။ အနေကေဟိ ဗုဒ္ဓဝစန-ပဗ္ဗာဇေဟိ အနေကာဟိ စ ယုတ္တိဟိ။ ပဋိသံ၊ ၁၁၊၂။၂၄၂။

ဗုဒ္ဓဝစနသဏ္ဌာယ (ပု) [ဗုဒ္ဓဝစန + သဏ္ဌာယ] ဘုရားစကားတော်ကို-ရွတ်ဖတ်-သရဇ္ဈာယ်-ခြင်း။ သကလရတ္တိံ ဗုဒ္ဓဝစနသဏ္ဌာယံ ဝါ သမဏဓမ္မံ ဝါ ကတ္တာ။ ဝိသုဒ္ဓိ၊၁။၃၃၆။

ဗုဒ္ဓဝစနာဂမ (ပု) [ဗုဒ္ဓဝစန + အာဂမ] ဘုရား-စကားတော်ဟူသော-အာဂုံမ်-ပါဠို။ သုတန္တိ-ဟိ ဗုဒ္ဓဝစနာဂမော စ သုတဖလတ္တာ။ ပဋိသံ၊ ၁၁၊၂။၅၀။

ဗုဒ္ဓဝစနာဓိပ္ပါယ (ပု) [ဗုဒ္ဓဝစန + အဓိပ္ပါယ] ဘုရား စကားတော်-ပါဠိတော်-၏ ဆိုလိုရင်း အဓိပ္ပါယ်။ ကေဝလံ ဗုဒ္ဓဝစနာဓိပ္ပါယံ ဝိပရိ-တတော ဂဟေတွာ။ ဝိမတိ၊၂။၁၁၀။

ဗုဒ္ဓဝစနာနုဿရဏသတိ (ထီ) [ဗုဒ္ဓဝစန+အနု-ဿရဏသတိ] ဘုရားစကားတော်ကို အဖန်ဖန် အောက်မေ့ခြင်းသတိ။ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါတိ ဗုဒ္ဓဝစနာနုဿရဏသတိယာ ဥပ္ပါဒေါ ဒန္ဓော ဂရု။ အံ၊၁၁၊၂။၃၆၅။

ဗုဒ္ဓဝဏ္ဏ (ပု) [ဗုဒ္ဓ + ဝဏ္ဏ] (၁) ဘုရား၌၏ ဂုဏ်ကျေးဇူး။ (၂) ဘုရား၌ (၏ ဂုဏ်-ကျေးဇူး)ကို ချီးမွမ်းခြင်း။(၁)တတ္ထ တိဝိဓော ဗုဒ္ဓဝဏ္ဏော နာမ စရိယဝဏ္ဏော သရီရဝဏ္ဏော ဂုဏဝဏ္ဏောတိ။ အံ၊၁၁၊၃။၂၀၀။ သာရတ္ထ၊၃။ ၃.၂၃။ (၂) ဒုဂ္ဂတိံ နာဘိဇာနာမိ။ ဗုဒ္ဓဝဏ္ဏ-သိ ဒံ ဖလံ။ အပ၊၂။၁၁၁။

ဗုဒ္ဓဝဏ္ဏဂတာသယ (တိ) [ဗုဒ္ဓဝဏ္ဏဂတ + အာ-သယ] ဘုရားဂုဏ်ကျေးဇူးသို့ ရောက်သော စိတ်အလိုရှိသော၊သူ။ ဟာသံ သုပုဏ္ဏနယနံ၊ ဗုဒ္ဓဝဏ္ဏဂတာသယံ။ အပ၊၂။၁၁၄။

ဗုဒ္ဓဝဏ္ဏိတ (တိ) [ဗုဒ္ဓ + ဝဏ္ဏိဘ] ဘုရားရှင် ချီးမွမ်းအပ်သော။ တာဟံ ကမ္မံ ကရိတ္ဝာန၊ ကုသလံ ဗုဒ္ဓဝဏ္ဏိတံ။ ဝိမာန။၅၃၊၅၅၊၅၇။

ဗုဒ္ဓဝန္တု (တိ) [(၁) ဗုဒ္ဓ + ဝန္တု။ (၂) (၃) ဗုဓ+တဝန္တု] (၁) သိခြင်းရှိသော၊ သိဘတ်သော၊သူ။ (၂) နိုးတတ်သော၊သူ။ (၃) ပွင့်တတ်သော၊သူ။ (၁) ပစ္စေကံ သစ္စာနိ ဗုဒ္ဓဝန္တောတိ ပစ္စေကဗုဒ္ဓေါ။ မ၊ဋီ၊၁။၁၁၅။ (–သံ၊ဋီ၊၂။၂၃၂။ အံ၊ဋီ၊၂။၄၅။) (၂) (၃) အထ ဝါ သဝါသနာယ အညာဏနိဒ္ဒါယ အစ္ဆန္တိဝိဂမတော, ဗုဒ္ဓိယာ ဝါ ဝိကသိတဘာဝတော ဗုဒ္ဓဝါတိ ဗုဒ္ဓေါ ဇာဂရဏဝိကသနတ္ထဝသေန။ ဒီ၊ဋီ၊၁။၁၀။

ဗုဒ္ဓဝရ (ပု) [ဗုဒ္ဓ+ဝရ] ဘုရားမြတ်၊ မြတ်သော ဘုရား။ သိက္ခာပဒါ ဗုဒ္ဓဝရေန ဝဏ္ဏိတာ။ ဝိ၊ ၅။၃၇၄။ (–အပ၊၂။၃၃၇။)

ဗုဒ္ဓဝရဒေသိတ (တိ) [ဗုဒ္ဓဝရ+ဒေသိတ] ဘုရားမြတ် ဟောကြေးအပ်သော။ သစ္စာနိ"အမ္မ" ဗုဒ္ဓဝရဒေသိတာနိ တေ ဗဟုတရာ အဇာနန္တာ။ ထေရီ။၄၂၉။

ဗုဒ္ဓဝါရဏ (ပု) [ဗုဒ္ဓ + ဝါရဏ] ဘုရားတည်း ဟူသော ဆင်။ နာဠာဂိရိ တံ့ တိရစ္ဆာန-ဟတ္ထိ၊ အဟံ ဗုဒ္ဓဝါရဏော။ ဇာ၊ဋ္ဌ၊၅။၃၅၀။

ဗုဒ္ဓဝိနယ (ပု) [ဗုဒ္ဓ+ဝိနယ] ဘုရားသာသနာ၊ ဘုရားရှင်၏ အဆုံးအမ၊ ဘုရား ဝိနည်း။ ဣမသ္မိံ ဗုဒ္ဓဓမ္မေ ဣမသ္မိံ ဗုဒ္ဓဝိနယေ။ အဘိ၊ဋ္ဌ၊၂။၃၁၂။ ပဋိသံ၊ဋ္ဌ၊၂။၁၀၃။ မဟာနိ၊ ဋ္ဌ။၁၂၆။

ဗုဒ္ဓဝိနေယျ (တိ) [ဗုဒ္ဓ+ဝိနေယျ] ဘုရားရှင်သာ ဆုံးမအပ်သော၊သူ။ (ဘုရားဝေနေယျ)။ ဗုဒ္ဓဝိနေယျာ ပန သာဝကာ ဗောဓေဝုံ နသက္ကောန္တိ။ ဒီ၊ဋ္ဌ၊၃။၂၃၈။

ဗုဒ္ဓဝိဃသနာ (ထီ) [ဗုဒ္ဓ+ဝိဃသနာ] ဘုရားဖြစ်ကြောင်း တရားတို့ကို အထူးထူးသော အခြင်းအရာအားဖြင့် ရှုခြင်း၊ ဘုရားဖြစ်ရန် အထူးထူးသော အခြင်းအရာအားဖြင့် ရှုခြင်း၊ ဘုရားဖြစ်ရန် ဝိပဿနာရှုခြင်း။ (နိဒါနဝဂ္ဂ သံယုတ္တပါဠိ၊ ဗုဒ္ဓဝဂ်၊ ဝိပဿီသုတ်မှ ဂေါတမသုတ်ထိ ၇-သုတ်သည် ဗုဒ္ဓဝိပဿနာကို ဟောကြားထားသော သုတ်များဖြစ်သည်။ သံ၊၂။ ၂၄၆-၂၅၂။) ပဋိပါဠိယာ သတ္တသု သုတ္တေသု ဗုဒ္ဓဝိပဿနာ နာမ ကထိတာ။ သံ၊ဋ္ဌ၊၂။၂၁။ ဗုဒ္ဓဘာဝါနံ ဝိပဿနာ ဗုဒ္ဓတ္ထာယ ဝါ ဝိပဿနာ ဗုဒ္ဓဝိပဿနာ။ သံ၊ဋီ၊၂။၂၅။

ဗုဒ္ဓဝိဘာဝနာ (ထီ) [ဗုဒ္ဓ+ဝိဘာဝနာ] ဗုဒ္ဓပုဒ်ကို ထင်စွာပြခြင်း။(ဗုဒ္ဓပုဒ်ကို အရကောက်သရုပ်အားဖြင့်ငင်း, သဒ္ဒါရေးအားဖြင့်ငင်း ထင်စွာပြခြင်းကို ဗုဒ္ဓဝိဘာဝနာဟု ဆိုသည်။) အယံ တာဒ အတ္ထတော ဗုဒ္ဓဝိဘာဝနာ။ ခုဒ္ဒက၊ဋ္ဌ။ ၅။ (–၆။ ပဋိသံ၊ဋ္ဌ၊၂။၈၄၊၈၆။ မဟာနိ၊ ဋ္ဌ။၉၀။)

ဗုဒ္ဓဝိယောဂ (ပု) [ဗုဒ္ဓ+ဝိယောဂ] ဘုရားရှင်နှင့် ကွေကွင်းခြင်း။သောပိ သီဟော ဗုဒ္ဓဝိယောဂေန ဒုက္ခိတော ကာလံ ကတ္ဝာ။ အံ၊ဋ္ဌ၊၁။ ၁၅၄။

ဗုဒ္ဓဝိယောဂဒုက္ခ (န) [ဗုဒ္ဓဝိယောဂ +ဒုက္ခ] ဘုရားရှင်နှင့် ကွေကွင်းရခြင်း ဆင်းရဲ။ သီဟော ပါလိလေယျကဟတ္ထိ ဝိယ ဗုဒ္ဓဝိယောဂဒုက္ခံ အဓိဝါသေတုံ။ ထေရ၊ဋ္ဌ၊၁။ ၃၁၀။ (–အပ၊ဋ္ဌ၊၁။၃၃၉။)

ဗုဒ္ဓဝိလာသ (ပု) [ဗုဒ္ဓ+ဝိလာသ] ဘုရားရှင်၏ တင့်တယ်စံပယ်ခြင်း။ အပရိမာဏေန ဗုဒ္ဓဝိလာသေန တဿံ ပရိသတိ နိသိန္နော။ ဒီ၊ ဋ္ဌ၊၃။၁၅၅။ (– မ၊ဋ္ဌ၊၃။၁၅။ သံ၊ဋ္ဌ၊၃။၉၀။ အံ၊ဋ္ဌ၊၃။၂၃၆။) ဆဗ္ဗဏ္ဏရသ္မိံယော ဝိဿဇ္ဇေန္တသ္သ ဘဂဝတော ကာယဿ အာလောကိတဝိလောကိတာဒီသု ပရမုက္ကံသဂတော ဗုဒ္ဓါ-

ဝေဏိကော အစ္စန္တုပသမော ပုဒ္ဓဝိလာသော။ ဒီ၊ဋ္ဌီ၊၃။၁၆၅။

ပုဒ္ဓဝိသယ (ပု) [ပုဒ္ဓ+ဝိသယ]ဘုရားရှင်၏အရာ။ ပုဒ္ဓါနံ ဘိက္ခဝေ ပုဒ္ဓဝိသယော အစိန္တေယ္ယော။ အံ၊၁။၃၉၂။ (–အဘိ၊က။၄၃၀။ ဝိ၊ဋ္ဌ၊၁။ ၁၅၉။) ပုဒ္ဓဝိသယောတိ ပုဒ္ဓါနံ ဝိသယော၊ သဗ္ဗညုတဉာဏဿဒိနံ ပုဒ္ဓဂုဏဿနံ ပဝတ္တိ စ အာနုဘာဝေါ စ။ အံ၊ဋ္ဌ၊၂။၃၁၉။

ပုဒ္ဓဝိသယပဉ္ဉ (တိ) [ပုဒ္ဓဝိသယ + ပဉ္ဉ] ဘုရားရှင်၏ အရာဖြစ်သော ပြဿနာ။ ဝါယမမာနော ဝိယ ပုဒ္ဓဝိသယပဉ္ဉံ အတ္တနော ဥတ္တာနံ ဝဒတိ။ ဒီ၊ဋ္ဌ၊၂။၇၆။ (–ဒီ၊ဋ္ဌီ၊၂။ ၈၂။)

ပုဒ္ဓဝိထိ (ထီ)[ပုဒ္ဓ+ဝိထိ](၁)ဘုရားရှင် သွားလို သောလမ်းခရီးအစဉ်။ (၂) ဘုရားထံ ရှေးရှု သွားအပ်သော လမ်းခရီး။ (၁) စာရိကာယ စရဏကာလေ ဂန္တဗ္ဗံ ပုဒ္ဓဝိထိ˚ ပဟာယ။ ဝိ၊ဋ္ဌ၊၁။၁၆၈။ (၂) မဟာတိယာ ပုဒ္ဓဝိထိယာ သတ္ထု သန္တိကံ ဂန္တုံ လဘတိ။ သံ၊ဋ္ဌ၊၁။ ၄၃။ (–ဒီ၊ဋ္ဌ၊၂။၂၇၃။ ဓမ္မ၊ဋ္ဌ၊၁။၃၃၀။) ပုဒ္ဓါနံ အဘိမုခဘာဝေါ ပုဒ္ဓဝိထိ .... မဟာတိယာ ပုဒ္ဓဝိထိယာဝါတိ ပုဒ္ဓါနံ သန္တိကံ ဥပသင်္ကမန္တေဟိ တေဟိ ဒေဝပြဟ္မေဟိ ဝလဉ္ဇိတပုဒ္ဓဝိထိယာ။ သံ၊ဋ္ဌီ၊၁။၁၁၂။

ပုဒ္ဓဝီမံသက (တိ) [ပုဒ္ဓ + ဝီမံသက] ဘုရားကို စူးစမ်းတတ်သော၊ ဘုရားဟုတ် မဟုတ် စူးစမ်းတတ်သော၊သူ။ ပုဒ္ဓေါ ဝါ နော ဝါတိ တထာဂတဿ ပုဒ္ဓဘာဝံ ဝီမံသန္တော စရတိ၊ ပုဒ္ဓဝီမံသကော နာမာယန္တိ ပါကဋော ဇာတော။ မ၊ဋ္ဌ၊၃။၂၅၅။

ပုဒ္ဓဝေဒ (ပု) [ပုဒ္ဓ + ဝေဒ] ဘုရားဗေဒင်၊ ပုဒ္ဓဗေဒင်။ ပုဒ္ဓဝေဒံ ဂဝေသန္တော၊ ဉာဏေ စိတ္တံ ပသာဒယိ˚။ အပ၊၁။၁၀၃။

ပုဒ္ဓဝေနေယျ (ပု) [ပုဒ္ဓ+ဝေနေယျ] ဘုရားရှင်သာ ဆုံးမအပ်သော၊သူ။(ဘုရားဝေနေယျ။) သော စ ပုဒ္ဓဝေနေယျော နာ သာဝကဝေနေယျော။ ဒီ၊ဋ္ဌ၊၂။၁၆၅။ (–မ၊ဋ္ဌ၊၄။၅၀။ ဓမ္မ၊ဋ္ဌ၊၂။၂၆၆။)

ပုဒ္ဓဝေနေယျပဂ္ဂလ (ပု) [ပုဒ္ဓဝေနေယျ+ပဂ္ဂလ] ဘုရားရှင်သာ ဆုံးမအပ်သော ပုဂ္ဂိုလ်။ တံ ပုဒ္ဓဝေနေယျပဂ္ဂလော နာမာတိ။ အံ၊ဋ္ဌ၊၁။၁၆၉။ (–အံ၊ဋ္ဌ၊၃။၂၀။)

ပုဒ္ဓဝေနေယျဝိနယ (ပု) [ပုဒ္ဓဝေနေယျ+ဝိနယ] ဘုရားရှင်သာ ဆုံးမအပ်သူကို ဆုံးမခြင်း။ ပရဟိတံ ပန ပုဒ္ဓဝေနေယျဝိနယံ ပရိသမာပိတမ်ဗံ။ အံ၊ဋ္ဌီ၊၃။၂၅၇။

ပုဒ္ဓဝေနေယျဝိနယန (န) [ပုဒ္ဓဝေနေယျ+ဝိနယန] ဘုရားရှင်သာ ဆုံးမအပ်သူကို ဆုံးမခြင်း။ ပရဟိတံ ပန ပုဒ္ဓဝေနေယျဝိနယနံ ပရိသမာပိတမ်ဗံ။ ဒီ၊ဋ္ဌီ၊၂၊၁၅၂။ (–သံ၊ဋ္ဌီ၊၂။၅၀၈။)

ပုဒ္ဓဝေနေယျသတ္ထလောက (ပု) [ပုဒ္ဓဝေနေယျ+သတ္ထလောက] ဘုရားရှင် ဆုံးမအပ်သော သတ္တဝါ။ပုဒ္ဓဝေနေယျသတ္ထလောကံ ပုဒ္ဓစက္ခုနာ ဝိသေသတော ဩလောကေန္တဿ။ မ၊ဋ္ဌီ၊၃။၄၂၉။

ပုဒ္ဓဝေဝစန (န) [ပုဒ္ဓ+ဝေဝစန] ပုဒ္ဓသဒ္ဒါ၏–ဝေဝုစ်–ပရိယာယ် – စကားလှယ်။ ပုဒ္ဓဝေဝစနာနိ ဝါ (ဝိ၊၁။၃၃)တိ ပုဒ္ဓဿ ဝါ ပရိယာယနာမာနိ။ ဝိ၊ဋ္ဌ၊၁။၂၁၆။

ပုဒ္ဓဝေသ (ပု) [ပုဒ္ဓ + ဝေသ] ဘုရားအသွင် သဏ္ဌာန်။ ဓာတုယော မဟာစေတိယမှိ ပတိဋ္ဌာနကာလေ ပုဒ္ဓဝေသံ ဂဟေတ္ဝာ။ ဝိ၊ဋ္ဌ၊၁။၆၉။ (–ဒီ၊ဋ္ဌ၊၃။၁၅၅။ မ˚ဋ္ဌ၊၃။၁၅။)

ပုဒ္ဓဝေသဝိလာသ (ပု) [ပုဒ္ဓဝေသ + ဝိလာသ] ဘုရားအသွင်သဏ္ဌာန်၏ တင့်တယ် စံပယ်

ခြင်း။ သော ဘဂဝတော ဗုဒ္ဓဝေသဝိ-လာသံ ဒိသွာ။ အံ၊ဠီ၊၁။၁၇၁။

ဗုဒ္ဓသက္ကတမာနသ (တိ) [ဗုဒ္ဓ + သက္ကတ-မာနသ] ဘုရား၌ – ကောင်းစွာပြု – အရိုအသေပြု – အပ်သော စိတ်ရှိသော၊ ဘုရား၌ ရိုသေသော စိတ်ရှိသော၊သူ။ သဒ္ဒ-ဟန္တာ မမ ဝါကျံ၊ ဗုဒ္ဓသက္ကတမာနသာ။ အပ၊၂။၆၅။

ဗုဒ္ဓသက္ကာရ (ပု) [ဗုဒ္ဓ + သက္ကာရ] ဘုရားရှင် အား ပူဇော်ခြင်း။ တုမှေဟိ အင္ဂ ဥဒ္ဒာရံ ဗုဒ္ဓသက္ကာရံ ကာတုံ ဝဋ္ဋတိ။ အံ၊၃၊၁။၁၁၀။ (–ဓမ္မ၊၃၊၁။၆၉။)

ဗုဒ္ဓသညက (ပု) [ဗုဒ္ဓ + သညာ+က] ဘုရား ကို အောက်မေ့ အမှတ်ရသူ၊ ဗုဒ္ဓသညက မည်သူ။ ဤတွင် သုဒံ အာယသ္မတော ဗုဒ္ဓ-သညကော ထေရော ဤမာ ဂါထာယော အဘာသိတ္ထ။ အပ၊၁။၁၃၃၊၁၆၇။

ဗုဒ္ဓသညကတ္ထေရ(ပု) [ဗုဒ္ဓသညက+ထေရ] ဘုရား ကို အောက်မေ့ အမှတ်ရသောမထေရ်၊ ဗုဒ္ဓ သညကထေရ်။ အာယသ္မတော ဗုဒ္ဓသည-ကတ္ထေရဿ အပဒါနံ။ အပ၊၃၊၂။၉၉။

ဗုဒ္ဓသညာ (ထီ) [ဗုဒ္ဓ + သညာ] ဘုရားကို အောက်မေ့ အမှတ်ရခြင်း။ ဒုဂ္ဂတိ နာဘိ-ဇာနာမိ၊ ဗုဒ္ဓသညာယိဒံ ဖလံ။ အပ၊၁။၁၃၃၊ ၁၆၆။

ဗုဒ္ဓသတ (နာ) [ဗုဒ္ဓ + သတ] ဘုရား တရာ၊ ဘုရားအရာ။ ဗုဒ္ဓသတမ္မိ ဗုဒ္ဓသဟဿမ္မိ ပေဟဓေတုံ နာ သက္ကောတိ။ အဘိ.၁၊၁။ ၃၉၂။ (–ဓမ္မ၊၃၊၁။၇။)

ဗုဒ္ဓသတသဟဿ (နာ) [ဗုဒ္ဓ + သတသဟဿ] ဘုရားတသိန်း၊ ဘုရားအသိန်း။ အနေကေဟိ ဗုဒ္ဓသတသဟဿေဟိ ပဝိဋ္ဌံ။ ဒီ၊၃၊၂။၁၆၁။ သံ၊၁၊၃။၂၄၈။

ဗုဒ္ဓသတ္ထုသာသန (နာ) [ဗုဒ္ဓ + သတ္ထုသာသန] ဘုရားသာသနာ၊ ခပ်သိမ်းသော တရားကို သိသော ဘုရားရှင်၏သာသနာ။ ဤမသို့ ဗုဒ္ဓသတ္ထုသာသနေတိ ဧဝမတ္ထော ဝေဒိ-တဗ္ဗော။ အဘိ၊၃၊၂။၃၁၂။ ပဋိသံ၊၁၊၂။ ၃၀၃။

ဗုဒ္ဓသဒ္ဒ (ပု) [ဗုဒ္ဓ + သဒ္ဒ] (၁) ဘုရားဟူသော အသံ။ (၂) ဗုဒ္ဓ–သဒ္ဒါ။ (၁) ပရိပက္ကော-ပနိဿယတ္တာ ဗုဒ္ဓသဒ္ဒံ သုတ္ဝာ၁။ မ၊၃၊၃။ ၂၇၄။ (–သံ၊၁၊၁။၂၀၆။ သာရတ္ထ၊၃။၃၉၆။) (၂) သမ္မေသံ ပဒါနံ ဗုဒ္ဓသဒ္ဒဿ သာဓနသ-မတ္ထော။ ခုဒ္ဒက၊၁၊။၆။ (–သာရတ္ထ၊၁။၁၀။ ဒီ၊ဋ္ဌ၊၁။၁၀။)

ဗုဒ္ဓသဒ္ဒသိဒ္ဓိ (ထီ) [ဗုဒ္ဓသဒ္ဒ+သိဒ္ဓိ] ဗုဒ္ဓသဒ္ဒါ၏ ပြီးခြင်း။ ဤဓ ပန ကတ္တုကာရကေ ဗုဒ္ဓ-သဒ္ဒသိဒ္ဓိ ဒဋ္ဌဗ္ဗာ။ ဗုဒ္ဓဝံ၊၁၊၃။၃၉။ (–သာရတ္ထ၊ ၁။၂၂၉။ သီ၊ဋ္ဌီ၊သစ်၊၁။၁၇။)

ဗုဒ္ဓသဒ္ဒဿဝန (နာ) [ဗုဒ္ဓသဒ္ဒ+သဝန] ဘုရားဟူ သော အသံကို ကြားရခြင်း။ တာဝသော ဗုဒ္ဓသဒ္ဒဿဝနေန ဝိမှိတော၊ သုတ္တနိ၊၁၊၁။ ၃၁၁။

ဗုဒ္ဓသန္တက (နာ) [ဗုဒ္ဓ+သန္တက] ဘုရားဥစ္စာ၊ ဘုရားပိုင်ပစ္စည်း။ ဗုဒ္ဓသန္တကေန ဝါ ဓမ္မပူဇံ ကာတုံ ဝဋ္ဋတိ။ သာရတ္ထ၊၂။ ။၆၆။

ဗုဒ္ဓသန္တာန (နာ) [ဗုဒ္ဓ+သန္တာန] ဘုရားသန္တာန် ဘုရားရှင်၏ခန္ဓာအစဉ်။ တဉ္စဓေါ ဗုဒ္ဓသန္တာန-တော ဝိနိမုတ္တတ္တာ။ ဒီ၊ဋ္ဌီ၊၁။၃၁၀။ သီ၊ဋ္ဌီ၊ သစ်၊၂။၂၇၆။ (–မ၊ဋ္ဌီ၊၃၊၁၇၁)

ဗုဒ္ဓသန္တိက (နာ) [ဗုဒ္ဓ+သန္တိက] ဘုရားရှင်– အထံတော်–အနီး။ နမဿန္တော ပဉ္ဇလိကာ၊ ဩဘာရံ ဗုဒ္ဓသန္တိကေ။ အပ၊၁။၂၃။ (–၂၀။)

ဗုဒ္ဓသန္တဝန (နာ) [ဗုဒ္ဓ + သန္တဝန] ဘုရားကို– ဘုရားဂုဏ်တော်ကို–ချီးမွမ်းခြင်း၊ တေန စိတ္တ-ပ္ပသာဒေန၊ ဗုဒ္ဓသန္တဝနေန စ။ အပ၊၁။၁၀၅။

ပုဒ္ဓသမဏ (ပု) [ပုဒ္ဓ+သမဏ] ဘုရားတည်းဟူသောရဟန်း။ သမဏောနာတိ ပုဒ္ဓသမဏောန။ မ၊၆၊၆။၃၆။ သံ၊၆။၂။၆၀။ (–အဘိ၊၆၊၃။၁၄၆။သုတ္တနိ၊၆၊၁။၁၄၅။)

ပုဒ္ဓသမယ (ပု) [ပုဒ္ဓ+သမယ] ဘုရားရှင်၏အယူ(သာသနာ)။ ပုဒ္ဓသမယေ ပန ဥပမာပရိတ္တာ။ သံ၊၆။၂။၁၄၅။ (–ဝိ၊၆၊၁။၂၂၁။ မ၊၆၊၃။၃၇။) ပုဒ္ဓသမယေတိ သာသနေတိ အတ္ထော။ သံ၊၌၊၂။၁၅၀။

ပုဒ္ဓသမ္မဒါ (ထီ) [ပုဒ္ဓ+သမ္မဒါ] ဘုရားရှင်၏ပြည့်စုံခြင်း၊ ဘုရား သက်တော်ထင်ရှား ရှိခြင်း။ ပူဇနီယဘာဝတော ပုဒ္ဓသမ္မဒဠ္ဆ ပဟာယ ပဝတ္တတ္တာ မဟန္တဠ္ဆ တံ ပရိနိဗ္ဗာနဠ္ဆာတိ မဟာပရိနိဗ္ဗာန်။ ဒီ၊၌၊၂။၁၂၂။

ပုဒ္ဓသမ္မတ (တိ) [ပုဒ္ဓ + သမ္မတ] အသိဉာဏ်ရှိသူဟု သမုတ်အပ်သော၊ ပညာရှိဟု သမုတ်အပ်သော၊ သူ။ ပညဝါ ပုဒ္ဓသမ္မတော။ အပ၊၁၊ ၃၆၅။ ပုဒ္ဓ[၁] (၂) နှင့် ပုဒ္ဓ[၂] (၁) လည်းကြည့်။

ပုဒ္ဓသရဏဂမန (န) [ပုဒ္ဓ + သရဏဂမန] ဘုရားကို– ကိုးကွယ် –လည်းလျောင်း–ပုန်းအောင်း–မှီခို–အားထား–ရာဟူ၍ ဆည်းကပ်ခြင်း။ သာခု ခေါ ဒေဝါနမိန္ဒ ပုဒ္ဓသရဏဂမနံ ဟောတိ။ သံ၊၂။၄၆၇။ အံ၊၌၊၂။၂၀။ (–အဘိ၊၌၊၃။၄၄၀။) သရဏဂမန (သီ၊၌၊ သစ်၊၂။၁၇၅။)လည်းကြည့်။

ပုဒ္ဓသရဏဂမနဟေတု (ပု) [ပုဒ္ဓသရဏဂမန+ဟေတု] ဘုရားကို ကိုးကွယ်ဆည်းကပ်ခြင်းဟူသော အကြောင်း။ ပုဒ္ဓသရဏဂမန ဟေတု ခေါ ဒေဝါနမိန္ဒ။ သံ၊၂။၄၆၇။

ပုဒ္ဓသရီရ (န) [ပုဒ္ဓ + သရီရ] ဘုရားရှင်၏ခန္ဓာကိုယ်။ ရူပသောဘဂ္ဂပ္ပတ္တံ ပုဒ္ဓသရီရံ ဩလောကေန္တော။ ဇာ၊၌၊၁။၁၂၂။

ပုဒ္ဓသဟဿ (န) [ပုဒ္ဓ + သဟဿ] ဘုရားတထောင်။ ပုဒ္ဓသတ–ကြည့်။

ပုဒ္ဓသာဝက (တိ) [ပုဒ္ဓ+သာဝက။ ထိ–၌ ပုဒ္ဓသာဝိကာ] ဘုရားစကား လိုက်နာတတ်သော၊သူ။ ဘုရားတပည့်။ ဗဟုဿုတံ ဓမ္မဓရံ၊ သပ္ပညံ ပုဒ္ဓသာဝကံ။ အံ၊၁။၃၃၄။ (–ဝိ၊၅။ ၂၃၃။အဘိ၊ပု။၁၅၆။) အာစိက္ခ မေ ဘံ္တ ယဒိ ပုဒ္ဓသာဝိကာ။ ဝိမာန။၁၀။ တတ္ထ ပုဒ္ဓသာဝိကာတိ....ပုဒ္ဓဿ ဘဂဝတော ဓမ္မဿဝနန္တေ ဇာတာတိ ပုဒ္ဓသာဝိကာ။ ဝိမာန၊၌။၇၃။

ပုဒ္ဓသာသန (န) [ပုဒ္ဓ+သာသန] ဘုရားရှင်အဆုံးအမ၊ ဘုရားသာသနာ။ (နေတ္တိ၊၌။၁၀၄– ၌ သမထ, ဝိပဿနာကို, ထေရိ၊၌၊၂၂၌ဩဝါဒါနုသာသနီကို,သာရတ္ထ၊၃။ ၂၉၈–၌ နိစ္စသီလခေါ ၅-ပါး သီလ, ဥပုသ်သီတင်းနေ့များ၌ စောင့်ထိန်းအပ်သော ဥပေါသထသီလခေါ ၈-ပါး၁၀ -ပါးသီလများနှင့် ထို သီလအားလျော်သော သမာဓိ, ပညာဘာဝနာများကို, အပ၊၌၊၂။ ၂။မ၊၌၊၃။၁၅၈–၌ အဓိသီလ,အဓိစိတ္တ,အဓိပညာသိက္ခာ ၃–ပါးကို, အံ၊၌၊၁။၇၉–၌ ပရိယတ္တိ,ပဋိပတ္တိ,ပဋိဝေဓ ၃-ပါးကို ပုဒ္ဓသာသနာဟု ဆိုသည်။) အာရမ္ဘထ နိက္ကမထ၊ ယုဉ္ဇထ ပုဒ္ဓသာသနေ။သံ၊၁။၁၅၈။ နေတ္တိ။ ၃၅။အံ၊၌၊၁။၂၀။(–မ ၊၂။၃၀၇။ ထေရိ။ ၃၇၉။) ပုဒ္ဓသာသနေတိ သိက္ခတ္တယသင်္ဂဟေ ပုဒ္ဓဿ ဘဂဝတော သာသနေ။မ၊၌၊၃။၁၅၈။ (–အံ၊၌၊၁။၇၉။)

ပုဒ္ဓသာသနဓောဝိဒ (တိ) [ပုဒ္ဓသာသန+ဓောဝိဒ] ဘုရားအဆုံးအမ၌ လိမ္မာသော၊သူ။ စတုပိ ပဗ္ဗတိတ္ထာနိ ပုဒ္ဓသာသနကောဝိဒါ။ အပ၊၂။၂၀၀။

ပုဒ္ဓသာသနပါလေတု (တိ) [ပုဒ္ဓသာသန+ပါလ+တု] ဘုရားသာသနာကို စောင့်ရှောက်

တတ်သော၊သူ။ ဗုဒ္ဓသာသနပါလေတ၊ ပစ္ဆိမံ ဒဿနံ တဝ။ အပ၊ ၂။၂၁၂။

ဗုဒ္ဓသာသနဝစ္ဆလ (တိ) [ဗုဒ္ဓသာသန+ဝစ္ဆလ] ဘုရားသာသနာကို ချစ်မြတ်နိုးသော၊သူ။ တဒါ ဥပါသိကာ တတ္ထ၊ ဗုဒ္ဓသာသနဝစ္ဆလာ။ အပ၊ ၂။၂၁၇။

ဗုဒ္ဓသာသနာဝဟာရ (ပု) [ဗုဒ္ဓသာသန+အဝဟာရ] ဘုရားသာသနာ ဆောင်ယူခြင်း။ **အနုက္ကမေန** ပန ဗုဒ္ဓသာသနာဝဟာရံ ဝတ္တုံ ဒီပေန္တော။ ဝဇီရ။၂၆။ (ဗုဒ္ဓသာသနာဝတာရံ ဟု ပါဠိ၌ရှိလျှင် ပို၍**ကောင်း**သည်။ ဘုရားသာသနာကို **သက်ဝင်ယုံကြည်ခြင်း** ဟု အနက်ပေး။)

ဗုဒ္ဓသိန္ဓဝ (ပု) [ဗုဒ္ဓ+သိန္ဓဝ] ဘုရားတည်းဟူသော သိန္ဓော**မြင်း**။ ဗုဒ္ဓသိန္ဓဝံ **အာ**ပဇ္ဇ ဥဏ္ဏပဒဝိတိက္ကမံ ပဿိဿာမိ။ ဒီ၊ဋ္ဌ၊၂။၇၆။

ဗုဒ္ဓသိရိတ္ထေရ (ပု) [ဗုဒ္ဓသိရိ + **ထေရ**] ဗုဒ္ဓသိရိထေရ်။ ဣမံ သံဝဏ္ဏနံ ဗုဒ္ဓသိရိတ္ထေရဿ**ယာ**စနံ နိဿာ**ယ**။ ဝဇီရ။**၁၈**။

ဗုဒ္ဓသိရိဝ့ယ (တိ) [ဗုဒ္ဓသိရိ+**အ**ဝ့ယ] ဗုဒ္ဓသိရိအမည်ရှိသော၊သူ။ အတ္ထေသနံ ဗုဒ္ဓသိရိဝ့ယဿ **ထေ**ရဿ။ဝိ၊ဋ္ဌ၊၁။၂။ (–ဝိ၊**ဋ္ဌ**၊၄။၂၆၄။) ဗုဒ္ဓသိရိတိ အဝ့**ယော နာ**မံ **ယ**ဿ သောယံ ဗုဒ္ဓ သိရိဝ့**ယော**။ သာရတ္ထ၊၁။၂၀။

ဗုဒ္ဓသိရိ (ထီ၊ပု) [ဗုဒ္ဓ+သိရီ] (ထီ) (၁) ဘုရား**အသရေ**။ (ပု) (၂) ဗုဒ္ဓသိရိမထေရ်။ (ထီ) (၁) ဧဝမေဝ ဘဂဝါ ဒဿသဟဿိယာ လောကဓာတုယာ ဗုဒ္ဓသိရိယာ ပဇ္ဇလိ။ မိလိန္ဒ။ **၁၀၄**။ (–ဝိ၊ဋ္ဌ၊၃။၂၀၉။ **မ**၊ဋ္ဌ၊၃။ ၁၆။သံ၊ဋ္ဌ၊၃။၉၁။ **အံ**၊ဋ္ဌ၊၃။၂၃၆။) (ပု) (၂) **အ**ထက်ပုဒ်ကြည့်။

ဗုဒ္ဓသိလ (န) [ဗုဒ္ဓ+**သိလ**] ဘုရား**ရှင်၏**သိလ။ တ္ထေ စ "**အဓိသိလေ သမ္ပန္နဝေန္တိ**" တိ ဝုတ္တ-ဋ္ဌာနေ ဗုဒ္ဓသိလံ နာမ ကထိတံ။ မ၊ဋ္ဌ၊၃။၁၆၇။ (–ဒီ၊ဋ္ဌီ၊၁။၃၅၆။ **မ**၊ဋ္ဌီ၊၃။၁၁၅။)

ဗုဒ္ဓသီဟ (ပု) [ဗုဒ္ဓ + သီဟ] ဘုရားတည်း ဟူ**သော** ခြင်္သေ့။ဗုဒ္ဓသီဟံ **အာ**ပဇ္ဇ ဥဏ္ဏသီဟ-**နာဒံ** သောဿာမိ။ ဒီ၊ဋ္ဌ၊၂။၇၆။

ဗုဒ္ဓသီဟနာဒ (ပု) [ဗုဒ္ဓ + သီဟနာဒ] ဘုရား**ရှင်၏**–ခြင်္သေ့**မင်း အသံ**နှင့် တူသော အသံ–မကြောက်မရွံ့ ရဲရင့် သော အသံ–ကြီး၀ါး**သံ**။ **အထ** ဘဂဝါ ဗုဒ္ဓသီဟနာဒံ နဒန္တော။ သံ၊ဋ္ဌ။၁။၁၁၉။ (–မိလိန္ဒ။၁၄၄၊ **အံ**၊ဋ္ဌ၊၂။၂၀၉။) ဗုဒ္ဓသီဟနာဒန္တို့ ဗုဒ္ဓါနံ ဧဝ အာဝေဏိကံ သီဟနာဒံ။ သံ၊ဋ္ဌီ၊၁။၁၇၀။

ဗုဒ္ဓသီဟနာဒပရိယောသာန (န)[ဗုဒ္ဓသီဟနာဒ + ပရိယောသာန] ဘုရား**ရှင်**ကြီး၀ါးပြီး**သည်၏အဆုံး**။ ဣမသ္မိံ ဗုဒ္ဓသီဟနာဒပရိ-ယောသာနေ **ဇ**လမာနံ ဒီပသိခံ နိဗ္ဗာပေန္တော ဝိယ။ **အံ**၊ဋ္ဌ၊၂။၂၁၃။

ဗုဒ္ဓသုခုမာလ (ပု) [ဗုဒ္ဓ+သုခုမာလ] ဘုရား ဖြစ်၍ နူးညံ့သိမ်မွေ**သော**သူ၊ နူးညံ့သိမ်မွေ့သော ဘုရား။ ဘန္တေ တုမှေ ပကတိယာ ခတ္တိ-**ယ** သုခုမာလာ ပုန ဗုဒ္ဓသုခုမာ**လာ**တိ။ **အံ**၊ဋ္ဌ။ ၃။၂၆၀။ (–ဓမ္မ၊ဋ္ဌ၊၁။၃။စရိယာ၊ဋ္ဌ။၂၉၈။)

ဗုဒ္ဓသုည (တိ) [ဗုဒ္ဓ+သုည] ဘုရား**မှ ကင်း**ဆိတ်သော။ တတောပိ အသရော်ယ်္ပ ဗုဒ္ဓ-သုည**မေ**ဝ အဟောသိ။ ဒီ၊ဋ္ဌ၊၂။၄။ (–**အံ**၊ဋ္ဌ၊ ၃။၁၆၅။ ဥဒါန၊ဋ္ဌ။၈၅။ ဗုဒ္ဓဝံ၊ဋ္ဌ။၂၂၆။)

ဗုဒ္ဓသုညကာလ (ပု) [ဗုဒ္ဓသုည+ကာလ]ဘုရား**မှ ကင်း**ဆိတ်ရာ**အခါ**။ ဗုဒ္ဓသုညကာ**လေ** စန္ဒဘာ-ဂါယ နဒိယာ တီရေ **ကိန္နရ**ယောနိယံ နိဗ္ဗ-တ္တိ။ ထေရီ၊ဋ္ဌ။၅၃။ (–**အပ**၊ဋ္ဌ၊၂။၁၄၉။)

ဗုဒ္ဓသုတာ (ထီ) [ဗုဒ္ဓ+သုတာ] ဘုရား**သမီး**-**တော်**။ ယော တံ ဗုဒ္ဓသုတာ မဂ္ဂယသိ။ ထေရီ။

၄၂၂။ ဗုဒ္ဓသုတံ ဗုဒ္ဓဿ ဘဂဝတော သြရသ-
ဓီတရံ မံ။ ထေရီ၊၄။ ၂၆၃။

ဗုဒ္ဓသုဗုဒ္ဓတာ (ထီ) [ဗုဒ္ဓ+သုဗုဒ္ဓတာ] ဘုရား
ရှင်၏ကောင်းသောဘုရား – ဘုရားစစ် ဘုရား
မှန် – ဖြစ်တော်မူခြင်း၊ ဗုဒ္ဓလေးမျိုးတို့တွင်
အသာလွန်ဆုံး ဗုဒ္ဓဖြစ်တော်မူခြင်း။ သတ္ထာ
အတ္တနော ဗုဒ္ဓသုဗုဒ္ဓတာယ ဟေဋ္ဌာ ဂဟိတေ
စ အဂ္ဂဟိတေ စ သံဂ်ာ်ဖိုတ္ဝ။ အဘိ၊၄။
၃၂။ (–ဣတိဝုတ်၊၄။ ၂၅၁။ ထေရီ၊၄။၄။
နေတ္တိ၊၄။၄၂။)

ဗုဒ္ဓသုဗောဓ (ပု) [ဗုဒ္ဓ + သုဗောဓ] ကောင်းစွာ
(လှန်မစောက်) သိတော်မူသော ဘုရား။
သမ္မာသမ္ဗုဒ္ဓေါ ပန အတ္တနော ဗုဒ္ဓသုဗောဓ-
တာယ....ဒေသနံ ယဒိစ္ဆကံ နိယမေတ္ဝာ။အဘိ၊
၄၊၁။ ၂၀၁။

ဗုဒ္ဓသုဗောဓိ (ထီ) [ဗုဒ္ဓ+သုဗောဓိ] မြတ်စွာ
ဘုရား၏ (ဘုရားအဖြစ်,သမ္မညုတဉာဏ်, အရ
ဟတ္တမဂ်ဉာဏ်ကို) ကောင်းစွာသိခြင်း။ ဗုဒ္ဓ-
သုဗောဓိ ဓမ္မသုဓမ္မတံ သံဃသုပ္ပဋိပတ္တိ ။
မဟာနိ။ ၂၀၀။၃၆၀။ (–ဒီ၊၄၊၃။၂၃၇။ အံ၊
၌၊၂။ ၂၉၀။) ဗုဒ္ဓသုဗောဓိန္တိ ဗုဒ္ဓဿ ဘဂဝ-
တော ဗုဒ္ဓတ္တပဋိဝေဓံ။ မဟာနိ၊၄။၃၃၉။

ဗုဒ္ဓသုဗောဓိတတာ (ဝိမတိ၊၁။၆၄)သည် ဗုဒ္ဓသု-
ဗောဓိတာမှပျက်ယွင်းလာသောပုဒ်ဖြစ်သည်။

ဗုဒ္ဓသုဗောဓိတာ (ထီ) [ဗုဒ္ဓသုဗောဓိ+တာ]
ဘုရား၏ ကောင်းစွာ – သိသည်၏အဖြစ် –
သိခြင်း။ ဗုဒ္ဓသုဗောဓိတဋ္ဌ ဓမ္မသုဓမ္မတဋ္ဌ။
သံ ၄၊၁။၃၀၆။ (–ဝိ၊၄၊၁။၉၉။ သုတ္တနိ၊၄၊
၁။၂၁၂။ စူဠနိ၊၄။၂၁။) သုန္ဒရာ ဗောဓိ
သုဗောဓိ ဗုဒ္ဓဿ သုဗောဓိ ဗုဒ္ဓသုဗောဓိ သာ-
ဓေ ဗုဒ္ဓသုဗောဓိတာ။ သံ၊၌၊၁။၃၂၀။

ဗုဒ္ဓသေဋ္ဌ (ပု) [ဗုဒ္ဓ+သေဋ္ဌ] ဘုရားမြတ်၊ (အနု-
• ဗုဒ္ဓစသော) ဘုရားတို့ထက်မြတ်သောဘုရား။
ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယိ သုစိံ။ ခုဒ္ဒက။၅။
သုတ္တနိ။၃၁၂။ (–ထေရ။၂၀၀။ အပ၊၁။၂။
စူဠနိ။၂၁။) တတ္တ “ဗုဇ္ဈိတာ သစ္စာနိ” တိ
အာဒိနာ နယေန ဗုဒ္ဓေါ၊ ဥတ္တမော ပသံ-
သနီယော စာတိ သေဋ္ဌော၊ ဗုဒ္ဓေါ စ သော
သေဋ္ဌောစာတိ ဗုဒ္ဓသေဋ္ဌော၊ အနုဗုဒ္ဓပစ္စေက-
ဗုဒ္ဓသုတဗုဒ္ဓခြေသု ဝါ ဗုဒ္ဓေသု သေဋ္ဌောတိ
ဗုဒ္ဓသေဋ္ဌော။ ခုဒ္ဒက၊၄။၁၅၁။ သုတ္တနိ၊၄၊၁။
၂၀၀။

ဗုဒ္ဓသေဋ္ဌပရိဝဏ္ဏိတ (တိ) [ဗုဒ္ဓသေဋ္ဌ+ပရိဝဏ္ဏိတ]
ဘုရားမြတ်သည် ချီးမွမ်းအပ်သော။ တေန
ဗုဒ္ဓသေဋ္ဌပရိဝဏ္ဏိတေန သုစိနာ အာနန္ဒရိက-
သမာဓိနာ။ ခုဒ္ဒက၊၄။၁၅၂။ သုတ္တနိ၊၄၊၁။
၂၀၁။

ဗုဒ္ဓသေယျာ (ထီ) [ဗုဒ္ဓ+သေယျာ] ဘုရားရှင်
ကိန်းစက်တော်မူခြင်း။ “အဇ္ဇ မယာ ဂန္တ္ဝါ
ဝန္ဒိတိ”တိ ဗုဒ္ဓသေယျာယ ဥဋ္ဌာယ။ ဓမ္မ၊၄၊
၁။၁၅၉။ ဇာ၊၄၊၁။၁၃၅။

ဗုဒ္ဓသောဘာ (ထီ) [ဗုဒ္ဓ + သောဘာ] ဘုရား
ရှင်၏တင့်တယ်ခြင်း။ဗုဒ္ဓသောဘံ ပန ပရိစ္ဆာ-
ဒေတ္ဝာ အညာတကဝေသေန တတ္ထ ဂမနံ။
မ၊၌၊၃။၃၉၅။

ဗုဒ္ဓဿရ (ပု) [ဗုဒ္ဓ+သရ] ဘုရားရှင်အသံတော်။
အတ္ထိ နုခေါ ဘန္တေ ဗုဒ္ဓဿရေန သဒိသော
ကဿစိ သရော။ ဒီ၊၄၊၂။၄၄။

ဗုဒ္ဓဟတ္ထိ (ပု) [ဗုဒ္ဓ+ဟတ္ထိ] ဘုရားတည်းဟူသော
ဆင်ပြောင်၊ ဆင်ပြောင်နှင့် တူသောဘုရား။
အယံ ဇနော အဟေတုကပဋိသန္ဓိယံ နိဗ္ဗတ္တ-
ဟတ္ထိနော ဝဏ္ဏံ ကထေတိ ၊န ဗုဒ္ဓဟတ္ထိဿ။
အံ၊၄၊၃။၁၁၀။

ဗုဒ္ဓါကပ္ပ (ပု) [ဗုဒ္ဓ + အာကပ္ပ] ဘုရားအသွင်
အပြင်။ စိဝရဂ္ဂဟဏမို့ ပတ္တဂ္ဂဟဏမို့ ဗုဒ္ဓါ-
ကပ္ပေနေဝ ကတ္ဝာ။ အံ၊၄၊၁။၃၀၅။

ပုဒ္ဓါစရိယက (တိ) [ပုဒ္ဓ + အာစရိယ + က] ဘုရားလျှင် ဆရာရှိသော ၊ဘုရားကို ဆရာတင်ထားသော၊ သူ။ ဣရိယာပထသမ္မန္နော ပုဒ္ဓါစရိယကော ပုဒ္ဓုပဇ္ဈာယကော သမ္မာသမ္ဗုဒ္ဓံ ဝန္ဒမာနော ယေဝ တိဋ္ဌတိ။ဝိ၊ဋ္ဌ၊၁။ ၂၀၆။ အံ၊ဋ္ဌီ၊ ၂။ ၇၀။ ပုဒ္ဓေါဝ ပဗ္ဗဇ္ဇာစရိယော ဥပသမ္ပဒါစရိယော စ အဿာတိ ပုဒ္ဓါစရိယကော။ သာရတ္ထ၊ ၂။ ၅၁။

ပုဒ္ဓါစိဏ္ဏ (တိ) [ပုဒ္ဓ+အာစိဏ္ဏ] ဘုရားရှင်တို့၏ အလေ့အကျင့်။ တံ ခေါပနေတံ အာစိဏ္ဏံ ဒုဝိဓံ ဟောတိ၊ပုဒ္ဓါစိဏ္ဏံ သာဝကာစိဏ္ဏံ။ဝိ၊ဋ္ဌ၊၁။ ၁၆၃။ (–ဝိမာန၊ဋ္ဌ။ ၉၄။ မ၊ဋ္ဌီ၊ ၂။ ၁၀၉။ အံ၊ဋ္ဌီ၊၃။ ၁၇၅။)

ပုဒ္ဓါစိဏ္ဏဖလသမာပတ္တိ (ထီ) [ပုဒ္ဓါစိဏ္ဏာ+ဖလသမာပတ္တိ] ဘုရားရှင်တို့၏အလေ့အကျင့် ဖြစ်သော ဖလသမာပတ်။ ပုဒ္ဓါစိဏ္ဏဖလသမာပတ္တိ ံ သမာပဇ္ဇတိ။ အံ၊ဋ္ဌီ၊၁။ ၁၀၅။

ပုဒ္ဓါဏာဘယ (န) [ပုဒ္ဓါဏာ+ဘယ] ဘုရားရှင် အာဏာတော် –မှ– ကို – ကြောက်ခြင်း။ အနာဂန္တုံ နာမ နံ လဗ္ဘတိ အမနုဿေန ပုဒ္ဓါဏာဘယေန,ရာဇာဏာဘယေန စ။ ဒီ၊ဋ္ဌီ၊ ၃။ ၁၆၁။

ပုဒ္ဓါဒိစ္စ (ပု) [ပုဒ္ဓ+အာဒိစ္စ] ဘုရားတည်းဟူသော နေမင်း။ ပုဒ္ဓစန္ဒ – ကြည့်။

ပုဒ္ဓါဓိဋ္ဌာန (တိ) [ပုဒ္ဓ + အဓိဋ္ဌာန] ဘုရားသာလျှင် တည်ရာမှီရာရှိသော။ တမ်မိ နိဿာယ ပုန ပုဒ္ဓါဓိဋ္ဌာနံ သစ်္ခံ ဝတ္တုမာရဒ္ဓါ။ ခုဒ္ဒက၊ဋ္ဌ။ ၁၆၀။ သုတ္တနိ၊ဋ္ဌ၊၁၊ ၂၀၉။

ပုဒ္ဓါဓိပ္ပါယ (ပု) [ပုဒ္ဓ+အဓိပ္ပါယ] ဘုရားရှင်၏ အလိုတော်။ ပုဒ္ဓါဓိပ္ပါယေ ဋ္ဌိတော။ မိလိန္ဒ။ ၁၆၄။

ပုဒ္ဓါဓိပ္ပါယာနုဂ (တိ) [ပုဒ္ဓါဓိပ္ပါယ + အနု+ဂမု +ကို] ဘုရားရှင်၏အလိုသို့ အစဉ်လိုက်သော သူ။ ပုဒ္ဓါဓိပ္ပါယာနုဂေဟိတိ အဓိပ္ပါယော။ ဝင်ရ။ ၁၇။

ပုဒ္ဓါဓိဝါသပဗဒေသ (ပု) [ပုဒ္ဓါဓိဝါသ+ပဒေသ] ဘုရားရှင်သိတင်းသုံးရာအရပ်။ ယော ဝါ ပန ညောပိ သာဝတ္ထိရာဇဟာဒိ ပုဒ္ဓါဓိဝါသပဒေသော။ ခုဒ္ဒက၊ဋ္ဌ။ ၁၁၁။

ပုဒ္ဓါဓိဝုတ္ထ (တိ) [ပုဒ္ဓ+အဓိဝုတ္ထ] ဘုရားရှင် –သိတင်းသုံး– နေထိုင် – တော်မူဘူးသော။ ပုဒ္ဓါဓိဝုတ္ထော (ဝိ၊ဋ္ဌ၊၃။ ၄၁၉။ ဝိ၊ သင်္ဂဟ။ ၂၅၁။) တိ ပုဒ္ဓေန ဘဂဝတာ အဓိဝုတ္ထော။ သာရတ္ထ၊၃။ ၃၄၄။ (–ဝိမတိ၊ ၂။ ၂၀၂။)

ပုဒ္ဓါနုဇာ (ထီ) [ပုဒ္ဓ+အနုဇာ] ဘုရားရှင်၏ နှမငယ်။ (မြန်မာပြန်၌ မြတ်စွာဘုရားသို့ အစဉ်လိုက်၍ ဖြစ်၏ဟု ပြန်ဆိုထားသည်။) သာကိယမှိ ကုလေ ဇာတာ၊ ပုတ္တေ ပုဒ္ဓါနုဇာ တုဝံ။ အပ၊ ၂။ ၂၅၄။

ပုဒ္ဓါနုညာ (ထီ) [ပုဒ္ဓ+အနုညာ] ဘုရားရှင် ခွင့်ပြုတော်မူခြင်း။ နိဗ္ဗာယိဿာမ သမ္မာပိ၊ ပုဒ္ဓါနုညာယ သုဗ္ဗတေ။ အပ၊ ၂။ ၂၀၇။ (–၂၁၃။)

ပုဒ္ဓါနုညာတ (တိ) [ပုဒ္ဓ+အနုညာတ] ဘုရားရှင် ခွင့်ပြုတော်မူအပ်သော။ ပုဒ္ဓါနုညာတာယ အဝိညတ္တိယာ လဒ္ဓေ အာဟာရေ ရတာတိ အတ္ထော။ အပ၊ဋ္ဌ၊၁။ ၂၄၃-၄။

ပုဒ္ဓါနုပုဒ္ဓ (ပု) [ပုဒ္ဓ+အနုပုဒ္ဓ] (၁) ဘုရားရှင်နှင့် သာဝက။ (တိ) (၂) ဘုရားရှင်သို့ အစဉ်လိုက်၍ သိသော၊သူ။ (၁) တံ ပုဒ္ဓါနုပုဒ္ဓေဟိ ဝဏ္ဏိတံ သန္တံ နိဗ္ဗာနပဒံ။ ခုဒ္ဒက၊ဋ္ဌ။ ၂၀၃။ သုတ္တနိ၊ဋ္ဌ၊၁။ ၁၀၀။ (တိ) (၂) တေသံ ပုဒ္ဓါနံ ဘဂဝန္တာနံ အန္တရဓာနေန ပုဒ္ဓါနုပုဒ္ဓါနံ သာဝကာနံ။ ဝိ၊၁။ ၉။ (–သံ၊၁။ ၁၉၅။ ဒီ၊ဋ္ဌ၊၂။ ၁၄၄။ ဥဒါန၊ဋ္ဌ။ ၂၉၄။)

ပုဒ္ဓါနုပုဒ္ဓသံဝဏ္ဏိတ (တိ) [ပုဒ္ဓါနုပုဒ္ဓ+သံဝဏ္ဏိတ] (၁) ဘုရားရှင်သို့ အစဉ်လိုက်၍ သိသော

သာဝကတို့သည် ဖွင့်ဆိုအပ်သော (၂) ဘုရားရှင်နှင့် အရိယာ သာဝကတို့သည် ဖွင့်ဆိုအပ်သော (၁) (၂) ပုဒ္ဓါနုပုဒ္ဓသံဝဏ္ဏိဘဿ သဒ္ဒါဝဟဂုဏဿ။ ဒီ၊ဋ္ဌ၊၁။၁။ (–မ၊ဋ္ဌ၊၁။၁။ သံ၊ဋ္ဌ၊၁။၁။) ပုဒ္ဓါနံ အနုပုဒ္ဓါ ပုဒ္ဓါနုပုဒ္ဓါ၊ ပုဒ္ဓါနံ သစ္ဆပ္ပဋိဝေဓံ အနုဂမ္မ ပဋိဝိဒ္ဓသစ္ဆာ အဂ္ဂသာဝကာဒယော အရိယာ တေဟိ အတ္ထသံဝဏ္ဏနာဝသေန ဂုဏသံဝဏ္ဏနာဝသေန စ သံဝဏ္ဏိတဿ။ အထ ဝါ ပုဒ္ဓါ စ အနုပုဒ္ဓါ စ ပုဒ္ဓါနုပုဒ္ဓါတိ ယောဇေတဗ္ဗံ။ ဒီ၊ဋ္ဌ၊၁။၁၅။ (–သီ၊ဋ္ဌ၊သစ်၊၁။၂၇။ မ၊ဋ္ဌ၊၁။၁၅။ အံ၊ဋ္ဌ၊၁။၁၀။)

ပုဒ္ဓါနုပုဒ္ဓသာဝက (ပု) [ပုဒ္ဓ+အနုပုဒ္ဓသာဝက] ဘုရားရှင်သို့ အစဉ်လိုက်၍သိသော အရိယာသာဝက။ ယေ ကိရ တေ အဟေသုံ ပုဒ္ဓါနုပုဒ္ဓသာဝကာ။ သံ၊၁။၄၀၅။

ပုဒ္ဓါနုဘာဝ (ပု) [ပုဒ္ဓ+အာနုဘာဝ] ဘုရားရှင်၏ – အစ္ဈမ်းသတ္တိ – တန်ခိုးတေဇော် – အာနုဘော်။ တဒါ ပုဒ္ဓါနုဘာဝေန၊ သုခေနေဝ မဟိ ဂဒတာ။ အပ၊၂။၁၁၇။ (–ဝိ၊ဋ္ဌ၊၁။၆၄။ ဒီ၊ဋ္ဌ၊၃၊၇။ သံ၊ဋ္ဌ၊၁။၂၀၀။)

ပုဒ္ဓါနုဘာဝဒ္ဃန (နာ) [ပုဒ္ဓါနုဘာဝ+ဒ္ဃန] ဘုရားရှင်၏ အာနုဘော်ကို မြင်ခြင်း။ သော ဇေတဝနပဋိဂ္ဂဟဏဒိဝသေ ပုဒ္ဓါနုဘာဝဒ္ဃနေန သဒ္ဓါတပ္ပသာဒေါ ပမ္ဗဇိတ္ထာ။ ထေရ၊ဋ္ဌ၊၁။၉၂။

ပုဒ္ဓါနုဘာဝဒီပက (တိ) [ပုဒ္ဓါနုဘာဝ + ဒီပက] ဘုရားရှင်၏အာနုဘော်ကို ပြတတ်သော။ ဗဟုဇနဟိတာယ ပဋိပန္နာဒီဟိ ပုဒ္ဓါနုဘာဝဒီပကေဟိ အဋ္ဌဟိ ကာရဏေဟိ။ အံ၊ဋ္ဌိ၊၂။ ၁၇၄။

ပုဒ္ဓါနုဘာဝဒီပန (တိ) [ပုဒ္ဓါနုဘာဝ+ဒီပန] ဘုရားရှင်၏အာနုဘော်ကို ပြတတ်သော။ ပုဒ္ဓါနုဘာဝဒီပနံ ပါဋိဟာရိယံ ဒဿေတွာ ဓမ္မံ ဒေသေန္တော။ စရိယာ၊ဋ္ဌ။၆။ (–ဒီ၊ဋ္ဌိ၊၂။၁၉၀။၂၂၀။)

ပုဒ္ဓါနုဘာဝပဋိသံယုတ္တ (တိ) [ပုဒ္ဓါနုဘာဝ+ပဋိသံယုတ္တ] ဘုရားရှင်၏အာနုဘော်နှင့်စပ်ယှဉ်သော။ ပုဒ္ဓါနုဘာဝပဋိသံယုတ္တံ ဓမ္မံ သုဏာတိ။ စရိယာ၊ဋ္ဌ။၂၇၇။

ပုဒ္ဓါနုဘာဝဝိဘာဝန (ထိ၊န) [ပုဒ္ဓါနုဘာဝ+ဝိဘာဝန] ဘုရားရှင်၏အာနုဘော်ကို ထင်စွာပြခြင်း။ ပုဒ္ဓါနုဘာဝဝိဘာဝနတ္ထံ ကထေသိ။ အံ၊ဋ္ဌိ၊၁။ ၂၀၉။

ပုဒ္ဓါနုဘာဝသဇ္ဇောဒိတ (တိ) [ပုဒ္ဓါနုဘာဝ+သဇ္ဇောဒိတ] ဘုရားရှင်၏အာနုဘော်သည် တိုက်တွန်းနှိုးဆော်အပ်သော၊သူ။ စိန္တိတသမနန္တရမေဝ ပုဒ္ဓါနုဘာဝသဇ္ဇောဒိတော.... ဘိက္ခုသံဃော ဓမ္မရာဇံ သမ္မုခီဘဝါရေသိ။ ပေတ၊ဋ္ဌ။၁၅၀။

ပုဒ္ဓါနုဘာဝသန္ဒဿန (န) [ပုဒ္ဓါနုဘာဝ + သန္ဒဿန] ဘုရားရှင်၏အာနုဘော်ကို ကောင်းစွာမြင်ခြင်း။ တေန ပုဒ္ဓါနုဘာဝသန္ဒဿနေန အစ္ဆရိယဗ္ဘုတစိတ္တဇာတော။ စရိယာ၊ဋ္ဌ။၆။

ပုဒ္ဓါနုဘာဝသဟိတ (တိ) [ပုဒ္ဓါနုဘာဝ + သဟိတ] ဘုရားရှင်၏ အာနုဘော်နှင့်တကွ ဖြစ်သော။ ယသ္မာ ပထဝိယာ နာဘိဘူတာ, ပုဒ္ဓါနုဘာဝသဟိတာ အစလဋ္ဌာနဘူတာ။ ဒီ၊ဋ္ဌီ၊၂။၂၃။ မ၊ဋ္ဌီ၊၃။၃၃၄။

ပုဒ္ဓါနုမတ (တိ) [ပုဒ္ဓ+အနုမတ] ပညာရှိတို့ခွင့်ပြုအပ်သော။ ပုဒ္ဓါနုမတာနိ (ဇာ၊၁။၃၃၇) တိ ပဏ္ဍိတေဟိ အနုမတာနိ အနဝဇ္ဇာနိ ဟောန္တိ။ စရိယာ၊ဋ္ဌ။၁၈၈။ ဇာ၊ဋ္ဌ၊၄။၄၅၄။

ပုဒ္ဓါနုသာသနီ (ထီ) [ပုဒ္ဓ + အနုသာသနီ] ဘုရားရှင်တို့၏အဆုံးအမတော်။ အာရဒ္ဓဝိရိယာ ဟောထ၊ သော ပုဒ္ဓါနုသာသနီ။ အပ၊၁။၇။ သော ပုဒ္ဓါနုသာသနီ သော ပုဒ္ဓါနံ အနုသိဋ္ဌိ။ အပ၊ဋ္ဌ၊၁။၁၂၇။

ပုဒ္ဓါနုဿတိ (ထီ) [ပုဒ္ဓ+အနုဿတိ၊ ပုဒ္ဓံ အာရဗ္ဘ ဥပ္ပန္နာ အနုဿတိ ပုဒ္ဓါနုဿတိ။ ဝိသုဒ္ဓိ၊

၁။၁၉၁။]ဘုရားရှင် (ဂုဏ်တော်)ကို အောက်မေ့ခြင်း။ ဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိ သံဃာနုဿတိ။ ဒီ၂၃။၂၀၇။(–အံ၊၁။၃၂။ ပဋိသံ။ ၄၇၊၉၂။မဟာနိ။၅။) ဗုဒ္ဓါနုဿတိတိ ဗုဒ္ဓသဂုဏာနုဿရဏံ။ ဒီ၊၃၊၃။၂၂၀။ (–အံ၊၃၊၁။ ၃၆၆။ ပဋိသံ၊၃၊၁။၂၁၄၊၂၈၀။ မဟာနိ၊၃။ ၃၀။)

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန (န) [ဗုဒ္ဓါနုဿတိ + ကမ္မဋ္ဌာန] ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း။ သစေ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာနံ ဟောတိ။ သံ၊၃၊၃။၂၁၉။

ဗုဒ္ဓါနုဿတိဒေသနာ (ထီ) [ဗုဒ္ဓါနုဿတိ+ဒေသနာ] ဗုဒ္ဓါနုဿတိကို ဟောကြောင်းသဒ္ဒါအစဉ်။ ဗုဒ္ဓါနုဿတိဒေသနာယံ ယထာ စ ယံ ယံ ပကာရံ ဝေဝစနံ ဘဂဝတာ ....ဝုတ္တံ။ နေတ္တိ၊ဝိ။၁၈၇။

ဗုဒ္ဓါနုဿတိနိဒ္ဒေသ (ပု) [ဗုဒ္ဓါနုဿတိ+နိဒ္ဒေသ] ဗုဒ္ဓါနုဿတိကို အကျယ်ပြောအခန်း။ သော စ ဝိသုဒ္ဓိမဂ္ဂေ ဗုဒ္ဓါနုဿတိနိဒ္ဒေသေ ဝုတ္တောယေဝ။ မ၊၃၊၁။၁၁။သံ၊၃။၁။၁၁အံ၊၃၊၁။၁၁။ ပဋိသံ၊၃၊၂၊၁၁၇။

ဗုဒ္ဓါနုဿတိဘာဝနာ (ထီ) [ဗုဒ္ဓါနုဿတိ+ဘာဝနာ] ဗုဒ္ဓါနုဿတိကို ပွါးများခြင်း။ ဇတေန ဗုဒ္ဓါနုဿတိဘာဝနာယ ယုတ္တာကာရဒဿနေန သဗ္ဗတ္ထ ကမ္မဋ္ဌာနာနုယောဂမာဟ။ ထေရ၊၃၊ ၂။၆၁။

ဗုဒ္ဓါနုဿတိဝဏ္ဏနာ (ထီ) [ဗုဒ္ဓါနုဿတိ + ဝဏ္ဏနာ] ဗုဒ္ဓါနုဿတိပုဒ်အဖွင့်။ဝိသုဒ္ဓိမဂ္ဂေ ဗုဒ္ဓါနုဿတိဝဏ္ဏနာယံ ပကာသိတံ။ အံ၊၃၊၁။၇၉။

ဗုဒ္ဓါနုဿတိ သံဝဏ္ဏနာ (ထီ) [ဗုဒ္ဓါနုဿတိ + သံဝဏ္ဏနာ] ဗုဒ္ဓါနုဿတိပုဒ်အဖွင့်။ဝိသုဒ္ဓိမဂ္ဂေ ဗုဒ္ဓါနုဿ တိသံဝဏ္ဏနာယ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော။ မ၊၃၊၁။၁၀၉။

ဗုဒ္ဓါနုဿတိသဟဂတ (တိ) [ဗုဒ္ဓါနုဿတိ+သဟဂတ] ဘုရားရှင်(ဂုဏ်တော်) ကို အောက်မေ့ခြင်းနှင့်တကွဖြစ်သော။ ယံ သညန္တိ ယံ ဗုဒ္ဓါနုဿတိသဟဂတံ သညံ။ ထေရ၊၃၊၁။၄၃၃။

ဗုဒ္ဓါပဒါန (န) [ဗုဒ္ဓ+အပဒါန] ဘုရားရှင်တို့၏ အကြောင်း။ တဒေဝညာဏံ ဗုဒ္ဓါနမေဝါဓိကဘာဝတော တေသမေဝ သမ္မဒ္ဓါနံ အပဒါနံ ကာရဏံ ဗုဒ္ဓါပဒါနံ။ အပ၊၃၊၁။၁၁၂။

ဗုဒ္ဓါပဒါနိယ (တိ) [ဗုဒ္ဓါပဒါန+ဣယ] ဘုရားရှင် အကြောင်း ကို ဖော်ပြတတ်သော (ဓမ္မဒေသနာ)။ဗုဒ္ဓစရိယံ သမ္ဘာဝယမာနော ဗုဒ္ဓါပဒါနိယံ နာမ ဓမ္မပရိယာယံ အဘာသိတ္ထ။ အပ၊၁။၇။စရိယာ။၄၂၀။ ဗုဒ္ဓါပဒါနိယံ နာမ ဗုဒ္ဓကာရဏပကာသကံ နာမ ဓမ္မပရိယာယံ ဓမ္မဒေသနံ သုတ္တံ အဘာသိတ္ထ ကစထေသိ။ အပ၊၃၊၁။၁၄၂။ ဗုဒ္ဓါပဒါနိယံ နာမာတိ ဗုဒ္ဓါနံ ပုရာတနကမ္မံ ပေါရာဏံ ဒုက္ကရကိရိယံ အဓိကိစ္စ ပဝတ္တတ္တာ ဒေသိတတ္တာ ဗုဒ္ဓါပဒါနိယန္တိ ဧဝံ နာမကံ။ စရိယာ၊၃။၃၂၂။

ဗုဒ္ဓါပဒေသ (ပု) [ဗုဒ္ဓ+အပဒေသ] ဘုရားဟူသော ရည်ညွှန်းချက်ရှိသော အကြောင်း၊ ဘုရားကို– အကိုးအကား – အားကိုးအားထား – ပြု၍ ဆိုအပ်သော အကြောင်း။ စတ္တာရော မဟာပဒေသာ ဗုဒ္ဓါပဒေသော သံဃာပဒေသော။ နေတ္တိ။၂၀။ အပဒိဿတီတိ အပဒေသော၊ ဗုဒ္ဓေါ အပဒေသော တေဿာတိ ဗုဒ္ဓါပဒေသော။နေတ္တိ၊၃။၈၀။ (–ဒီ၊ ၃။၁။၁၆၅။အံ၊၃။၂၃၅။ အနုဋီ၊၂။၉၀။ နေတ္တိ၊ဝိ။၁၁၈။) မဟာပဒေသ – လည်းကြည့်။

ဗုဒ္ဓါဘာ (ထီ) [ဗုဒ္ဓ+အာဘာ] ဘုရားရှင်၏အရောင်။ ဗုဒ္ဓါဘာ စ သုဝဏ္ဏာဘာ၊အာလောကော ဝိပုလော အဟု။ အပ၊၁။၁၆၄။(–သံ၊ ၃။၁။၅၀။)

ဗုဒ္ဓါဘိမုခ (တိ) [ဗုဒ္ဓ + အဘိမုခ] ဘုရားလွှင်သို့ ရှေးရှု။ စတဒဿာ ပိ ဟိ ပရိသာ ဗုဒ္ဓါဘိမုခါဧဝ တိဋ္ဌန္တိ။သံ၊၃။၅၆။

ဗုဒ္ဓါဘိဝါဒနဂမန (န) [ဗုဒ္ဓါဘိဝါဒန+ဂမန] ဘုရားရှိခိုးရန်သွားခြင်း။ အတ္ထိကာနန္တိ ဗုဒ္ဓါဘိဝါဒနဂမနေန စ ဓမ္မသဝနေန စ အတ္ထိကာနံ။ ဝိ၊ဋ္ဌ၊၃၊ ၂၅၅။

ဗုဒ္ဓါရမ္မဏ (န) [ဗုဒ္ဓ+အာရမ္မဏ] (၁) ဘုရားအာရုံ။ (တိ) (၂) ဘုရားသာလျှင် အာရုံရှိသော၊ ဘုရားကို အာရုံပြုသော။ (၁) ဗုဒ္ဓါရမ္မဏံ မနသိ အကာသိန္တိ အတ္ထော။အပ၊ဋ္ဌ၊ ၂။ ၁၉၅၊ (တိ) (၂) ဗုဒ္ဓါရမ္မဏံ ပီတိ ပဋိလဘိတ္ဝာ ဝိပဿနံ ဝဍ္ဎေတ္ဝာ အရဟတ္တံ ပါပုဏိ။ ဝိ၊ဋ္ဌ၊၄။၁၇၄။ (–မ၊ဋ္ဌ၊၁။ ၂၂၀။ သံ၊ဋ္ဌ၊၃။ ၂၂၀။အဘိ၊ဋ္ဌ၊၂။ ၂၇၉။)

ဗုဒ္ဓါရမ္မဏပီတိ (ထိ) [ဗုဒ္ဓါရမ္မဏာ + ပီတိ] ဘုရားကိုအာရုံပြု၍ ဖြစ်သော ပီတိ။ဟေတုသမ္ပန္နတ္တာ ဗုဒ္ဓါရမ္မဏာ ပီတိဝသေန ဘဂဝန္တံ သရိတ္ဝာ။ အပ၊ဋ္ဌ၊၂။၁၉၈။ (–ဇာ၊ဋ္ဌ၊၁။ ၄၄။ မ၊ဋ္ဌီ၊၁။ ၂၀၇။)

ဗုဒ္ဓါရမ္မဏပီတိဝိသယ (ပု) [ဗုဒ္ဓါရမ္မဏပီတိ + ဝိသယ] ဘုရားကို အာရုံပြုသော ပီတိ၏ ကျက်စားရာ(အာရုံ)။ ဗုဒ္ဓါရမ္မဏပီတိဝိသယဘူတာ စေတိယင်္ဂဏ မောဓိယင်္ဂဏတော ပဘုတိ ရဋ္ဌာနံ ပတ္ထတိ ဝုတ္တံ ဟောတိ။ သီ၊ဋ္ဌီ၊သစ်၂။၈၅။

ဗုဒ္ဓါရဟ (တိ) [ဗုဒ္ဓ+အရဟ] ဘုရားရှင်တို့အား ထိုက်သော။ဗုဒ္ဓါရဟံ ပန ကတ္ဝာ အပညတ္တံ။ မ၊ဋ္ဌ၊၃။၁၂။ သံ၊ဋ္ဌ၊၃၊၈၇။(–ဥဒါန၊ဋ္ဌ၊၃၆၉။)

ဗုဒ္ဓါလယနဝစန (န) [ဗုဒ္ဓ+အာလယနဝစန] ဘုရားရှင်တို့၏ ခေါ်ဝေါ်ကြောင်း – စကား – သဒ္ဒါ။ အာလယနဝစနန္တိ ဗုဒ္ဓါလယနဝစနံ။ သီ၊ဋ္ဌီ၊သစ်၊၁။၃၉၀။

ဗုဒ္ဓါလယ (ပု) [ဗုဒ္ဓ+အာလယ] ဘုရားဟန်ဆောင်ခြင်း၊ ဘုရားအသွင်ယူခြင်း။ သာသနေ ပဗ္ဗဇိတ္ဝာ ဣဒ္ဓိံ နိဗ္ဗတ္တေတ္ဝာ ဗုဒ္ဓါလယံ အကာသိ။ မိလိန္ဒ။၂၀၁။

ဗုဒ္ဓါလာပ (ပု) [ဗုဒ္ဓ+အာလာပ] ဘုရားရှင်တို့၏ ခေါ်ဝေါ်ခြင်း။ အာဝုသောတိ ဟိ အဝတ္ဝာ ဘိက္ခဝေတိဝစနံ ဗုဒ္ဓါလာပေါ နာမ ဟောတိ။ အံ၊ဋ္ဌ၊၂။၃၃။

ဗုဒ္ဓါလောက (ပု) [ဗုဒ္ဓ+အာလောက] ဘုရားရှင်တို့၏ – အရောင် – ရောင်ခြည်တော်။ ဒိဝါ သူရိယာလောကေန ဝိယ သတ္တာ နိစ္စံ ဗုဒ္ဓါလောကေနေဝ ဝိစရိံသု။ အဘိ၊ဋ္ဌ၊၁။၅၇။ အပ၊ဋ္ဌ၊၁။၃၉။ ဇာ၊ဋ္ဌ၊၁။၃၀။

ဗုဒ္ဓါဝဏ္ဏာ (ထီ) [ဗုဒ္ဓ+အဝဏ္ဏာ] ဘုရားဖြစ်သော အခိုက်အတန့်။ ဗုဒ္ဓဘူမိ (၂) ကြည့်။

ဗုဒ္ဓါဝေဏိက (တိ) [ဗုဒ္ဓ+အာဝေဏိက] ဘုရားရှင်တို့၏ အသီးအခြားဖြစ်သော၊ ဘုရားရှင်တို့ ကိုယ်ပိုင်ဖြစ်သော။ သဿတာဒိအာကာရဿ ဟိ ဝေနေယျာနံ အာသယဿ ဗုဒ္ဓါဝေဏိကာ ဓမ္မဒေသနာ။ နေတ္တိ၊ဋ္ဌ။၄၆။ (–သာရတ္ထ၊၁။၆၆။ ဒီ၊ဋ္ဌီ၊၁။ ၂၅၅။ မ၊ဋ္ဌီ၊ ၂။ ၂၀၂။)

ဗုဒ္ဓါဝေဏိကသန္တက (န) [ဗုဒ္ဓါဝေဏိက+သန္တက] ဘုရားရှင်တို့၏ အသီးအခြားဖြစ်သော ဥစ္စာ၊ ဘုရားရှင်တို့ ကိုယ်ပိုင်ဥစ္စာ။ ဗုဒ္ဓါဝေဏိကသန္တကံ ဝိယ ဗုဒ္ဓါနံ အာကပ္ပသောဘာ အဟောသိ။ မ၊ဋ္ဌီ၊၃။၆၂။

ဗုဒ္ဓါသန (န) [ဗုဒ္ဓ+အာသန] ဘုရားရှင်တို့၏ နေရာ။ တတော ဝိဝိတ္တေ သြကာဇသေ ဗုဒ္ဓါသနံ ပညပေတ္ဝာ နိသီဒိ။ ဒီ၊ဋ္ဌ၊၂။၂၇၀။ (–မ၊ဋ္ဌ၊၁။၁၃။ သံ၊ဋ္ဌ၊၁။၈၇။ အံ၊ဋ္ဌ၊၁။ ၅၀။)

ဗုဒ္ဓါသနဝရဂတ (တိ)[ဗုဒ္ဓါသနဝရ+ဂတ] ဘုရားတို့၏ နေရာမြတ်သို့ရောက်သော၊ သူ။ ဗုဒ္ဓါသနဝရဂတော ဓမ္မံ ဒေသေတ္ဝာ။ မ၊ဋ္ဌ၊၄၊ ၁၁၄။ (–အံ့၊ဋ္ဌ၊၁။၅၃။)

ဗုဒ္ဓါသယ (ပု) [ဗုဒ္ဓ+အာသယ] ဘုရားရှင်တို့၏ အလိုဆန္ဒ။ သစ္စကိရိယာ နာမ ဗုဒ္ဓါသယံ

အတ္တဓနာ သီလံ ပစ္စဝေက္ခိတ္ဝာ ကတာ။ မ၊ ၌၊၃၅၆။

ဗုဒ္ဓိာ (ထိ) [ဗုဓ+တိ။ ဗုဇ္ဈတေ တာယာ့တိ ဗုဒ္ဓိ၊ တိ။ဓာ့နိ၊၌။၁၅၂။] အသိဉာဏ်၊ ပညာ။ သာဓုသုဝိဟိတာန ဒဿနံ၊ ကခ်ီ ဆိဒ္ဓတိ ဗုဒ္ဓိ ဝစုတိ။ ထေရ။၂၃၆။ (–သံ၊၃။၀၃။ အပ၊ ၁။၃၃။ ဇာ၊၁။၁၆၅။) နိပ္ပရိယာယေန ပညာ ဗုဒ္ဓိ ဝစုတိ။ ထေရ၊၌၊၁။၂၁၂။ (–ဓာန်၊၌။ ၇၉၃၊၁၀၃၄၊၁၀၆၁။)

ဗုဒ္ဓိ၂ (ထိ) [ဝဒ္ဓ+တိ။ ဝ-ကို ဗ-ပြု၊ အ-ကို ဥပြု။ ရှု၊နှာ။၃၇၇။ နိရုတ္တိ၊နှာ။၅၀၀။] တိုးပွါးခြင်း၊ ကြီးပွါးခြင်း။ ဗုဒ္ဓိအတ္ထ (၁)နှင့် ဗုဒ္ဓိကာရဏာ တို့ကြည့်။

ဗုဒ္ဓိအတ္ထ (တိ) [ဗုဒ္ဓိ+အတ္ထ] (၁) တိုးပွါးခြင်း အနက်–ရှိသော—ကို ဟောသော။ (၂) သိခြင်းအနက်–ရှိသော–ကို ဟောသော။ (၁) မဟန္တော သံဝရော အသံဝရော။ ဗုဒ္ဓိ-အတ္ထော ဟိ အယ မ, ကာရော ယထာ အသေက္ခာ မဂ္ဂဟိတိ။ ဒီ၊၌။၁။၂၀။ (၂)ဂတိ-အတ္ထာ ဓာတုသဒ္ဒါ ဗုဒ္ဓိအတ္ထာ ဟောန္တိ။ မ၊ ၌၊၃။၁၇။ အံ၊၌၊၃။ ၂။ (–ဒီ၊၌၊၃။၉၆။)

ဗုဒ္ဓိအဘိဓေယျပနဒ္ဓ (နှ) [ဗုဒ္ဓိ+အဘိဓေယျပနဒ္ဓ] (သတ္တဝါတို့ကို) အသိဉာဏ်သို့ ဇွဲရှုတင်ပေး ဖတ်သော အနက်သဘော၊ အသိဉာဏ်၌ ရွေ့ရှုတည်စေတတ်သော အနက်သဘော။ ဗုဒ္ဓိအဘိဓေယျပနဒ္ဓေန ဗောဇ္ဈင်္ဂါ။ ပဋိသံ။ ၃၀၂။ ဓေယျပနဒ္ဓေနာတိ သတ္တာနံ ပတိဋ္ဌာ-ပနဒ္ဓေန။ ပဋိသံ၊၀၊ ၂။ ၂၀၄။

ဗုဒ္ဓိက (နှ) [ဗုဒ္ဓ+ကိက] (၁) ဗုဒ္ဓိကကျွမ်း။ (တိ) (၂) ဘုရား၌ ကြည်ညိုသော၊ ဘုရား–၌–ကို–ဆည်းကပ်ကိုးကွယ်ခြင်း ရှိသော၊ သူ။ (၃) ဘုရား၏ ဥစ္စာဖြစ်သော။ (၁) အညာနိပိ မဂ္ဂကထာ အာရမ္မဏကထာ ဗုဒ္ဓိက ဒက္ခကညာဏဝတ္ထု အသုဘကထာဒီနိ အတ္ထိ။ ဝိ၊၌၊၃။၉။ (တိ) (၂) ဗုဒ္ဓေ ပသန္နော ဗုဒ္ဓိ-ကော။ ရှု၊နှာ။၂၂၅။ ဗုဒ္ဓေ ဘတ္တိ အဿာတိ ဗုဒ္ဓိကော။ ရှု၊၌၊နှာ။၁၆၆။ (၃) ဗုဒ္ဓဿ သန္တ-ကော ဗုဒ္ဓိကော။ ရှု၊နှာ။၂၂၅။

ဗုဒ္ဓိကာရဏာ (နှ) [ဗုဒ္ဓိ+ကာရဏာ] တိုးပွါးခြင်း အကြောင်း။ ဣဒ္ဓိကာရဏံ ဗုဒ္ဓိကာရဏံ သမ္မသမ္မတ္တိကာရဏံ ပတိဋ္ဌာပေန္တိ။ မဟာနိ၊ ၌။၁၀၇။

ဗုဒ္ဓိဂမန (နှ) [ဗုဒ္ဓိ+ဂမန] အသိဉာဏ်ဖြစ်ခြင်း။ ဉာဏဂမနေန ပညာဂမနေန ဗုဒ္ဓိဂမနေန စဇာမိ ဂစ္ဆာမိ။ စူဠနိ။၂၂၀။

ဗုဒ္ဓိစရိတ (တိ) [ဗုဒ္ဓိ+စရိတ] ဉာဏ်ပညာ အဖြစ်များသော၊ ပညာစရိုက် များသော၊ သူ။ သဒ္ဓါစရိတော, ဗုဒ္ဓိစရိတော, ဝိတက္က-စရိတော။ ဝိသုဒ္ဓိ၊၁။၉၈။ (–သာရတ္ထ၊၂။ ၂၀၃။)

ဗုဒ္ဓိစရိယာ (ထိ) [ဗုဒ္ဓိ+စရိယာ] ဉာဏ်ပညာ၏ ဖြစ်ခြင်း၊ ဉာဏ်ပညာ အဖြစ်များခြင်း။ ဗုဒ္ဓိ-စရိယာယ ကောဋိ့ ပတ္တာ အာဂတော။ ဒီ၊၌၊၁။၆၀။ အံ၊၌၊၁။၈၀။ ကမ္မဿကတာဉာ-ဏဝသေန....ဉာဏစာရော ဗုဒ္ဓိစရိယာ၊သာ ပန အတ္ထတော ပညာပါရမိယေဝ။ ဒီ၊၌၊၁။၁၀၂။ သီ၊၌၊သစ်၊၁။၃၀၃။ အံ၊၌၊၁။၁၂၆။

ဗုဒ္ဓိဇ (ပု) [ဗုဒ္ဓိ+ဇန+ကို] ဗုဒ္ဓိဇထေရ်။ (ထို မထေရ်သည် ကကုသန်မြတ်စွာဘုရား၏ မြတ်သော အလုပ်အကျွေး ဖြစ်သည်။) ဗုဒ္ဓိဇော နာမ ဘိက္ခု ဥပဋ္ဌာကော အဟောသိ။ ဒီ၊ ၂။၅။ (–ဗုဒ္ဓဝံ။၃၇၂။ အဘိ၊၌၊၁။၇၀။)

ဗုဒ္ဓိတုလျကာရိတာပတ္တိ (ထိ) [ဗုဒ္ဓိတုလျကာရိတ +အာပတ္တိ] အသိဉာဏ်တူသည်၏ အဖြစ်ဟူ သော အကျိုးသို့ ရောက်ခြင်း။ ဧတေနေဝ ယာ ကေသဉ္စိ အရိယာဓမ္မေ အကောဝိဒါနံ ဃဋ္ဋ-သဘာဝါဒီသု ဗုဒ္ဓိတုလျကာရိတာပတ္တိစော-

ဓနာ၊ သာ ပဋိက္ခိတ္တာတိ ဒဋ္ဌဗ္ဗာ။ မ၊ဋ္ဌီ၊၃။ ၄၃၄။

ပုဒ္ဓိနိဿာန (န) [ပုဒ္ဓိ+နိဿာန] ပညာကို ထက်ဖောင် သွေးခြင်း။ ပုဒ္ဓိနိဿာနံ (နေတ္တိ၊ဋ္ဌ။ ၅၉) ပညာယ တေဇနံ တိက္ခဘာဝကရဏံ။ နေတ္တိ၊ဋ္ဌီ၊၄၇။

ပုဒ္ဓိပဂ္ဂဟ (ပု) [ပုဒ္ဓိ+ပဂ္ဂဟ] ပညာကို ချီးမြှောက်ခြင်း။ တတော ပစ္ဆာပိ တထေဝ "ပုဒ္ဓိပဂ္ဂဟော"တိ ဝိရိယံ ဒဋ္ဌံ ကဆောတူတိ ကုပ္ပမမ္မံ ဝိယ မညမာနော ဝဒတိ။ သံ၊ဋ္ဌီ၊ ၁။ ၁၄၄။

ပုဒ္ဓိပဋိလဘန (န) [ပုဒ္ဓိ+ပဋိလဘန] အသိညာဏ်—ပညာ–ကို ရခြင်း၊ အသိညာဏ်–ပညာသို့ ဆောက်စေခြင်း။ပုဒ္ဓိပဋိလဘနဋ္ဌေန ဗောဇ္ဈင်္ဂါ။ ပဋိသံ။၃၀၂။ ပုဒ္ဓိလဘန-လည်း ကြည့်။

ပုဒ္ဓိပဋိလာဘ (ပု) [ပုဒ္ဓိ+ပဋိလာဘ] အသိညာဏ် –ပညာ–ကို ရခြင်း။ အပုဒ္ဓိဝိဟတတ္တာ ပုဒ္ဓိ-ပဋိလာဘတ္တာ ပုဒ္ဓေါ။ မဟာနိ။၃၆၃။ မဟာနိ၊ဋ္ဌ။၃၉၁။ (–စူဠနိ။၁၉၇။ ခုဒ္ဒက၊ ဋ္ဌ။၅။)

ပုဒ္ဓိပရိကပ္ပိတ (တိ) [ပုဒ္ဓိ+ပရိကပ္ပိတ] အသိညာဏ် ဖြင့် ကြံဆအပ်သော။ စိတ္တသန္တာနဝိနိမုတ္တာ ပရမတ္ထတော ကဿစိ ကတ္တုအဘာဝေပိ သဒ္ဒ-ဝေါဟာရေန ပုဒ္ဓိပရိကပ္ပိတဘေဒစနိစ္စာယ စိတ္တသန္တာနတော အညံ ဝိယ တံသမ်ဂိ ကတ္ဝာ ဝုတ္တံ။ ဒီ၊ဋ္ဌီ၊၁။၃၉၉။ မ၊ဋ္ဌီ၊၁။ ၂၉။ သံ၊ ဋ္ဌီ၊၁။ ၂၆။ အံ၊ဋ္ဌီ၊၁။ ၂၀။

ပုဒ္ဓိပရိကပ္ပိတရူပ (န) [ပုဒ္ဓိပရိကပ္ပိတ+ရူပ] အသိညာဏ်ဖြင့် ကြံဆအပ်သော သဘော။ တထာပိ ပရမတ္ထတော အဝိဇ္ဇမာနောပိ သမု-ဒါယော ပုဒ္ဓိပရိကပ္ပိတရူပေန ဝိဇ္ဇမာနော ဝိယ ဂယှမာနော။ သံ၊ဋ္ဌီ၊၁။၁၅။

ပုဒ္ဓိပရိဏာမ (ပု) [ပုဒ္ဓိ+ပရိဏာမ] အသိညာဏ် –ပညာ–ရင့်ကျက်ခြင်း။ အဋ္ဌဟိ စ မေ ကာရဏေဟိ ပုဒ္ဓိပရိဏာမံ ဂတာ။ မိလိန္ဒ။ ၁၀၁။

ပုဒ္ဓိပရိပါစန (န) [ပုဒ္ဓိ+ပရိပါစန] အသိညာဏ်-ပညာ–ကို ရင့်ကျက်စေခြင်း။ ဧဝံ ဝိနေယျာ-နံ စိတ္တပရိတော်သဇနနေန တေသံ ပုဒ္ဓိပရိ-ပါစနံ "ပညာပနာ"တိ ဝုစ္စတိ။ မ၊ဋ္ဌီ၊၃။၄၀၅။

ပုဒ္ဓိပရိဟာနိဝိတိဝတ္တ (တိ) [ပုဒ္ဓိပရိဟာနိ + ဝိတိ ဝတ္တ] တိုးပွါးခြင်း ဆုတ်ယုတ်ခြင်းကို လွန်မြောက်သော။ ပုဒ္ဓိပရိဟာနိဝိတိဝတ္တော (မဟာနိ။၆၃)တိ ဝစိံ စ ပရိဟာနိဥ္စ အတိက္က-မိတ္ဝာ ပဝတ္တော။ မဟာနိ၊ဋ္ဌ။၁၈၅။

ပုဒ္ဓိပရိဟီန (တိ) [ပုဒ္ဓိ+ပရိဟီန] အသိညာဏ်–ပညာ– ချို့တဲ့သော၊သူ။ ပုရိသော အဓနော ဟီနဇစ္စော နိပ္ပညေသော ပုဒ္ဓိပရိဟီနော မဟာရဇ္ဇံ ပဋိလဘိတ္ဝာ။ မိလိန္ဒ။ ၂၄၃။

ပုဒ္ဓိပါပန (န) [ပုဒ္ဓိ+ပါပန]အသိညာဏ်–ပညာ– သို့ရောက်စေခြင်း၊ အသိညာဏ်–ပညာ–ကိုပြီး စေခြင်း။ ပုဒ္ဓိပါပနဋ္ဌေန ဗောဇ္ဈင်္ဂါ။ ပဋိသံ။ ၃၀၂။ပါပနဋ္ဌေနာတိ ပတိဋ္ဌာပိတာဃ နိဋ္ဌာပ-နဋ္ဌေန။ပဋိသံ၊ဋ္ဌ၊ ၂။ ၂၀၄။

ပုဒ္ဓိပုဗ္ဗ (တိ) [ပုဒ္ဓိ+ပုဗ္ဗ] (၁) ရှေ့၌အသိညာဏ် ဖြစ်ခြင်း၊ အသိညာဏ်ဖြစ်ဘူးခြင်း။ (၂) အသိ စိတ် ရှေးသွားရှိသော၊သူ။ (၁) အဓိစ္စ ယထိ-စ္ဆကံ ယံကိဉ္စိ ကာရဏံ ကဿစိ ပုဒ္ဓိပုဗ္ဗံ ဝါ ဝိနာ သမုပ္ပန္နော။အံ၊ဋ္ဌီ၊၂။၃၉၁။ (– သီ၊ဋ္ဌီ၊သစ်၊ ၁။၄၃၅။) (၂)ဥပေစ္စာပိတိ သဉ္ဇိစ္စာပိ၊ပုဒ္ဓိပု-ဗ္ဗေနာပိတိ အတ္ထော။ နေတ္တိ၊ဋ္ဌ။ ၂၂၄။

ပုဒ္ဓိပ္ပတ္တ (တိ) [ပုဒ္ဓိ+ပတ္တ] တိုးပွါးခြင်းသို့ရောက်သော။ သာ ပနာယံ ဥဇုဂတ္တတာ အဝယ-ဝေသု ပုဒ္ဓိပ္ပတ္တေသု ဒဋ္ဌဗ္ဗာ။ ဒီ၊ဋ္ဌီ၊၂။၃၉။ (–၅၅။)

ဗုဒ္ဓိပပ္ဘတ္တိ (ထီ) [ဗုဒ္ဓိ + ပဘတ္တိ] တိုးပွါးခြင်းသို့ ရောက်ခြင်း။ ဥပ္ပါဒါနန္တရံ ဗုဒ္ဓိပပ္ဘတ္တိယာ ဇိရဏသဘာဝံ။ သံဋ္ဌိ၊၂။၂၉၁။

ဗုဒ္ဓိပဝတ္တိ (ထီ) [ဗုဒ္ဓိ+ ပဝတ္တိ] အသိဉာဏ်–ပညာ–ဖြစ်ပေါ်ခြင်း။ အထ ဗုဒ္ဓိပဝတ္တိယာ အာဝရဏဘူတဲ့သ အန္ဓကာရဋ္ဌာနိယသ မောဟသ ဝိဓမနေန။ ဒီ၊ဋ္ဌီ၊၁။၁၄၄။

ဗုဒ္ဓိဗလ (န) [ဗုဒ္ဓိ+ဗလ] ဉာဏ်–ပညာ–အစွမ်းသတ္တိ။ မယံ ဗုဒ္ဓိဗလေနပိ အသခ္ခေယျေနပိ ကာရဏေန အနုမာနေန ဗုဒ္ဓဗလံ ဒီပယိဿာမိ။ မိလိန္ဒ။၃၂၉။

ဗုဒ္ဓိဘေဒ (ပု) [ဗုဒ္ဓိ+ဘေဒ]အသိဉာဏ်ပြားခြင်း။ ဟောတိ စ ဝိသယဘေဒေန ဗုဒ္ဓိဘေဒေါ။ဒီ၊ဋ္ဌီ၊၁။၁၄၄။

ဗုဒ္ဓိမန္တု (တိ) [ဗုဒ္ဓိ+မန္တု] ပညာရှိသော၊သူ(ပညာရှင်)။ ကုသလေန ဗုဒ္ဓိမတာ ကတံ။ဝိ၊၅။၂၇၉။ (–အပ၊၁။၂၆။ မဟာနိ။၄၂။ မိလိန္ဒ။၁၀၁။) ကုသလေန ဗုဒ္ဓိမတာ ကတန္တိ ဆေကေန ပဏ္ဍိတေန ဉာဏဝါရမိပွတ္တေန ဘဂဝတာ နိဟရိတ္ဝာ ဌပိတံ။ ဝိ၊ဋ္ဌ၊၄။၂၀၀။ (–မဟာနိ၊ဋ္ဌ။၁၄၀။)

ဗုဒ္ဓိယတ္ထ (တိ) [ဗုဒ္ဓိ+အတ္ထ] သိခြင်းအနက်–ရှိသော–ကိုဟောသော။ ဗုဒ္ဓိယတ္ထာနံ ဂမနတ္ထပရိယာယတော ယထာ မဂ္ဂံ ဂတောပိ ပုရိသော ဂတောတိ ဝုစ္စတိ။ ခုဒ္ဒက၊ဋ္ဌ။၆။ (–သီ၊ဋ္ဌီ၊သစ်၊၁။၃၁၃။)

ဗုဒ္ဓိရဟိတ (တိ) [ဗုဒ္ဓိ + ရဟိတ] အသိဉာဏ်ကင်းကွာသော။ အပိ စ သဒ္ဓါစ ဗုဒ္ဓိရဟိတာ အဝိသုဒ္ဓါ ဟောတိ၊ ဗုဒ္ဓိယာ ပသာဒဟေတုတ္တာ။ ဝဇိရ။၅၀၁။

ဗုဒ္ဓိလဘန (နာ) [ဗုဒ္ဓိ+လဘန] အသိဉာဏ်–ပညာ–ကို ရခြင်း၊ အသိဉာဏ်–ပညာ–သို့ရောက်စေခြင်း။ ဗုဒ္ဓိလဘနဋ္ဌေနာ (ပဋိသံ။၃၀၂)တိ ယောဂါဝစရေန ဗုဒ္ဓိယာ ပါပုဏနဋ္ဌေန။ ပဋိသံ၊ဋ္ဌ၊၂။၂၀၄။

ဗုဒ္ဓိဝိနာသက (တိ) [ဗုဒ္ဓိ+ဝိနာသက] တိုးပွါး–ကြီးပွါး–ခြင်းကို ဖျက်ဆီးတတ်သော၊သူ။ ဘူနဟူတိ ဘူတိဟနက အတ္တနော ဗုဒ္ဓိဝိနာသက။ နေတ္တိ၊ဋ္ဌ။၂၂၇။ (–နေတ္တိ၊ဝိ။၂၉၀။)

ဗုဒ္ဓိဝိသဒကရ (တိ) [ဗုဒ္ဓိဝိသဒ + ကရ+ အ] အသိဉာဏ်–သန့်ရှင်း– စင်ကြယ် – မှုကိုပြုတတ်သော။ ဗုဒ္ဓိဝိသဒကရံ သတ္တပ္ပကရဏံ အဘိဓမ္မပိဋကံ ဒေသေတ္ဝာ။ ဗုဒ္ဓဝံ၊ဋ္ဌ။၁၂၁။

ဗုဒ္ဓိဝိသဒကာရဏ (န)[ဗုဒ္ဓိဝိသဒ+ကာရဏ] အသိဉာဏ်–သန့်ရှင်း– စင်ကြယ် – ခြင်းအကြောင်း။ တောနိ အဋ္ဌ ဋ္ဌာနာနိ၊ဗုဒ္ဓိဝိသဒကာရဏာ။ မိလိန္ဒ။၁၀၀။

ဗုဒ္ဓိဝိသိဋ္ဌ (တိ) [ဗုဒ္ဓိ + ဝိသိဋ္ဌ] အသိဉာဏ်ထူးခြားသော။ ဣဒါနိ တမတ္ထံ ဗုဒ္ဓိဝိသိဋ္ဌေန နိဒဿနေန ဒဿေန္တော။ မ၊ဋ္ဌီ၊၃။၇၀။

ဗုဒ္ဓိဝေါဟာရဇနက (တိ)[ဗုဒ္ဓိဝေါဟာရ+ဇနက] သိခြင်း၊ခေါ်ဝေါ်ခြင်းကို ဖြစ်စေတတ်သော၊ အသိဉာဏ်သဒ္ဒါကို ဖြစ်စေတတ်သော။ ဣမ ဗုဒ္ဓိဝေါဟာရဇနကာ အဝိသုံ သိဒ္ဓါနံ သမ္မန္နာ သမဝါယော။ မူလဋ္ဌီ၊၂။၅၇။ (–အနုဋ္ဌီ၊၂။၆။)

ဗုဒ္ဓိသဒ္ဒ (ပု) [ဗုဒ္ဓိ+သဒ္ဒ] အသိဉာဏ်နှင့်သဒ္ဒါး ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ ဗောနာတိ ဟိ ဘာဝေါ။ သီ၊ဋ္ဌီ၊သစ်။၁။၁၀။

ဗုဒ္ဓိသဒ္ဒနိဝတ္တန (န) [ဗုဒ္ဓိသဒ္ဒ + နိဝတ္တန] အသိဉာဏ်နှင့်သဒ္ဒါကို နှစ်စေခြင်း။ ဂေါတ္တန္တိ အဒိန္နာဒါနာဒိတော ဗုဒ္ဓိသဒ္ဒနိဝတ္တနဋ္ဌေန ပရိကပ္ပိတသံဝဟာရော ဂေါတ္တံ။ဝိမတိ၊၁။ ၂၉၀။

ဗုဒ္ဓိသမ္ပဒါ (ထီ) [ဗုဒ္ဓိ+သမ္ပဒါ] အသိဉာဏ်–ပညာ– ၏ပြည့်စုံခြင်း၊ ပြည့်စုံသော အသိဉာဏ်

ပညာ။ဗုဒ္ဓိသမ္မဒါယ သမန္နာဂတဘာဘာ ဗုဒ္ဓိသမ္မန္နာ။ ပဋိသံ၊၂၊၂၊၁၄၀။

ဗုဒ္ဓိသမ္မန္ဒ (တိ) [ဗုဒ္ဓိ +သမ္မ န္ဒ] အသိဉာဏ်–ပညာ–နှင့်ပြည့်စုံသော၊သူ။ ပညဝါ ဗုဒ္ဓိသမ္မန္ဒော၊ ဝိဓာနဝိဓိ ကောဝိဒေါ။ ဇာ၊၂။ ၂၉၃။ (–ပဋိသံ၊၂၁၆၊၂၁၇။စူဠနိ။ ၂၃၃။) ဗုဒ္ဓိသမ္မန္ဒောတိ အဓေကလ္လဗုဒ္ဓိသမ္မန္ဒော။ဇာ၊၁၊၇။ ၂၀၁။ (–ပဋိသံ၊၁၊၂။၁၃၉၊၁၄၀။စူဠနိ၊၁။ ၉၂။)

ဗုဒ္ဓိသမ္မာပန (န) [ဗုဒ္ဓိ+သမ္မာပန] အသိဉာဏ်–ပညာ–သို့ ရောက်စေခြင်း။ ဗုဒ္ဓိသမ္မာပနဋ္ဌေန ဗောဇ္ဈင်္ဂါ။ ပဋိသံ။၃၀၂။

ဗုဒ္ဓိသာဂရ (တိ) [ဗုဒ္ဓိ+သာဂရ] သမုဒ္ဒြာနှင့်တူသော ပညာရှိသော၊ ဉာဏ်ပညာကြီးသော၊သူ။ ဒုဿေဟစ္ဆာဒယိတ္ထာန၊ သသိဿံ ဗုဒ္ဓိသာဂရံ။ အပ၊၂။၁၃၁။

ဗုဒ္ဓိသိလ (တိ) [ဗုဒ္ဓိ+သိလ] တိုးပွါး–ကြီးပွါး–သောသိလရှိသော၊သူ။တတ္ထ စိရပဗ္ဗဇိတတာဂဟဏေန ဗုဒ္ဓိသိလတံ ဒဿေတိ။ ဒီ၊ဋ္ဌ၊၁၊ ၂၁၃။(–သီ၊ဋ္ဌ၊သစ်၊၂။၁၆၆။)

ဗုဒ္ဓုပဋ္ဌာယက (တိ) [ဗုဒ္ဓ+ဥပဋ္ဌာယက] ဘုရားလျှင် ဥပဋ္ဌာယ် ဆရာရှိသော၊သူ။ ဗုဒ္ဓါစရိယက - ကြည့်။

ဗုဒ္ဓု(ဒ္ဓူ)ပဒ္ဒါက (ပု) [ဗုဒ္ဓ + ဥပဒ္ဒါက] (၁) ဗုဒ္ဓုပဒ္ဒါကထေရ်။ (တိ) (၂) ဘုရားရှင်၏ အလုပ်အကျွေးဖြစ်သော၊သူ။ (၁)ဣတ္ထံ သုဒံ အာယသ္မာ ဗုဒ္ဓုပဒ္ဒါကော ထေရော ဣမာ ဂါထာယော အဘာသိတ္ထ။ အပ၊၁။၁၅၃။ (တိ) (၂) အနာဂတေ ဗုဒ္ဓုပဒ္ဒါကော ဘဝေယျံ။ ဝိ၊ဋ္ဌ၊၃။၃၉၇။ ဘေန ခေါ ပန သမယေန ဗုဒ္ဓုပဒ္ဒါကော သာဂတော နာမ ထေရော။ဇာ၊ဋ္ဌ၊၁။၃၈၁။

ဗုဒ္ဓုပဒ္ဒါကတ္ထေရ (ပု) [ဗုဒ္ဓုပဒ္ဒါက + ထေရ] ဗုဒ္ဓုပဒ္ဒါကထေရ်။ ဝိပဿိဿ ဘဂဝတော-တိအာဒိကံ အာယသ္မတော ဗုဒ္ဓုပဒ္ဒါက-တ္ထေရဿ အပဒါနံ။အပ၊ဋ္ဌ၊၂။၁၂၀။

ဗုဒ္ဓု(ဒ္ဓူ)ပဒ္ဒါန (န)[ဗုဒ္ဓ+ဥပဒ္ဒါန] ဘုရားရှင်၏ အနီးဌာ တည်ခြင်း၊ ဘုရားရှင်ကို–ဆည်းကပ်–ခစား–ခြင်း။ မယာ ဒိဝသဿ ဒွတ္တိက္ခတ္တုံ ဗုဒ္ဓုပဒ္ဒါနံ ဂန္တုံ။ မ၊ဋ္ဌ၊၃၇။ ခု၂။(–သံ၊ဋ္ဌ၊၁။ ၂၀၇။အံ၊ဋ္ဌ၊၂။၁၁၆။ ဓမ္မ၊ဋ္ဌ၊၂။ ၂၂၃။) ကိံ အာဝုသော ဗုဒ္ဓုပဒ္ဒါနံ နာကာသိ။ ဇာ၊ဋ္ဌ၊၂။၄၀၂။

ဗုဒ္ဓုပဒ္ဒါနဝေလာ (ထီ) [ဗုဒ္ဓုပဒ္ဒါနာ+ဝေလာ] ဘုရားရှင်ကို ဆည်းကပ်ရာ အချိန်။ တဿပိ ကံ္ခေ ဒေ ဝါရေ မနသိကတ္ထာဝ ဗုဒ္ဓုပဒ္ဒါန-ဝေလာ ဇာတာ။ သံ၊ဋ္ဌ၊၂။၃၀၇။

ဗုဒ္ဓုပဒ္ဒါယက (ပု) [ဗုဒ္ဓ+ဥပ+ဒ္ဒါ+ဏွု]။ ထီ.၌ ဗုဒ္ဓုပဒ္ဒါယိကာ] ဘုရားရှင်ကို ဆည်းကပ်ခစားသူ။ ဣတ္ထံ သုဒံ အာယသ္မာ ဗုဒ္ဓုပဒ္ဒါ-ယိကော (ဗုဒ္ဓုပဒ္ဒါယကော ?) ထေရော ဣမာ ဂါထာယော အဘာသိတ္ထာတိ။ အပ၊ ၁။၂၇၄။ တတော ပဋ္ဌာယ စ ပန သော ဇေ-ဝတာ သမ္မာသမ္ဗုဒ္ဓတော လဒ္ဓပရိဟာရာ ဗုဒ္ဓုပဒ္ဒါယိကာ အဟောသိ။ ဝိ၊ဋ္ဌ၊၃။ ၂၆။ (–သံ၊ဋ္ဌ၊၁။၁၂၉။ ဥဒါန၊ဋ္ဌ။ ၂၄၈။)

ဗုဒ္ဓုပသေဝနာ (ထီ) [ဗုဒ္ဓ+ဥပသေဝနာ] ဘုရားရှင်ကို မှီဝဲဆည်းကပ်ခြင်း။ ဟန္ဒ နံ ဗုဒ္ဓုပ-သေဝနာယ နိယောဇေမိ။ သုတ္တနိ၊ဋ္ဌ၊၂။ ၁၄၇။

ဗုဒ္ဓုပ္ပါဒ (ပု) [ဗုဒ္ဓ+ဥပ္ပါဒ] (၁) ဘုရား–ဖြစ်ခြင်း–ပွင့်ခြင်း။ (၂) ဘုရား–ဖြစ်ရာ–ပွင့်တော်မူရာ–အချိန်။(၁) ဗုဒ္ဓုပ္ပါဒါရဟ-ကြည့်။ (၂) ဒုလ္လဘော ဟိ ဗုဒ္ဓုပ္ပါဒေါ၊ တတော ဒုလ္လဘတရာ ပစ္စတ္တာ စ ဥပသမ္ပဒါ စ။ ဝိ၊ဋ္ဌ၊၁။ ၂၀၂။

ဗုဒ္ဓပြါဒကပွ (ပု) [ဗုဒ္ဓပြါဒ+ကပွ] ဘုရားပွင့်တော်မူရာ ကမ္ဘာ။ စက္ကဝတ္တိနော ပန ဆန့်ကဒါပိ ဗုဒ္ဓပြါဒကပွေ ဥပ္ပဇ္ဇန္တိ။ သီ၊ဋီ၊သစ်၊ ၂။ ၂၃၇။

ဗုဒ္ဓပြါဒကာလ (ပု) [ဗုဒ္ဓပြါဒ+ကာလ] ဘုရားဖြစ်ရာအခါ၊ ဘုရားပွင့်တော်မူရာ အချိန်။ ဗုဒ္ဓပြါဒကာလော ဝိယ အဟောသိ။ မ၊ဋ၊ ၃။ ၂၇၄။ စရိယာ၊ဋ္ဌ။ ၅၁။

ဗုဒ္ဓပြါဒက္ခဏ (ပု) [ဗုဒ္ဓပြါဒ+ခဏ] ဘုရားပွင့်တော်မူရာ အချိန်။ တံ ပဂ္ဂလံ ဗုဒ္ဓပြါဒက္ခဏော .... အတိက္ကမတိ။ ထေရာ၊ဋ္ဌ၊ ၂။ ၂၄၃။ (–ထေရီ၊ဋ္ဌ။ ၁၃။ အပ၊ဋ္ဌ၊ ၁။ ၃၁၆။)

ဗုဒ္ဓပြါဒန္တရ (နာ) [ဗုဒ္ဓပြါဒ+အန္တရ] ဘုရားပွင့်တော်မူရာ အခါတို့၏အကြား။ ဗုဒ္ဓန္တရ-ကြည့်။

ဗုဒ္ဓပြါဒပ (ပွ) ဋိမက္ကိတ (တိ) [ဗုဒ္ဓပြါဒ+ပဋိမက္ကိတ] ဘုရားပွင့်တော်မူရာအခါဖြင့် တန်ဆာဆင်အပ်သော။ ဗုဒ္ဓပြါဒပဋိမက္ကိတဿ လောကဿ ရာမဏေယျကဒဿနတ္ထံ။ ဒီ၊ဋ္ဌ၊ ၂။ ၂၇၀။ သံ၊ဋ္ဌ၊ ၁။ ၆၉။ (–ဒီ၊ဋ္ဌ၊ ၂။ ၂၃၃။ သံ၊ဋ္ဌ၊ ၁။ ၁၁၁။) ဗုဒ္ဓပြါဒပွဋိမက္ကိတဘာဝဒီပနတော။ ဥဒါန၊ဋ္ဌ။ ၂၄။

ဗုဒ္ဓပြါဒပရပ (တိ) [ဗုဒ္ဓပြါဒ+ပရမ] ဘုရားပွင့်ရာ အချိန်အခါဟူသော အတိုင်းအတာရှိသော။ ဗုဒ္ဓပြါဒပရမာ ဟိ ကာလဿမွဓါ။ ဥဒါန၊ဋ္ဌ။ ၂၄။ ဒီ၊ဋ္ဌ၊ ၁။ ၄၁။ မ၊ဋ္ဌ၊ ၁။ ၄၃။ သံ၊ဋ္ဌ၊ ၁။ ၃၉။ အံ၊ဋ္ဌ၊ ၁။ ၃၇။

ဗုဒ္ဓပြါဒရဟိတ (တိ) [ဗုဒ္ဓပြါဒ+ရဟိတ] ဘုရားပွင့်ခြင်းမှ ကင်းသော။ သောဘိတဗုဒ္ဓေ ပန ပရိနိဗ္ဗုတေ တဿ အပရဘာဂေ ဧကမသင်္ခေယျံ ဗုဒ္ဓပြါဒရဟိတံ အဟောသိ။ ဗုဒ္ဓဝံ၊ ဋ္ဌ။ ၂၀၅။

ဗုဒ္ဓပြါဒဝိရဟ (ပု) [ဗုဒ္ဓပြါဒ+ဝိရဟ] ဘုရားပွင့်ခြင်းမှ ကင်းခြင်း၊ ဘုရားပွင့်ရာ သာသနာမှ ကင်းခြင်း။ ယဋ္ဌ ဗုဒ္ဓပြါဒဝိရဟေန အပါယမေဝ ပရိပူရေန္တေသု သတ္တေသု သုညဝိမာနပဋိဗဒ္ဓံ အဿာမိကံ။ ခုဒ္ဒက၊ဋ္ဌ။ ၁၄၃။ သုတ္တနိ၊ ဋ္ဌ၊ ၁။ ၂၇၂။

ဗုဒ္ဓပြါဒဟေတုက (တိ) [ဗုဒ္ဓပြါဒ+ဟေတု+က] ဘုရားပွင့်ခြင်းလျင် အကြောင်းရှိသော။ သရဏဂမနံ ပန ဗုဒ္ဓပြါဒဟေတုကံ ကေန္တဝိမုတ္တာယတနဋ္ဌ။ ဒီ၊ဋ္ဌီ၊ ၁။ ၃၃၄။ (–သီ၊ဋ္ဌီ၊ သစ်၊ ၂။ ၃၂၅။)

ဗုဒ္ဓပြါဒါရဟ (တိ) [ဗုဒ္ဓပြါဒ+အရဟ] ဘုရားပွင့်ခြင်းငှါ ထိုက်သော။ ပုညပသုတတာယ မဏ္ဍဘူတော ယာဒိသော ကာလော ဗုဒ္ဓပြါဒါရဟော။ သီ၊ဋ္ဌီ၊ သစ်၊ ၂။ ၂၃၇။ ဒီ၊ဋ္ဌီ၊ ၂။ ၃၅။

ဗုဒ္ဓူပဂမန (နာ) [ဗုဒ္ဓ+ဥပဂမန] ဘုရားရှင်ကို ဆည်းကပ်ခြင်း။ သာဝတ္ထိယံ ပသေနဒိနော ဗုဒ္ဓူပဂမနံ။ သုတ္တနိ၊ဋ္ဌ၊ ၂။ ၂၀၅။

ဗုဒ္ဓူပဋ္ဌာန (နာ) [ဗုဒ္ဓ+ဥပဋ္ဌာန] ဘုရားရှင်ကို ဆည်းကပ်ခြင်း။ ဗုဒ္ဓူပဋ္ဌာန-ကြည့်။

ဗုဒ္ဓူပနိဿယသမွဓါ (ထီ) [ဗုဒ္ဓူပနိဿယ+သမွဓါ] ဘုရားဟူသော မှီရာနှင့် ပြည့်စုံခြင်း။ ယောနိသော မနသိကာရသမွဓါ ဗုဒ္ဓူပနိဿယသမွဓါတိ။ ဇာ၊ဋ္ဌ၊ ၄။ ၉၇။

ဗုဒ္ဓူပသဉ္ဇိတ (တိ) [ဗုဒ္ဓ+ဥပသဉ္ဇိတ] ဘုရားရှင်နှင့် စပ်ဆိုင်သော၊ ဘုရားရှင်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော။ ဗုဒ္ဓူပသဉ္ဇိတာ (ဒီ၊ ၂။ ၂၁၂)တိ ဗုဒ္ဓံ အာရဗ္ဘ ဗုဒ္ဓံ နိဿယံ ကတ္တာ ပဝတ္တာတိ အတ္ထော။ ဒီ၊ဋ္ဌ၊ ၂။ ၂၉၃။ (–ဒီ၊ဋ္ဌီ၊ ၂။ ၂၄၀)

ဗုဒ္ဓူပသမွဓါ (ထီ) [ဗုဒ္ဓ+ဥပသမွဓါ] ဘုရားရှင်နှုတ်မြွက်ခြင်းကြောင့် ရလာသော ရဟန်းအဖြစ်။ ဗုဒ္ဓူပသမွဓါ နာမ ကိရေသာ။ ထေရာ၊ဋ္ဌ၊ ၂။ ၁၃၄။

ဗုဒ္ဓါပစ္စာရ (ပု) [ဗုဒ္ဓ+ဥပစာရ] ဘုရားအမည်ကို(ခေတ်တော်၌) တင်စားခြင်း။ မဟာဝိရောတိ ဗုဒ္ဓါပစ္စာရေန ခေဟုယော ဝဒတိ။ ဝဇီရ။၂၀။

ဗုဒ္ဓါပဋ္ဌာနတပ္ပရ (တိ) [ဗုဒ္ဓါပဋ္ဌာန+တပ္ပရ] ဘုရားရှင်ကို ဆည်းကပ် လုပ်ကျွေးခြင်း၌ – ကြောင့်ကြ အားစိုက် – နှစ်ခြိုက် – သော၊သူ။ သုတသာဂရဂမ္ဘီရ၊ ဗုဒ္ဓါပဋ္ဌာနတပ္ပရ။ အပ၊၂။၂၁၂။

ဗုဒ္ဓါပဋ္ဌာနနိရတ (တိ) [ဗုဒ္ဓါပဋ္ဌာန+နိရတ] ဘုရားရှင်ကို ဆည်းကပ်လုပ်ကျွေးခြင်း၌ အမြဲပျော်မွေ့သော၊ သူ။ ဗုဒ္ဓါပဋ္ဌာနနိရတာ၊ မုဒိတာ သတ္တဓိတရော။ အပ၊၂။၂၂၄၊၂၄၁၊ ၂၄၉။

ဗုဓ (ပု) [ဗုဓ+အ။ ဗုဇ္ဈတီတိ ဗုဓော။ ဓာန်၊ ဋီ။၂၂၀။] ပညာရှိ။ သိက္ခေထ ဝိနယံ ဗုဓော။ ထေရ။၂၆၆။ (–မိလိန္ဒ။၂၄၀။ ဝိ၊ဋ္ဌ၊၁။၁၃၉။ အံ၊ဋ္ဌ၊၂။၁၅။ ဗုဒ္ဓဝံ၊ဋ္ဌ။၂။) သိက္ခေထ ဝိနယံ ဗုဓောတိ ဗောဓဉ္ဈာတာသု ကုသလော ဟုတ္တာ ဝိနယပရိယတ္တိံ သိက္ခေယျ။ ထေရ၊ ဋ္ဌ၊၁။၄၇၆။

ဗုန္ဒ (ပု) [ဝု+ဒ။ ဗုဓ+အ။ ဝု သံဝရဏော၊ ဒေါ၊ နိဂ္ဂဟိတာဂမော။ ဗုဓ ဂမနေ ဝါ၊ အ၊ ဓဿ ဒေါ။ ဓာန်၊ဋီ။၅၄၉။] (က) အမြစ်၊ အခြေ၊ အရင်း။ (ခ) ဓအောက်အပြင်၊ အိုးဖင်။ (က) ဗုန္ဒေါ မူလဋ္ဌ ပါဒေါဃ။ ဓာန်။၅၄၉။ (ခ) ဗုန္ဒေနာ (ဝိ၊ဋ္ဌ၊၁။၂၇၃)တိ ကုမ္ဘိယာ ဟေဋ္ဌိမတလေန။ သာရတ္ထ၊၂။၁၃၅။

ဗုန္ဒိကာဗဒ္ဓ (ပု) [ဗုန္ဒ+ဇကောဗဒ္ဓ။ ဗုန္ဒေန ပါဒေန သဟ ကောဗဒ္ဓါ အဋ္ဌနိ ယဿ သော ဗုန္ဒိ·ကာဗဒ္ဓေါ၊ ကောရဿိတ္တံ။ ဓာန်၊ဋီ။၃၁၀။] အခြေနှင့် တစပ်တည်း အပေါင်ရှိသော ညောင်စောင်း။ မဿာရကော ဗုန္ဒိကာဗဒ္ဓေါ ကုဋ္ဌရုပါဒကော အာဟစ္စပါဒကော။ ဝိ၂။ ၅၀၊၂၁၉။ (–ဝိ၊၄။ ၂၉၃။) ဗုန္ဒိကာဗဒ္ဓေါတိ အဋ္ဌနိဟိ မဋ္ဌပါဒေ ဒုဿပေတ္တာ ပလ္လင်္ကသဓေပေန ကတော။ ဝိ၊ဋ္ဌ၊၃။၃၉။

ပုဗ္ဗဋ္ဌ (န) [ပုဗ္ဗ+က။ (ပုဗ္ဗဋ္ဌ– သံ။)] ရေပွက်။ ဃောရော ပုဗ္ဗဋ္ဌော ဥဋ္ဌဟန္တိ။ မိလိန္ဒ။ ၁၂၂။

ပုဗ္ဗဋ္ဌက (န) [ပုဗ္ဗဋ္ဌ+က] ရေပွက်။ ပုဗ္ဗဋ္ဌက·ဇာတံ ဖေနာတိ။ မိလိန္ဒ။၁၂၂။ (ပုဗ္ဗဋ္ဌက·ဇာတံ=ရေပွက်ထသည်ဟု အနက်ပေး။)

ပုဘုက္က (ပု) [ဘုဘု+ကရ+ကို] ခွေး။ ပုဘုက္က·ဿော (ဇာ၊၁။၂၅၃)တိ ဘုဘ္ဘုတိသဒ္ဒကရဏ·သုနခဿ။ ဇာ၊ဋ္ဌ၊၆။၁၉၄။

ပုဘုက္ခတိ (ကြိ) [ဘုဇ+ခ+တိ။ရူ။၅၃၄။] စားခြင်းငှါ အလိုရှိ၏၊စားလို၏။ ပုဘုက္ခတိ၊ ပုဘုက္ခန္တိ ဣစ္စာဒိ။ ရူ၊နှာ။၃၂၇။

ပုဘုက္ခာ (ထီ) [ဘုဇ+ခ+အ+အာ။ ပုဘုက္ခိ·တ–ကြည့်။] ဆာလောင်ခြင်း၊ ဆာလောင်မှု၊ စားလိုမှု။ အနာဂတာနံ ဘန္တေ ပုဘုက္ခာနံ ပဋိဗာဟနတ္ထာယ။ မိလိန္ဒ။၀၇။

ပုဘုက္ခိတ (တိ) [ပုဘုက္ခာ+က္တ။ ဘုဇ ပါလန·ဇ္ဈောဟာရေသု၊ခေါ။ ဒိတ္တာဒိ၊ ပုဘုက္ခာသဥ္ဉာ·တာ ယဿ ပုဘုက္ခိတော။ ဓာန်၊ဋီ။၅၅၆။] ဆာလောင်သော၊ စားလိုသော၊သူ။ ဝိသမဋ္ဌံ ပုဘုက္ခိတော။ ဇာ၊၁။၃၀၁။ (–၃၇။ မိလိန္ဒ။ ၆၀၊၀၇၊ ၂၉၂။) ပုဘုက္ခိတောတိ သဥ္ဇာတပုဘု·က္ခော ဆာတဇ္ဈတ္တော။ ဇာ၊ဋ္ဌ၊၅။၇၅။ (–ဇာ၊ ဋ္ဌ၊ ၂။၁၃။)

ပုလိ (ပု) ပုလိမင်း။ အဿောသုံ ခေါ အလ္လကပ္ပ·ကော ပုလယော “ဘဂဝါ ကိရ ကုသိနာရာယံ ပရိနိဗ္ဗုတော”တိ။ဒီ၊၂။၁၃၆။ (– ၁၃၇။)

ဗေဒ (ပု) [ဝိဒ+ဏ။ဝေဒ·ကြည့်။] သိကြောင်းအတတ်၊ ဗေဒင်။ တိဏ္ဏံ ဗေဒါနံ ပါရဂူ။ဒီ၊ ဋ္ဌ၊၃။၄၄၊၄၅။

ဗေလ (ပု) [ဗိလ + ဏ] ရွောက်၊ရွောက်ကြီး၊ ရွောက်ခါး။ ဗေလ္လ–ကြည့်။

ဗေလဋ္ဌ (ပု) ဗေဿဋ္ဌမည်သူ။ အောက်ပုဒ်ကြည့်။

ဗေလဋ္ဌပုတ္တ (ပု) [ဗေလဋ္ဌ+ပုတ္တ] ဗေလဋ္ဌ၏ သား (သိဋ္ဌည်း ဆရာကြီး)။ သဋ္ဌယော ဗေလဋ္ဌပုတ္တော။ ဒီ၊၁။၎၅။ သံ၊၁။၆၈။ သုတ္တ-နိ။၃၅၅။ ဗေလဋ္ဌဿ ပုတ္တောတိ ဗေလဋ္ဌပု-တ္တော။ ဒီ၊ဋ္ဌ၊၁။၁၃၂။ (–သံ၊ဋ္ဌ၊ ၁။၁၂၀။ သုတ္တနိ၊ဋ္ဌ၊ ၂။၁၄၈။)

ဗေလဋ္ဌသီသ (ပု) [ဗေလဋ္ဌ + သီသ] ဗေလဋ္ဌ-သီသမည်သူ။ အာယသ္မာ ဗေလဋ္ဌသီသော အရဉ္ဉေ ဝိဟရတိ။ ဝိ၊၂။၁၁၆။ (–ဝိ၊၃။ ၂၉၃။ဝိ၊၅။ ၂၉။) ဗေလဋ္ဌသီသော နာမ ဇင္ဒိ-လဿဟဿဘ္ဘန္တရော မဟာထေရော။ ဝိ၊ဋ္ဌ၊၃။ ၁၀၄။ (–ကံ၏၊ဋ္ဌိ၊သစ်။၃၉၀။)

ဗေလဋ္ဌသီသတ္ထေရ (ပု) [ဗေလဋ္ဌသီသ+ထေရ] ဗေလဋ္ဌသီသထေရ်။ (ဤမထေရ်သည် ရှင်အာနန္ဒာ၏ ဥပဇ္ဈာယ်ဆရာဖြစ်၍ အာဒိတ္တ-ပရိယာယသုတ်ကို နာကြားပြီးနောက် ဥရု-ဝေလကဿပ ကြီးမှူးသော ရသေ့တထောင် နှင့်အဘူ ရဟန္တာအဖြစ်သို့ ရောက်ရှိခဲ့သူ ဖြစ်သည်။ တောဋ္ဌ သီတင်းသုံး နေထိုင်စဉ် ဆွမ်းခံ ရလာသော ဆွမ်းအပိုများကို အ ခြောက်လှန်း၍ သိမ်းဆည်းကာ ပြီးလျှင် စား လိုသည့်အခါ ဆွမ်းခြောက်များကို ရေဆတ် ၍ ဘဉ်းပေးသည်။ နှစ်သတ္တာဟ,သုံးသတ္တာ-ဟ,လေးသတ္တာဟအကြာ ဆွမ်းခြောက်များ ကုန်မှ ရှာတွင်းသို့ ဆွမ်းခံထပ်မံ ကြွတော် မူသည်။ ထိုအကြောင်းကို သိရှိသောအခါ ရဟန်းများ ကဲ့ရဲ့ပြစ်တင်ကြသည်၊ ဘုရားရှင် သိရှိတော်မူသဖြင့် "သန္နိဓိကာရ= အာဟာရ များကို သိမ်းဆည်း၍ မဘုဉ်းပေးရ"ဟူသော သိက္ခာပုဒ်ပညတ်တော်မူသည် (ဝိ၊၂။၁၅၆)။ မထေရ်သည် အလိုရမက် ကြီးသောကြောင့် ဆွမ်းများကိုသိမ့်သိမ်းဆည်း၍ဘဉ်းပေး ခြင်း မဟုတ်၊ သမာပတ်ကို ချမ်းချမ်းသာသာဝင် စားနိုင်ရန် အလို့ငှာ အာဟာရရှာဖွေရမှု ဒုက္ခ နည်းပါးအောင် သိမ့်သိမ်းဆည်း၍ ဘဉ်းပေး တော်မူခြင်းဖြစ်သည်(ဝိ၊ဋ္ဌ၊၃။၁၀၄။)တချိန်၌ ဗေလဋ္ဌသီသမထေရ်အား ဝဲကြီးနာ ပေါက် သည်၊ သက်နှံများသည် အနာစေးဖြင့် ကိုယ်၌ ကပ်ငြိနေကြသည်၊ ရဟန်းတို့သည် ရေဆတ်၍ ကိုယ်မှ သက်နှံများကို ခွါကြရ သည်၊ ကျောင်းစဉ့်လှည့်လည်စဉ် ဘုရားရှင် မြင်တော်မူသဖြင့် ဝဲနာစသည် ပေါက်သော ရဟန်းများအတွက် အမာလှမ်းသက်နှံးနှင့် ဆေးမှုန့်ခွင့်ပြုတော်မူသည်။ တဆက်တည်းပင် အဂိလာန ရဟန်းများအတွက် နွားချေး ခြောက်,မြေညက်,ဆိုးရည်ကြို့ဖတ်နှင့် အမှုန့် ထောင်းရန် ဆုံ,ကျည်ပွေ့ တို့ကို ခွင့်ပြုတော်-မူသည် (ဝိ၊၃။ ၂၉၃–၄၊၄၁၀။) မထေရ်သည် ပဒုမုတ္တရဘုရားလက်ထက်၌ သက်နှံး ဝတ်၍ ရဟန်းတရားအားထုတ်ခဲ့ဘူးသည်၊ဥပနိဿယ မပြည့်စုံသဖြင့် တရားထူး မရခဲ့ပေ။ ဝေဿဘူ ဘုရားအား ရွောက်သီးလှူခဲ့ ဘူးသည်ကို အစဲ့ပြု၍ အပါဒန်(အပ၊ ၂။၈၉–၉၀)၌မှာတု-လုံ့ဖလဒါယကမထေရ်၊ ဟု အမည် တွင်သည် (ထေရ၊ဋ္ဌ၊၁။၈၃-၄)။ အာယသ္မတော ဗေလဋ္ဌ သီသတ္ထေရဿ ဂါထာ။ထေရ၊ဋ္ဌ၊၁။၈၃။

ဗေလဋ္ဌသီသဝတ္ထု (န) [ဗေလဋ္ဌသီသ + ဝတ္ထု] ဗေလဋ္ဌသီသမထေရ်၏ အကြောင်းအရာ။ စီဝရကုန္ဓဓာက ဗေလဋ္ဌသီသဝတ္ထုသ္မိံ ။ ဝိ၊ဋ္ဌ ၃။၁၅၆။

ဗေလဋ္ဌာနိက (ပု) ဗေလဋ္ဌာနိကမည်သူ။ ဗြာဟ္မဏ ကုလေ နိဗ္ဗတ္တိတ္ဝာ၊ ဗေလဋ္ဌာနိကောတိ လဒ္ဓ-နာမော။ ထေရ၊ဋ္ဌ၊၁။၂၅၉။

ဗေလဋ္ဌာနိကတ္ထေရ (ပု)[ဗေလဋ္ဌာနိက+ထေရ] ဗေလဋ္ဌာနိကထေရ်။ အာယသ္မတော ဗေလ-ဋ္ဌာနိကတ္ထေရဿ ဂါထာ။ ထေရ၊ဋ္ဌ၊၁။၂၅၉။

ဗေလု (ဌု)ဝ (ပု) [ဗိလ+ဏုဝ။ဓာန်၊ဌိ။၅၅၆] ဥသျစ်သီး၊ ဗေလုဝံ ပတိတံ သုတ္တာ။ဇာ၊၁။ ၁၀၄။ (–အပ၊၁၊၃၀၅။ အပ၊၂။၂၅။) ဗေလုဝန်တိ ဗေလုဝပဏ္ဏံ။ ဇာ၊ဌ၊၃။ ၇၁။ အာဒါ ယ ဗေဋ္ဌဝံ ဒဏ္ဍံ။ ဇာ၊၂။၃၃၆။

ဗေလုဝဂါမက (ပု) [ဗေလုဝ+ ဂါမက] ဗေလုဝ ရွာငယ်။ ဗေလုဝဂါမကေ (မ၊၂။၁၂။အံ၊၃။ ၅၄၂)တိ ဝေသာလိယာ ဒက္ခိဏပဿေ အဝိဒူ-ရေ ဗေလုဝဂါမကော နာမ အတ္ထိ၊ တံ ဂေါစရ-ဂါမံ ကတ္တာတိ အတ္ထော။မ၊ဌ၊၃။

ဗေလုဝပက္က (န) [ဗေလုဝ + ပက္က] ဥသျစ်သီး မှည့်။ ဗေလုဝ-ကြည့်။

ဗေလုဝပက္ကပဗမာဏ (တိ) [ဗေလုဝပက္က + ပမာဏ] ဥသျစ်သီးမှည့်အတိုင်း အရွယ်ရှိ သော၊ ဥသျစ်သီးမှည့်ခန့် ရှိသော။ မဟန္တော ပရိမဏ္ဍလော ဗေလုဝပက္ကပမာဏော ဟုတ္ထာ။ မ၊ဌ၊၂။၃၀။

ဗေလုဝပက္ကဝဏ္ဏ (တိ) [ဗေလုဝပက္က+ ဝဏ္ဏ] ဥသျစ်သီးမှည့် အဆင်း–အရောင်–ရှိသော။ ဗေလုဝပက္ကဝဏ္ဏာ ပရိဘဏ္ဍကတာ ဘူမိ။ အဘိ၊ဌ၊၁။၄၀။ အပ၊ဌ၊၁။၁၂။ (–ဇာ၊ဌ၊၁။ ၁၂။)

ဗေလုဝပဏ္ဍု (တိ) [ဗေလုဝ+ပဏ္ဍု] ဥသျစ်သီး မှည့်ကဲ့သို့ ဖျော့တော့သော အဆင်းရှိသော (စောင်း)။ အောက်ပုဒ်ကြည့်။

ဗေလု (ဌု) ဝပဏ္ဍုဝိဏာ (ထိ) [ဗေလုဝပဏ္ဍု + ဝိဏာ] ဥသျစ်သီးမှည့်ကဲ့သို့ ဖျော့တော့သော အဆင်းရှိသော စောင်း။ ဗေလုဝပဏ္ဍုဝိဏံ အာဒါယ။ ဒီ၊၂။၂၁၊၂၁၂။သံ၊၁။၁၂၃။ ဗေဋ္ဌ ဝပဏ္ဍုဝိဏံ အာဒါယ။ ဗုဒ္ဓဝံ ၊ဌ။၃၃၇။ (–ဝိသုဒ္ဓိ၊၂။၂၀။) ဗေလုဝပဏ္ဍုဝိဏန်တိ ဗေလုဝ-ပက္ကံ ဝိယ ပဏ္ဍုဝဏ္ဏံ သုဝဏ္ဏမဟာဝိဏံ။သံ၊ ဌ၊၁။၁၆၉။ (–ဒီ၊ဌ၊၂။၂၉၂၊)

ဗေလုဝမတ္တဘတ္တာဟာရ(တိ)[ဗေလုဝမတ္တဘတ္တ+ အာဟာရ] ဥသျစ်သီးမျှလောက်သောအစာ အာဟာရရှိသော၊ ဥသျစ်သီးမျှလောက်သော ဆွမ်းကို စားသော၊သူ။ဗေလုဝါဟာရ-ကြည့်။

ဗေလုဝမိဿကတာလဝန (န) [ဗေလုဝမိဿက+ တာလဝန] ဥသျစ်ပင်နှင့် ရောသော ထန်း ဘော၊ တဒါ ပန ပစ္ဆိမသမုဒ္ဒသမီပေ ဗေလုဝ-မိဿကတာလဝနံ ဟောတိ။ ဇာ၊ဌ၊၃။၆၉။ (–၇၀။)

ဗေ လု(ဌု)ဝယူပ (တိ) [ဗေလုဝ+ယူပ] ဥသျစ် သားယင်တိုင်ရှိသော။ ယဇိတမ္ဘဿ ဗေလုဝ-ယူပဿ သတ္တရသကဒက္ခိဏဿ ယညဿောတံ အဓိဝစနံ။ သံ၊ဌ၊၁။၁၃၄။ အံ၊ဌ၊၂။၃၀၂။ သုတ္တနိ၊ဌ၊၂။၅၆။ ဗေဋ္ဌဝယူပဿ။ ဣတိဝုတ်၊ ဌ။၉၀။

ဗေလုဝရုက္ခ (ပု) [ဗေလုဝ+ရုက္ခ] ဥသျစ်ပင်။ ဗဿ ဗေလုဝရုက္ခံ ဥပသင်္ကမိတုံ။ ဇာ၊ဌ၊၃။ ၇၁။

ဗေလုဝရုက္ခမူလ (န) [ဗေလုဝရုက္ခ + မူလ] ဥသျစ်ပင်–အရင်း–အနှီး။ သိဟော ဗေလုဝ-ရုက္ခမူလံ ဂန္ဆာ။ ဇာ၊ဌ၊၃။၇၁။

ဗေလုဝလဋ္ဌိ (ထီ) [ဗေလုဝ + လဋ္ဌိ] ဥသျစ်ပင်ပျို။ ဗေလုဝလဋ္ဌိ ဝါ ဂဇ္ဇိနိ ဝါ ကုမာရကေ ဝါ။ ခုဒ္ဒကာ၊ဌ။၁၀၀။သုတ္တနိ၊ဌ၊၂။ ၁။

ဗေလုဝလဋ္ဌိကာ (ထီ) [ဗေလုဝ+လဋ္ဌိကာ] ဥသျစ်ပင်ပျို။ မဟာဝနံ အဇ္ဈောဂါဟေတွာ ဗေလုဝလဋ္ဌိကာယ မူလေ ဒိဝါဝိဟာရံ နိသိဒီ။ သံ၊၂။၇၅။သီ၊ဌိ၊သစ်၊၁။၁၉၆။ ဗေလုဝလဋ္ဌိ-ကာယမူလေတိ တရုဏဗေလုဝရုက္ခမူလေ။ သံ၊ဌ၊၂။၂၇၅။

ဗေလုဝသဏ္ဌာန (တိ) [ဗေလုဝ+သဏ္ဌာန] ဥသျစ်သီး သဏ္ဌာန်ရှိသော။ ဂုဋ္ဌသန္နိဘ-ကြည့်။

ဗောဇ္ဈင် (ပု) [ဗောဓိ+အင်္ဂ။ သတိ, ပညာ စသော ၇-ပါး အပေါင်းအစုသည် သစ္စာ ၄-ပါး သိရာဌာနဝင်း, ကိလေသာအစဉ်ဟူသော အိပ်မျော်ခြင်းမှ နိုးထဌာနဝင်း, နိဗ္ဗာန်ကို မျက်မှောက်ပြုရာဌာနဝင်း အကြောင်းတရားများ ဖြစ်သည်၊ ထိုကြောင့် ဗောဓိ မည်၏၊ ထို အပေါင်းအစုဖြစ်သော ဗောဓိ၏ အစိတ်အပိုင်း (အင်္ဂ)သည် ဗောဇ္ဈင်မည်၏။ တနည်းအား ဖြင့် သစ္စာ ၄-ပါး သိဘာသော, ကိလေသာ အစဉ်ဟူသော အိပ်မျော်ရာမှ နိုးတတ်သော, နိဗ္ဗာန်ကို မျက်မှောက်ပြုတတ်သော, အရိယာ, သာဝကသည် ဆိုအပ်ပြီးသော ဂုဏ်သတ္တိ ကြောင့် ဗောဓိမည်၏၊ ထိုအရိယာသာဝက ဟူသော ဗောဓိ၏ ဖြစ်ကြောင်း တရားတို့ သည် (ဤအရာ၌ အင်္ဂသဒ္ဒါအကြောင်းဟော ဖြစ်၏) ဗောဇ္ဈင်မည်၏။ သံ၊၌၊၁။၁၇။ အဘိ၊၌၊၁။၂၆၂။အဘိ၊၌၊၂။၂၉၆။] ဗောဇ္ဈင်၊ အရိယာဖြစ်ရန် အကြောင်းတရား။ သိလေ ပတိဋ္ဌာယ သတ္တဗောဇ္ဈင်ဂေ ဘာဝနေ္တာ။ သံ၊ ၃၊။၅၈။ (–ဝိ၊၄။၄၂၃။ မ၊၁။၈၀။ အံ၊၁။ ၁၃။ အံ၊၃။ ၃၃။ အဘိ၊၈။၂၄။ ပဋိသံ။၂၇။ ခုဒ္ဒက။၃။ ဥဒါန။၁၄၃။ ထေရ။၂၅၃၊၂၇၈။ ထေရီ။၃၈၁။ မဟာနိ။၁၂။) ဗောဓိယာ ဗောဓိဿ ဝါ အင်္ဂါတိ ဗောဇ္ဈင်္ဂါ....တေနာ-ဟု အဋ္ဌကထာစရိယာ "ဗုဇ္ဈနကဿ ပုဂ္ဂလဿ အင်္ဂါတိ ဝါ ဗောဇ္ဈင်္ဂါ"တိ။ သံ၊၌၊၃။၁၇၆။ (–မ၊၌၊၁။၈၆-၇၊၂၉၃။ အံ၊၌၊၁။၆၂-၃။၃၈၉။ အဘိ၊၌၊၁၊၂၆၂။ ပဋိသံ၊၌၊၁။၈၉-၉၀၊၁၁၈။ ဝိသုဒ္ဓိ၊၂။၃၁၉။ ခုဒ္ဒက၊၌။၇၀-၁။ ဥဒါန၊၌။ ၂၇၇။ဣတိဝုတ်၊၌။၁၂၄။ ထေရ၊၌၊၁။၃၆၂။ ထေရ၊၌၊၂။၆၀။ ထေရီ၊၌။၂၉။ မဟာနိ၊၌။ ၄၄၊၅၆။)

ဗောဇ္ဈင်၏ အဓိပ္ပါယ်နှင့် သရုပ်လက္ခဏာ စသည်—

ဗေလု (၌) ဝသလာဋ္ဌကမတ္တ (တိ) [ဗေလုဝ-သလာဋ္ဌက+မတ္တာ။ ထီ-၌ မတ္တိ] ဥသျစ်သီး –စိမ်း–နု–အတိုင်းအရှည်ရှိသော။ ဗေလု (၌) ဝ သလာဋ္ဌကမတ္တိယော (သံ၊၁။၁၅၂။ အံ၊၃။၃၉၄။ သုတ္တနိ။၃၀၀။)တိ တရုဏ ဗေ-လုဝမတ္တိယော။ သံ၊၌၊၁။၂၀၀။ အံ၊၌၊၃။ ၃၂၀။ သုတ္တနိ၊၌၊၂။၁၉၆။

ဗေလုဝါဟာရ (တိ) [ဗေလုဝ+အာဟာရ] ဥသျစ်သီးမျှလောက်သော အစာအာဟာရ ရှိသော၊ ဥသျစ်သီးမျှလောက်သော ဆွမ်းကို စားသော၊သူ။ ဗေလုဝါဟာရာ (မ၊၂။ ၁၉၉။)တိ ဗေလုဝမတ္တာဘတ္တာဟာရာ။ မ၊၌၊ ၃။၁၆၅။ ဗေလုဝမတ္တာဘတ္တာဟာရာတိ ဗိလ္လ-ပမာဏာဘတ္တဘောဇနာ။ မ၊ဋ္ဌ၊၃။၁၁၃။

ဗေလ္ල (ပု) [ဗိလ+လ] ရှောက်၊ ရှောက်ကြီး၊ ရှောက်ခါး။ ဗေလ္လ(ဇာ၊၁။၁၅၅)န္တိ မာတု-လုင်္ဂံ၊ "ဗေလ"န္တိပိ ပါဌော။ အယမေဝတ္ထော။ ဇာ၊၌၊၃။၃၀၀။

ဗေဋ္ဌဝမတ္တ (တိ) [ဗေဋ္ဌဝ+မတ္တ] ဥသျစ်သီး (မှည့်) အတိုင်းအရှည်ရှိသော။ အောက်ပုဒ် ကြည့်။

ဗေဋ္ဌဝသလာဋ္ဌမတ္တ (တိ) [ဗေလုဝသလာဋ္ဌ+ မတ္တာ]ဥသျစ်သီး –စိမ်း–နု–အတိုင်းအရှည် ရှိသော။ ဗေဋ္ဌဝသလာဋ္ဌမတ္တာ ဗေဋ္ဌဝမတ္တာ ဟုတ္ထာ ပဘိဇ္ဇိံသု။ ဓမ္မ၊၌၊၁။၂၀၂။

ဗောဋ္ဌ (နာ) [ဗုဓ+ဏျ။ ဗုဓ+ယ။ နိရုတ္တိ, နှာ၊ ၂၉၊၅၃] (၁) သိအပ်သော သစ္စာလေးပါး။ (၂) ဗောဇ္ဈင်ကို ပွါးများခြင်း။ (၁) ဗောဇ္ဈ (နေတ္တိ၊၁၉)နှင့် ဗုဇ္ဈိတဗ္ဗံ။ နေတ္တိ၊၌။၇၈။ (–နေတ္တိ၊၀။၁၁၄။) (၂) နာညတြ ဗောဇ္ဈာ တပသာ (သံ၊၁။၅၂)တိ ဗောဇ္ဈင်္ဂဘာဝနဉ္စ တပေါကမ္မဉ္စ အညတြ မုဉ္စိတ္ထာ။ သံ၊၌၊၁။ ၁၀၄။

အမြင်ပေါက်သောအခါကျွန်ုပ်၏သောအဝိဇ္ဇာမှ တကြိမ် လွတ်ကုန်၏။ ထို့နောက် မောဇ္ဈင် ၃-ပါး ကြီးပွါးရင့်သန်သောအခါ လောကုတ္တရာမဂ်ဉာဏ်၏ အတောင်အလက် စုံလင်သဖြင့် သဒ္ဓမ္မာဓိမည်သော မဂ်ဉာဏ်သို့ ရောက်၍ လောကီဘုံသူ လောကီဘုံသား နှစ်သမား မွန်းသမားအဖြစ်မှ တကြိမ်ကျတ် လွတ်ကြကုန်၍ ပုထုဇဉ်ဘုံမှ ပျံတက်၍ ဘဝအဆက်ဆက် တောင့်တ၍ လာခဲ့ကြသော အရိယာဘုံသူ ဘုံသား၊ လောကုတ္တရာဘုံသူ ဘုံသား နိဗ္ဗာန်ဘုံသူ ဘုံသားအဖြစ်သို့ ပေါက်ရောက်ကြလေကုန်၏။ ဤကား မောဇ္ဈင်ကို မဂ်ဉာဏ်၏ အတောင်အလက်ဆိုရာ၌ ဥပမာနှင့်ကကွသော အတ္ထယုတ္တိဒေသနာတည်း ဟု မောဇ္ဈင်အဓိပ္ပါယ်ကို ပြတော်မူသည်။ ဓမောဇ္ဈင်သည် သတိသမ္ဗောဇ္ဈင်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင်-ဟု ၇-ပါး ရှိသည်။ သံ၃။၆၄။ အဘိ၂။ ၂၃၆။ သတိ, ပညာ, ဝီရိယ, ပီတိ, ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, ကေဂ္ဂဘာ, တတြမဇ္ဈတ္တတာ စေတသိက်တို့ကို အစဉ်အတိုင်း အရကောက်ပါ။ မောဇ္ဈင်ကို ပွါးများရာ၌ ဝိဒေက ၅ ပါးကိုမှီသော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏ စသည်ဖြင့်ဟော တော်မူရကား ဗလဝဝိပဿနာ, မဂ်, ဖိုလ်ဘို့ ဥသာမဟုတ်၊ ဝိပဿနာ အခြေခံဖြစ်သော ကသိုဏ်းဈာန်အာနာပါနကမ္မဋ္ဌာန်းအသုဘကမ္မဋ္ဌာန်း ဗြဟ္မဝိဟာရဈာန်တို့၌ ပါဝင်သော သတိစသော ၇ ပါးကိုလည်း မောဇ္ဈင် ခေါ်ရပေသည်။ သံ၃။၅၈။ အဘိ၂။ ၂၃၈။ သံ၊ ၅၊၁၇၇။ အဘိ၊၅။ ၃၀၁။ ထိုသတိစသည်တို့ဘုံ၌ သတိကို ကိစ္စခပ်သိမ်း၌ လိုအပ်သော တရားဟု (သံ၃။၈၁၀) ဟောတော်မူသည်နှင့်အညီ ဗောဇ္ဈင်အားလုံးအတွက် ကျေးဇူးများသောကြောင့် ဦးစွာ ဟောထော်မူသည်။

အခါတပါး၌ ရဟန်းတပါးသည် ဘုရားရှင်အား "မောဇ္ဈင်ဟု အဘယ်ကြောင့် ခေါ်ပါသနည်း"ဟု လျှောက်ထားလျှင် မဂ်ဖြင့် နိဗ္ဗာန်ကို သိမြင်ဆင်ခြင်ရန်, မဂ်ဖြင့် ကိလေသာဟူသော အိပ်ပျော်ခြင်းမှ နိုးရန် ဖြစ်သောကြောင့် မောဇ္ဈင် မည်၏-ဟု ဖြေကြားတော်မူသည်။ သံ၃။၆၅။ သံ၊၅၊၁၀။ ၁၀၂။ (ဤအရာ၌ မောဓာယ သံဝတ္တန္တိ-ကို အဋ္ဌကထာနှင့်အညီ ပြဆိုခြင်း ဖြစ်၏၊ ပြည်ဆရာတော်ကြီးကမူ အလားတူ ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကို "မောဓာယ-ကိလေသာအစဉ်ဟူသော အိပ်ပျော်ခြင်းမှ နိုးခြင်းငှါ (ဝါ) သစ္စာလေးပါးတရားကို သိခြင်းငှါ (ဝါ) နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ၊ သံဝတ္တန္တိ-ဖြစ်ကုန်၏"ဟု ၃-နက် ပြန်ဆိုတော်မူ၏။) မောဇ္ဈင်ကို ဓရတ္တက်ရာ၌ သတိသမ္ဗောဇ္ဈင် စသည်ဖြင့် သံ-သဒ္ဒါပါရှိရာ ချီးမွမ်းအပ်သော ကောင်းသောမောဇ္ဈင်ဟု ဆိုလိုသည်၊ အခြားအထူးမရှိ။ ပဋိသမ္ဘိဒါမဂ် (ပဋိသံ။၃၀၂-၁၀) ၌ မောဇ္ဈင် မည်ခြင်း၏ အကြောင်းတို့ကို အမျိုးမျိုး ပြဆိုထားသည်။ လယ်ဘီဆရာတော်၏ မောဓိဂတ္ခိယဒီပနီ၌——လောကုတ္တရာမဂ်ဉာဏ်သည် သစ္စာ ၄-ပါးတို့ကို ကောင်းစွာ သိမြင်တတ်သောကြောင့် သမ္မောဓိမည်၏၊ ဆိုမဂ်ဉာဏ်၏ အဘောင်အလက်သည် သမ္မောဇ္ဈင် မည်၏။ ဒုက်ဘို့သည် အဓိဝမ်းတွင်းမှ တကြိမ်ပေါက်ဖွားရ၍ တဖန် ဥခွံတွင်းမှ ပေါက်ဖွားရပြန်ကုန်၏၊ ထို့နောက် အတောင်အလက်စုံလင်သောအခါ၌ အသိုက်မှ ပျံတက်၍ အလိုရှိရာသို့ ကျဘ်သွတ်စွာ ပျံသွားကုန်သကဲ့သို့ ထို့အတူ ယောဂီပုဂ္ဂိုလ်တို့သည် ကာယဂတာသတိ တည်းထောင်မိသောအခါ သမထအလုပ် ထမြောက်သောအခါ အနုမတ္တ ဘာသံသရာမှ ပါရှိကြသော စိတ်ရှုးစိတ်နှမ်းစိတ်နောက် အတွင်းမှ တကြိမ်ကျဘ်သွတ်ကုန်၏၊ တဖန် ရှပ် နာမ် ခန္ဓာတို့၌ ဝိပဿနာ

(အဝိက္ခေပလက္ခဏာ)။ ဥပေက္ခာသမ္ဗောဇ္ဈင်သည် အညီအညွတ်ဖြစ်သော တရားတို့ကို အသင့်အားဖြင့် ရှုနိုင် လျစ်လျူထားနိုင်ခြင်း လက္ခဏာရှိ၏။ (ပဋိသင်္ခါနုပဿနာ)။ သတိစသော ၇-ပါးတို့၏ အရကောက် အကျယ်ကို ဗောဇ္ဈင်ဝိဘင်း ပါဠိ အဋ္ဌကထာများ၌ ကြည့်ပါ။ အဘိ၊ဝိ။ ၂၃၆။ အဘိ၊ဋ္ဌ၊၂။ ၂၉၇-၉။ (ဗောဇ္ဈင်တို့၏ ရသ-ပစ္စုပဋ္ဌာန်နှင့် ဝစနတ္ထတို့ကို မ၊ဋ္ဌ၊၊ဂဖ-၇-၌ ကြည့်ပါ၊ ဤ၌ ကျယ်အံ့စိုး၍ လက္ခဏာမျှသာ ရေးလိုက်သည်။) ဗောဇ္ဈင်ကို အဘယ်ကြောင့် ၇-ပါးသာ အယုတ်အလွန်မရှိပဲ ဟောရပါသနည်းဟု စောဒနာခဲ့သော် တွန့်တို ဆုတ်နစ်ခြင်း, ပျံ့လွင့်ခြင်း၏ ဆန့်ကျင်ဘက်အားဖြင့်ငင်း, ဗောဇ္ဈင်အားလုံးတို့၌ လိုအပ်သောကြောင့်ငင်း ၇ ပါးသာ ဟောတော်မူ၏။ ရှင်းဦးအံ့—ဘာဝနာစိတ် တွန့်တို ဆုတ်နစ်သောအခါ ဓမ္မဝိစယ, ဝီရိယ, ပီတိဟူသော ဗောဇ္ဈင် ၃-ပါးတို့ကို ပွါးရာ၏ဟု ဟောတော်မူခြင်းကြောင့် ထို ၃-ပါးသည် တွန့်တို ဆုတ်နစ်ခြင်း၏ ဆန့်ကျင်ဘက် ဖြစ်သည်။ ဘာဝနာစိတ် ပျံ့လွင့်သောအခါ ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာဗောဇ္ဈင် ၃-ပါးကို ပွါးရာ၏ဟု ဟောတော်မူခြင်းကြောင့် ထို ၃-ပါးသည် ပျံ့လွင့်ခြင်း၏ ဆန့်ကျင်ဖက် ဖြစ်သည်။ ထို ၆-ပါးသော ဗောဇ္ဈင်အားလုံးနှင့် သတိသည် လိုအပ်သောကြောင့် သတိနှင့်တကွ ဗောဇ္ဈင် ၇-ပါးကို (အယုတ်အလွန် မရှိ) ဟောတော်မူခြင်း ဖြစ်သည်။ မ၊ဋ္ဌ၊၁။ ၈၇-၈။ အဘိ၊ဋ္ဌ၊၂။ ၂၉၇။ အခါတပါးဦး သာဝတ္ထိပြည် ပရိဗိုဇ်တို့က မိမိတို့ အရာမသို့လားသော ရဟန်းတို့ကို "ရဟန်းဂေါတမကဲ့သို့ ငါတို့လည်း နိဝရဏ ၅-ပါးပယ်ရှိ ဗောဇ္ဈင် ၇-ပါး ပွါးများကြပေ့ဟု တပည့်များအား တရားဟောသည်၊ သင်တို့ဆရာ ဂေါတမနှင့် ငါတို့ ဘာများ ထူးသနည်း၊ တရားချင်း ဆုံးမစကာ

သတိနှင့် ပြည့်စုံသော ရဟန်းသည် နာမ်ရုပ်အာရုံကို ပညာဖြင့် အနိစ္စစသော အပြားအားဖြင့် စူးစမ်းဆင်ခြင်စေလိုသောကြောင့် ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ဒုတိယ ဟောတော်မူသည်။ ထိုသို့ စူးစမ်းဆင်ခြင်သော ရဟန်း၏ လုံ့လဝီရိယသည် ထက်သန်၏။ မတွန့်ဆုတ်တော့။ ထို့ကြောင့် ဝီရိယသမ္ဗောဇ္ဈင်ကို တတိယ ဟောတော်မူသည်။ အားထုတ်အပ်ပြီးသော လုံ့လရှိသော ရဟန်းအား ကိလေသာမိသ ကင်းသောပီတိ ဖြစ်ပေါ်လာ၏။ ပီတိစိတ်ရှိသော ရဟန်း၏ ကိုယ်လည်ဂင်း၊ စိတ်သည်ဂင်း ငြိမ်းအေး၏၊ ထို့ကြောင့် ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိ သမ္ဗောဇ္ဈင် တို့ကို စတုတ္ထ, ပဉ္စမ ဟောတော်မူသည်။ ကိုယ်စိတ် ငြိမ်းအေးချမ်းသာသော ရဟန်းအား စိတ်တည်ကြည်မှု ရ၏။ ထို့ကြောင့် သမာဓိသမ္ဗောဇ္ဈင်ကို ဆဋ္ဌ ဟောတော်မူသည်။ သမာဓိ ထူထောင်မိသောအခါ စိတ်မငြိမ်သက်မှုဏာတွက် ကြောင့်ကြစိုက်ဘွယ် မရှိ၊ လျစ်လျူရှုသောအားဖြင့် အာရုံ၌ စိတ်ကို လွှတ်၍ ထားရကား တတြမဇ္ဈတ္တဘာဟူသော ဥပေက္ခာသမ္ဗောဇ္ဈင်ကို သတ္တမ ဟောတော်မူသည်။ မ၊ဋ္ဌ၊၁။ ၂၇-၈။ သံ၊ဋ္ဌ၊၆။ ၂၂။ မ၊ဋ္ဌ၊၁။ ၈၇။ အဘိ၊ဋ္ဌ၊၂။ ၂၉၆-၇။ လက္ခဏာအားဖြင့် သတိသမ္ဗောဇ္ဈင်သည် အာရုံ၌ ထင်ခြင်း လက္ခဏာရှိ၏(ဥပဋ္ဌာနလက္ခဏာ)။ ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် အနိစ္စစသော အပြားအားဖြင့် စူးစမ်းဆင်ခြင်ခြင်း လက္ခဏာရှိ၏၊ (ပဝိစယလက္ခဏာ)။ ဝီရိယသမ္ဗောဇ္ဈင်သည် ချီးမြှောက်ခြင်း လက္ခဏာရှိ၏ (ပဂ္ဂဟလက္ခဏာ)။ ပီတိသမ္ဗောဇ္ဈင်သည် ပျံ့နှံ့ခြင်း လက္ခဏာရှိ၏ (ဖရဏလက္ခဏာ)။ ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ကိုယ်စိတ်တို့၏ ငြိမ်းအေးခြင်း လက္ခဏာ ရှိ၏ (ဥပသမလက္ခဏာ)။ သမာဓိသမ္ဗောဇ္ဈင်သည် အာရုံ၌ မပျံ့လွင့်ခြင်း၊ တည်ကြည်ခြင်း လက္ခဏာ ရှိ၏

ဟောတော်မူသောကြောင့် ၁၄-ပါး ဖြစ်လာသည်ဟု ဆို၏။ (၉၆-၈)

အဘိဓမ္မာဘာဇနီနည်းအားဖြင့် ငွေ့လိုက်ပါကမောဋ္ဌပေါင်း ၁၂၈၁၀၀ ရှိသည်၊ အကျဉ်းချုပ်တွက်ပုံမှာ မက်တပါးတပါး၌ နည်း ၁၀၀၀-ရှိသည်။ (တွက်နည်းကို မဂ္ဂ-ကြည့်) မက် ၄-ပါး ၄၁၀၀-ရှိ၏၊ မောဋ္ဌ ၂-ပါးလုံး တပေါင်း၀ည်းပြူမေးဖြစ်၌ နည်း ၄၀၀၀, မောဋ္ဌတပါးစီတပါးစီ၌ချမေးဖြစ်ရာ၌ (၇×၄၀၀၀) ၂၈၀၀၀ မက်၌ နည်းပေါင်း ၃၂၀၀၀-ရသည်။ ဖိုလ်သည် မဂ္ဂင်မနုဿစမ္မမ်းအားဖြင့် သုညတအနိမိတ္တ အပ္ပဏိဟိတအမည် ၃-ပါး ရသောကြောင့်ဖိုလ်တပါးတပါး၌ နည်း ၃၀၀၀-ရသည်။ ဖိုလ် ၄-ပါးအတွက် ၁၂၀၀၀-ဖြစ်၏၊ မောဋ္ဌ ၂-ပါးလုံး တပေါင်းတည်းပြူ မေးဖြစ်၌ ၁၂၀၀၀, မောဋ္ဌတပါးစီတပါးစီ၌ မေးဖြစ်ရာ၌ (၇×၁၂၀၀) ၈၄၀၀၀-ပြန်၍ ဖိုလ်၌နည်းပေါင်း ၉၆၀၀၀ ရသည်၊ မက် ဖိုလ် ၂-ခုပေါင်းလျှင် မောဋ္ဌပေါင်း ၁၂၈၀၀၀ ရသည်။ အဘိ၊ဝိ၊ ၂၃၈-၄၁။ အဘိ၌၊ ၂/၃၀၃။ မြတ်စွာဘုရား၏မောဋ္ဌကို ဝေဘန်သိတော်မူသော ဉာဏ်တော်အဆု၌ နည်းပေါင်း ၉၆၀၀၀ – ဟုဣတိဝုတ်၊၌။ ၁၂၅ – ၌မြဆိုသည်၊ ပညာရှိများ ညှိနှိုင်းကြပါကုန်။

မောဋ္ဌကိုဖြစ်စေတတ်သော အကြောင်းအရပ်များ—

(၁) ရှေးရှေးဖြစ်သော သတိတို့၌ အသင့်လမ်းမှန်အားဖြင့် နှလုံးသွင်းခြင်းကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းသည် မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်း၊ ဖြစ်ပြီး သတိသမ္ဗောဇ္ဈင်၏ တိုးပွါးပြည့်စုံကြောင်းဖြစ်သည်။

(၂) ကုသိုလ်အကုသိုလ်, အပြစ်ရှိအပြစ်မဲ့, အယုတ်အမြတ်, မည်းညစ် ဖြူစင်သော တရားတို့၌ အသင့်လမ်း မှန်အားဖြင့် နှလုံး

ချင်း ဘာထူးသနည်း၊ အဘူတူပင် မဟုတ်လော”ဟု ပြောကြသည်၊ ထိုအခါ ရဟန်းတို့သည် စိတ်သည်းကမန္တစ်သက်သေသည်းဘာမျှပြန်မပြောပဲ ထလာ၍ ဘုရားရှင်ထံသို့ အကြောင်းစုံကို လျှောက်ထားရာ ဘုရားရှင်က “မောဋ္ဌင် ၁၄-ပါးရှိခဲ့ကြောင်း၊ ဘုရားရှင်နှင့် ဘုရားဘပည်သားတို့ ဖြစ်သောကြောင့် ပရိုဖ်ဇင်တွေကို ထို ၁၄-ပါးမေးက ပြည့်စုံအောင် ဖြေနိုင်မည်မဟုတ်ကြောင်း”ဖြင့် မောဋ္ဌင် ၂-ပါးမှ ၁၄-ပါး ဖြစ်ပုံ အကြောင်းကို ဟောတော်မူသည်။ (အမှန်အားဖြင့် တိတ္ထိပရိဗိုဇ်တို့ အယူ၌ နိဝရဏ ၅-ပါး ပယ်ရမည်၊ မောဋ္ဌင် ၂-ပါး ပွါးရမည်ဟု မပါရှိခဲ့၊ ဘုရားရှင် ဟောတော်မူစဉ် ပရိသတ် အစုန်က ယောင်လည်လည်လုပ်၍ နာယူ မှတ်သားပြီးလျှင် မိမိအရာမ် ရောက်သောအခါ မိမိကိုယ်ပိုင် ဉာဏ်ဖြင့် သိးလဟန် သိသောအနေမျှနှင့် “နိဝရဏ ၅-ပါး ပယ်ကြ၊ မောဋ္ဌင် ၂-ပါး ပွါးများကြ”ဟု မိမိပရိသတ်ဘို့အား ပြောဆိုကြခြင်းသာဖြစ်သည်။ သံ ၌၊ ၃၂။ ၂၀၄-၅၊)

မောဋ္ဌင်၂-ပါးမှ ၁၄-ပါး ဖြစ်လာပုံ—

သတိ၊ခမ္မဝိစယ ဥစ္စာကမ္မာဉ္ဉာ၌မောဋ္ဌင် ၃-ပါးကို အဋ္ဌဘွအာရုံ၌ဖြစ်သော သတိ, ဗဟိဒ္ဓအာရုံ၌ ဖြစ်သော သတိစသည်ဖြင့် ၂-ပါးစီ ဟောတော်မူ၏။ ဝီရိယသမ္မောဇ္ဈင်ကို ကာယိကဝီရိယ, စေတသိကဝီရိယ-ဟု ၂-ပါး ဝေဘန်ဟောတော်မူသည်။ ပီတိနှင့် သမာဓိမောဋ္ဌင် ၂-ပါးကို ဝိတက်ဝိစာရယှဉ်သောပီတိ၊ မယှဉ်သောပီတိ၊ ဝိတက်ဝိစာရယှဉ်သော သမာဓိ၊ မယှဉ်သော သမာဓိဟု ၂-ပါးစီ ဝေဘန်ဟောတော်မူသည်၊ ပဿဒ္ဓိသမ္မောဇ္ဈင်ကို ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ ၂-မျိုး ဝေဘန်ဟောတော်မူသည်။ ဤသို့လျှင် သတိစသော မောဋ္ဌင်ဘပါးတပါးကို ၂-ပါးစီ ၂-ပါးစီဝေဘန်

သွင်းခြင်းကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းဆည် မဖြစ်သေးသော ဓမ္မဝိစယ သမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်း၊ ဖြစ်ပြီး ဓမ္မဝိစယသမ္ဗောဇ္ဈင်၏တိုးပွါးပြည့်စုံကြောင်း ဖြစ်ဆည်။

(၃) လက်ဦးအစ အားထုတ်သော ဝီရိယသည် အာရမ္မဓာတ်မည်၏၊ ပျင်းရိခြင်းမှ ထွက်မြောက်နိုင်သော (တနည်း) ကာမတို့ကို ပယ်ဖျောက်နိုင်စွမ်းရှိသော ဝီရိယသည် နိက္ကမဓာတ်မည်၏၊ တဆင့်တဆင့်မြင့်ထက်မြင့်သော ဓနထူသို့ ရောက်စေနိုင်စွမ်းရှိသော (တနည်း) ကာမအနှောင်အဖွဲ့ကို ဖြတ်တောက် ဖျက်ဆီးနိုင်စွမ်းရှိသော ဝီရိယဆည် ပရက္ကမဓာတ်မည်၏။ (အဘိ၊ ၄ ၊ ၁။ ၁၉၀။) ထို ၃-ပါးသော ဝီရိယတို့၌ အသင့်လမ်းမှန်အားဖြင့် နှလုံးသွင်းခြင်းကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းသည် မဖြစ်သေးသော ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ကြောင်း၊ ဖြစ်ပြီး ဝီရိယသမ္ဗောဇ္ဈင်၏ တိုးပွါးပြည့်စုံကြောင်း ဖြစ်သည်။

(၄) ရွှေးရွှေးဖြစ်သော ပီတိတို့၌ အသင့်လမ်းမှန်အားဖြင့် နှလုံးသွင်းခြင်းကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းသည် မဖြစ်သေးသော ပီတိသမ္ဗောဇ္ဈင်ဖြစ်ကြောင်း၊ ဖြစ်ပြီး ပီတိသမ္ဗောဇ္ဈင်၏ တိုးပွါးပြည့်စုံကြောင်း ဖြစ်သည်။

(၅) ရွှေးရွှေး ဖြစ်သော စိတ် စေတသိက် ဆို၏ငြိမ်းချမ်းခြင်းဟုဆိုအပ်သော စိတ္တပဿဒ္ဓိ ကာယပဿဒ္ဓိတို့၌ အသင့်လမ်းမှန်အားဖြင့် နှလုံးသွင်းခြင်းကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းသည် မဖြစ်သေးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်း၊ ဖြစ်ပြီးပဿဒ္ဓိသမ္ဗောဇ္ဈင်၏ တိုးပွါးပြည့်စုံကြောင်း ဖြစ်သည်။

(၆) တည်ကြည်သော သမာဓိဟု ဆိုအပ်သော သမာဓိနိမိတ် အဗျဂ္ဂနိမိတ်တို့၌ အသင့် လမ်းမှန်အားဖြင့် နှလုံးသွင်းခြင်းကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းသည် မဖြစ်သေးသော သမာဓိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်း၊ ဖြစ်ပြီး သမာဓိသမ္ဗောဇ္ဈင်၏ တိုးပွါးပြည့်စုံကြောင်း ဖြစ်သည်။

(၇) ရွှေးရွှေး ဖြစ်သော ဥပေက္ခာတို့၌ အသင့်လမ်းမှန်အားဖြင့် နှလုံးသွင်းခြင်းကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းသည် မဖြစ်သေးသော ဥပေက္ခာသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်း၊ ဖြစ်ပြီး ဥပေက္ခာ သမ္ဗောဇ္ဈင်၏တိုးပွါးပြည့်စုံကြောင်း ဖြစ်သည်။

ဤကား ဗောဒ္ဓိသံယုတ် အာဟာရသုတ်လာ ဘုရားရှင် ဟောတော်မူသော ဗောဇ္ဈင်ဖြစ်ပေါ်ကြောင်း တရားတို့ဖြစ်၏။ (သံ၊ ၃။ ၉၁–၂။) အဋ္ဌကထာ ဆရာတို့က တနည်း တဖုံ ထုတ်ပြသော ဗောဇ္ဈင်၏ အကြောင်းတရားတို့ကိုလည်း ဆက်လက်ပြဆိုပါဦးမည်။

(၁) ရွှေးသို့ တက်ခြင်း, နောက်သို့ဆုတ်ခြင်း စသော ၇-ဌာနတို့၌ သတိသမ္ဗောဇ္ဈင်နှင့် ပြည့်စုံခြင်း၊ သတိမေ့လျော့တတ်သူကို ရှောင်ကြဉ်ရခြင်း၊ သတိကောင်းသူ သတိမြဲသူကို မှီဝဲဆည်းကပ်ရခြင်း၊ ထို သတိသမ္ဗောဇ္ဈင်၌ ညွတ်ကိုင်းခြင်း (၀၊) သတိကို မြဲမြံစွဲစွဲနှလုံးသွင်းခြင်း ဤ ၄-ပါးသည် သတိသမ္ဗောဇ္ဈင် ဖြစ်ခြင်း၏အကြောင်းထို့တည်း။

(၂) ခန္ဓာအာယတနစသည်၌ အနက်အဓိပ္ပါယ်ကို အဖန်ဖန် စိစစ်မေးမြန်းခြင်း၊ ကိုယ်တွင်းကိုယ်ပစ္စတ္တပစ္စည်းတို့ကို သန့်ရှင်းစင်ကြယ်အောင် ပြုခြင်း၊ ဣန္ဒြေတို့ကို မျှတအောင် ထားခြင်း၊ ပညာမဲ့သူကို ရှောင်ကြဉ်ခြင်း၊ ပညာရှိကို မှီဝဲဆည်းကပ်ခြင်း၊ သိမ်မွေနက်နဲသော ဉာဏ်ဖြင့် သက်ဝင် ကျက်စားအပ်သော သိမ်မွေနက်နဲသော တရားတို့ကို

တို့အားကောင်းလာအောင်သော်လည်း ပြုရာသည်။ အထူးသဖြင့် သဒ္ဒါနှင့်ပညာ, သမာဓိနှင့် ဝိရိယတို့ညီမျှရန် အရေးကြီးပေသည်။ သဒ္ဒါအားကောင်း၍ ပညာနုံ့ဆာသူသည် အချည်းအနှီး အလကား ကြည်ညိုတတ်၏၊ မကြည်ညိုထိုက်သော အရာတို့၌သော်လည်း ကြည်ညိုမိတတ်၏၊ ပညာအားကောင်း၍ သဒ္ဒါနုံ့သောသူသည် ကောက်ကျစ်စဉ်းလဲတတ်၏၊ ဆေးကြောင့်ဖြစ်သော ရောဂါကဲ့သို့ အကုရ ခက်တတ်၏၊ "စိတ်သက်သက်မျှဖြင့် ကုသိုလ်ရသည်" ဟု အယူမှားလျက် ဒါနစသည် မပြုသောကြောင့် ငရဲ၌ကျရောက်တတ်၏။ သဒ္ဒါပညာမျှတသူအဘို့ ကြည်ညိုသင့်သော ရတနာ ၃-ပါး, ကံ, ကံ၏အကျိုးတို့၌သာ သက်ဝင်ကြည်ညိုပေသည်။ သမာဓိနှင့် ဝိရိယတို့တွင်လည်း သမာဓိအားကောင်း၍ ဝိရိယနုံ့သောသူသည် ပျင်းရိတတ်၏၊ ဝိရိယအားကောင်း၍ သမာဓိနည်း ပြန်လျှင်လည်း အာရုံ၌ ပျံ့လွင့်တတ်၏၊ ဥဒ္ဓစ္စဘိစီးနှိပ်စက်၏။ ထိုကဲ့သို့ ပျင်းရိခြင်း ပျံ့လွင့်ခြင်း မရှိရလေအောင် သမာဓိ ဝိရိယ ဣန္ဒြေ ၂-ပါးတို့မျှတဘို့ လိုအပ်ပေသည်၊ ဤသို့ ဣန္ဒြေတို့မျှတညီညွတ်မှသာလျှင် ဓမ္မဝိစယသမ္ဗောဇ္ဈင်ခေါ်ဥာဏ်ပညာပေါ် ပေါက် ဖြစ်ထွန်းနိုင်ပေသည်။ ထို ဣန္ဒြေ ၄-ပါးတို့၌ သတိအားကောင်းအောင် အမြဲ မပြတ် အားထုတ်အပ်၏၊ အဘယ့်ကြောင့်ဆိုသော် သဒ္ဒါ ဝိရိယ ပညာတို့ကြောင့် ဥဒ္ဓစ္စဘက် ကျရောက်နေလျှင် (သို့မဟုတ်) သမာဓိကြောင့် ကောဆဥ္စဘက် ကျရောက်နေလျှင် ထိုကဲ့သို့ မကျရောက်အောင် သတိကစောင့်ရှောက်နိုင်၏၊ ဟင်းလျာမျိုးဟူသမျှ၌ ဆားကဲ့သို့ ဣန္ဒြေခပ်သိမ်းတို့၌ သတိလိုအပ်ပေသည်။ (သတိလိုအပ်ပုံကို ဗေဒင်္ဂါပါးသင့် မပါးသင့်သော အခါများကဏ္ဍ၌ ကြည့်ပါ။)

ဆင်ခြင်ခြင်း၊ ထို ဓမ္မဝိစယ သမ္ဗောဇ္ဈင်၌ ညွှတ်ကိုင်းခြင်း (၀၀) ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို မြဲမြဲစွဲစွဲနှလုံးသွင်းခြင်း၊ ဤ ၇-ပါးသည် ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်း၏ အကြောင်းတို့တည်း။ ထို ၇-ပါးတို့တွင် ဒုတိယ တတိယ အချက်တို့ကို အနည်းငယ်ရှင်းပြလို၏။ ခန္ဓာကိုယ်၌ ဆံပင်, ခြေသည်း, လက်သည်းတို့ရှည်နေလျှင်, ချွေးအညစ်အကြေးစသည် လိမ်းကပ်နေလျှင် ကိုယ်တွင်းဝတ္ထု မသန့်ရှင်းသည်မည်၏၊ သင်္ကန်း၏အိုမင်းခြင်း ညစ်နွမ်းခြင်း နံစော်ခြင်းကျောင်း၌ အမှိုက်သရိုက်ရှုပ်ထွေးခြင်းစသည်သည်ကိုယ်ပစ္စည်းဝတ္ထုမသန့်ရှင်းသည်မည်၏၊ ထို ၂-မျိုးလုံး သန့်ရှင်းစင်ကြယ်မှသာ ပညာဉာဏ်ပွင့်လင်းသည်၊ ကိုယ်တွင်းကိုယ်ပမသန့်ရှင်းပဲ ညစ်ပတ်ပေရေလျက် ရှုပ်ရှုပ်ထွေးထွေး နေခဲ့လျှင် စိတ်နောက်ကျဉာဏ်ဖြစ်၍ အဘယ်မှာ ပညာဉာဏ် ပွင့်လင်းနိုင်ပါမည်နည်း။ (ပညာဉာဏ်သည် ဓမ္မဝိစယသမ္ဗောဇ္ဈင်ပင်တည်း။)

ဣန္ဒြေတို့ကို မျှတအောင် ထားခြင်းသည်လည်း အရေးကြီး၏၊ ဣန္ဒြေတခုလုံးကဲ့လျှင် အခြား ဣန္ဒြေများ နုံ့တတ်၍ ဆိုင်ရာကိစ္စ မပြုနိုင်ကြ။ ဥပမာ – သဒ္ဒါန္ဒြေ ထက်သန်လွန်ကဲနေသူတို့အဘို့ ကျန်ဣန္ဒြေတို့အားနည်းသောကြောင့် ဝိရိယိန္ဒြေသည် သမ္မယုတ်တရားတို့ကို ချီးမြှောက်ခြင်း ကိစ္စကို, သတိန္ဒြေသည် အာရုံ၌ ထင်ခြင်း အာရုံသို့ ကပ်၍ တည်ခြင်းကိစ္စကို, သမာဓိန္ဒြေသည် သမ္မယုတ်တရားတို့ကို မပျံ့လွင့်အောင်ပြုခြင်းကိစ္စကို, ပညာန္ဒြေသည် အာရုံကို အမှန်အတိုင်းမြင်ခြင်းကိစ္စကို မပြု နိုင်တော့ချေ။ ဝဏ္ဏလိမထေရ် ဝတ္ထုကို ထောက်ဆလေ။ ဝိရိယစသော ဣန္ဒြေတို့လွန်ကဲရာ၌လည်း ဤနည်းမှီ၍ သိနိုင်လောက်ပြီ။ ထိုကဲ့သို့ဖြစ်လျှင် ထက်သန်လွန်ကဲသော ဣန္ဒြေကို အားနည်းအောင်နှလုံးမသွင်းပဲ သော်လည်း နေရာ၏၊ ကျန်ဣန္ဒြေ

(၃) အပါယ်ဘေးကို ဆင်ခြင်ခြင်း၊ ဝိရိယအာကျိုး အာနိသင်ကို သိမြင်ခြင်း၊ အရိယာတို့၏သွားလမ်း (ဝိသုဒ္ဓိ-၇ပါး)ကို ဆင်ခြင်ခြင်း၊ ဆွမ်းကို အတုံပူဇော်ခြင်း၊ မေမ္မအမေမွန်မြတ်ပုံကို ဆင်ခြင်ခြင်း၊ ဘုရားရှင်၏ မွန်မြတ်ပုံကို ဆင်ခြင်ခြင်း၊ သာကိယဇာတ် (ရဟန်းဘဝင်)၏မွန်မြတ်ပုံကို ဆင်ခြင်ခြင်း၊ သီဘင်း သုံးဖော်တို့၏ မွန်မြတ်ပုံကို ဆင်ခြင်ခြင်း၊ ပျင်းရိသူကို ရှောင်ကြဉ်ခြင်း၊ ဝိရိယရှိသူကို မှီဝဲဆည်းကပ်ခြင်း၊ ထို ဝိရိယသမ္မောဇ္ဈင်၌ ညွတ်ငိုက်ခြင်း (၀၊) ဝိရိယသမ္မောဇ္ဈင်ကို စွဲစွဲမြဲမြဲနှလုံးသွင်းခြင်း ဤ ၁၁-ပါးသည် ဝိရိယသမ္မောဇ္ဈင် ဖြစ်ခြင်း၏ အကြောင်းတို့တည်း။ ထို အချက်တို့ကို အာနည်းငယ် ရှင်းလင်းပြဦးအံ့—

အပါယ်ဘုံသား ဘဝရောက်နေလျှင် ဝိရိယသမ္မောဇ္ဈင်ကို ဖြစ်စေနိုင်မည်မဟုတ်၊ အရဟတ်ခိုက် ဃခုဘဝ ယခုအချိန်သည် ဝိရိယသမ္မောဇ္ဈင်ကို အားထုတ်ဘို့ အချိန်တည်းဟု အပါယ်ဘေးကို ဆင်ခြင်ခြင်းဖြင့် ဝိရိယသမ္မောဇ္ဈင်ကို ဖြစ်စေရာ၏။ ''ပျင်းရိခြင်းဖြင့်လော ကုဿာရာ တရား ၉-ပါးကိုမရနိုင်၊ အားထုတ်မှသာ ရနိုင်သည်။ ဤကား ဝိရိယ အကျိုးအာနိသင်ပါတကား''ဟု ဝိရိယအကျိုး အာနိသင်ကို သိမြင်ခြင်းဖြင့် ဝိရိယသမ္မောဇ္ဈင်ကို ဖြစ်စေရာ၏။ ''ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့လမ်းစဉ်ကို ပျင်းရိသူတို့ လိုက်နာကျင့်သုံးနိုင်မည်မဟုတ်၊ ဝိရိယရှိသူသာ ယင်းလမ်းစဉ် လိုက်နာကျင့်သုံးနိုင်သည်'' ဟု အရိယာတို့ လမ်းစဉ်ကို ဆင်ခြင်ခြင်းဖြင့် ဝိရိယသမ္မောဇ္ဈင်ကို ဖြစ်စေရာ၏။ ''ဆွမ်းစသည်ဖြင့် လှူဒါန်းလုပ်ကျွေးသူတို့ သည်ငါ၏ ဆွေမျိုးလည်းမဟုတ်၊ ကျေးကျွန်လည်းမဟုတ်၊ ငါမှီ၍ အသက်မွေးအံ့ ဟူသော ရည်ရွယ်ချက်ဖြင့် လှူသည်လည်းမဟုတ်၊ မိမိပြုသော ကောင်းမှု၏ အကျိုးကြီးမားမှုကို တောင့်တ၍သာ ဤသို့ လှူဒါန်းခြင်းဖြစ်သည်၊ ဘုရားရှင်ကလည်း ပြည်သူတို့ဆွမ်း စသည်ကို သုံးဆောင်၍ ခန္ဓာကိုယ်တောင့်တင်း သန်မာချမ်းသာစွာ နေကြလိမ့်လတ့ံဟူသော ရည်ရွယ်ချက်ဖြင့် ပစ္စည်း ၄-ပါးကို ခွင့်ပြုသည်မဟုတ်၊ ဤ ပစ္စည်းလေးပါးတို့ကို သုံးဆောင်၍ ရဟန်းတရားအားထုတ်လျက် ဝဋ်ဆင်းရဲမှ လွတ်ကုန်လတ့ံဟူသော ရည်ရွယ်ချက်ဖြင့်သာ ခွင့်ပြုခြင်းဖြစ်သည်၊ ပြည်သူတို့ဆွမ်းကို ဘုန်းခေးသုံးဆောင်၍ အပျင်းထူနေခဲ့သော် ဆွမ်းကို အတုံပူဇော်ရာမရောက်။ ရဟန်းတရား အားထုတ်ခြင်းဖြင့် သာလျှင် ဆွမ်းကို အတုံပူဇော်ရာရောက် ပေမည်'' ဟု ဆင်ခြင်သော ရဟန်းအား ဝိရိယသမ္မောဇ္ဈင် ဖြစ်ပေါ်လာသည်။ (ကဿကလိုဏ်၌ သီတင်းသုံးသော မဟာဓိတ္တ (အယျမိတ္တ) မထေရ်၏ နှလုံးသွင်းပုံမျိုးတည်း၊ ယင်းဝတ္ထုအကျယ်ကို အဋ္ဌကထာတို့၌ ကြည့်။ကျမ်းညွှန်းကို အဆုံး၌ ဖော်ပြထားသည်။)

အရိယာဥစ္စာ ၇-ပါးဟူသော တရားအမွေကို ပျင်းရိသူတို့ မဆက်ခံနိုင်၊ ဝိရိယရှိသူမှသာ ဘုရားရှင်၏ အရိယာဥစ္စာ ၇-ပါး တရားအမွေကို ဆက်ခံနိုင်ပေသည်ဟုဓမ္မအမွေ၏ မြင့်မြတ်ပုံကို နှလုံးသွင်း ဆင်ခြင်ခြင်းဖြင့် ဝိရိယသမ္မောဇ္ဈင်ကို ဖြစ်စေရာ၏။ ကျန်အချက်အလက်တို့မှာ သိသာထင်ရှား၏။

(၄) ဘုရားဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ခြင်း ဗုဒ္ဓါနုဿတိ၊ တရားဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ခြင်း ဓမ္မာနုဿတိ၊ သံဃဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ခြင်း သံဃာနုဿတိ၊ မိမိသီလကို အဖန်ဖန် အောက်မေ့ခြင်း သီလာနုဿတိ၊ မိမိစွန့်ကြဲခြင်းကို အဖန်ဖန်အောက်မေ့ခြင်း စာဂါနုဿတိ၊ နတ်ဗြဟ္မာတို့ကို သက်သေထား၍

စေခြင်း၊ ဘာဝနာစိတ်ကို လျစ်လျူရှုသင့်သောအခါ လျစ်လျူရှုခြင်း၊ မတည်ကြည်သော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊ တည်ကြည်သောပုဂ္ဂိုလ်ကို မှီဝဲခြင်း၊ ဈာန်ဝိမောက္ခတို့ကို ဆင်ခြင်ခြင်း၊ သမာဓိသမ္မောဇ္ဈင်၌ ညွတ်ကိုင်းခြင်း (၀၂) သမာဓိသမ္မောဇ္ဈင်ကို စဲ့စဲ့မြဲမြဲ နှလုံးသွင်းခြင်း၊ ဤ ၁၁-ပါးသည် သမာဓိသမ္မောဇ္ဈင် ဖြစ်ခြင်း၏ အကြောင်းတို့တည်း။ ထို ၁၁ ပါးတို့တွင် ဘာဝနာစိတ်နှင့် ပတ်သက်သော အချက်အလက်တို့ကို အနည်းငယ် ရှင်းပြဦးအံ့—ဝီရိယ လျော့ပါးခြင်း စသည်ကြောင့် ဘာဝနာစိတ် တွန့်တိုဆုတ်နစ်သောအခါ သမ္မဝိဒ္ဓ၊ ဝီရိယ, ပီတိဗောဇ္ဈင် ၃-ပါးကို ဖြစ်စေသဖြင့် ချီးမြှောက်ခြင်းသည် ဘာဝနာစိတ်ကို ချီးမြှောက်သင့်သောအခါ ချီးမြှောက်ခြင်း မည်၏။ အထူး အားထုတ်အပ်ပြီးသော ဝီရိယ ထက်သန်သော ဝီရိယ စသည်ကြောင့် ဘာဝနာစိတ် ပျံလွှင့်သောအခါ ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာဗောဇ္ဈင် ၃-ပါးကို ဖြစ်စေသဖြင့် နှိပ်ခြင်းသည် ဘာဝနာစိတ်ကို နှိပ်သင့်သောအခါ၌ နှိပ်ခြင်းမည်၏။ ပညာ၏ လှုံ့ဆော်မှု အားနည်းခြင်းကြောင့် ဖြစ်စေ, ကိလေသာ ငြိမ်းအေးသော သုခကို မရသောကြောင့်ဖြစ်စေ ဘာဝနာစိတ်သည် သာယာခြင်းမှ ကင်းငြားအံ့ (ငြီးငွေ့လာငြားအံ့)၊ ထိုအခါ ပဋိသန္ဓေ အို နာသေဘေး လေးမျိုးသောဆင်းရဲနှင့် အပါယ်ဆင်းရဲ, အတိတ် ဝဋ်ဆင်းရဲ, အနာဂတ် ဝဋ်ဆင်းရဲ, ပစ္စုပ္ပန်၌ အာဟာရ ရှာမှီးရသောဆင်းရဲ၊ ဤ ဂ-ပါး သော သံဝေဂဝတ္ထုတို့ကို ဆင်ခြင်ခြင်းဖြင့် ဘာဝနာစိတ်ကို ထိတ်လန့်စေရာ၏၊ ထို့ပြင် ရတနာ ၃-ပါးဂုဏ်တော်တို့ကို အောက်မေ့ခြင်းဖြင့် စိတ်ကြည်လင်စေရာ၏၊ ဤသို့ ထိတ်လန့်စေခြင်း စိတ်ကြည်လင်စေခြင်းသည် ဘာဝနာ စိတ်ကို ကောင်းစွာ ရှင်လန်းစေသင့်သောအခါ ကောင်းစွာ ရှင်လန်းစေခြင်း

မိမိ၏ သန္ဓါသီလစသော ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း ဒေဝတာနုဿတိ၊ ကိလေသာတို့ ငြိမ်းအေးခြင်းကို အဖန်ဖန် အောက်မေ့ခြင်း ဥပသမာနုဿတိ၊ ကြမ်းတမ်းခေါင်းပါးသူကို ရှောင်ကြဉ်ခြင်း၊ နူးညံ့ပြေပြစ်သူကို မှီဝဲ ဆည်းကပ်ခြင်း၊ စိတ်ကြည်လင်ဖွယ်ရာ သုတ်သို့ကို ဆင်ခြင်ရွတ်ဖတ် သရဇ္ဈာယ်ခြင်း၊ ပီတိသမ္မောဇ္ဈင်၌ ကိုင်းညွတ်ခြင်း (၀၁) ပီတိသမ္မောဇ္ဈင်ကို စဲ့စဲ့မြဲမြဲ နှလုံးသွင်းခြင်း၊ ဤ ၁၁ ပါးသည် ပီတိသမ္မောဇ္ဈင် ဖြစ်ခြင်း၏ အကြောင်းတို့တည်း။

(၅) မွန်မြတ်သော ဘောဇဉ်ကို သုံးဆောင်မှီဝဲခြင်း၊ သပ္ပါယဖြစ်၍ ချမ်းသာသော ဥတုကို မှီဝဲခြင်း၊ ချမ်းသာသော ဣရိယာပုထ်ဖြင့် နေခြင်း၊ အလယ်အလတ်သဘော ထာ-ရှိခြင်း (ကမ္မဿကတာဉာဏ်ကို ကောက်ယူပါ)၊ ပူပန်တတ်သောပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊ ငြိမ်းအေးစွာ နေတတ်သူကို မှီဝဲခြင်း၊ ပဿဒ္ဓိသမ္မောဇ္ဈင်၌ ညွတ်ကိုင်းခြင်း၊ စဲ့မြဲစွာ နှလုံးသွင်းခြင်း၊ ဤ ၇-ပါးသည် ပဿဒ္ဓိသမ္မောဇ္ဈင် ဖြစ်ခြင်း၏ အကြောင်းတို့ဟုတည်း။ (ဤ ၇-ပါးအနက် ပူပန်တတ်သော ပုဂ္ဂိုလ်ဟူသည် ခဲ တုတ် လှံ ထား စသည်ဖြင့် သူတပါးကို နှိပ်စက်တတ်သူကို ဆိုလို၏။ ထိုကဲ့သို့ မနှိပ်စက်တတ်ပဲ လက်ခြေ စောင့်စည်းတတ်သူကို ငြိမ်းအေးစွာ နေတတ်သူဟု ဆိုလို၏။)

(၆) ကိုယ်တွင်းကိုယ်ပ ဝတ္ထုပစ္စည်းတို့ကို သန့်ရှင်းစင်ကြယ်အောင် ပြုခြင်း၊ ဣန္ဒြေဘို့ကို မျှတအောင် ထားခြင်း၊ (ယင်း ၂-ပါး အဓိပ္ပါယ်ကို အထက်၌ ပြခဲ့ပြီ)။ ကသိုဏ်း နိမိတ် အာသုဘနိမိတ်တို့၌လိမ္မာခြင်း၊ ဘာဝနာစိတ်ကို ချီးမြှောက်သင့်သော အခါ ချီးမြှောက်ခြင်း၊ ဘာဝနာစိတ်ကို နှိပ်သင့်သောအခါ နှိပ်ခြင်း၊ ဘာဝနာစိတ်ကို ကောင်းစွာ ရှင်လန်းစေသင့်သောအခါ ကောင်းစွာ ရှင်လန်း

သတ္တဝါတို့၌ လျစ်လျူရှုကာ အလယ်အလတ် သဘော ထားရာ၏။

သခါရတို့၌ အလယ်အလတ် သဘော ထားပုံ လျစ်လျူရှုပုံ—

သင်္ကန်းတထည် တွေ့မြင်ရ ဝတ်ရုံ သုံးဆောင်ရသည် ဆိုပါစို့ — "ဤ သင်္ကန်းသည် အဆင်းအရောင် မွေးမှိန်မဲ့ ချောက် ဖောက်ပြန်ခြင်းသို့ ရောက်ပေမည်၊ ထိုအခါ ခြေသုတ်စသည် ပြုလုပ်၍ နောက်ဆုံး စွန့်ပစ်ရပေမည်၊ အကယ်၍ သင်္ကန်း၌ အရှင် သခင် အစိုးရရှိလျင် ဤသို့ ပျက်စီးမည် မဟုတ်" ဟု အရှင်သခင် အစိုးရမရှိခြင်းကို ဆင်ခြင်သဖြင့်ငင်း, "ဤသင်္ကန်းသည် အရှည် ခိုင်ခံ့တည်တန့်သည်မဟုတ်၊ အခိုက်အတန့် သာ တည်မြဲသော ပစ္စည်းပါတကား" ဟု အခိုက်အတန့်မျှဖြစ်သော သဘောကို ဆင် ခြင်သဖြင့်ငင်း ထိုအကြောင်း ၂ ပါးတို့ဖြင့် သင်္ကန်းဟူသော သခါရ၌ လျစ်လျူရှုကာ အလယ်အလတ်သဘော ထားရာ၏။ သင်္ကန်း ကို နည် မှီး၍ သပိတ် ပရိက္ခရာစသော ပစ္စည်း ဝတ္ထုတို့၌ လျစ်လျူရှုပုံကို သိပါ။ ဤကား ဗောဇ္ဈင်ဖြစ်ခြင်း၏ အကြောင်းတို့ကို သိသင့် သိထိုက်သော အဓိပ္ပါယ်အချို့နှင့်တကွ ပြဆို ချက်ဘည်း၊ အကျယ်ကို သတိပဋ္ဌာနသုတ် ဗောဇ္ဈင်ပိုင်းအဖွင့်၊ ဗောဇ္ဈင်္ဂသံယုတ် အာဟာ ရသုတ်အဖွင့်တို့၌ ကြည့်ပါ။ ဒီ၊ ဋ္ဌ၊ ၂၊ ၃၃၄-၈၅။ မ၊ ဋ္ဌ၊ ၁။ ၂၉၄-၃၀၀။ သံ၊ ဋ္ဌ၊ ၃။ ၁၉၃-၂၀၁။ အဘိ၊ ဋ္ဌ၊ ၂။ ၂၆၃-၂၇၃။

ဗောဇ္ဈင်ပွါးများခြင်းနှင့် ပွါးသင့် မပွါး သင့်သောအခါများ—

ဗောဇ္ဈင် သံယုတ်လာ သုတ်များစွာတို့၌ ဘာဝေဘိ ဗဟုလီကာရတိ ဟူ၍ငင်း ဘာဝိ-တာ ဗဟုလီကတာ ဟူ၍ငင်း ထပ်တလဲလဲ ဟောတော်မူသည်ကို ထောက်ဆက ဗောဇ္ဈင် ပွါးများသူသည် ကြိမ်ဖန်များစွာ ပွါးများ

မည်၏။ ဘာဝနာစိတ်သည် အကျင့်မှန်ခြင်း ကြောင့် တွန့်တိုဆုတ်နစ်မှု ပျံ့လွင့်မှု ငြီးငွေ့မှု မဖြစ်ပဲ အာရုံ၌ အညီအမျှ ဖြစ်သောအခါ သမထလမ်းပေါ် သွားနေသောအခါ ချီး မြှောက်ခြင်း နှိပ်ခြင်း ဟောင်းစွာ ရှင်လန်း ပေခြင်းဟူသော လုံ့လ ဗျာပါရ မပြုပဲ လျစ်လျူရှုခြင်းသည် ဘာဝနာ စိတ်ကို လျစ်လျူရှုသင့်သောအခါ လျစ်လျူရှုသည် မည်၏။ မြင်းတို့ အညီအမျှ အပြေးမှန်သော အခါ ရထားထိန်းသည် ဘာမျှ လုံ့ဆော် အားစိုက်မှု မပြုဘဲ လျစ်လျူရှုသကဲ့သို့ မှတ်ပါ။

(၇) ဆတ္တဝါတို့၌ အလယ်အလတ် သဘောထားခြင်း၊ လျစ်လျူရှုခြင်း၊ သခါရ တို့၌ အလယ်အလတ် သဘောထားခြင်း၊ လျစ်လျူရှုခြင်း၊ သတ္တဝါ သခါရတို့ကို စုံမက် ချစ်ခင်တတ်သော ပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ် ခြင်း၊ သတ္တဝါသခါရတို့၌ အလယ်အလတ် သဘောထားရှိသော ပုဂ္ဂိုလ်ကို မှီဝဲခြင်း၊ ဥပေက္ခာသမ္ဗောဇ္ဈင်၌ ညွတ်ကိုင်းခြင်း (၀၊) ဥပက္ခာသမ္ဗောဇ္ဈင်ကိုစွဲမြဲမြဲနှလုံးသွင်းခြင်း၊ ဤ ၅ ပါးသည် ဥပက္ခာသမ္ဗောဇ္ဈင် ဖြစ် ခြင်း၏ အကြောင်းတို့တည်း။ ထို ၅ ပါး တို့တွင် သတ္တဝါ သခါရတို့၌ အလယ်အလတ် သဘောထားပုံ လျစ်လျူရှုပုံ အကြောင်း တို့ကို ရှင်းပြပါဦးမည် — "ဘယ်သူမဆို ကံ အတိုင်းလာ၍ ကံအတိုင်း သွားရပေမည်၊ သို့ဖြစ်လျက် သင်သည် အဘယ်သူကို အဘယ် ကြောင့် ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးနေရဘိ သနည်း" ဟု ကံသာ မိမိဥစ္စာရှိသည်အဖြစ်ကို ဆင်ခြင်ဆဖြင့်ငင်း, "သတ္တဝါဟူ၍ ပရမတ် အားဖြင့် မရှိချေ၊ သို့ဖြစ်လျက် သင်သည် အဘယ်သူကို အဘယ်ကြောင့် ချစ်ခင်စုံ မက် နှစ်သက် မြတ်နိုးနေရဘိသနည်း" ဟု ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းခြင်းကို ဆင်ခြင် သဖြင့်ငင်း ထိုအကြောင်း ၂ ပါးတို့ဖြင့်

ကင်းဆိတ်သောကြောင့် တဒင်္ဂိဝေဂ မည်၏၊ သမာပတ် ဂ-ပါးသည် အတော်အတန် ကြာအောင် ကိလေသာကို ခွါနိုင်သောကြောင့် ဝိက္ခမ္ဘနဝိဝေဂ မည်၏၊ မဂ်သည် ကိလေသာမှ အကြွင်းမဲ့ ကင်းဆိတ်သောကြောင့် သမုစ္ဆေဒဝိဝေဂ မည်၏၊ ဖိုလ်သည် မဂ်ပယ်ပြီးသော ကိလေသာကို ထပ်မံ ငြိမ်းအေးစေ ကင်းဆိတ်စေသောကြောင့် ပဋိပဿဒ္ဓိဝိဝေဂ မည်၏၊ နိဗ္ဗာန်သည် လွတ်မြောက်ချာဖြစ်၍ ကိလေသာမှ ကင်းဆိတ်သောကြောင့် နိဿရဏဝိဝေဂ မည်၏၊ ထို ဝိဝေဂ ၅ မျိုးကို အမှီပြု၍ ထို ၅-မျိုး ဖြစ်အောင် ပွါးများအားထုတ်ရမည် ဆိုလို၏၊ ဝိဝေဂ ၅-မျိုးသည် တပေါင်းတည်း မဖြစ်သောကြောင့် အဘယ်ပုံ အဘယ်အခါအဘယ် ဝိဝေဂကို မှီသည်ကို ထပ်မံ၍ တင်ပြရပေမည်။ သတိသမ္ဗောဇ္ဈင်ကို ပွါးများသော ယောဂီပုဂ္ဂိုလ်သည် ဝိပဿနာ အားထုတ်ဆဲ ခဏ၌ ကိစ္စအားဖြင့် တဒင်္ဂဝိဝေဂကို မှီ၍ နှလုံးသွင်း ရည်မှန်းချက်အားဖြင့် နိဿရဏဝိဝေဂခေါ် နိဗ္ဗာန်ကိုမှီသော သတိသမ္ဗောဇ္ဈင်ကို ပွါးသည် မည်၏။ (နိဗ္ဗာန်ကို မှီသည် ဆိုရာ၌ အာရုံပြုခြင်း မဟုတ်၊ ပြုသော အဆင့်သို့လည်း မရောက်သေး၊ စတင် အားထုတ်စဉ်ကပင် နိဗ္ဗာန်ကို ရည်မှန်းချက်ထား၍ ဝိဝဋ္ဋ ကုသိုလ်ဖြစ်အောင် သတိသမ္ဗောဇ္ဈင်ကို ပွါးရမည်ဟု ဆိုလိုရင်း ဖြစ်သည်။ လောကီ အကျိုးစီးပွါးကို ရည်မှန်းချက်ထား အားထုတ်လျင် ဝိဝေဂနိဿိတ မဟုတ်၍ ဝိဇ္ဇာဝိမုတ္တိနှင့် ဝေးလေ၏တဲ့သည်။)

မဂ်ဆိုက်သောအခါ ကိစ္စအားဖြင့် သမုစ္ဆေဒဝိဝေဂကို မှီ၍ အာရုံပြုသောအားဖြင့် နိဿရဏဝိဝေဂခေါ် နိဗ္ဗာန်ကိုမှီသော သတိသမ္ဗောဇ္ဈင်ကို ပွါးသည် မည်၏။ ဤကဲ့သို့ ပုဗ္ဗဘာဂပဋိပဒါဖြစ်သော ဝိပဿနာ အားထုတ်ဆဲအခါ မဂ်ဆိုက်သောအခါတို့၌ တဒင်္ဂ်,

အားထုတ်ဘို့လိုခြင်း သိနိုင်၏။ **အာနာပါနဿတိ သုတ် (မ၊၃။၁၂၂-၃၀)၌ အာနာပါနဿတိကမ္မဋ္ဌာန်း ပြည့်စုံလျှင် သတိပဋ္ဌာန် ပြည့်စုံလိမ့်မည်၊ သတိပဋ္ဌာန်ပြည့်စုံလျှင် ဗောဇ္ဈင်ပြည့်စုံလိမ့်မည်၊ ဗောဇ္ဈင်ပြည့်စုံလျှင် ဝိဇ္ဇာဝိမုတ္တိခေါ် မဂ်ဖိုလ် ပြည့်စုံရရှိလိမ့်မည် ဟူ၍** ဟောတော်မူသည်၊ ကုန္တိလိယသုတ် (သံ၊၃။ ၆၆-၈)၌ ကုဏ္ဍလိယဂရှိဗိုင်က ဝိဇ္ဇာဝိမုတ္တိ ပြည့်စုံရန် ပွါးများပုံ လမ်းစဉ်အကျင့်တို့ကို ဘုရားရှင်အား လျှောက်ဆားရာ ဘုရားရှင်က ဤနှစ်ခု ပါးတို့၌အကုသိုလ်မခင်အောင်စောင့် စည်းမှုကို အားဆုတ်က သုစရိုက် ၃-ပါး ပြည့်စုံလိမ့်မည်၊ သုစရိုက် ၃-ပါးကို ပွါးများ အားထုတ်က သတိပဋ္ဌာန် ၄-ပါးပြည့်စုံလိမ့်မည်၊ သတိပဋ္ဌာန် ပြည့်စုံက ဗောဇ္ဈင်နှင့် ပြည့်စုံ၍ ဝိဇ္ဇာဝိမုတ္တိဓနဉ်းသို့ ရောက်လိမ့်မည်ဟု ဟောတော်မူသည်၊ (ဤသုတ်တို့ကို ထောက်ဆက ဗောဇ္ဈင် ပွါးများအားထုတ်လိုသူသည် သတိပဋ္ဌာန်ကို ရှေးဦးစွာ ပွါးများ အားထုတ်၍ သတိ အားကောင်းအောင် ထူထောင်ဘို့ အရေးကြီးပေသည်၊ သတိပဋ္ဌာန် ပွါးနည်းကို သက်ဆိုင်ရာ ပါဠိ အဋ္ဌကထာတို့၌ ကြည့်ပါ၊ ဤအဘိဓာန်၌မူ ဗောဇ္ဈင်အတွက်သာ ဖော်ပြပါမည်။) အထက်ပါ သုတ်တို့၌ သတိသမ္ဗောဇ္ဈင်ကို ဝိဝေကနိဿိတ ဝိရာဂနိဿိတ နိရောဓနိဿိတ ဝေါဿဂ္ဂပရိဏာမီ ဖြစ်အောင် ပွါးများအားထုတ်မှသာ ဝိဇ္ဇာဝိမုတ္တိ ပြည့်စုံရရှိလိမ့်မည်ဟု ဟောတော်မူရကား ဝိဝေကနိဿိတ စသည်တို့၏ အခိုပွါယ်ကို နားလည်ဘို့လိုအပ်ပေသည်၊ ဝိဝေကသည် ကိလေသာမှ ကင်းဆိတ်ခြင်း အနက်ဟော၍ ကိလေသာကင်းဆိတ်ပုံ အမျိုးအစားအလိုက် တဒင်္ဂဝိဝေက ဝိက္ခမ္ဘနဝိဝေက သမုစ္ဆေဒဝိဝေက ပဋိပဿဒ္ဓိဝိဝေက နိဿရဏဝိဝေကဟု ၅-ပါး ရှိသည်။ ဝိပဿနာဘာဝနာ ကုသိုလ်စိတ်သည် ဝိပဿနာ ပွါးဆဲခဏ၌ ကိလေသာမှ

ဝင်ခြင်းသည် ဝေါဿဂ္ဂမည်၏။ (ပက္ခန္ဒန ဝေါဿဂ္ဂ)။ပရိဏာမိသဒ္ဒါသည် ညွတ်စေခြင်း ညွတ်ခြင်းအနက် ၂ မျိုးရ၏၊ ရှဲ့ကျက်ခြင်း အဲ့ပါပါယ်ဖြင့် အဋ္ဌကထာဌ် ဘွင့်ပြသည်။ လိုရင်းအချုပ်မှာ ဝိပဿနာပွါးဆဲဌ် ပါဓင်သော သတိသမ္ဗောဇ္ဈင်သည် ကိလေသော (ထိုခဏ) ပယ်ခြင်းငှါ ညွတ်စေ၏၊ တနည်း အားဖြင့် မဂ်ဆိုက်သော ခဏဌ် သတိသမ္ဗောဇ္ဈင်သည် ကိလေသော (အကြွင်းမဲ့) ပယ်ခြင်းငှါ ညွတ်၏၊ နိဗ္ဗာန်သို့ (အာရုံပြုသောအားဖြင့်) ပြေးဝင်ခြင်းငှါ ညွတ်၏၊ အဓိပ္ပါယ်လိုရင်းမှာ သတိသည် ကိလေသာစွန့်ဘို့ နိဗ္ဗာန်ဆောက်ဘို့ ရဘို့အဆင့်အထိ ရင့်ကျက်သည် ဟု ဆိုလို၏။ မ၊ဋ္ဌ၊၈၈-၉။ သံ၊ဋ္ဌ၊၃၊၁၇၇။ အဘိ၊ဋ္ဌ၊၂။၃၀၁-၂။ မူလဋီ၊ ၂။၁၇၃။ကူဋာဂါရသုတ် (သံ၊၃။၆၈)ဌ် ဗောဇ္ဈင် ၇-ပါးကို ပြဆိုခဲ့ပြီးသော ဝိဝေကနိဿိတ စဒသာဂုဏ်အား ၄-ရပ်နှင့် ပြည့်စုံအောင် ပွားများအားထုတ် ကြိမ်ဖန်များစွာပြုလုပ်ခဲ့လျှင် နိဗ္ဗာန်သို့ ညွှတ်သူ နိဗ္ဗာန်သို့ ကိုင်းရှိုင်းသူ ဖြစ်ကြောင်း ရှင်းလင်း တိကျစွာ ဟောဘော်မူသည်။ တို့ ဝိဝေကနိဿိတစဒ္ဓေါ ၄-ပုဒ်ဘို့၏ အဓိပ္ပါယ်ကို အဋ္ဌကထာ ဋီကာ ဖွင့်နှင့် ညီအောင် ရှင်းလင်း ပြဆိုချက် တို့သည် သဒ္ဓါရေးဝင်နေသောကြောင့်ရင်း, မြန်မာသုံးဝေါဟာရထက် စာသုံးဝေါဟာရ များနေသောကြောင့်ရင်း အသိဉာဏ်ပွင့်လင်း ချင်မှ ပွင့်လင်းပေမည်၊ ထို့ကြောင့် အဓိပ္ပါယ်ရှင်းရှင်းနှင့် လိုရင်းကိုသာ ရေးလေ့ရှိသော လာဘီဆရာတော်၏ရေးသားချက် တို့ကို ဖော်ပြပါဦးမည်။ ဗောဓိပက္ခိယဒီပနီ—ဗောဇ္ဈင်အပိုင်းဌ်–ဝိဝေကနိဿိတ်၊ သစ္စိရ-ပလိဗောဓဝပ်သိမ်းကင်းငြိမ်း ဆိတ်ငြိမ်ရာကို မှီသော။ ဝိဝေကနိဿိတ်၊ ရာဂကင်းငြိမ်းရာကို မှီသော။ နိဿိတနိဿိတ်၊ ဝဋ္ဋဒုက္ခဝပ်သိမ်း ချုပ်ငြိမ်းရာကို မှီသော။ ဝေါဿဂ္ဂပရိဏာမိ်၊

သမုစ္ဆေဒ, နိဿရဏဝိဝေက ၃-ပါးကို ပြဆို ခဲ့သည်အတိုင်း မှီ၍ဖြစ်သော သတိသမ္ဗောဇ္ဈင်သည် ဝိဝေကနိဿိတ မည်၏။ အဋ္ဌကထာဌ် ဤ ဝိဝေက ၃-ပါးမှီပုံကို မူလဘါဒအနေဖြင့် ဖွင့်ဆို၍ ဝိဒေက ၅-ပါးလုံး မှီကြောင်းကို နောဘါဒအနေဖြင့် ဆက်လက် ပြဆိုစားသည်။ ဗလဝ ဝိပဿနာ မဂ်ဖိုလ် ခဏတို့ဌ်သာ ဗောဇ္ဈင်ကို ထုတ်သည်မဟုတ်၊ ဝိပဿနာ အခြေခံဖြစ်သော ကသိုဏ်းစျာန် အာနာပါနကမ္မဋ္ဌာန်း အသုဘကမ္မဋ္ဌာန်း ဗြဟ္မ-ဝိဟာရစျာန်တို့ဌ်လည်း ဗောဇ္ဈင်ကို ထုတ်၍ ဤကဲ့သို့ ထုတ်ခြင်းကို အဋ္ဌကထာဆရာတို့က တားမြစ်ပိတ်ပင်ခြင်း မရှိခေ့။ ထို့ကြောင့် သမာပတ်ဝင်စားဆဲဌ် သာဘိ စဒသာ ဗောဇ္ဈင် တို့သည် ကိစ္စအားဖြင့် ဝိက္ခမ္ဘနဝိဝေကကို မှီ၏။ ဝိပဿနာပွါးဆဲခဏဌ် နှလုံးသွင်းရည်ရွယ်ချက် အားဖြင့် နိဿရဏဝိဝေက မှီ၏ ဟုဆိုသကဲ့သို့ ပင် ပဋိပဿဒ္ဓိဝိဝေကကို မှီသည် ဟူ၍လည်း ဆိုသင့် ဆိုဆိုက်သုဒတဉ်သည်၊ ထို့ကြောင့် ဝိဒေက ၅ ပါးလုံးမှီ၍ သာဘိသမ္ဗောဇ္ဈင်ကို ပွါးများရာ၏၊ မေတ္တာသဟဂတသုတ်(သံ၊၃။ ၁၀၁-၄) ကိုလည်း ကြည့်ပါ။ (ဤကား ကေဆရာများ အလိုဘည်း)။ဝိဘာဂနိဿိတ နိဇ္ဈာနိဿိတတို့ဌ်လည်း ဝိဝေကနိဿိတ နည်းတူ မှတ်ပါ။

ဝေါဿဂ္ဂပရိဏာမိပုဒ်ဌ် ဝေါဿဂ္ဂသဒ္ဒါ သည်(ကိလေသာကို)ပယ်စွန့်ခြင်း(နိဗ္ဗာန်သို့) ပြေးဝင်ခြင်းအနက် ၂-မျိုးကို ဟောသည်။ဝိပ-ဿနာပွါးဆဲခဏဌ် တဒင်္ဂအားဖြင့် ကိလေသာ ကို ပယ်စွန့်ခြင်း မဂ်ဘိုက်ခဏခဏဌ် အကြွင်း မဲ့ကိလေသာကို ပယ်စွန့်ခြင်းသည် ဝေါဿ-ဂ္ဂမည်၏ (ပရိစ္စာဂဝေါဿဂ္ဂ)။ ဝိပဿနာ ပွါးဆဲ ခဏဌ် နိဗ္ဗာန်သို့ ညွှတ်ကိုင်းသော အားဖြင့်ရင်း, မဂ်ဆိုက်သော ခဏဌ် အာရုံ ပြုသော အားဖြင့်ရင်း နိဗ္ဗာန်သို့ ပြေး

ဥပမာ လေးပါးကို စွန့်ငြိမ်းဆာကို မှီသော။ သတိသမ္ဗောဇ္ဈင်၊ သတိသမ္ဗောဇ္ဈင်ကို။ ဘာဝေတိ၊ပွါးများ၏။ ဤသို့အနက်ပြန်ဆို၍ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိကို အလျဉ်းမငဲ့မူ၍ ယခုဘဝ၌ပင်လျှင် သက္ကာယဒိဋ္ဌိအနုသယနိုင်ငံကြီး၏အပြီးတိုင် ချုပ်ငြိမ်းမှုကိုငဲ့၍ ဝိဝဋ္ဋနိဿိတ, သက်သက် ဖြစ်သည်ကို ဝိဝေကနိဿိတ, ဝိဆာဂနိဿိတ, နိရောဓနိဿိတ ဆို သတည်း။ ကာမဂုဏ်အစု ကိလေသာအစု စသည်ဘို့မှ တဒင်္ဂဘခြား စိတ်ကျွတ်လွတ် သွားမှုကို ရှေးရှု၍ ပွါးများရမည် ဆိုလိုသည်။ ဝိဝဋ္ဋနိဿိတ အဓိပ္ပါယ်ပင် တည်း။ ဗောဇ္ဈင်, သမ္မောဇ္ဈင်, သမ္မောဓိအင်္ဂါ အဘူတူပင်— ဟု နှိုက်မိုးချုပ် ရေ.သားတော်မူ၏။

အာနာပါနဒီပနိဒ္ဒ——ဤခု၊ ဤသာသနာ၌။ ဘိက္ခု၊ ရဟန်းသည်။ သတိသမ္ဗောဇ္ဈင်၊ သတိသမ္ဗောဇ္ဈင်ကို။ ဝိဝေကနိဿိတံ၊ ကိလေသာတို့၏ဆိတ်ငြိမ်ဆာ နိဗ္ဗာန်ကို မှီသည်ကို။ ကတ္တာ၊ ပြု၍။ ဝိဆာဂနိဿိတံ၊ ကိလေသာဘို့၏ ပျောက်ပျက်ဆာနိဗ္ဗာန်ကို မှီသည်ကို။ ကတ္တာ၊ ပြု၍။ နိရောဓနိဿိတံ၊ ကိလေသာတို့၏ ချုပ်ဆုံးဆာ နိဗ္ဗာန်ကို မှီသည်ကို။ ကတ္တာ၊ ပြု၍။ ဝေါဿဂ္ဂပရိဏာမိံ၊ ကိလေသာတို့ကို စွန့်လွှတ်ဆာ နိဗ္ဗာန်ကို မှီသည်ကို။ ကတ္တာ၊ ပြု၍။ဘာဝေတိ ပွါးများစေ၏——စသည်ဖြင့် အနက်ပြန်ဆို၍—ဝိဝေက ဝိဆာ နိရောဓ ဝေါဿဂ္ဂ ဟူသော အနည် လေးပါးသည် နိဗ္ဗာန်၏ အမည်ချည်းတည်း။

ယခုဘဝ၌ပင် နိဗ္ဗာန်သို့ ပေါက်ရောက်ဘို့ ရည်စူး၍ ပွါးများသည်ကို "ဝိဝေကနိဿိတ ဆိုသတည်း (ဝိဝဋ္ဋနိဿိတ "ဆိုလိုသည်)။ ကုသိုလ်ရရုံမျှ ပွါးများလျှင် ဝဋ္ဋနိဿိတမည်၏။ ဂဏနာနည်း အနုပဿနာနည်း ဥပစာရစျာန် အပ္ပနာစျာန်ဟူသော ထပနာနည်းတို့ဖြင့် အစဉ်အတိုင်း အားထုတ်ဖြစ်ပွါးလာသည်ရှိ သော် သတိပဋ္ဌာန်လေးပါးနှင့်တကွ ဗောဇ္ဈင် ၇-ပါးဆူဆောင်မဲ့ပြီ၊ ထိုသို့ ဆူထောင်မိဆော်လည်း သေသည်၏ အခြားမဲ့၌ နတ်အဖြစ် ဗြဟ္မာအဖြစ်ဟူသော ဝဋ္ဋဘက်သို့ ကိုင်းရှိုင်း၍ ပေးပြန်လျှင် ဗောဇ္ဈင် ၇-ပါးတို့သည် ဝဋ္ဋနိဿိတမျိုး ဖြစ်၍ သွားပြန်ကုန်၏၊ ဥပစာရစျာန် အပ္ပနာစျာန် အနိစ္စာ နုပဿနာ ဖြစ်ကာမျှနှင့် အပြီးသတ်၍ ထားခဲ့သည်ရှိသော် ဝဋ္ဋဘက်သို့ လဲ၍သွားကုန်လတ္တံ့။

ထိုကြောင့် ဆိုမျှလောက်တွင်အပြီးသတ်၍ မထားပဲ ယခုဘဝ၌ပင် ဝိဝဋ္ဋစခန်းသို့ ဆိုက်ရောက်သည့်တိုင်အောင် ငါအားထုတ်မည်ဟု အကြံပြု၍ အားထုတ်သည်ကို ဝိဒေကနိဿိတ၊ ဝိရာဂနိဿိတံ နိရောဓနိဿိတံ ဝေါဿဂ္ဂပရိဏာမိံ ဟူ၍ ဆိုသတည်း၊ ထိုသို့ တိုးတက်၍ သွားမှသော ဝိဇ္ဇာဝိမုတ္တိသို့ ဆိုက်နိုင်သည်၊ ဝိဇ္ဇာဝိမုတ္တိသို့ ဆိုက်မှသော ဝိဝေက ဝိရာဂ နိရောဓ ဝေါဿဂ္ဂဟူသော ဝိဒ္ဓံဓမ္မသို့ယခုဘဝ ပေါက်ရောက်နိုင်သည်ဟု အဓိပ္ပါယ်ရှင်းလင်းဖော်ပြတော်မူသည်။ ဤမျှဖြင့် ဗောဇ္ဈင် ပွါးများပုံကို အကျဉ်းချုပ်သိနိုင်၏။ ဟောဇ္ဈင် အဓိပ္ပါယ်၌ သတိ ဓမ္မဝိစယ စသော ၇-ပါးတို့သည် တပါးပြီးမှ တပါး ဖြစ်ပေါ်လာသည့် အဆင် ထင်မြင်ဘွယ်ဖြစ်သော်လည်းကာယ, စိတ္တ, ဝေဒနာ,မွေ တခုခု၌ သတိ ထူထောင်မိသောအခါ ဤဗောဇ္ဈင် ၇-ပါးသည် တပါတည်း ဖြစ်လာပေသည်။ ဥပမာ—ထွက်သက် ဝင်သက် ဟူသော ဝါဃာကာယ၌ ၁၄-ပါးသော ရုနည်း တို့ဖြင့် သတိထူထောင်မိသောအခါ ထိုသတိသည် သတိသမ္ဗောဇ္ဈင်၊ သတိနှင့်ယှဉ်သော ဉာဏ်သည် ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ သတိနှင့် ယှဉ်သော ကာယိကစေတသိကဝီရိယသည် ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိပဿဒ္ဓိ ကေဂ္ဂတာတို့သည် ပီတိ သမ္ဗောဇ္ဈင် ပဿဒ္ဓိသမ္ဗောဇ္ဈင် သမာဓိ သမ္ဗောဇ္ဈင်၊ ထို ဗောဇ္ဈင် ၆ ပါးတို့ကို မဆုတ်နစ် ရအောင

မလွန်ရအောင် ပြုခြင်း အလယ် အလတ် သဘောသည်(တတြမဗ္ဘတ္တဘာဝင်) ဥပေက္ခာ သမ္မောဇ္ဈင်မည်၏။ ဤကားစိတ်တခုတည်း၌ အထူးထူးသော ကိစ္စ အထူးထူး သော လက္ခဏာရှိသော ဝိပဿနာ ဗောဇ္ဈင်တို့ကို ပြဆိုခြင်းတည်း။ မဋ္ဌ၊၄။၁၀၁။

ပဋိသင်္ခါနုပဋိသင်္ခါသော အခါများ

ဘာဝနာစိတ် တန်တို ဆုတ်နစ်သော အခါ ပဿဒ္ဓိ သမာဓိ ဥပေက္ခာ ဤဗောဇ္ဈင် ၃ ပါး ကိုမပဋိသင်္ခါ၊ အဘယ်ကြောင့် ဆိုသော် တန်တို ဆုတ်နစ်သော ထို စိတ်ကို ဤဗောဇ္ဈင် ၃-ပါးက ကောင်းစွာ မဖြစ်စေ နိုင်သော ကြောင့်တည်း။ ဘာဝနာစိတ် တန်တို ဆုတ်နစ်သောအခါ ဓမ္မဝိစယ ဝီရိယ ပီတိ ဤ ဗောဇ္ဈင် ၃-ပါးကို ပဋိသင်္ခါ ရမည်။ အဘယ်ကြောင့်ဆိုသော် တန်တိုဆုတ်နစ်သောထိုစိတ်ကို ဤဗောဇ္ဈင် ၃-ပါးက ကောင်းစွာဖြစ်စေနိုင်သောကြောင့်တည်း။ ဘာဝနာစိတ် ပဋ္ဌလွင့်သောအခါ ဓမ္မဝိစယ ဝီရိယ ပီတိ ဤဗောဇ္ဈင် ၃-ပါးကို မပဋိသင်္ခါ၊ အဘယ်ကြောင့်ဆိုသော် ပဋ္ဌလွင့်သောထိုစိတ်ကို ဤ ဗောဇ္ဈင် ၃-ပါးကကောင်းစွာ မဖြစ်စေနိုင်သော ကြောင့်တည်း။

ဘာဝနာစိတ် ပဋ္ဌလွင့်သောအခါ ပဿဒ္ဓိ သမာဓိ ဥပေက္ခာ ဤဗောဇ္ဈင် ၃-ပါးကို ပဋိသင်္ခါ ရမည်၊ အဘယ်ကြောင့်ဆိုသော် ပဋ္ဌလွင့်သော ထို စိတ်ကို ဤဗောဇ္ဈင် ၃-ပါးက ကောင်းစွာ ဖြစ်စေနိုင်သောကြောင့်တည်း။ သတိကိုမူကား။ တန်တိုဆုတ်နစ်သည်ဖြစ်စေ, ပဋ္ဌလွင့်သည်ဖြစ်စေ ပဋိသင်္ခါ ရမည်။

ဆားသည် ဟင်းလျာမျိုး ခပ်သိမ်း၌ စိမ့်ဝင်သကဲ့သို့ဇင်း, ကိစ္စအားလုံး ဆောင်ရွက်တတ်သော အမတ်သည် စစ်ထိုးခြင်း စသော ကိစ္စအားလုံး ပြီးစေသကဲ့သို့ဇင်း သတိသည် ပဋ္ဌလွင့်သော ဘာဝနာစိတ်ကိုလည်း ဖိနှိပ်နိုင်သည်၊ တန်တိုဆုတ်နစ်သော ဘာဝနာစိတ်ကိုလည်း ချီးမြှောက်နိုင် တက်ကြွစေနိုင်သည်။ သတိမပါပဲ ယင်းကိစ္စတို့ကို မပြုနိုင်၊ ထို ကြောင့်ပင်"ရဟန်းတို့ သတိကို အခါးပ်သိမ်း လိုအပ်သော တရားဟု ငါဘုရားဆိုတော်မူ၏ ဟု"အဂ်ိသုတ်၌ ဟောတော်မူသည်။ ဤ ပဋိသင် မပဋိသင်္ခါသောအခါများသည် ဘာဝနာ ပဋိဆဲ ပုဗ္ဗဘာဂဝိပဿနာဗောဇ္ဈင်တို့နှင့်သာ သက်ဆိုင်၏၊ မဂ်ဗောဇ္ဈင်တို့နှင့် မသက်ဆိုင်ချေ။ သံ၊၃။၉၉–၁၁၀။သံ၊၅။၃။၂၀၇။

နတ်သမီး ငါးရာ ရုတ်တရက် သေ၍ အင်ိစ်ငရဲ၌ ကျခြင်းကြောင့်ဖြစ်သော ဆင်းရဲ, သူကိုယ်တိုင်၇-ရက်သာနေရပြီးနောက် ကျန် နတ်သမီး ငါးရာနှင့်အတူ စုတေ၍ အဝီစိငရဲ ကျလတ္တံ့ ဟုသိခြင်းကြောင့်ဖြစ်သော ဆင်းရဲ မူတို့ဖြင့် ထိတ်လန့်ပူလောင်သော သုဇာဟ နတ်သားသည် "ဤ ဆင်းရဲကို ဘုရားမှတပါး ကယ်နိုင်သူမရှိ" ဟု ကြံပြီးလျင် မိမိဖြစ်ပုံ အကြောင်းစုံကို ဘုရားရှင်အားလျှောက်ထား ရာ နာညတြဗောဇ္ဈာတပသာ စသောဂါထာ ဖြင့် ဗောဇ္ဈင်အကျင့် ဣန္ဒြေ၅-ပါး စောင့် ရှောက်ထိန်းသိမ်းမှု, နိဗ္ဗာန်တို့မှ လွဲ၍ သတ္တဝါ တို့၏ချမ်းသာရကို ငါမမြင်ချေ ဟုဟော တော်မူသည်၊ (ပါဠိတော်၌ ဗောဇ္ဈင်ကို ရှေးဦး ဆိုသော်လည်း ဣန္ဒြေ၅-ပါးထိန်းသိမ်း မှု(ဣန္ဒြိယသံဝရသီလ) ကို ပြည့်စုံစေ၍ ဓုတင် အကျင့် ဆောက်တည်လျက် ဝိပဿနာနှင့် တကွ ဗောဇ္ဈင်ကို ပွါးများခဲ့လျင် မဂ်ဆိုက် ကာ နိဗ္ဗာန်သို့ ရောက်လိမ့်မည်ဖြစ်ကြောင်း (မဂ်ဖြင့် အာရုံပြုသည်ကို ရောက်သည်ဆိုလို၏)။ ဣန္ဒြိယသံဝရအစ ဗောဇ္ဈင်ပွါးများမှု အလယ် နိဗ္ဗာန်အဆုံးဖြစ်ကြောင်းကို အဋ္ဌကထာ၌ ဘွင့်ပြသည်။) သုဇာဟနတ်သားသည် ဤတရားနာရ၍ အပူငြိမ်းကာ သောတာပန်

မိဖုရားရတနာသည် ကိုယ်စိတ် ပူပန်ခြင်းကို ငြိမ်းအေးစေသကဲ့သို့ ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ကိုယ် စိတ် ပူပန်ခြင်းကို ငြိမ်းစေ၏၊ ထို့ကြောင့် ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် မိဖုရားရတနာနှင့် တူ၏။ သူကြွယ်ရတနာသည် အလိုရှိသော ခဏ္ဍ ဥစ္စာကို ပေးတတ်သဖြင့် စုကြောတေးမင်းအား စိတ် ပျံ့လွင့်ခြင်းကို ဖြတ်၍ တည်ကြည်အောင် ပြုတတ်သကဲ့သို့ သမာဓိသမ္ဗောဇ္ဈင်သည် အလိုရှိတိုင်း အပ္ပနာကို ပြည့်စုံစေသဖြင့် ဘာဝနာစိတ်ကို မပျံ့လွင့်စေပဲ တည်ကြည်အောင် ပြုတတ်၏။ ထို့ကြောင့် သမာဓိသမ္ဗောဇ္ဈင်သည် သူကြွယ်ရတနာနှင့် တူ၏။ သားကြီးရတနာသည် စုကြောတေမင်း၏ကိစ္စခပ်သိမ်းကို ပြီးမြောက်စေသဖြင့် စုကြောတေးမင်းအား ကြောင့်ကြမဲ့ ပြုတတ်သကဲ့သို့ ဥပေက္ခာသမ္ဗောဇ္ဈင်သည် ဘာဝနာစိတ်ကို တွန့်ဆိုးတတ်နစ်ခြင်း ပျံ့လွင့်ခြင်းတို့မှ လွတ်စေလျက် လျစ်လျူရှုကာ ကြောင့်ကြမဲ့ပြုတတ်၏၊ ထို့ကြောင့် ဥပေက္ခာသမ္ဗောဇ္ဈင်သည် သားကြီးရတနာနှင့် တူ၏ – ဟု စုကြောရတနာစသည်တို့နှင့် မောဇ္ဈင်တို့၏ တူပုံကို ပြဆိုထား၏။ သံ၃။၇၇။သံ၊၅၊၁၉၂။ ဟိမဝန္တာဌ်၌ ပေါက်ဖွားသော နဂါးတို့သည် မဟာသမုဒ္ဒရာ ရောက်မှ ခန္ဓာကိုယ်ကြီးကျယ်ပြန့်ပြောဘိသကဲ့သို့ မောဇ္ဈင် ၇-ပါး ပွါးများမှ တရားတို့၌ ကြီးကျယ်ပြန့်ပြောခြင်းသို့ ရောက်ကုန်၏ဟု မောဇ္ဈင်ပွါးသူကို နဂါးနှင့် ဥပမာ ပြတော်မူသည်။ သံ၃။ ၅၈။ ထို့ပြင် မောဇ္ဈင်ပွါးသူကို ပညာရှိသူဟူ၍ ၎င်း, မဆင်းရဲ (ချမ်းသာ) သူ ဟူ၍ ၎င်း, မောဇ္ဈင်မပွါးသူကို ပညာမဲ့ လူအာ ဟူ၍ ၎င်း ဆိုသင့်ဆိုထိုက်ကြောင်းတို့ကိုလည်း 'ဒုပ္ပညသုတ်ပညဝန္တသုတ် ဒလိဒ္ဒသုတ် အဒလိဒ္ဒသုတ်တို့၌ ဟောတော်မူသည်။ သံ၃။၈၈–၉။

တည်၏။ ထို့ကြောင့် သောကမီး တောက်လောင်သူများ, စိတ်ဒုက္ခ ရောက်ရသူများသည် မောဇ္ဈင်အကျင့်ကို အားကိုးတခုပြု၍ ပွါးများအားထုတ်သင့်ပေသည်။ သံ၊၁၊၅၂။ သံ၊၃၊၁၈၁-၄။

မောဇ္ဈင်ကို ရတနာ စသည်ဖြင့် နှိုင်းယှဉ် ဟောကြားချက်များ

စုကြောတေးမင်း ပေါ်ပေါက်လာသော အခါ စုကြောရတနာစသော ရတနာ ၇ ပါးတို့ ဖြစ်ပေါ်လာရသကဲ့သို့ ဘုရားရှင်ပွင့်ထွန်းတော်မူသောအခါ မောဇ္ဈင် ၇-ပါးဖြစ်ပေါ်လာရသည်ဟု စက္ကဝတ္တိသုတ်၌ မောဇ္ဈင်ဘို့ကို စုကြောရတနာ စသော ရတနာ ၇-ပါးတို့ဖြင့် နှိုင်းယှဉ် ဟောကြားတော်မူ၏။

အဋ္ဌကထာ၌—စုကြောတေးမင်း၏ စုကြောရတနာသည် ရာဇာအားလုံး၏ရွှေသွားဖြစ်သကဲ့သို့ သတိသမ္ဗောဇ္ဈင်သည် ခပ်သိမ်းသော စတုဘူမက တရားတို့၏ရွှေသွားခေါင်းဆောင်ဖြစ်သည်၊ ထို့ကြောင့် သတိသမ္ဗောဇ္ဈင်သည် စုကြောရတနာနှင့်တူ၏။ဆင် ရတနာသည် ကြီးမားသော ခန္ဓာကိုယ်နှင့် ပြည့်စုံ၍ မြင့်မားကြီးကျယ်သကဲ့သို့ ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ကြီးမားသော ဓမ္မကာယ(တရားဟူသောကိုယ်)နှင့်ပြည့်စုံ၍ မြင့်မားကြီးကျယ်သည်၊ ထို့ကြောင့် ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ဆင်ရာဇာနှင့် တူ၏။ စုကြောတေးမင်း၏ မြင်းရတနာဆည် လျင်မြန်ဖြတ်လပ်သကဲ့သို့ ဝီရိယ သမ္ဗောဇ္ဈင်သည် လျင်မြန် ဖြတ်လပ်သောကြောင့် မြင်းရတနာနှင့်တူ၏။ပတ္တာမြားရတနာသည် အမှောင်ခွင်းရှိ အလင်းပြုတတ်သကဲ့သို့ ပီတိသမ္ဗောဇ္ဈင်သည် ကိလေသာအမှောင်ကိုခွင်း၍ သဟဇာတပစ္စည်း စသော အစွမ်းသတ္တိဖြင့် ဥာဏ်အရောင် အလင်းကို ပြုတတ်၏၊ ထို့ကြောင့် ပီတိသမ္ဗောဇ္ဈင်သည် ပတ္တာမြားရတနာနှင့် တူ၏။ စုကြောတေးမင်း၏

ဗောဇ္ဈင်၏ အကျိုးအာနိသင်

ဗောဇ္ဈင်၏အကျိုးအာနိသင်ကို နာမ်ပိုင်း, ရုပ်ပိုင်း ၂-မျိုးခွဲခြား၍ ရေးသားဖော်ပြလိုခြင်း၊ နာမ်ပိုင်းဆိုင်ရာ အကျိုးအာနိသင်တို့မှာအထက်၌ ဖော်ပြခဲ့သည့်အတိုင်း ဝိဇ္ဇာဒိမုတ္တိခေါ်မင်္ဂုဖိုလ်အကျိုး ဗောဇ္ဈင်ဟောသော သုတ်များစွာဘို၌ အများအားဖြင့် ပါဝင်သော အာဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိအရ ထူးသော ဉာဏ်ဖြင့် သိခြင်းအကျိုး သစ္စာ ၄-ပါး သိခြင်းအကျိုး နိဗ္ဗာန်အကျိုး တို့ဖြစ်သည်။ (အဋ္ဌကထာကို ဗောဇ္ဈင်တို့ဖြင့် ပွါးများလျှင် ကြိမ်ဖန်များစွာအားထုတ်ပြုသုံးလျှင် များသော အကျိုးအာနိသင်ရှိ၏ စသည်ဖြင့် ဟောတော်မူသော အဋ္ဌကမဟာသုတ် စသော သုတ်ဘို၌ ပါဝင်သော အကျိုးတရားတို့မှာလည်း မင်္ဂဖိုလ်နိဗ္ဗာန်အကျိုး၌ အကျုံးဝင်သည်သာ ဖြစ်၏။ သံ၊၃။၁၁၃–၁၁၈။) ထိုသုတ်ဘို့ဘွင် သီလသုတ် (သံ၊၃။၆၃–၄)၌ ဗောဇ္ဈင် ၇-ပါးကို ပွါးများ အားထုတ် ကြိမ်ဖန်များစွာ ပြုလုပ်ပါလျှင် အကျိုး ၇-ပါး ရရှိနိုင်ကြောင်း တိုက်ရိုက် ဟောတော်မူ၏၊ ထို အကျိုးတို့ကို ယခု ဖော်ပြပေအံ့ — ဗောဇ္ဈင်အားထုတ်သူတို့ ရရှိသော အကျိုး ၇-ပါး —

(၁) မျက်မှောက်ဘဝ်၌ပင် စောစောစီးစီး မသေမီ အရဟတ္တဖိုလ်သို့ ရောက်ခြင်း။

(၂) ထိုသို့ မရောက်လျှင် သေခါနီး ကာလ၌ အရဟတ္တဖိုလ်သို့ ရောက်ခြင်း။

(၃) ထိုသို့ မခရောက်လျှင် အောက်ပိုင်းသံယောဇဉ် ၅-မျိုး ကုန်ခန်း၍ အန္တရာ ပရိနိဗ္ဗာယီပုဂ္ဂိုလ် ဖြစ်ခြင်း။ (သက်ဘန်းတဝက် မခရောက်ခင်အကြား၌ ပရိနိဗ္ဗာန်စံမည့် သုဒ္ဓါဝါသပြဟ္မာ ဖြစ်ခြင်းကို အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ်ဟု ဆိုလို၏။ ယင်းပုဂ္ဂိုလ် ၃-မျိုး ရှိသည်။ ဥပမာ — သက်တန်း ကမ္ဘာတထောင်ရှည်သော အဝိဟာဘုံ၌ ဖြစ်သူ ဆိုပါစို့။ ယင်းပုဂ္ဂိုလ်သည် ဆိုဘုံ၌ ဖြစ်သည့်နှစ်၌ဖြစ်စေ သို့မဟုတ် ကမ္ဘာတဆူဆက်၌ ဖြစ်စေ ရဟန္တာဖြစ်အံ့၊ ပဌမ အန္တရာပရိနိဗ္ဗာယီ ဖြစ်၏။ ယင်းသို့မဟုတ်ပဲ ကမ္ဘာနှစ်ရာဆက်၌ ရဟန္တာဖြစ်အံ့၊ ဒုတိယ အန္တရာပရိနိဗ္ဗာယီ ဖြစ်၏၊ ယင်းသို့မဟုတ်ပဲ ကမ္ဘာလေးရာထက်၌ ရဟန္တာ ဖြစ်အံ့၊ တတိယ အန္တရာပရိနိဗ္ဗာယီ ဖြစ်၏။)

(၄) ထိုသို့မဖြစ်လျှင် ဥပဟစ္စပရိနိဗ္ဗာယီပုဂ္ဂိုလ်ဖြစ်ခြင်း။ (သက်ဘန်းတဝက် ကျော်လွန်မှ ရဟန္တာဖြစ်သောပုဂ္ဂိုလ်တည်း၊ အန္တရာပရိနိဗ္ဗာယီအခိုပွါးနှင့် ဆက်ကြည့်ပါ။)

(၅) ထိုသို့မဖြစ်လျှင် သုဒ္ဓါဝါသဘုံတပါး ပါး၌ ပြုပြင် အားထုတ်မှုကင်းသဖြင့် ရဟန္တာအဖြစ်သို့ ဆောက်သော အသခ်ါရပရိနိဗ္ဗာယီပုဂ္ဂိုလ်ဖြစ်ခြင်း။

(၆) ထိုသို့ဖြစ်လျှင် သုဒ္ဓါဝါသဘုံတပါး ပါး၌ ပြုပြင် အားထုတ်မှုနှင့်တကွ ရဟန္တာအဖြစ်သို့ဆောက်သော သသခ်ါရပရိနိဗ္ဗာယီပုဂ္ဂိုလ်ဖြစ်ခြင်း။

(၇) ထိုသို့မဖြစ်လျှင် အဝိဟာ စသည်ဘုံတို့၌ ဖြစ်၍ သက်တန်းစေ့ တည်လျက် အထက်အထက်ဘုံတို့၌ ဖြစ်၍ အကနိဋ္ဌဘုံသို့ ရောက်သော ဥဒ္ဓံသောတအကနိဋ္ဌဂါမီပုဂ္ဂိုလ် ဖြစ်ခြင်း။ (အကနိဋ္ဌဘုံရောက်လျှင် ရဟန္တာမဖြစ် မနှီ၊ ယင်းပုဂ္ဂိုလ်သည် အကြီးဆုံးလည်း ဖြစ်, အငယ်ဆုံးလည်း ဖြစ်၏။ ရှင်းဦးအံ့ — ကမ္ဘာ ၁၆၀၀၀-သက်တန်း ရှည်ရကား သက်တန်းအားဖြင့် အကြီးဆုံးဖြစ်သည်၊ အထက်ပါပုဂ္ဂိုလ်တို့၏ နောက်မှ ရဟန္တာဖြစ်ရသဖြင့် အရဟတ္တဖိုလ် ဂုဏ်အငယ်ဆုံး ဖြစ်သည်။) ဤအကျိုး ၇-ပါးသည် အရဟတ္တမဂ်၏ ဓနအဘိုဖြစ်သော ဝိပဿနာ၌ ပါဝင်သော

ဗောဇ္ဈင်၏အကျိုး ဖြစ်သည်။အနာဂါမ်ပုဂ္ဂိုလ်၏ ဗောဇ္ဈင်အကျိုးဟူ၍လည်း မှတ်ယူနိုင်၏။ သံ၊၅၊၃၈၁-၂။ ဤကား နာမ်ပိုင်းဆိုင်ရာ အကျိုးအာနိသင်တို့တည်း။

ရုပ်ပိုင်းဆိုင်ရာ အကျိုးအာနိသင်

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် ပိပ္ပလိဂုဟ်သီဘင်းသုံးသော ရှင်မဟာကဿပသည် အပြင်းအထန် ရောဂါဝေဒနာ စွဲကပ်လေသည်၊ ထို အခါ ဘုရားရှင်ကိုယ်တိုင်ကြွရောက်၍ ဝေဒနာသက်သာပါ၏လော-ဟုမေးတော်မူရာ မသက်သာကြောင်း လျှောက်ထားသည့် အခါ "သတ္တိ မေ ကဿပ ဗောဇ္ဈင်ဂါ" စသဖြင့် ဗောဇ္ဈင် ၇-ပါးကို ဟောတော်မူသည်။ ဒေသနာအဆုံး၌ ရှင်မဟာကဿပသည် နှစ်လို ဝမ်းမြောက်၍ စွဲကပ်နေသော ရောဂါဝေဒနာသည်လည်း ကင်းပျောက်လေသည်။ ဂိဋ္ဌကူဋ် ဘောင်၌ သီတင်းသုံးသော ရှင်မဟာမောဂ္ဂလ္လာန် ဝေဒနာနှိပ်စက်ရာ၌လည်း အထက်ပါနည်းအတိုင်း ဘုရားရှင် ကြွရောက်မေးမြန်းကာ ဗောဇ္ဈင်တရား ဟောတော်မူ၍ ရောဂါဝေဒနာ ကင်းပျောက်စေတော်မူသည်။ ဘုရားရှင် ကိုယ်တော်တိုင် နာမကျန်းဖြစ်တော်မူသောအခါ ရှင်မဟာစုန္ဒအား ဗောဇ္ဈင်ကို ရွတ်ဖတ် သရဇ္ဈာယ်စေ၍ နာယူတော်မူ၏၊ မဆေး ၂-ပါးကဲ့သို့ပင် ဘုရားရှင်သည် ဒေသနာအဆုံး၌ ရောဂါ ဝေဒနာမှ ထမြောက်စေတော်မူသည်။ သံ၊၅။၇၁-၃။ ဤ အာဒီကြောင်းကို အဋ္ဌကထာ၌ အောက်ပါအတိုင်း ရှင်းလင်းပြသည်။ ရှင်မဟာကဿပသည် ဗောဇ္ဈင်ကိုနာယူစဉ် "ရဟန်းပြု၍ ၇-ရက်မြောက်သောနေ့၌ သစ္စာ ၄-ပါးသိမြင်သောငါ့အား ဤဗောဇ္ဈင်တို့သည် ထင်ရှားဖြစ်ဘူးကုန်ပြီ" ဟု အကြံဖြစ်ပေါ်လာသည်၊ ထိုနောက် "ဘုရားရှင်၏ သာသနာသည် သံသရာဝဋ်မှ ထုတ်ဆောင်တတ် ပေသည်တကား" ဟု ကြံစည်တွေးတောစဉ်းစားဆင်ခြင်မြတ်၏ သွေးသည် ကြည်လင်၏၊ ဥပါဒါရုပ်သည်သန့်ရှင်း စင်ကြယ်၏၊ ပိန်းကြာဖက်တွင်းရမတင်သကဲ့သို့ ခန္ဓာကိုယ်မှ ဝေဒနာဆည် ကင်းပျောက်လွင့်စဉ်သွားခြင်း ဖြစ်သည်၊ ရှင်မောဂ္ဂလ္လာန်နှင့် ဘုရားရှင်တို့ ဝေဒနာ ကင်းပျောက်ရာ၌လည်း ဤနည်းအတိုင်းဖြစ်သည်၊ ၃-ပါးလုံး၌ စွဲကပ်သော ဝေဒနာသည် တောင်ခြေဥပွင့်သော အာဆိပ်ပင်ကို တိုက်သောလေဖြင့် တွေ့ထိ၍ ရွှံ့ကိမ်ခြင်းကြောင့် ဖြစ်သောဝေဒနာတည်း - ဟု အဋ္ဌကထာ၌ မှတ်ချက်ချ၍ ရှင်းလင်းဖွင့်ဆိုသည်။ သံ၊၅။၁၀၅-၆။

ဘူမိသောဓန (နာ) [ဘူမိ+သောဓန] မြေကို သုတ်သင်ရှင်းလင်းခြင်း။ ဝတ္ထဓောဝနေ ဝါ ကေသစ္ဆေဒနေ ဝါ ဘူမိသောဓနာဒိနဝကမ္မေ ဝါ။ ဝိ၊ဌ၊၂။၂၀၀။ ဝိ၊သင်္ဃ။၅၃။ (—ကခ်ဂ၊ ၁၇၇။)

ဘူမိဿရ (တိ) [ဘူမိ+ဿရ] မြေကို အစိုးရသော၊သူ။ (မင်း၊ရှင်ဘုရင်။) တဒါ ဘူမိဿရော မဟာဓမ္မရာဇာ မဟိဒ္ဓိကော၊ နေတ္တိ၊ ဝိ။၃၅၆။

ဘူမောကာသ (ပု) [ဘူမိ+ဩကာသ] ဘုံဟူသော ဖြစ်ဆုအရပ်၊ ဘုံ၊ ဘုမ္မောကာသ။ (အခြား ယမိုက်များ၌ ဥ၁-ဘုံကို "ဩကာသ" ဟုသာသုံးန္ရန်းသည်၊ သခ်ါရယမိုက်၌ကား ဥ၁-ဘုံကို "ဘူမောကာသ=ဘုမ္မောကာသ"စျာန်တဆားကို "စျာနောကာသ"ဟုသုံးန္ရန်းသည်။) ကာမာဝစရာနန္တိ ဘူမောကာသဝသေန။ မူသဋ္ဌီ၊၃။၁၄၀။

ဘူမ္မံ (ထီ) [ဘူမိ+သ္မိံ] မြေ၌။ ဘူမ္မံသော ပတိတံ ပါသံ၊ ဂီဝါယံ ပဋိမုဉ္စတိ။ ဇာ၊၁။ ၃၁၇။ ဇာ၊ဌ၊၄။၄၀၆။

ဘူမျာ[၁] (ထီ) [ဘူမိ+သ္မာ] မြေမှ။ နာ ဘူမျာ စတုရင်္ဂုလော (ဇာ၊ဝ။၃၄)တိ ဘူမိတော စတုရင်္ဂုလမတ္တမ္မိ နဝစိဘော။ဇာ၊ဌ၊၁။၅၃၃။

ဘူမျာ[၂] (ထီ) [ဘူမိ+သ္မိံ] မြေ၌။ သေတိ ဘူမျာ အနုတ္ထုနံ။ ဇာ၊၁။၁၁၁။ (—၁၆၈။) အနုတ္ထုနန္တော ဘူမိယံ သေတိ။ ဇာ၊ဌ၊၃။ ၁၀၄။

ဘူရိ (တိ) [ဘူ+ရိ။ဓာန်၊ဠီ။၇၀၃။ မောဂ်၊၇။ ၁၇၆။ အရိ+ဘူ။ အံ၊၆၊၁။၄၁၄။ အံ၊ဋီ၊၁။ ၂၀၃။] (၁) များသော။ (၂) နှိပ်စက်တတ်သော။ (ပညာ)။ (၃) သံမဏိနှင့်– ကြီးကျယ်–ပြန့်ပြော–သော။ (ပညာ)။ (၁) ဘူရိ ပဟုတံ ပစုရံ။ ဓာန်။ဓာန်၊ဠီ။၇၀၃။ (၂) ဘဝတိ အဘိဘဝတီတိ ဘူရိ။ ကိ? ရာဂါဒိ။ အံ၊ဋီ၊၁။ ၂၀၃။ (၃) ဘူရိပည-ကြည့်။

ဘူရိ၂ (ပု) [ဘူ+အရိ] (စိတ်အစဉ်၌)ဖြစ်သော (ကိလေသာ)ရန်သူ။ ရာဂါဒိကော ကိလေသော စိတ္တသန္တာနေ ဘူတော အရိတိ ဘူအရိ၊ ပဒသန္ဓိဝသေန အကာရလောပံ ကတ္ဝာ ဘူရိတိ ဝုတ္တော။ ပဋိသံ၊ဋ္ဌ၊၂။ ၂၆၀။

ဘူရိ၃ (နာ) [ဘူရိ+ဃရ] မြေအိမ်။ အောက်ပုဒ်ကြည့်။

ဘူရိကမ္မ (နာ) [ဘူရိ+ကမ္မ] မြေအိမ်၌နေ၍ သင်ဒေပ်သော မန္တန်အတတ်ကို လုံ့လပြုခြင်း။ ဘူရိကမ္မ (ဒီ၊၁။၁၀) ဿိ ဘူရိဃရေ ဝသိတ္ဝာ ဂဟိတမန္တဿ ပယောဂကမ္မဏော။ ဒီ၊ဋ္ဌ ၁။၉၁။

ဘူရိဃရ (နာ) [ဘူရိ+ဃရ] (က) မြေအုတ်ဂူင်း၌ ပြုဒေပ်သောအိမ်။ (ခ) မြေညက်ဖြင့်ပြီးသော အိမ်။ ဘူရိဃရေ (ဒီ၊ဋ္ဌ၊၁။၉၁)တိ အန္တော-ပထဝိယံ ကတဃရေ။ မတ္တိကာမယဃရေ ဝါ။ သီ၊ဋီ၊သစ်၊၁။၃၇၁။

ဘူရိဒတ္တ (ပု)[ဘူရိ+ဒတ္တ။ နိတိ၊သုတ္တ။၇၄၈။] ဘူရိဒတ်နဂါးမင်း။ (ဒတ္တ–ကား မိဘမှည့်သော အမည်ရင်းဖြစ်သည်၊ မြေကြီးနှင့်တူသော ပညာရှိသောကြောင့် "ဘူရိဒတ္တ"ဟု ခေါ်သည်။) ပုနာပရံ ယဒါ ဟောမိ၊ ဘူရိဒတ္တော မဟိဒ္ဓိကော။ စရိယာ။၄၀၀။ (–ဇာ၊၂။၂၂၃၊ ၂၂၆။ ဂိသုဒ္ဓိ၊၁။ ၂၉၆။) ဘူရိဒတ္တောတိ ဘူရိသမဒတ္တော။ ဒတ္တောတိ ဟိ တဒါ ဗောဓိသတ္တဿ မာတာပိတူဟိ ကတံ နာမံ။ စရိယာ၊ဋ္ဌ။၁၁၆။

ဘူရိဒတ္တကာလ (ပု) [ဘူရိဒတ္တ+ကာလ] ဘူရိဒတ်နဂါးမင်းဖြစ်စဉ်အခါ။ ဘူရိဒတ္တကာလေ ပန ဥဂ္ဂပုမာဏံ။ စရိယာ၊ဋ္ဌ။၁၂၆။

ဘူရိဒတ္တဇာတက (နာ) [ဘူရိဒတ္တ+ဇာတက] ဘူရိဒတ်နဂါးမင်းဇာတ်။ ဘူရိဒတ္တဇာတကေ သုဒဿနနာဂရညော။ ဇာ၊ဋ္ဌ၊၄။၁၀၃။

ဘူရိဒတ္တနာဂရာဇကာလ (ပု) [ဘူရိဒတ္တနာဂရာဇ+ကာလ] ဘူရိဒတ်နဂါးမင်း ဖြစ်စဉ်အခါ။ ဘူရိဒတ္တနာဂရာဇကာလေ စမွေယျနာဂရာဇကာလေ။ ဒီ၊ဋ္ဌ၊၂။ ၂၀၀။(–အဘိ၊ဋ္ဌ၊၁။၇၃။ အပ၊ဋ္ဌ၊၁။၅၆။)

ဘူရိဒတ္တနိဝေသန (နာ) [ဘူရိဒတ္တ+နိဝေသန]ဘူရိဒတ်နဂါးမင်း၏–နေအိမ်–နန်းတော်။ ဣဒံ သုတ္ဝာန နိဂ္ဂါသံ၊ဘူရိဒတ္တနိဝေသနေ။ ဇာ၊၂။၂၂၇။ ဇာ၊ဋ္ဌ၊၇။၃၅။

ဘူရိပည (တိ) [ဘူရိ+ပညာ။ ဓာန်၌ ပုလ္လိင်သာရှိသော်လည်း ဣတ္ထိလိင်အမျှားနှင့်ဆိုင်သောနေရာဖြစ်၍ တိလိင် ထားသည်။] မြေကြီးအထု–နှင့်တူသော–ကဲ့သို့သော–ပညာရှိသော၊ သိမ်မွေ့နူးညံ့–ကြီးကျယ်–ပြန့်ပြော–များပြား–သောပညာရှိသော၊သူ(ဘုရားစသည်)။သန္တဿ ဘူရိပညဿ။ မ၊၂။၄၉၉။(–သံ၊၁။၃၉၉။ သံ၊၂။၁၁၆။ ထေရ။၃၀၁။ အပ၊၂။၆၀။ မဟာနိ။ ၇၃။ ဇာ၊၁။၁၄၂။ ဇာ၊၂။၂၀၄။ နေတ္တိ။ ၁၆၁။)ဘူရိပညဿာတိ ဘူရိ ဝုစ္စတိ ပထဝီ၊ တာယ ပထဝိသမာယ ပညာယ ဝိပုလာယ မဟန္တာယ ဝိတ္ထတာယ သမန္နာဂတဿာတိ အတ္ထော။ မ၊ဋ္ဌ၊၃။၆၉၉။ (–သံ၊ဋ္ဌ၊၁။၉၂။ ထေရ၊ဋ္ဌ၊၂။၁၇၁။ အပ၊ဋ္ဌ၊၂။၁၉၊ မဟာနိ၊ ဋ္ဌ။၁၉၉။ ဇာ၊ဋ္ဌ၊၁။ ၂၄၆။ ဇာ၊ဋ္ဌ၊၆။ ၂၄၂။ နေတ္တိ၊ဋ္ဌ။ ၂၆၄။)ဘူရိပညောနာတိ သဏှပညေန စေဝ ဝိပုလဝိတ္ထတပညေန စ။ သံ၊ဋ္ဌ၊၂။ ၂၉၆။ (–သံ၊ဋီ၊၂။ ၂၅၁။)

ဘူရိပညောတက (နာ) [ဘူရိပည+ဇာတက]ဘူရိပညဇာတ်။ သစ္စံကိရာတိ ဣဒံ ဘူရိပညော-

တကံ မဟာဥမင်္ဂဘတကေ အာဝိ ဘဝိဿတိ။ ဇာ၊၆၊၄။၇၂။

ဘူရိပညပညာ (ထီ) [ဘူရိပညာ+ပညာ] မြေကြီး အထုနှင့်တူသော ပညာရှိသူ၏ ဉာဏ်ပညာ။ ဘူရိပညာ၇–ကြည့်။

ဘူရိပညဝန္တု (တိ) [ဘူရိပည+ဝန္တု] မြေကြီးအထုနှင့်တူသော ပညာရှိသော၊သူ။ ဘူရိပည ဘူရိပညဝန္တဂေါတမ။ နေတ္တိ၊ဝိ။၃၄၃။

ဘူရိပညာ၁ (ထီ) [ဘူရိ+ပညာ] (က) ရာဂစသော ရန်သူကို–နှိပ်စက်–နှိပ်နင်း– တတ်သောပညာ။ (ခ) မြေကြီး အထုနှင့်တူသော ပညာ။ (က) ဘူရိပညတာယ သံဝတ္တန္တိတိကတမာ ဘူရိပညာ၊ ရာဂံ အဘိဘုယျတီတိ-ဘူရိပညာ။ အဘိဘဝိတာတိ ဘူရိပညာ.... သဗ္ဗေ ဘဝဂါမိကမ္မာအရှိ၊ တံ အရိ မဒ္ဒနီ ပညာတိ ဘူရိပညာ။ ပဋိသံ။၃၇၇။ အံ၊၄၊၁။ ၄၁၄။ရာဂံ အဘိဘုယျတီတိ ဘူရိပညာတိသာ သာ မဂ္ဂပညာ အတ္တနာ ၁ဇ္ဈံ ရာဂံ အဘိ-ဘုယျတိ အဘိဘဝတ်မဒ္ဒတီတိ ဘူရိပညာ။ ပဋိသံ၊၄၊၂။ ၂၅၉။ (–အံ၊၆၊၁။ ၂၀၃။) (ခ) ဘူရိသမာပညာတိ ဝါ ဘူရိပညာ။ ပဋိသံ၊၄၊၂။ ၂၆၀။ ဘူရိဝိယာတိ ဘူရိပညာ။ အံ၊၆၊၁။ ၂၀၃။

ဘူရိပညာ၂ (ထီ) [ဘူရိ+မဒ္ဒနီပညာ] (စိတ်အစဉ်၌) ဖြစ်သော ကိလေသာရန်သူကို နှိပ်နင်းတတ်သော ပညာ။ ရာဂေါ အရိ၊ တံ အရိ မဒ္ဒနီပညာတိ ဘူရိပညာ။ ပဋိသံ။၄၇၇။ တဿ ဘူရိဿ မဒ္ဒနီပညာ ဘူရိမဒ္ဒနီပညာ-တိ ဝတ္တဗ္ဗေ မဒ္ဒနီသဒ္ဒလောပံ ကတ္ဝာ ''ဘူရိ-ပညာ'' တိ ဝုတ္တံ။ ပဋိသံ၊၄၊၂။ ၂၆၀။ ဘူရိ၂–လည်းကြည့်။

ဘူရိပညာ၃ (ထီ) [ဘူရိပည+ပညာ] မြေကြီး အထုနှင့်တူသော ပညာရှိသောသူ၏ ဉာဏ်ပညာ။ ဣမိနာ ကာရဏေန ပဂ္ဂလဿ ဘူရိ-ပညာယ သမန္နာဂတတ္တာ တဿ ပညာ ဘူရိ-ပညာနာမာတိ ဘူတေ အတ္ထေ ရမတီတိ-အတ္ထော။ ဘူရိပညဿ ပညာ ဘူရိပညပညာ-တိ ဝတ္တဗ္ဗေ ဧကဿ ပညာသဒ္ဒဿ လောပံ ကတ္ဝာ ''ဘူရိပညာ''တိ ဝုတ္တံ။ ပဋိသံ၊၄၊၂။ ၂၆၀။ (–အံ၊၆၊၁။ ၂၀၃။) ဘူရိပည–ကြည့်။

ဘူရိပညာဏ (တိ) [ဘူရိ+ပညာဏ] ပညာတံခွန်ရှိသော၊သူ။ ဘူရိပညာဏောဂေါ။ (သုတ္တနိ။ ၄၅၀။ စူဠနိ။၂၁၃) တိ ဉာဏဓ (ဒ္ဓ) ဇော။ သုတ္တနိ၊၄၊ ၂။၃၂၁။ စူဠနိ၊၄။၈၃။

ဘူရိပဥ (တိ) [ဘူရိ+ပဥ] သိမ်မွေ့-နက်နဲ–သော အမေးပုစ္ဆာ။ ဘူရိပဉော ကထေတဗ္ဗော။ ဇာ၊၄၊၅။၁၅၆။

ဘူရိမဒ္ဒနီပညာ (ထီ) [ဘူရိ+မဒ္ဒနီပညာ] (စိတ်အစဉ်၌) ဖြစ်သော ကိလေသာရန်သူကို နှိပ်နင်းတတ်သော ပညာ။ ဘူရိပညာ၂–ကြည့်။

ဘူရိမေဓသ (တိ) [ဘူရိမေဓာ+သ။ နိတိ၊ သုတ္တ။၇၀၈။ ဘူရိ+မေဓာ။ သ–အာဂုံ။ နိရုတ္တိ၊နှာ။၈၁။ ဘူရိမေဓသော-ကို ရူ။၃၉၀–၌ သောပစ္စယန္တပုဒ်ဟုဆိုသည်။] များသော–ကြီးသော–ပညာရှိသော၊ မြေကြီးအထုနှင့်တူသော ပညာရှိသော၊သူ။အဝိဒ္ဒါ ဘူရိမေဓသော။ အံ၊၃။ ၂၄၂။ (–သံ၊၁။၄၆။ သုတ္တနိ။ ၄၅၀။ စူဠနိ။၂၁၃။) ဘူရိမေဓသောတိ မဟာပညော၊ အံ၊၄၊၃။ ၂၀၃။ (–သုတ္တနိ၊၄၊ ၂။၃၂၁။ စူဠနိ၊၄။၈၃။ သံ၊၄။၁။၁၄၇။)

ဘူရိဝိဇ္ဇာ (ထီ) [ဘူရိ+ဝိဇ္ဇာ] မြေအိမ်၌နေ၍ သင်အပ်သောမန္တာန်အတတ်။ ဘူရိဝိဇ္ဇာ (ဒီ၊ ၁။၉)တိ ဘူရိဃရေ ဝသန္တေန ဥဂ္ဂဟေတဗ္ဗ-မန္တော။ ဒီ၊၄၊၁။၈၈။

ဘူရိသခ်ယ (ပု) [ဘူရိ+သခ်ယ] ပညာ၏ ပျက်စီးကုန်မြေးခြင်း။ ယောဂါ ဝေ ဇာယတိ ဘူရိ၊ အယောဂါ ဘူရိသခ်ယော။ ဓမ္မ။၅၃။ အဘိ၊

ဌ။ ၁၁၀။ ဘူရိတိ ပထဝီသမာယ ဝိတ္ထတာယ ပညာယေတံ နာမံ။ သခ်ံယောတိ ဝိနာသေသော။ ဓမ္မ။ဌ။ ၂။ ၂၆၄။

ဘူရိသုမေဓသ (တိ) [ဘူရိသုမေဓာ+သ] မြေကြီးအထုနှင့် တူသော ကောင်းသော ပညာရှိသော၊ သူ။ သော မံ ပုန ဘူရိသုမေဓသော။ ပေတ။ ၁၇၇၊၁၇၀။ ဘူရိမေဓသ·ကြည့်။

ဘူရိ (ထီ) [ဘူ+ရိ+က္တိ။ ဘူ+ရမု+ကို့+က္တိ။ ဓာန်။ဋ္ဌီ။၁၅၂၊၁၀၁။ နီတိ၊ပဒ။၁၁၀။ ဘူ+ရိက်+က္တိ။ မောဂ်၊၇။၁၇၆။ အရိ+ဘူ+ကို့။ ပဋိသံ။ဌ၊ ၂။ ၂၆၀။ အံ ဋီ၊၁။ ၂၀၃။ နီတိ၊ပဒ။ ၁၁၁။ ဘူရီ+က္တိ။] (၁) မြေကြီး။ (၂) ပညာ၊ မြေကြီးအဆုနှင့်တူးသာပညာ။ (၁) (၂) ဘူရီ မေဓာ ပရိဏာယိကာ။ အဘိ၊ဓ။ ၁၉၊ ၂၀။ အဘိ၊ပု။၁၂၁။ ပဋိသံ။၃၇၇။ မဟာနိ။ ၃၄။ စူဠနိ။ ၃၂။ နေတ္တိ။၆၄။ဘူရိတီ ပထဝိယာ နာမံ၊ အယမ္မိ သဏ္ဌဌေန ဝိတ္ထဋေဌေန စ ဘူရိဝိယာတိ ဘူရိ။ တေန ဝုတ္တံ ဘူရိ ဝုစ္စတိပထဝီ....အပိ စ ပညာယ ဧတံ အဓိဝစနံ ဘူရိတိ၊ ဘူတေ အတ္ထေ ရမတီတိပိ ဘူရိ။ အဘိ၊ဌ၊၁။ ၁၉၁၊ ၂။ (—ပဋိသံ၊ဌ၊၁။၃၄၃။ ဓမ္မ၊ဌ၊ ၂။ ၂၆၄။ မဟာနိ၊ဌ။၁၉၉။) ဉာဏော ဘူဝိ စ ဘူရိတ္ထီ။ ဓာန်။၁၁၃၁။

ဘူသတိ (ကြိ) [ဘူသ+အ+တိ] တန်းဆာဆင်၏။ ဘူသတိ။ ဝိဘူသတိ။ နီတိ၊ဓ၁။၁၇၃။

ဘူသန (ထီ၊န) [ဘူသ+ယု] (၁) တန်းဆာ။ (၂) တန်းဆာဆင်ခြင်း။ (၁) ဘူသနာနံ အလင်္ကာရံ၊ သီရိသယ်ာဋ္ဌသန္နိဘံ။ အပ၊ ၂။ ၂၅၄။ ထေရီ၊ဌ။၀၆။ (၂) ဘူသနေဝါရဏော စာလံ။ဓာန်။ ဓာန်၊ဋ္ဌီ။၁၁၉၀။ ဘူသနာရဘ·လည်းကြည့်။

ဘူသနဋ္ဌ (ပု) [ဘူသန+အတ္ထ] တန်းဆာဆင်ခြင်းအနက်သဘော။ ပရိက္ခာရဋ္ဌော သခ်ါရဋ္ဌော ဝိယ ဘူသနဋ္ဌော ဟောတိ။ အနုဋီ၊ ၂။၁၀၆။

ဘူသနလောဘ (ပု) [ဘူသန+လောဘ] တန်းဆာ၌ တပ်မက်ခြင်း။ သော မေ ဘူသနလောဘေန၊ ဗလိမဗ္ဗာသယော ဒိသော။ အပ၊ ၂။ ၂၄၁။ ထေရီ၊ဌ။၁၀၇။

ဘူသနာရတ (တိ) [ဘူသနာ+ရတ] တန်းဆာဆင်ခြင်း၌ မွေ့လျော်သော၊ သူ။ ဘူသနာရတော (ထေရ။၂၂၆) တိ အတ္ထဘာဝဝိဘူသနာယ ရတော အဘိရတော။ ထေရ၊ဌ၊၁။ ၁၀၈။

ဘူသာပေတ္ဝာ (ကာ၊ကြိ၀ိ) [ဘူသ+ဏာပေ+တ္ဝာ] တန်းဆာဆင်စေ၍။ ပဋ္ဌဏ္ဏတ္တိသတာနိ သဗ္ဗာလင်္ကာရံ ဘူသာပေတ္ဝာ သြမုဋ္ဌာပေတ္ဝာ။ ဝိ၊၁။၃၀၃။

ဘူသိတ (တိ) [ဘူသ+တ] တန်းဆာဆင်အပ်သော။ ရာဇပုညေန နိမ္မတ္တံ၊ ဗုဒ္ဓပုညေန ဘူသိတံ။ အပ၊ ၂။ ၂၂၅။ (—ဇာ၊ ၂။၃၄၉။ ပဋိသံ၊ဌ၊ ၂။ ၂၁၁။ အပ၊ဌ၊၁။၁၂၂။ ဗုဒ္ဓဝံ၊ဌ။ ၂၉။)

ဘေက (ပု) [ဘီ+ဏ္ဍက။ ဘီ ဘယေ၊ သပ္ပတော ဘာယတီတိ ဘေကော၊ ဏ္ဍကော၊ ဏ္ဍိဿော။ ဓာန်၊ဋ္ဌီ။၆၇၅။] ဘား(ဖား)။ ဘုတ္တာန ဘေကေ ခလမုသိကာယော။ဒီ၊၃။ ၂၁။ (—ထေရ။ ၂၇၃။ ဇာ၊၁။၁၇၆။) ဘုတ္တာန ဘေကေတိ အာဝါဋ္ဌမဏ္ဍူကေ ခါဒိတ္ဝာ။ ဒီ၊ဌ၊၃။ ၁၃။ (—ထေရ၊ဌ၊ ၂။ ၃၂။ ဇာ၊ဌ၊၃။၄၀၉။)

ဘေကဝဏ္ဏ (ထီ) [ဘေက+ဝဏ္ဏ] ဖားကျောက်ကုန်းအဆင်းရှိသော (သရက်သီး)။ ဘေကဝဏ္ဏာဘဒုဘယ (ဇာ၊ ၂။၃၄၀) နွဲ့ တေ ဥဘောပိ အာမာ စ ပက္ကာ စ မဏ္ဍူကပိဋ္ဌိဝဏ္ဏာယေ၀။ ဇာ၊ဌ၊၇။၃၀၅။ ဘေကဝဏ္ဏာတိ တေ ဘေကောတိ မဏ္ဍူကော၊ တဿ ပိဋ္ဌိဘာဂေန သဒိသဝဏ္ဏတ္တာ ဘေကဝဏ္ဏာတိ ဝုစ္စန္တိ။ ဇာ၊ ဋီ၊သစ်၊နိ၊၀မ်း။

ဘေကဝိသေသ (ပု) [ဘေက+ဝိသေသ] ဖာ:အာ:ထူး။ ဝိသဝန္တသ ဘေကဝိသေသသာ ကဏ္ဍကေန။ သီ၊ဋီ၊သစ်၊၁။၄၇၁။

ဘေစ္ဆတိ (ကြိ) [ဘိဒိ+ဆတိ။ နိတိ၊သုတ္တ။ ၁၀၉၇။ မောဂ်၊၆။ ၂၆။] (က) ဖောက်ခဲ့-ဖျက်ဆီး-အုံး။ (ခ) စူး၀င်လတ္တံ့။ (က) တံတေ ပညာယ ဘေစ္ဆာမိ။ သုတ္တန်။ ၃၄၃။ ဘိန္ဒတိ (၁)(က)လည်းကြည့်။ (ခ) ဟတ္ထံ ဝါ ပါဒံ ဝါ ဘေစ္ဆတိ။ အံ၊၁။၇။ခုဒ္ဒက၊၆။ ၂၂။ ဘေစ္ဆတိ-တိ ဘိန္ဒိဿတိ။ ဆဝိံ ဆိန္ဒိဿတိတိ အတ္ထော။ အံ၊၆။၁။ ၅၂။ ဘိန္ဒတိ (၁)(ဃ)လည်းကြည့်။

ဘေဇ္ဇ (တိ) [ဘိဒိ+ဏျ] ဖောက်ခဲ့-ဖျက်ဆီး-အပ်သော။ ယထာ ဝဇိရသင်္ဃာတော နာမန အညေန မဏိနာ ဝါ ပါသာဏေန ဝါ ဘေဇ္ဇော။ သီ၊ဋီ၊သစ်၊၁။၁၇၉။

ဘေဇ္ဇ၂ (ကြိ၊ဝိ) [ဘိဒိ+တုံ၁] ဖောက်ခဲ့-ဖျက်ဆီး-၍။ ဘေဇ္ဇ၊ဘိဇ္ဇ၊သံဘိဇ္ဇ။ နိရုတ္တိ၊နှာ။ ၅၀၈။

ဘေဇ္ဇပရိသ (တိ) [ဘေဇ္ဇ၁+ပရိသာ] ခွဲဖျက်-ဖျက်ဆီး-အပ်သော ပရိသတ်ရှိသော၊သူ။ နေသော ပဏ္ဍိတာနံ ဆန္ဒော "တထာဂတော ဘေဇ္ဇပရိသော" တိ။ မိလိန္ဒ။၁၆၂။

ဘေဏ္ဍ (ထီ) [ဘိဒိ+ဏိ] ခက်ရင်း။ အာသိ ဝါ သတ္တိ ဝါ ဘေဏ္ဍံ ဝါ လဂုဠံ ဝါ။ဝိ၊၁။၉၂။ ဘိန္ဒံ၀ါလ (ဋ)လည်းကြည့်။

ဘေတ္တပ္ပ (တိ) [ဘိဒိ+တပ္ပ။ မောဂ်၊၅။၉၅။] ဖျက်ဆီးထိုက်သော၊သူ။ သော ဒဏ္ဍာဒရဟော ဝမိတပ္ပော ဆေတ္တပ္ပော ဘေတ္တပ္ပော ဟန္တပ္ပော။ မိလိန္ဒ။ ၂၀၃။

ဘေတ္တု (တိ) [ဘိဒိ+တု။ ဘိန္ဒတီတိ ဘေတ္တာ။ နိရုတ္တိ၊နှာ။ ၄၀၇။]ခွဲ-သင်း ခွဲ-တတ်သော၊ကွဲပြားအောင် ပြုတတ်သော၊ သူ။ ဤတိသမဂ္ဂါနံ ဝါ ဘေတ္တာဘိန္နာနံ ဝါ အနုပ္ပဒါတာ။

မ၊၁။၃၅၆။ မ၊၃။၉၅။ အံ၊၃။ ၄၇၄။ (-အပ၊၂။၁၀၉။)

ဘေတ္တာ (ကြိ၊ဝိ) [ဘိဒိ+တ္တာ] ခွဲ-ဖျက်ဆီး-ချိုးဖဲ့-၍။ဥဒကံ ဒ္ဓိဓာ ဘေတ္တာ ဥဒ္ဒဟန္တိ။သံ၊ဋ္ဌ၊၁။၃၁၀။သတ္ထိဠ္ဟ ဘေတ္တာ အပရဠ္ဟ သတ္ထိံ။ ထေရ။ ၂၅၁။ (-ပုဒ္ဓ၀ံ။ ၃၇၁။ ဇာ၊၁။၅၆။) သတ္ထိဠ္ဟ ဘေတ္တာတိ မတသရီရဿ သတ္ထိံ ဇဏ္ဍုဘေဒနေန ဘဠ္ဍတ္တာ။ ထေရ၊ဋ္ဌ၊၁။၃၄၅။

ဘေတ္တာန (ကြိ၊ဝိ) [ဘိဒိ+တ္တာန] ခွဲ-သင်းခွဲ-ဖျက်ဆီး-၍။ သံဃံ သမဂ္ဂံ ဘေတ္တာန၊ ကပ္ပံ နိရယမ္ဟိ ပစ္စတိ။ ဣတိဝုတ်။ ၂၀၃။အဘိ၊ဋ္ဌ၊၃။ ၂၇၁။(-ဇာ၊၂။ ၂၂။ ဝိသုဒ္ဓိ၊၁။၂၉၇။) ဘေတ္တာနာတိ ပုဗ္ဗေ ဝုတ္တလက္ခဏေန သံဃဘေဒေန ဘိန္ဒိတ္တာန။ ဣတိဝုတ်၊ဋ္ဌ။၆၆။

ဘေထ (ကြိ) [ဘီ+အ+ထ။ နိရုတ္တိ၊နှာ။ ၃၉၄။] ကြောက်လန့်ကုန်၏။မာ ဘေထ ကိံ သောစထ မောဒထဝေါ။ ဇာ၊၁။၂၄၄။ (-အပ၊၂။ ၄၄။ ပုဒ္ဓ၀ံ။၃၁၉။) မာဘေထာတိ မာဘာယိတ္ထ။ဇာ၊ဋ္ဌ၊၄။၁၆၄။ဘာယတိ-လည်းကြည့်။

ဘေဒ (ပု) [ဘိဒိ+ဏ။ ဓာန်၊ဋီ။၇၆၉။] (၁) အထူးအပြား၊ အထူးထူးအပြားပြား။ (၂) ကွဲပြားခြင်း၊သင်းကွဲခြင်း။ (၃)ပျက်စီးခြင်း။ (၄) ဘေဒဥပါယ်၊ ရန်အောင်မြင်ကြောင်းနည်းလမ်း။ (ထိုဘေဒဥပါယ်သည် ချစ်ခင်မှုကို ပယ်ခြင်း, ရယ်ရှင်မှုကို ဖြစ်စေခြင်း, ခြိမ်းခြောက် ကြောက်လန့်စေခြင်း ဟု၃-မျိုးရှိသည်။ ဓာန်၊ဋီ။၃၄၈။ ၎င်းသျှ၊ နှာ။၄၉၀။) (၅) စူး၀င်မှု၊စူးရှမှု။ (၁)တေဒဂ္ဂံ အာဏောပိတေ တေဝိဇ္ဇာဒိဘေဒေ ခီဏာသဝဘိက္ခူ-ယေ၀။ ဒီ၊ဋ္ဌ၊၁။၅။ (-ဝိ၊ဋ္ဌ၊၁။၁၉။ ဒီ၊ဋ္ဌ၊၁။ ၁၉။ အံ၊ဋ္ဌ၊၁။၇၆။) တေ ဘေဒါ အနေကပ္ပ-ကာရာ ယေသန္တိ တေဝိဇ္ဇာဒိဘေဒါ။ သီ၊ဋီ၊ သစ်၊ ၁။၅၇။ ဘေဒေါတိ ဝိသေသော။ အံ၊ဋီ၊ ၁။၁၄၄။ (-ဝိမတိ၊ ၁။၁၉။ ဒီ၊ ဋီ၊ ၁။ ၂၀၊။ သီ၊ဋီ၊သစ်၊၁။၉၀။) (၂) ဘေဒါယ ပရက္ကမေ-

ယျာ (ဝိ၊ ၁။ ၂၆၅) တိ"ကထံ နာမာယံ ဘိ-ဇ္ဇေယျာ"တိ ဘေဒနတ္ထာယ ဝါယာမေယျ။ ကခ်ီ။ ၁၄၁။ (၃) စုတိစဝနတာ ဘေဒေါ အန္တရဓာနံ။ မ၊ ၁။ ၆၁။ သံ၊၁။ ၂၄၄။ ပဋိသံ၊ ၃၇။ (—အဘိ၊ဓ။၁၆၉။ သံ၊၂၊ ၂။ ၂၀၉။ သံ၊ ၂၊၃။ ၁၀၉။) ဘေဒေါတိ စုတိက္ခန္ဓာနံ ဘင်္ဂပ္ပ-တ္တိပရိဒီပနံ။ မ၊၂၊၁။ ၂၂၁။ သံ၊၂၊ ၂။၁၂။ ပဋိသံ၊ ၂၊ ၁။၁၄၁။ (—အဘိ၊၂၊ ၁။ ၃၅၆။) ဘေဒေါတိ ဘင်္ဂေါ။ သံ၊၃ို၊ ၂။၁၉၀။ (—မ၊ ၃ို၊၁။၃၁၇။ သံ။၃ို၊ ၂။၃၄၇။) (၄) ဘေဒေါ ဒဏ္ဍော သာမဒါနာ၊ ချုပါယာ စတုရော ဣမေ၊ ဥပဇာပေါ တု ဘေဒေါ စ။ ဓာန်။ ၃၄၀-၉။ (၅) ဘေဒဝန္တ္ဟ-ကြည့်။

ဘေဒက (ပု) [ဘေဒ+ကရ+ကို။ ဘိဒိ+ဏွု။ မဏိမဇ္ဈ။၊ ၁။၃၆၉။] (၁) ကွဲပြား–သင်းကွဲ–အောင်ပြုခြင်း။ (တိ) (၂) ထူးခြားအောင် ပြုတတ်သော၊ ထူးခြားကွဲပြားသော (ဝိသေ-သန)။ (၁) ဘေဒကေ သတိ (အံ၊၃၊၁။ ၂၀၄) တိ ဘေဒကရဏေ သတိ။ အံ၊၃ို၊၁။ ၁၇၆။(တိ)(၂) ပကာရောတိ စ သာမညဿ-ဘေဒကော ဝိသေသော ဝုစ္စတိ။ ကခ်ီ၊ ၃ို၊ သစ်။ ၃၂၇။ (—အနုဋီ၊၁။၃၂။)

ဘေဒကထာ (ထီ) [ဘေဒ+ကထာ] လိင်္ဂဓာတ် စသည် ခွဲခြားပြဆိုကြောင်း ဧကား။ ဘေဒ-ကထာ တတ္ထကထာ၊ ပရိယာယကထာပိ စ။ ဣတိအတ္ထက္ကမေ ဝိဒ္ဓါ၊ တိဓာ သံဝဏ္ဏနံ ဝဒေ။ တတ္ထ ပကတိအာဒိ ဝိစာရဏာ ဘေဒကထာ ယထာ "ဗုဇ္ဈတီတိ ဗုဒ္ဓေါ"တိ အာဒိ။ သီ၊၃ို၊ သစ်၊၁။၁၄၀။ (—နေတ္တိ၊၃။၃၇။)

ဘေဒကပ္ပနာ (ထီ) [ဘေဒ+ကပ္ပနာ] အပြားကို ကြံဆခြင်း၊ ကွဲပြားအောင် ကြံဆခြင်း။ အဘေဒေပိ ဘေဒကပ္ပနာယ ပဝတ္တလောက-ဝေါဟာရဝသေန။ သာရတ္ထ၊ ၂။၃၅၇။

ဘေဒကရ (တိ) [ဘေဒ+ကရ+အ။ ထီ ဘေဒကရီ] (၁) ပျက်စီးအောင် ပြုတတ်သော။ (၂) ကွဲပြား– သင်းကွဲ– အောင် ပြုတတ်သော။ (၃) သမာဒိန္နဿ သီလဿ ဘေဒကရော ဝိတိက္ကမော။ အံ၊ ၃ို၊ ၂။ ၆၂။ (–သုတ္တနိ၊၃၊ ၂။၁၀၇။ ဒီ၊၃ို၊၃။ ၁၈၁။) (၂) သဗ္ဗာပိ ဝါ မိစ္ဆာဝါစာ ဝိသံဝါဒနာဒိဝသေန ဘေဒကရီ။ အနုဋီ၊ ၂။၇၅။ ဘေဒကရဝတ္ထု-လည်း ကြည့်။

ဘေဒကရဏ (န) [ဘေဒ+ကရဏ] (က) ကွဲပြား– သင်းကွဲ– အောင် ပြုခြင်း။ (ခ) ကွဲပြား– သင်းကွဲ– အောင် ပြုကြောင်း။ (က) ဘေဒက (၁) ကြည့်။ (ခ) ကမ္မက္ခန္ဓ-ကေ ဝုတ္တာနံ အင်္ဂါရသန္နံ ဘေဒကရဏာနံ ဝသေန အင်္ဂါရသဝိဓံ။ ကခ်ီ၊ ၃ို၊သစ်။ ၂၅၁။

ဘေဒကရမိစ္ဆာဝါစာ (ထီ) [ဘေဒကရီ+မိစ္ဆာ-ဝါစာ] ကွဲပြား– သင်းကွဲ–အောင် ပြုတတ်သော မိစ္ဆာဝါစာ။ ဘေဒကရမိစ္ဆာဝါစာ ပိသုဏဝါစာ။ အနုဋီ၊ ၂။ ၇၅။

ဘေဒကရမိစ္ဆာဝါစာပဟာန (န) [ဘေဒကရ မိစ္ဆာဝါစာ+ပဟာန] ကွဲပြား– သင်းကွဲ– အောင် ပြုတတ်သော မိစ္ဆာဝါစာကိုပယ်ခြင်း။ သမ္မာဝါစာ ဘေဒကရမိစ္ဆာဝါစာ ပဟာနေန ဇနေ သမ္မယုတ္တေ ပရိဂ္ဂဏှနကိစ္စဝတီ ဟောတိ။ ဒီ၊၃ို၊၁။၃၄၁။ သီ၊၃ို၊သစ်၊ ၂။ ၃၃၆။ မူလဋီ၊ ၂။၇၁။

ဘေဒကရဝတ္ထု (န)[ဘေဒကရ+ဝတ္ထု]ကွဲပြား– သင်းကွဲ– အောင် ပြုတတ်သောအကြောင်း၊ ကွဲပြားကြောင်း ဝတ္ထု။ တတ္ထ ကတမာနိ အင်္ဂါရသ ဘေဒကရဝတ္ထူနိ။ ဝိ၊၅။၁၆၈။ (–မ၊၃၊၄။၇၅။ ဥဒါန၊၃။ ၂၈၈။ ဝဇိရ။၄၇၅။ အံ၊၃ို၊ ၂။၁၂။)

ဘေဒကရဝတ္ထုဒီပန (ထီ၊န) [ဘေဒကရဝတ္ထု+ဒီပန]ကွဲပြား–သင်းကွဲ–အောင်ပြုတတ်သော အကြောင်းကို ပြခြင်း။ "အဓမ္မံ ဓမ္မော" တိ "ဓမ္မံ အဓမ္မော" တိအာဒိ ဘေဒကရဝတ္ထုဒီ-

ပနဝသေန ဝိဝါဒပွသုတာ ပရေနာမ။ ထေရ၊ ၌၊ ၂။၈။

ဘေဒကရဝါစာ (ထီ) [ဘေဒကရီ+ဝါစာ] ကွဲပြား–သင်းကွဲ–အောင် ပြုတတ်သော စကား။ ဟဿ သမာစာရေ ဌိတောပိ ဘေဒကရဝါစံ နာဘာသတိ။ ဒီ၊၌၊၃။၇၅။

ဘေဒကသမုဒါစာရ (ပု) [ဘေဒက+သမုဒါစာရ] ပြားသကဲ့သို့ တင်စားခေါ်ဝေါ်ခြင်း။ ဘဝတိ ဟိ အဘိန္နေပိ ဝတ္ထုသ္မိံ ယထာဓိပ္ပေတဝိသေသာဝဗောဓနတော ဘေဒက သမုဒါစာရော ယထာ "သိလာပုတ္တကဿ သရီရ"န္တိ။ သံ၊ဋီ၊၁။၁၅။

ဘေဒကာနုဝတ္တက (တိ) [ဘေဒက+အနုဝတ္တက။ထိ၌ ဘေဒကာနုဝတ္တိကာ။]ကွဲပြားအောင် ပြုတတ်သူ–ချောပစ် ကုန်းတိုက်သူ–သို့အစဉ် လိုက်တတ်သော၊သူ။ ဘေဒကာနုဝတ္တကာနံ ဘိက္ခူနံ ယာဝတတိယံ သမနုဘာသနာယ။ ဝိ၊၅။၈၇။ (–ဧ၁။ ဝိ၊၌၊၄။၁၅၆။) ဘေဒကာနုဝတ္တိကာ ဘိက္ခုနီ ယာဝတတိယံ သမနုဘာသနာယ။ ဝိ၊၅။၁၅၀။

ဘေဒကာရက (တိ) [ဘေဒ+ကာရက]ကွဲပြားအောင်ပြုတတ်သော၊သူ။ ဘေဒကာရကာနံ သဗ္ဗေသံ ဒေဝဒတ္တေန သဒ္ဓိံ တတ္တာ။သာရတ္ထ၊ ၃။၄၁၅။

ဘေဒကာရက (န) [ဘေဒ+ကာရက]ကွဲပြား–သင်းကွဲ-ခြင်း၏အကြောင်း၊ကွဲပြားကြောင်း။ ဣမေသု ဟိ ပဉ္စသု သံဃေသု ဘေဒကာရကေသု ကမ္မံ ဝါ ဥဒ္ဒေသော ဝါ ပမာဏံ။ ဣတိဝုတ်၊၌။၆၅။ (–အနုဋီ၊၁။၃၂၂။)

ဘေဒကွဏ (ပု) [ဘေဒ+ခဏ]ပျက်စီးဆဲခဏ။ ဘေဒကွဏော ဝယော။ အံ၊၌၊၂။၁၃၇။

ဘေဒဂတိ (ထီ) [ဘေဒ+ဂတိ] (ရွပ်,နာမ်တရားတို့၏) ပျက်စီးခြင်း။ ယော ပနဿ ဘေဒေါ၊ အယံ ဘေဒဂတိ နာမ။ သံ၊၌။၃။ ၁၀၉။ ဂတိလည်းကြည့်။

ဘေဒဂ္ဂက (တိ) [ဘေဒ+ဂဂ္ဂ+က] ကွဲပြားမှု၌ အလေးပြုခြင်းရှိသော၊ ကွဲပြားမှု–သင်းကွဲမှု–ကို အလေးထား–ဂရုစိုက်–သော၊သူ။ ဘေဒဂရုကေဟိ ဘိက္ခဝေ ဘိက္ခူဟိ နသော ဘိက္ခု အာပတ္တိယာ အဒဿနေ ဥက္ခိပိတဗ္ဗော။ သာရတ္ထ၊၃။၄၇၇။

ဘေဒဏ္ဍ (အံ၊ဋီ၊၂။၁၆၅)သည် ဘေရဏ္ဍမှ ပျက်ယွင်းလာသော ပုဒ်ဖြစ်သည်။

ဘေဒဏ္ဍသကုဏိ (အံ၊ဋီ၊၂။၁၆၅)သည် ဘေရဏ္ဍသကုဏိမှ ပျက်ယွင်းလာသောပုဒ်ဖြစ်သည်။

ဘေဒတ္ထဂ်မ (ပု) [ဘေဒ+အတ္ထဂ်မ] ပျက်စီးချုပ်ပျောက်ခြင်း (ခဏိကဘင်)။ ဘေဒတ္ထဂ်မော ခဏိကနိရောဓော။ အံ၊ဋီ၊၂။၂၃၀။

ဘေဒဒဿန (န) [ဘေဒ+ဒဿန] (၁) ပျက်စီးမှုကို မြင်ရခြင်း။ (၂)အထူးအပြားကို ပြခြင်း။(၁)တေန ဇီဝသရီရာနံ အနုညတ္တာနုဇာနနတော, သရီရဿ စ ဘေဒဒဿနတော။ ဒီ၊ဋီ၊၁။၃၄၅။ သံ၊ဋီ၊သစ်၊၂။၃၄၄။ (၂)လက္ခဏ် နသခ်တံ၊ သခ်တံ နလက္ခဏန္တိ နေသံ ဘေဒဒဿနံ။ အံ၊ဋီ၊၂။၁၂၄။ (–သံ၊ဋီ၊၂။ ၂၁၆။အနုဋီ၊၃။၁၆၉။ နေတ္တိ၊ဝိ။၆၉။)

ဘေဒဒီပက (တိ) [ဘေဒ+ဒီပက] အထူးကို ပြတတ်သော။ ဘေဒဒီပကေဟိ (မူလဋီ၊၃။ ၇) တိ ဝိသေသဒီပကေဟိ သမာဓိဗလာဒိဝစနေဟိ ဝတ္တဗ္ဗာ။ အနုဋီ၊၃။၉။

ဘေဒန (န) [ဘိဒ+ယု] (၁) ပျက်စီးခြင်း။ (၂) ခွဲခြင်း။ (၃) ကွဲပြားခြင်း၊ သင်းကွဲခြင်း (၄) ရောနှောခြင်း။ (၅) ခွဲခြားဝေဖန်ခြင်း။(၁)ဒုက္ခော ပုန ဗ္ဘဝေါ နာမ။သရီရဿ စ ဘေဒနံ။အဘ၊၁၁။၁။၄။(–ဇာ၊၁၁၊၄။၂၄၀။ အနုဋီ၊၂။၁၆။(၂) ဆေဒနံ ဝါဘေဒနံ ဝါ သခ်မုံ-

ဏ္ဍကံ ဝါ။ ဝိ၊၃၊ ၂။၎၅။ ကခ်ီ၊ဋီ၊သစ်။ ၂၁၄။

ဘေဒနန္တိ မဂ္ဂရာဒီဟိ သီသာဒိဘေဒနံ ဒုဒ္ဓာ-ကရဏံ။ ဝိမတိ၊ ၁။၂၂၆။ (၃) ဘေဒ (၂) ကြည့်။ (၄) (၅) ဘိန္နမာနောတိ ဇတ္ထ စ အညထာ ဘေဒနံ ဝုတ္တံ။ မူလဋီ၊ ၂။၁၁။ဝေါ-မိဿကကရဏဝိဘာဂကရဏတ္ထတံ သန္ဓာယာ-ဟ "ဘိန္နမာနောတိ ဇတ္ထ စ အညထာ ဘေဒ-နံ ဝုတ္တ" န္တိ။ အနုဋီ၊ ၂။၁၆။

ဘေဒနက (နာ)[၁။ဘေဒန+က။ ၂။ ဘေဒန-က+ဏ] (၁) ခွဲခြင်း။ (တိ) (၂) ခွဲခြင်းရှိသော။ သုစိဃရံ ကာရာပေယျ ဘေဒနကံ ပါစိတ္တိယံ။ ဝိ။၂။၂၁၇။ဘေဒနမေဝ ဘေဒန-ကံ၊ တံ အဿ အတ္ထိတိ ဘေဒနကမေဝ။ ဝိ၊ ၆၊၃။၁၅၄။ ကခ်ီ။၂၆၉။ (–သာရတ္ထ၊၃။ ၁၀၀။ ကခ်ီ၊ဋီ။၁၀၅။ ကခ်ီ၊ဋီ၊သစ်။၄၃၀။)

ဘေဒနကသိက္ခာပဒ (နာ) [ဘေဒနက+သိက္ခာ-ပဒ] ဘေဒနကသိက္ခာပုဒ်၊ အပ်ကျည်—အပ်ဗူး–ကို ခွဲခြင်းရှိသော သိက္ခာပုဒ်။ပါစိတ္တိယ-ပါဠိ၊၅-ကဏ္ဍ၊၉-ဝဂ်၊ ၄-သိက္ခာပုဒ်။ တတော ဧဝ ဟိ ဘေဒနကသိက္ခာပဒါဒီသု ဝိယ "အညေန ကတံ ပဋိလဘိတ္ဝာ ပရိဘုဉ္ဇတိ၊ အာပတ္တိဒုက္ကဋဿာ"တိ နု ဝုတ္တံ။ ဝဇိရ။၁၂၁။

ဘေဒနဒုက္ခ(နာ) [ဘေဒန+ဒုက္ခ] ခွဲအပ်သော ဆင်းရဲ၊ အခွဲခံရသော ဆင်းရဲ၊ခွဲ–ထိုး–ခြင်း ကြောင့် ဖြစ်သောဆင်းရဲ။ တထာ သုစိဟိ ဘေဒနဒုက္ခံ ပစ္စနုဘောတုံ ကမ္မမေဝ နိမိတ္တံ ကတ္ဝာ။ ဝိ၊၆၊ ၂။၉၉။

ဘေဒနဓမ္မ (တိ) [ဘေဒန+ဓမ္မ]ကွဲပျက်–ပျက်စီး–ခြင်းသဘောရှိသော။ သင္ခါနိ တာနိ ဘေဒနဓမ္မာနိ ဘေဒနပရိယောသာနာနိ ဘေဒနံ အနတိတာနိ။ သံ။၁။၉၀။ (–မ၊၆၊ ၂။၃၅။ ဓမ္မ၊၆၊၁။၂၂၄။ ဇ၁၊၆၊၁။၄၁၆။ မ၊၌၊ ၃။၆၅။) ခဏေခဏေ ဘိဇ္ဇနသဘာဝတာယ ဘေဒနဓမ္မဿ။မ၊၌၊ ၂။၁၀၅။

ဘေဒနပရိဏ္ဍဒဿန (န) [ဘေဒနပရိဏ္ဍဒ+ဒဿန] ပျက်စီးခြင်း၏ အပိုင်းအခြားကိုပြခြင်း။ တတ္ထ ဆိန္နိတ္ဝာ ပုန ကာတဗ္ဗာတိ ကုဋ္ဌိ-ယာ ဘေဒနပရိဏ္ဍဒဿနတ္ထံ ကတံ။ သာရတ္ထ။၂။၃၃၅။

ဘေဒနပရိယန္တ (တိ) [ဘေဒန+ပရိယန္တ]ကွဲပျက်–ပျက်စီး–ခြင်း အဆုံးရှိသော။ သင္ခေ ဘေဒနပရိယန္တာ၊ဧဝံ မစ္စာ နဇီဝိတံ။မဟာနိ။ ၉၃။ သုတ္တနိ။၃၇၁။(–ဝိသုဒ္ဓိ၊၁။၂၂၄။) သင္ခံ ဘေဒနပရိယန္တန္တိ ပက္ကာပက္ကံ သင္ခံ ဘေဒနံ ဘိဇ္ဇပရိယန္တံ အဝသာနံ အဿာတိ ဘေဒန-ပရိယန္တံ။မဟာနိ၊၌။ ၂၁၆။

ဘေဒနပရိယာယ (ပု) [ဘေဒန+ပရိယာယ] ဘေဒနသဒ္ဒါ၏ပရိယာယ်။ ပဟာနာတိ ဣဒဉ္စ-နိဗ္ဗစနံ ဘေဒနပရိယာယ ဝသေန ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ မူလဋီ၊ ၂။၁၇၇။

ဘေဒနပရိယောသာန (တိ) [ဘေဒန+ပရိယော-သာန]ကွဲပျက်–ပျက်စီး–ခြင်းအဆုံးရှိသော။ ဘေဒနဓမ္မ-ကြည့်။

ဘေဒနလက္ခဏ (တိ) [ဘေဒန+လက္ခဏ] ပျက်စီးခြင်းလက္ခဏာရှိသော။ဘေဒနလက္ခဏံ မရဏဉ္စ အတ္ထိ။ နေတ္တိ၊၆။၁၂၂။ (–နေတ္တိ၊ဝိ။ ၁၀၉။)

ဘေဒနသံဝတ္တနိက (တိ) [ဘေဒန+သံဝတ္တနိက] ကွဲပြားမှုကို ဖြစ်စေတတ်သော။ ဘေဒနသံ-ဝတ္တနိကံ ဝါ အဓိကရဏံ သမာဒါယ ပဂ္ဂယှ တိဋ္ဌေယျ။ ဝိ၊၁။၂၆၅။ (–အံ၊၃။၇၀။ ဝိ၊၆၊၄။ ၁၅၁။) ဘေဒနသံဝတ္တနိကံ ဝါ အဓိကရဏန္တိ ဘေဒနဿ သံဃဘေဒဿ အတ္ထာယ သံဝတ္တ-နိကံ ကာရဏံ။ ဝိ၊၆၊ ၂။၁၉၂။ (–အံ၊၆၊၃။ ၂၃၂။)

ဘေဒနသဘာဝ (တိ) [ဘေဒန+သဘာဝ] ပျက်စီးခြင်းသဘောရှိသော။ ရူပကာယော ဘိဒုရော ဘေဒနသိလော ဘေဒနသဘာဝေါ

ခဏေခဏေ ဝိဒ္ဒံသနသဘာဝေါတိ။ ဣတိဝုတ်၊ ဌ။ ၂၃၁။

ဘေဒနသီလ (တိ) [ဘေဒန+သီလ] ပျက်စီးလေ့ရှိသော။ အထက်ပုဒ်ကြည့်။

ဘေဒနာဒိ့ပါယ (တိ) [ဘေဒန+အဓိပ္ပါယ] ကွဲပြားခြင်း၌ အလိုရှိသော၊ ကွဲပြားစေလိုသော၊သူ။ နာ စ ပရေသံ ဝဉ္ဆနာဓိပ္ပါယော ဘေဒနာဓိပ္ပါယော ဝါ ဒါနံ ဒေတိ။ စရိယာ၊ ဌ။ ၂၉၆။

ဘေဒနာဓိပ္ပါယပုရေက္ခာရ (တိ) [ဘေဒနာဓိပ္ပါယ+ပုရေက္ခာရ] ကွဲပြားစေလိုမှုကို ရှေ့သွားပြုသော၊သူ။ နာ သတ္ထု တေန ဘိက္ခုနာ ဘေဒနာဓိပ္ပါယပုရေက္ခာရတာယ။ သာရတ္ထ၊ ၂။ ၂၁။

ဘေဒနိဒ္ဓါရဏ (နာ) [ဘေဒ+နိဒ္ဓါရဏ] အထူးကို ထုတ်ခြင်း၊ တရားအထူးကို ထုတ်ဆောင်ခြင်း။ ဧဝံ ပစ္စေကံ ဘေဒနိဒ္ဓါရဏဝသေန ပုစ္ဆနာကာရံ ဒဿေတုံ။ ဝိမတိ၊ ၁။ ၂၄၂။

ဘေဒနိဗန္ဓန (နာ) [ဘေဒ+နိဗန္ဓန] ကွဲပြားခြင်းလျှင် အကြောင်းရှိသော။ (ပေ-သျ-၌အပြားအားဖြင့်စပ်ဖွဲ့သော ဟု ပြန်ဆို၏။) ပရမတ္ထတော ဝိဇ္ဇမာနမ္ပိ ဘေဒနိဗန္ဓနံ နာနတ္တနယံ အနုပဓာရေတ္ဝာ။ ဒီ၊ဋ္ဌ၊၁။၁၄၁။ သီ၊ဋ္ဌ၊သစ်၊ ၁။၃၀၉။

ဘေဒနိမိတ္တ (နာ) [ဘေဒ+နိမိတ္တ]ကွဲပြားခြင်း၏ အကြောင်း။ ယံ ယဿ ဘေဒနိမိတ္တံ၊ နာ တံ တဿ အနုပါဒါနံ။ အနုဋ္ဌ၊၃။၆၄။

ဘေဒနိဿိတ (တိ) [ဘေဒ+နိဿိတ] အထူးကို မှီသော။ ခန္ဓာဒိသင်္ဂဟသာမညာနံ နိစ္စံ ဝိသေသာပေက္ခတ္တာ ဘေဒနိဿိတတ္တာ စ ပုစ္ဆာ ဝိဿဇ္ဇနာနံ။ မူလဋ္ဌ၊၃။၁၀။(–အနုဋ္ဌ၊၃။၁၂။)

ဘေဒန္တရ (နာ) [ဘေဒ+အန္တရ] အထူးတမျိုး၊ ဝိသေသန တမျိုး။ တဿ ဘေဒန္တရံ အနာမသိတ္တာ ၊ရိစ္ဆေဒကဘာဝေန ဂဟဏံ ကတံ။ မူလဋ္ဌ၊ ၂။၁၂။(–အနုဋ္ဌ၊၃။၁၇၀။)

ဘေဒပရိယာဒါန (နာ) [ဘေဒ+ပရိယာဒါန] အထူး–ဝိသသ– ကို သိမ်းကြုံးယူငင်ခြင်း။ သုခဝေဒနာ ဧဝ ဟောတိ သာမညဿ ဘေဒပရိယာဒါနတော။ အနုဋ္ဌ၊၁။၃၉။

ဘေဒပဝတ္တိ (ထီ)[ဘေဒ+ပဝတ္တိ]ပျက်စီးခြင်း၏ ဖြစ်ခြင်း၊ ပျက်စီးခြင်း။ အတ္ထတော စုတိက္ခန္ဓာနံ ဘေဒပဝတ္တိယေဝ။ သံ၊ဋ္ဌ၊ ၂။၁၄။

ဘေဒပုရေက္ခာရ (တိ) [ဘေဒ+ပုရေက္ခာရ] ကွဲပြားမှုကို ရှေ့သွားပြုသော၊သူ။ ဘေဒပုရေက္ခာရာ ဥပေါသထံ ကရောန္တိ။ ဝိ၊၃။၁၀၀။ (–ဝိ၊ဋ္ဌ၊၃။၃၄၆။ ဝိ၊ဋ္ဌ၊၄။၁၅၅။ သံ၊ဋ္ဌ၊၂။ ၁၃၆။)

ဘေဒပ္ပတ္တိ (တိ) [ဘေဒ+ပတ္တိ] ပျက်စီးခြင်း သို့ ရောက်ခြင်း၊ ပျက်စီးခြင်း။ အတ္ထတော စုတိခန္ဓာနံ ဘေဒပ္ပတ္တိယေဝ။ ဒီ၊ဋ္ဌ။ ၂။၃၃၀။

ဘေဒပ္ပဝတ္တန (တိ) [ဘေဒ+ပဝတ္တန] ကွဲပြားမှုကို တိုးပွားစေတတ်သော။ ဘေဒပ္ပဝတ္တနဝိဝါဒကာရီ၊ ကလဟပ္ပဝတ္တနအကိစ္စကာရီ။ ဒီ၊ ၃။၁၄၀။

ဘေဒယုတ္တ (တိ) [ဘေဒ+ယုတ္တ] အပြားနှင့် ယှဉ်သော။ ယံ ပနေတ္ထ ဘေဒယုတ္တတ္တာ အဝိဘတ္တတ္တာ စ ဝိဘဇိတဗ္ဗံ။ မူလဋ္ဌ၊၁။၁၄၀။

ဘေဒရတ (တိ) [ဘေဒ+ရတ] အုပ်စုကွဲပြားမှု၌ မွေ့လျော်သော၊သင်းခွဲမှု၌ မွေ့လျော်သော၊သူ။ ဝဂ္ဂရတောတိ ဘေဒရတော။ အံ၊ ဌ၊၃။၃၁၀။

ဘေဒရဟိတ (တိ) [ဘေဒ+ရဟိတ] ကွဲပြားခြင်းကင်းသော။ (ပစ္စုပ္ပန်, အတိတ်, အနာဂတ်စသော ၁၁-ပါးသော အပြားမရှိခြင်းကို ဆိုလိုသည်။) ဘေဒရဟိတဿ နိဗ္ဗာနဿ ကောဋ္ဌာသဋ္ဌေန စ ခန္ဓဘာဝေါ နဝုတ္တော။ မူလဋ္ဌ၊ ၂။၄။

ဘေဒဝစန (န) [ဘေဒ+ဝစန] (၁) ကဲ့ပြားအောင် ပြုကြောင်းဖြစ်သော စကား၊ ကုန်းတိုက်စကား။ (၂) ကဲ့ပြားသကဲ့သို့ဆိုခြင်း၊ ကဲ့ပြားသကဲ့သို့ တင်စား၍ ဆိုထားသော စကား။ (၃) (သိက္ခာပုဒ်) ပျက်စီးမှုကို ဆိုကြောင်းစကား။ (၁) တေန ဘိက္ခုနာ ဝုတ္တံ ဘေဒဝစနံ အညမညဿ အာရောစေတွာ။ ပေတ၊ဋ္ဌ။၁၃။ (–ဝိမတိ၊၂။၂၆၈။) (၂) ယဒတ္ထန္တိ ယေသံ အတ္ထာယ၊ အဘေဒေပိ-ဘေဒဝစနဓမတံ။ သီ၊ဋ္ဌ၊သစ်၊၂။၃၃၄။ (–အနုဋ္ဌီ၊၁။၃၀။) (၃) တေနေဝ "တေသုဘိ-နွေသူတိ" ဘေဒစနံ ဝုတ္တံ။ ဝိမတိ၊၂။၁၁၇။

ဘေဒဝစနိစ္ဆာ (ထီ) [ဘေဒဝစန+ဣစ္ဆာ] အထူးအပြားကို ဆိုလိုခြင်း။ သာမညနိဒ္ဒေသံ အကတွာ ဘေဒဝစနိစ္ဆာဝသေန ဗဟုဝစနနိ-ဒ္ဒေသော ကတော။ ဒီ၊ဋ္ဌီ၊၁။၁၁၁။ သီ၊ဋ္ဌီ၊သစ်၊၁။၃၂၂။(–မ၊ဋ္ဌီ၊၂။၁၅၄။)

ဘေဒဝစနောပပတ္တိ (ထီ) [ဘေဒဝစန+ဥပပ-တ္တိ] ကဲ့ပြားသကဲ့သို့ ဆိုခြင်း၏ ဖြစ်သင့်ခြင်း။ ဧဝမေတ္ထ ဘေဒဝစနောပပတ္တိ ဒဋ္ဌဗ္ဗာ။ အနုဋ္ဌီ၊၁။၃။

ဘေဒဝန္တု (တိ) [ဘေဒ+ဝန္တု] (၁) အပြားရှိသော။ (၂) ပျက်စီးခြင်းရှိသော၊ ပျက်စီးတတ်သော။ (၃) စူးရှမှုရှိသော၊ စူးရှတတ်သော သတ္တိရှိသော။ (၁) ဝိဘင်္ဂတဗ္ဗေတိ ဘေဒဝန္တာယ ဝိဘင်္ဂနာရဟော။ အနုဋ္ဌီ၊၁။ ၁၄၇။ (၂) နဟေတ္ထ ယထာ ဘေဒဝတာ သရီရတော အနညတ္တာ အဒိဋ္ဌောပိ ဇီဝဿ ဘေဒေါ ဝုတ္တော။ ဒီ၊ဋ္ဌီ၊၁။၃၄၅။ (၃) သုက-ဿ တနုကဘာဝတော ဘေဒဝတော ဘေဒေါ နာတိမဟာ ဟောတိ။ အံ၊ဋ္ဌီ၊၁။၉၆။

ဘေဒဝိပရိဏာမဋ္ဌ(ပု) [ဘေဒဝိပရိဏာမ+အတ္ထ] ပျက်စီးတတ်ဖောက်ပြန်တတ်သော သဘော။ သမ္မုတိခဏိကဝသေန မရဏဿ ဘေဒဝိပရိ-ဏာမဋ္ဌာ (ဘေဒပရိဏာမတာ?) ယောဇေ-တဗ္ဗာ။ ဒီ၊ဋ္ဌီ၊၂။၈၇။

ဘေဒဝိပရိဏာမတာ (ထီ) [ဘေဒဝိပရိဏာမ+တာ] ပျက်စီးတတ်, ဖောက်ပြန်တတ်သည်၏ အဖြစ်၊ ပျက်စီးတတ်, ဖောက်ပြန်တတ်သော သဘော။ သမ္မုတိခဏိကဝသေန မရဏဿ ဘေဒဝိပရိဏာမတာ ယောဇေတဗ္ဗာ။ မူလဋ္ဌီ၊ ၂။၁၃၁။

ဘေဒဝိဘာဝန(ထီ၊န) [ဘေဒ+ဝိဘာဝန] အထူးအပြားကို ထင်ဗွာပြခြင်း။ ဝိတက္ကမူလဿ တမ္မူလဿ စ ဘေဒဝိဘာဝနံ ဝိတက္ကမူလ-ဘေဒံ ပဗ္ဗံ။ မ၊ဋ္ဌီ၊၂။၇၆။

ဘေဒဝိသမစ္ဆိန္နဝိကာရဒေါသ (တိ) [ဘေဒဝိသ-မစ္ဆိန္န+ဝိကာရဒေါသ] ပျက်စီးခြင်း မညီမညွတ်ခြင်း, ကျိုးပေါက်ခြင်းဟူသော ဖောက်ပြန်သော အပြစ်ရှိသော။ ဂုဏသရီရဿ ခဏ္ဍ-ဆိန္နသီလာဒီဟိ ဟေဋ္ဌာ မဏ္ဍေ ဥပရိဘာဂေ စ ဘေဒဝိသမစ္ဆိန္နဝိကာရဒေါသတ္တာ။ သံ၊ဋ္ဌီ၊၂။ ၃၄၇။

ဘေဒဝိသေသ (ပု) [ဘေဒ+ဝိသေသ] ပြားသောအထူး။ ဘေဒဝိသေသော ဧဝ စ ဧဝံ-ဝိတ္ထာရေန ဒဿိတော။ မူလဋ္ဌီ၊၁။၁၁၀။ (–အနုဋ္ဌီ၊၂။၁၂၄။)

ဘေဒဝေါဟာရ (ပု) [ဘေဒ+ဝေါဟာရ]ပြားသကဲ့သို့ တင်စားခေါ်ဝေါ်ခြင်း။ အဘေဒေပိ ဘေဒဝေါဟာရော ဧသော ယထာ "ပဋိမာယ သရီရ" န္တိ။ သီ၊ဋ္ဌီ၊သစ်၊၁။၁၁၃။ (—သီ၊ဋ္ဌီ၊ သစ်၊၂။၂၀၃။)

ဘေဒသံဝတ္တနိက (တိ) [ဘေဒ+သံဝတ္တနိက] ကဲ့ပြား–သင်းကဲ့–မှုကို ဖြစ်စေတတ်သော။ ဘေဒသံဝတ္တနိကေသု ဘဏ္ဍနာဒီသု သံဃေ ဥပ္ပန္နေသုပိ။ ဣတိဝု၊ဋ္ဌ။၆၅။

ဘေဒသင်္ကီ (တိ) [ဘေဒ+သင်္ကီ] ပျက်စီး–ကျိုး-ပဲ့–အံ့လောဟု ယုံမှားသံသယရှိသော၊ သူ

ရုက္ခပဗ္ဗတာဒီဟိ ပတိတ္ဝာ ဟတ္ထပါဒါဒီနံ ဘေဒဝသေန ဘိန္နေသုပိ ဘိဇ္ဇန္တေသုပိ ဘေဒသင်္ခ်ံပိ **ဟုတ္ဝာ** သော**စ**တိ။ သံ၊ဌ၊၁။၃၁။

ဘေဒသညာ (ထီ) [ဘေဒ+သညာ] ကဲ့လတ္တံ့သော – ကဲ့မည်စိုးသော — အမှ**တ်**သညာ။ ယဒိ ဟတ္ထေန ဂဟိတပတ္တေ ဘေဒသညာ၊ ပဂေဝ အညေန သရီရာဝယဝေန။ ဝင်ရ။ ၅၂၃။

ဘေဒသဒ္ဒ (ပု) [ဘေဒ+**သဒ္ဒ**]ဘေဒသဒ္ဒါ။ဘေဒသဒ္ဒေါ ပစ္စေကံ ယောဇေတဗ္ဗော။ ဝိမတိ၁။ ၁၉။ (–ဒီ၊ဋီ၊၁။၂၀။ သာရတ္ထ၊၁။၃၄။)

ဘေဒသန်ဒဿန (န) [ဘေဒ+သန်ဒဿန] ကဲ့ပြားခြင်းဟု ဆိုးဖြတ်ခြင်း။အစ္စန္တံ ဘေဒသန်ဒဿနေန နာနတ္တနယဿ မိစ္ဆာဂဟဏံ။ သီ၊ဋီ၊သစ်၊ ၁။၄၄၅။

ဘေဒသဗ္ဘာဝ (ပု) [ဘေဒ+သဗ္ဘာဝ] (၁) အထူးအပြား၏ ထင်ရှားရှိခြင်း။(၂)ပျက်စီးမှု ထင်ရှားရှိခြင်း။ (၁) ဧဝံ ဘေဒသဗ္ဘာဝတော ပုစ္ဆာပုဗ္ဗင်္ဂမံ ပဒဘာဇနံ ဒဿေန္တော။ အဘိ၊ဋ္ဌ၊၁။၃၄။ (–မူလဋီ၊၁။၁၅၆။) (၂) တတ္ထ တတ္ထ ဘိဇ္ဇတီတိ ဘေဒသဗ္ဘာဝတော အနိစ္စာ။ ဒီ၊ဋီ၊၁။၃၇၃။ သီ၊ဋီ၊သစ်၊ ၂။၃၀၆။

ဘေဒသမင်္ဂီ (တိ) [ဘေဒ+သမင်္ဂီ] ပျက်စီးမှုနှင့် ပြည့်စုံသော၊ ပျက်စီးတတ်သော။ တေန "ဘေဒေါ" တိ ဣမိနာ ခန္ဓာနံ ဘိဇ္ဇမာနတာ ဘေဒသမင်္ဂီတာ ဝုတ္တာတိ ဒဿေတိ။ သံ၊ဋီ၊

ဘေဒသမ္ဘဝ (ပု) [ဘေဒ+သမ္ဘဝ]အထူးအပြား၏ ဖြစ်သင့်ခြင်း။ကိဉ္စ ဘေဒသမ္ဘဝတော။ ဒီ၊ဋီ၊၁။၁၄၆။ (သီ၊ဋီ၊သစ်၊၁။၃၉၆-အဓိပ္ပာယ်တူ ဝါကျ၌ "ကိဉ္စ ဘိယျော—ဘေဒသဗ္ဘာဝတောပိ အဘိဗျတ္တိဝါဒေါ ဟာယတိ"ဟုရှိ၏။)

ဘေဒဟေတု (ပု) [ဘေဒ+ဟေတု] ကဲ့ပြား–သင်းကဲ့– အုပ်စုကဲ့– ခြင်း ဟူသော အကြောင်း။ ဘိန္နေတိ နိမိတ္တတ္ထေ ဘုမ္မံ ယထာ"အဓနာနံ ဓနေ အနနုပ္ပဒိယမာနေ-တိ၊ ဘေဒဟေတူတိ အတ္ထော။ ဣတိဝုတ်၊ ဋ္ဌ။ ၆၆။

ဘေဒါဓိဂမ (ပု) [ဘေဒ+အဓိဂမ] (ပဋိသမ္ဘိဒါဉာဏ် ၄-ပါး)အထူးအပြားကို ရခြင်း။သုပဋ္ဌနသမ္ပာပုဏနံ အတ္ထာဒိ အနုရူပံ အတ္ထာဒိသုဉာဏဿ ဘေဒါဓိဂမဿ ပုဗ္ဗနိမိတ္တံ။ မ၊ဋီ၊၃။ ၃၄၁။

ဘေဒါဓိပ္ပါယ (တိ) [ဘေဒ+အဓိပ္ပါယ] ကဲ့ပြား–သင်းကဲ့–အုပ်စုကဲ့—မှုကို အလိုရှိသော၊ကဲ့ပြားစေလိုသော၊သူ။ ဒဋ္ဌာကာရေဟိ ပေသုညံ ဟောတိ ပိယကမျာဿ ဝါ ဘေဒါဓိပ္ပါယဿ ဝါ။ ဝိ၊ ၂။ ၂၀။ (–ကခ်ီ။ ၁၉၁။) ဘေဒါဓိပ္ပါယဿ ဝါတိ"ဧဝမယံ တေန ဘိဇ္ဇိဿတီ"တိ ပရဿ ပရေန ဘေဒံ ဣစ္ဆန္တဿ ဝါ။ ဝိ၊၌၊ ၃။ ၇။ (–ကခ်ီ၊ဋီ၊သစ်။၃၄၈။)

ဘေဒါနုပရိဝတ္တိ (ထီ) [ဘေဒ+အနုပရိဝတ္တိ] ပျက်စီးခြင်းသို့ အစဉ်လိုက်ခြင်း။ကမ္မဝိညာဏံ ရူပဿ **ဘေ**ဒါနုပရိဝတ္တိ ဟောတိ။ မ၊၌၊၄။ ၁၉၁။ သံ၊ဌ၊ ၂။ ၂၄၁။ (–မ၊ဋီ။၃။၃၀၉။)

ဘေဒါနုရူပ (တိ) [ဘေဒ+အနုရူပ] ကဲ့ပြား–သင်းကဲ့–အုပ်စုကဲ့–ခြင်းအား လျော်ကန်တတ်သော။ ဘေဒါနုရူပဿ သဘဝနံ အနုဿဝဝနံ။ မူလဋီ၊ ၂။ ၂၀၇။ နေတ္တိ၊ဋီ။၉၃။ (–အနုဋီ၊ ၂။ ၂၀၈။)

ဘေဒါနုဝတ္တက (တိ) [ဘေဒ+အနုဝတ္တက] ကဲ့ပြား – သင်းကဲ့–အောင် ပြုတတ်သူသို့ အစဉ်လိုက်သော၊ သံဃာသင်းခွဲသော ရဟန်းသို့ အစဉ်လိုက်သော၊ သူ။ ဘေဒါနုဝတ္တကာနံ ဘိက္ခူနံ ယာဝတတိယံ သမနုဘာသနာယ။ ဝိ၊၅။၁၀။ (–ကခ်ီ၊ဋီ။၁၅။)

ဘေဒါနုဝတ္တကထုလ္လင်္ဂယ(ပု၊န)[ဘေဒါနုဝတ္တက+ထုလ္လင်္ဂယ] သံဃာသင်းခွဲသော ရဟန်းသို့

(၁) ဘိန္နထာဝုသော သစေ ဓမ္မဿာမိ ဘေဒါ-ပေတိတိ။ ဝိ၊၁။၅၂။ ဘေဒါပေသိ—ဝိ၊၄၊၁။ ၂၅၁။ (၂) အနာပတ္တိ အပလောဧေတွာ ဘေဒါပေတိ ဝါဖာလာပေတိ ဝါ။ဝိ၊ ၂။၎၁၆၊ (—ဝိ၊၅။၁၃၆။)ဘေဒါပေယျ — ဝိ၊ ၂။၎၁၅။ ကခ်ီ။ ၃၎၁။ ဘေဒါပေသိ— ဝိ၊ ၂။၎၁၅။ ဝိ၊၅။၁၁၆။ ဘေဒါပေဿသိ — ဝိ၊ ၂။၎၁၅။

ဘေဒါပေတွာ (ကာ၊ကြို၊ဝိ) [ဘိဒိ+ဏာပေ+တွာ] ရိုက်ခဲ့စေ၍။ တံ ပတ္တံ အာဟရာပေတွာ ဘေဒါပေတွာ။ အပ၊၄၊ ၁။၁၃၀။ (—ဓမ္မ၊၄၊ ၂။၁၃၂။)

ဘေဒါပေန္တ (တိ) [ဘိဒိ+ဏာပေ+အန္တ။ ထိ၌ ဘေဒါပေန္တီ။] ဖောက်ခဲ့စေသော၊ ဖောက်ခဲ့ခိုင်းသော၊ သူ။ ပုရိသေန သဒ္ဒိ ဧကေနေ-ကာယ ဘေဒါပေန္တိယာပါစိတ္တိယံ။ဝိ၊၅၊၁၁၆။ (—၁၃၆။)

ဘေဒါပေယျ (ကာ၊ကြို) [ဘိဒိ+ဏာပေ+ယျ] ဖောက်ခဲ့စေရာ၏။ ဘေဒါပေတိ (၂) ကြည့်။

ဘေဒါပေသိ (ကာ၊ကြို) [ဘိဒိ+ဏာပေ+ဘို] (၁) ဖျက်ဆီးစေပြီ၊ အဖျက်ဆီးခိုင်းပြီ။ ဘေဒါပေတိ (၁) ကြည့်။ (၂) ဖောက်ခဲ့စေပြီ၊ အဖောက်ခဲ့ခိုင်းပြီ။ ဘေဒါပေတိ (၂) ကြည့်။

ဘေဒါပေဿတိ (ကာ၊ကြို) [ဘိဒိ+ဏာပေ+သ္သတိ] ဖောက်ခဲ့စေအံ့၊ အဖောက်ခဲ့ခိုင်းအံ့။ ဘေဒါပေတိ (၂) ကြည့်။

ဘေဒါဘာဝ (ပု) [ဘေဒ+အဘာဝ] (၁) အထူး– အပြား– မရှိခြင်း။ (၂) ပျက်စီးမှု မရှိခြင်း။ (၃) သင်းကဲ့– အုပ်စုကဲ့ပြား–မှု မရှိခြင်း။ (၁) ပစ္ဆိမဘဒ္ဒသ ဘေဒါဘာဝေန အာဒိတော ပဋ္ဌာယ ပုစ္ဆံ အကတ္ဘာဝေ။ အဘိ။ ဋ္ဌ၊ ၁။ ၃၇၃။ (—မ၊ ဋ္ဌ၊ ၁။ ၅၇။ သံ၊ ဋ္ဌ၊၁။ ၁၉၀။) (၂) လောကုတ္တရသရဏဂမနဿ ဘေဒါဘာဝတော။ သီ၊ဋ္ဌ၊သစ်၊ ၂။ ၁၇၀။

အစဉ် လိုက်သော ရဟန်း၏ ထုလ္လစ္စည်း အာပတ်။ အဒဿိတဝတ္ထုကတ္တာ ဘေဒါနု-ဝတ္တကထုလ္လစ္စယဿ။ ဝင်ရ။၇၀။ ကခ်ီ၊ဋ္ဌီ။ ၁၆။ ထုလ္လစ္စယ-ကြည့်။

ဘေဒါပန (န) [ဘိဒိ+ဏာပေ+ယု] (၁) ဖျက်ဆီးစေခြင်း၊ အဖျက်ခိုင်းခြင်း။ (၂) ဖောက်ခဲ့စေခြင်း၊ဖောက်ခဲ့ခိုင်းခြင်း။ (၃) သင်းကဲ့စေခြင်း၊ သင်းခဲ့ခြင်း။ (၁) အောက်ပုဒ် ကြည့်။ (၂)ဘေဒါပနဝတ္ထု-ကြည့်။ (၃)ဘေ-ဒါပနံ ဘေဒေါ....တေသံမတေန ဘေဒါပနဿ အတ္ထာယာတိ အတ္ထော ဝေဒိတဗ္ဗော။ ကခ်ီ။ ယော၊ မဟာဋ္ဌီ၊ ၂။၂၇၉။

ဘေဒါပနဝစန (န) [ဘေဒါပန+ဝစန] ဖျက်ဆီးစေသောစကား၊ အဖျက်ဆီးခိုင်းသော စကား။ ဘဂဝတာ ကုဋ္ဌိယာ ဘေဒါပနဝစ-နေန သိဒ္ဓံ။ ဝိမတိ၊ ၁။၁၆၅။

ဘေဒါပနဝတ္ထု(န)[ဘေဒါပန+ဝတ္ထု] အဖောက်ခဲ့ခိုင်းခြင်းဟူသော အကြောင်း။ ပသာခေ-ဇာတံ ဂဏ္ဍံ ပုရိသေန ဘေဒါပနဝတ္ထုသ္မိံ ပညတ္တံ။ ကခ်ီ။ ၃၄၁။

ဘေဒါပိတ (တိ) [ဘိဒိ+ဏာပေ+တ] ဖျက်ဆီးစေအပ်သော၊ အဖျက်ဆီးခိုင်းအပ်သော (ကုဋ္ဌိ)။ သာပိ ဘဂဝတာ ဘေဒါပိတာ။ ဝိ၊၁။၅၂။

ဘေဒါပေက္ခ (တိ) [ဘေဒ+အပေက္ခ] (၁) (နှစ်ဖြာ) ကဲ့ပြားမှုကို ငဲ့သော။ (၂)အထူး-ဝိသေသန–ကို ငဲ့သော။ (၁) ဘေဒါ-ပေက္ခာယ တေသံ ဒီပေါတိ ကထာ။ သီ၊ ဋ္ဌ၊ သစ်၊ ၁။၂၁။ (၂) န စေတ္ထ သာမညဉ္စ ကေ-ရဠပမေဝါတိ စောဒနာ ကာတဗ္ဗာ ဘေဒါ-ပေက္ခတ္တာ တဿ။ အနုဋ္ဌီ၊ ၃။ ၆။

ဘေဒါပေဘိ (ကာ၊ကြို) [ဘိဒိ+ဏာပေ+တိ] (၁) ဖျက်ဆီးစေ၏၊ အဖျက်ဆီးခိုင်း၏။ (၂) ဖောက်ခဲ့စေ၏၊ အဖောက်ခဲ့ခိုင်း၏။

(၃)တေသံ ဝသေန သဗြဟ္မစာရိနံ သမဂ္ဂ-ဘာဝေါ ဘေဒါဘာဝေါ သိဒ္ဓေါယေဝ။ မ၊ဋ္ဌ၊ ၂။ ၃၀၆။ အံ၊ဋ္ဌ၊၃။၉၅။

ဘေဒါဘာဝဒဿန (န) [ဘေဒါဘာဝ+ဒဿန] အထူးမရှိသည်၏ အဖြစ်ကို ပြခြင်း၊ အထူးမရှိခြင်းကို ပြခြင်း။ အတ္ထတော ဘေဒါဘာဝ-ဒဿနန္တိ ဝေဒိတမ္ဘော။ အနုဋ္ဌီ၊၃။၂၉၁။

ဘေဒါဘာဝဒီပန (ထီ၊န) [ဘေဒါဘာဝ+ဒီပန] အပြားမရှိသည်၏ အဖြစ်ကို ပြခြင်း၊ အပြားမရှိခြင်းကို ပြခြင်း။အသခ််တာ ဓာတုက္ကစ္ဆေဝ ကတော ပရမတ္ထတော ဘေဒါဘာဝဒီပနတ္ထံ။ အနုဋ္ဌီ၊၁။၁၀၃။

ဘေဒါဘေဒ (ပု) [ဘေဒ+အဘေဒ] (က) ဝိသေသန, ဝိသေသျ၊ ဝိသေသ, သာမည။ (ခ)ပြားမှု မပြားမှု။ (က) သမာနာခိကရ-ဏဘာဝေါ တေသံ ဘေဒါဘေဒါနံ ကေ-ဝတ္ထုသန္နိဿယတ္တာ။ အနုဋ္ဌီ၊၃။၁၇၀။ (-၁၆၉။) (ခ) ဘေဒါဘေဒဝိသေသ-ကြည့်။

ဘေဒါဘေဒနိဗန္ဓန (တိ) [ဘေဒါဘေဒ+နိဗန္ဓန] ဝိသေသ သာမညလျှင် အကြောင်းရင်းရှိသော။ ဘေဒါဘေဒနိဗန္ဓနတ္တာ ဝိသေ-သနဝိသေသိတမ္ဘဘာဝဿ သော အစ္စန္တ-မဘိန္နသု နိယမေန နတ္ထိ။ အနုဋ္ဌီ၊၁။၃၃။

ဘေဒါဘေဒယုတ္တ (တိ) [ဘေဒါဘေဒ+ယုတ္တ] (က) ဝိသေသန, ဝိသေသျအဖြစ်နှင့် ယှဉ်သော။ (ခ) ပြားမပြားနှင့်ယှဉ်သော။ (က) သမာနေ အတ္ထေ ဘေဒါဘေဒယုတ္တေ ပဝတ္တိ အနုမတာ။ မူလဋ္ဌီ၊၁။၃၅-၆။ (-အနုဋ္ဌီ၊၁။ ၅။) (ခ)န ဟိ သမုဒါယာဝယဝါနံ သာမည-ဝိသေသာနံ ဝိယ အစ္စန္တဘေဒေါ အတ္ထိ ဘေ-ဒါဘေဒယုတ္တတ္တာ။ အနုဋ္ဌီ၊၃။၂၃။

ဘေဒါဘေဝန္တု (တိ) [ဘေဒါဘေဒ+ဝန္တု] ဝိသေသ သာမညရှိသော။ ဘေဒါဘေဒ-ဝန္တော်သူ(မူလဋ္ဌီ၊၁။၃၅)တိ ဝိသေသသာမည-ဝန္တော်သူ။ အနုဋ္ဌီ၊၁။၃၃။

ဘေဒါဘေဒဝိသေသ (ပု) [ဘေဒါဘေဒ+ဝိသေသ]ပြား မပြားသောအထူး၊ ကဲ့ပြား, မကဲ့ပြားသော အထူး။ ဘေဒါဘေဒဝိသေ-သော၊ စုတိပဋိသန္ဓိနံ ပရိညေယျော။ အဘိ၊ ဋ္ဌ၊၂။၁၅၃။ ဝိသုဒ္ဓိ၊၂။၁၈၆။ စုတိပဋိသန္ဓိနံ ခန္ဓာဒီဟိ အညမညသမာနတာ အဘေဒေါ။ အသမာနတာ ဘေဒေါ။ ဝိသုဒ္ဓိ၊ဋီ၊၂။၃၀၉။

ဘေဒါမသန (န) [ဘေဒ+အာမသန] အထူး-ဝိသေသ—ကို သုံးသပ်ခြင်း။ "သမ္ဘေသု ပဒေ-သေသု"တိ ပစ္စေကံ ဘေဒါမသနဝသေန-စာယံ ပဋ္ဌော ပဝတ္တော။ အနုဋ္ဌီ၊၁။၁၅။

ဘေဒါသင်္ကီ (တိ) [ဘေဒ+အာသင်္ကီ] ကဲ့ပြား-သင်းကဲ့-အုံ့လောဟု ယုံမှားတတဲ့သော၊သူ။ ဘေဒါသင်္ကီ (သုတ္တနိ။၃၁၀။ ဇာ၊၁။၁၂၀) တိ အဇ္ဇ ဘိဇ္ဇိဿာတိ၊ သွေ ဘိဇ္ဇိဿတီတိ ဇေဝံ မိတ္တဿ ဘေဒမေဝ အာသင်္ကတိ။ ဇာ၊ဋ္ဌ၊ ၃။၁၇၀။ (-သုတ္တနိ၊ဋ္ဌ၊၁။၃၁၂။)

ဘေဒိတ (တိ) [ဘိဒိ+တ] (၁) ခွဲခြမ်း-စိတ်ဖြာ—အင်္သော။ (၂) ဖျက်ဆီးအပ်သော။ (၁) သမူဟဿနေ ကိစ္စာရမ္ဘဿနေ စ ဘေ-ဒိဟေ အနုတ္တလက္ခဏံ ယာ ဿာဝသရသတော ဥပဋ္ဌာတိ။ အံ၊ဋ္ဌီ၊၁။၂၇၂။ (-အနုဋ္ဌီ၊၂။၄၆။) (၂) ဒဿာပိ သာမုသမာစာရဿ ပရိဟရဏီ-ယဿ ဘေဒိတတ္တာ ဘိန္နသံဝရော ဇဝ နာမ။ အံ၊ဋ္ဌီ၊၃။၇၉။ (-ဒီ၊ဋ္ဌီ၊၂။၁၄၇။)

ဘေဒူပစာရ (ပု) [ဘေဒ+ဥပစာရ] ကဲ့ပြား သကဲ့သို့ တင်စားခေါ်ဝေါ်ခြင်း။ အဘေဒေ ပိ ဝါ ဘေဒူပစာရေနာယံ ဝေါဟာရော။ သာရတ္ထ၊၃။၃၀၇။

ဘေဒေတမ္ဘ (တိ) [ဘိဒိ+တမ္ဘ။ ဟ္ရ၊-အာဂုမ်ကို " ဧ " ပြု။ ရူ၊နှာ။၃၄၄။] သင်းခွဲအပ်သော၊ သင်းခွဲခံရသော၊သူ။ န ဘိက္ခု ဘိက္ခု။

ဟိ ဘေဒေတမ္ဘော။ ဝိ၊၄။၅၂။ (—အနုဋ္ဌီ၊ ၂။၁၆၃။) နှ ဘိုက္ခု၊ ဘိုက္ခူဟိဟိ အညော ဘိုက္ခု အညေဟိ ဘိုက္ခူဟိ နှ ဘိန္နဲတမ္ဘော။ ဝိ၊၌၊၄။

ဘေဒေတိ (ကာ၊ကြို) [ဘိဒိ+ဏော+တိ။ နိရုတ္တိ၊ နှာ။၄၃၇။] ကွဲပြားစေ၏၊ ကွဲပြားအောင် ကုန်းတိုက်၏၊ သင်းခွဲ၏။ ဘိုက္ခု ဘိုက္ခူဟိ ဘေဒေတိ။ ဝိ။၃။၁၁၇။ (—ဝိ၊၄။၄၂၊ ၂၆၄၊ ဝိ၊၅။၃၃၉။)ဘေဒေတိတိ ပေသုညံ ဥပသံဟ-ရိတ္ဘာ ဘေဒေတိ။ ဝိ၊၌၊၃။ ၂၉၄။

ဘေဒေါပစာရဒဿန (န) [ဘေဒေါပစာရ+ဒဿန] ကွဲပြားသကဲ့သို့ တင်စားခေါ်ဝေါ်မှုကို—ဘေဒုပစာကို—တွေ့မြင်ရခြင်း။ ဘေ-ဒေါပစာရဒဿနတော ဘေဒဝစနံ ယုတ္တံ။ အနုဋ္ဌီ၊၁။၄။

ဘေဒျ (တိ) [ဘိဒိ+ဏျ] အထူးပြုအပ်သော၊ အထူးပြုခံရသော (ဝိသေသျ)။ ဧကာက်ပုဒ် ကြည့်။

ဘေဒျဘေဒက (တိ) [ဘေဒျ+ဘေဒက] အထူး ပြုအပ် အထူးပြုတတ်သော၊ဝိသေသျ ဝိသေ-သန။ ဘေဒျဘေဒကံ ဝါ ဧတံ ယထာ"ကထိ-နဿတ္ထာယ အာဘတ"န္တိ။ သီဋီ၊သစ်၊၁၁၃။ (—သီ၊ဋီ၊သစ်၊၂။၁၅၄။)

ဘေမိ (ကြို) [ဘီ+အ+မိ] ကြောက်ခြင်း-ထိတ်လန့်-၏။နပိ ဘေမိ သောတ္တာ(သံ၊၁။ ၁၁၂။)ဆိုခဲ့.....အဟံ သုပိတုမ္ပိ နှ ဘာယာ-မိ။ သံ၊ဋ္ဌ၊၁။၁၆၂။ ဘာယတိ—ကြည့်။

ဘေရဏ္ဍ (ပု) [ဘီ+ရဏ္ဍ(ဘေရဏ္ဍ—သံ)](၁) မြေခွေး။ (၂) ငှက်တမျိုး၊ ငှက်ဆိုး။အောက် ပုဒ်ကြည့်။

ဘေရဏ္ဍက (ပု) [ဘေရဏ္ဍ+က (ဘေရဏ္ဍက -သံ)] (၁) မြေခွေး။ (၂) ငှက်တမျိုး၊ ငှက်ဆိုး။ (၃) မနုစ်သက်ဖွယ်-ကြောက်ဖွယ်ကောင်း—သောအသံ။(၁) ဘေရဏ္ဍကာ (ဇာ၊၂။၆၄) တိ သိင်္ဂါလာ။ ဇာ၊ဋ္ဌ၊၅။၂၉၅။ ဘေရဏ္ဍကာတိ ဘာယတိ ဧတေဟီတိ ဘေရ-ဏ္ဍာ၊ဘေရဏ္ဍာ ဧဝ ဘေရဏ္ဍကာ၊ သိင်္ဂါလာ-တိ အာဟ ဘေရဏ္ဍကာတိ သိင်္ဂါလာတိ။ဇာ၊ ဋ္ဌ၊သစ်၊စဉ်၊ဝမ်း။ (၂) (၃) ဘေရဏ္ဍကံယေဝါ (ဒီ၊၃။၂၀) တိ အပ္ပိယအမနာပသဒ္ဒမေဝ။ ဒီ၊ဋ္ဌ၊၃။၁၃။ဘေရဏ္ဍကံယေဝါ တိ ဘေရဏ္ဍသ-ကုဏ္ဍဝေသဒိသံယေဝ ဘေရဏ္ဍော နာမ ဧကော ပက္ခီ ဒ္ဒိမုခေါ၊ တဿ ကိရ သဒ္ဒေါ အတိ ဝိယ ဝိရူပေါ အ မနာပေါ။ဒီ၊ဋ္ဌ၊၃။၁၀။

ဘေရဏ္ဍသကုဏ္ဍရဝ (ပု) [ဘေရဏ္ဍသကုဏ္ဍ+ရဝ] ငှက်ဆိုးသံ။ အဏက်ပုဒ် (၂)(၃)ကြည့်။

ဘေရဝ[၁] (နှ)[ဘီရု+ဏ။ဘီရုနော ဣဒံ ဘေရဝံ၊ ဏော။ ဓာန်၊ ဋ္ဌီ။၁၆၇။] (၁) ကြောက်ခြင်း-ထိတ်လန့်-ခြင်း။ (တိ) (၂)ကြောက်ခြင်းကို ဖြစ်စေတတ်သော၊ ကြောက်ဖွယ်ကောင်း သော (အဆင်းအသံစသည်)။ (၁) ဘေရဝံ တု မဟဋ္ဌယံ။ ဓာန်။ ၁၆၆။ (တိ) (၂) စရ-ကဲ့ ဗဟု ဘေရဝါ ဗဟူ။ သံ၊၁။၁၀၈။(—သုတ္တနိ။ ၄၂၆။၄၂၉။ စရိယာ။ ၃၉၃၊၄၁၂။သံ၊ ဋ္ဌ၊၁။၂၇၈။) ဘေရဝါတိ သဝိညာဏကအဝိ-ညာဏကဘေရဝါ။ တတ္ထ သဝိညာဏကာ-သီဟဗျဂ္ဃဒယော၊ အဝိညာဏကာ ရတ္တိ-ဘာဂေ ခါဏုဝမ္မိကာဒယော။ သံ၊ဋ္ဌ၊၁။ ၁၅၉။ ဘေရဝါတိ အဝီတရာဂါနံ ဘယ-ဇနကာ။ သံ၊ဋ္ဌီ၊၁။၂၀၆။ (—သုတ္တနိ၊ဋ္ဌ၊၂။ ၂၈၇၊၂၉၇။ စရိယာ၊ဋ္ဌ။၈၆၊၂၁၁။ သံ၊ဋ္ဌီ၊၁။ ၃၀၉။)

ဘေရဝ[၂] (ပု) [ဘေရဝ+ဏ။ ဘေ+ရု+ဏ။ ဘေရဝယုတ္တတာယ ဘေရဝေါ "ဘေ" ဣတိ ရဝတီတိ ဝါ ဘေရဝေါ။ ဓာန်၊ဋ္ဌီ။၆၁၅။](၁) မြေခွေး။ (၂) ဝက်ဝံနက်။ (၁) သိင်္ဂါလော ဇမ္ဗုကော ကောတ္ထု၊ ဘေရဝေါ စ သိဝါဗျုဆ။ ဓာန်။၆၁၅။ (၂) ဘေရဝဿ (မ၊၂။၉၃)တိ

ကာဠသီဟဿ။ မ၊ဋ္ဌ၊၃၀၀။ ကာဠသီဟ-ကြည့်။

ဘေရဝဒဿန (န) [ဘေရဝ+ဒဿန] ကြောက်မက်ဖွယ် အမြင်ရှိသောအာရုံ၊ ကြောက်မက်ဖွယ်ရှုပါရုံ။ ဥဂ္ဂဟနိမိတ္တံ ဝိရူပံ ဗီဘစ္ဆံ ဘေရဝဒဿနံ ဟုတ္တာ။ ဝိသုဒ္ဓိ၊၁။၁၀၃။

ဘေရဝနာဂနိဿာသ (ပု) [ဘေရဝနာဂ+နိဿာသ] ကြောက်မက်ဖွယ်ကောင်းသော နဂါး၏ နှာမှုတ်သံ။သုသုကာရန္တိ သုသူတိ ပဝတ္တံ ဘေရဝနာဂနိဿာသံ။မ၊ဋ္ဌ၊၂။၃၁၆။

ဘေရဝယက္ခရူပ (န) [ဘေရဝယက္ခ+ရူပ] ကြောက်မက်ဖွယ် ဘီလူး၏ရူပါရုံ၊ ကြောက်စရာဘီလူးရုပ်။သော ဘေရဝယက္ခရူပံ နိမ္မိနိတ္တာ မဟာသတ္တံ တဇ္ဇေန္တော။ဇာ၊ဋ္ဌ၊၇။၂၁၂။

ဘေရဝရဝ (ပု) [ဘေရဝ+ရဝ] ကြောက်မက်ဖွယ်အသံ။ သန္တာသပ္ပတ္တာ ဘေရဝရဝံ ရဝန္တာ ကာလံ ကရောန္တိ။ဓမ္မ၊ဋ္ဌ၊၂။၁၁၁။ (–ဇာ၊ဋ္ဌ၊ ၅။၂၇၈။)

ဘေရဝရာဝ (ပု) [ဘေရဝ+ရာဝ] ကြောက်မက်ဖွယ်အသံ။ တသတိ ရဝတိ ဘေရဝရာဝမဘိရဝတိ။ မိလိန္ဒ။၂၄၆။

ဘေရဝရူတ (တိ) [ဘေရဝ+ရူက] ကြောက်မက်ဖွယ်တွန်သံရှိသော၊ သူ။ သန္တိ ခေါ ပန အမနုဿာ ဝိရူပါ ဒုဒ္ဒသိကာ ဘေရဝရူတာ ပက္ခိနော။ မ၊ဋ္ဌ၊၄။၁၂၈။

ဘေရဝရူပ (န) [ဘေရဝ+ရူပ] (၁) ကြောက်မက်ဖွယ်အဆင်း၊ ကြောက်စရာရုပ်။ (တိ) (၂) ကြောက်မက်ဖွယ် အဆင်းရှုပါရုံ ရှိသော၊သူ။ (၁) ဘေရဝရူပံ ပဿတော ဘယသန္တာသော ဥပ္ပဇ္ဇတိ။ မ၊ဋ္ဌ၊၃။၁၀၁။(–သံ၊ဋ္ဌ၊၁။ ၂၇၇။ ဇာ၊ဋ္ဌ၊၁။)၅၂၄။ မ၊ဋ္ဌီ၊၃။ ၁၂၆။)(တိ) (၂) သန္တိ ခေါ ပန အမနုဿာ ဝိရူပါ ဒုဒ္ဒသိကာ ဘေရဝရူပါ မိဂပက္ခိနော။ ဒီ၊ဋ္ဌ၊၂။ ၂၇။ (–ပေတ၊ဋ္ဌ။၁၄၁။)

ဘေရဝရူပဒဿန (န) [ဘေရဝရူပ+ဒဿန] ကြောက်မက်ဖွယ် အဆင်းကို ပြခြင်း၊ ကြောက်စရာရုပ်ကို ပြခြင်း။ ယန္နူနာဟံ ဣမံ သဟတ္ထေန အမာရေတ္တာ ဘေရဝရူပဒဿနေန ဇီဝိတက္ခယံ ပါပေယျံ။ ဇာ၊ဋ္ဌ၊၇။၂၁၂။(–ဣတိဝုတ်၊ဋ္ဌ။၃၃၁။)

ဘေရဝရူပါရမ္မဏ (န) [ဘေရဝ+ရူပါရမ္မဏ] ကြောက်စရာရူပါရုံ။ ကေဒိဝသံ ဘေရဝမ္မပါရမ္မဏံ ဒဿေတွာ။ ဇာ၊ဋ္ဌ၊၂။၃၂၃။(–၃၉၇။ ဇာ၊ဋ္ဌ၊၃။၁၂၇။)

ဘေရဝသဒ္ဒ (ပု) [ဘေရဝ+သဒ္ဒ](၁)ကြောက်မက်ဖွယ်–ကြောက်စရာ–အသံ။ (တိ) (၂) ကြောက်စရာ အသံရှိသော၊သူ။ (၁)ဒီဗွာယသောတမာတုယာ ဘေရဝသဒ္ဒံ သုဏာတော။ မ၊ဋ္ဌ၊၃။၁၀၀။ (–သံ၊ဋ္ဌ၊၁။ ၂၉၇။ ဓမ္မ၊ဋ္ဌ၊၁။ ၆၆။ ထေရ၊ဋ္ဌ၊၁။၁၄၇။) (တိ) (၂) ဘေရဝသဒ္ဒေ မိဂပက္ခီ ဒုဒ္ဒသိကေ အမနုဿေ စ ပဋိက္ကမာပေတွာ။ ဇာ၊ဋ္ဌ၊၄။၄၉၃။(–စရိယာ၊ဋ္ဌ၊၉၀။)

ဘေရဝသုသာနဝန (န) [ဘေရဝ+သုသာနဝန] ကြောက်မက်ဖွယ်–သုသာန်အသရဲကြိုင်း–တော။ ဘီဘဝန္တိ ဧဝံ နာမကံ ရာဇဂဟသမီပေ မဟန္တံ ဘေရဝသုသာနဝနံ။ ထေရ၊ဋ္ဌ၊၁။၅၇။

ဘေရဝါကာရ (ပု) [ဘေရဝ+အာကာရ](၁) ကြောက်မက်ဖွယ်– အခြင်းအရာ– အသွင်။ (တိ) (၂) ကြောက်မက်ဖွယ် အခြင်းအရာရှိသော၊သူ။ (၁) တထာ ဒါဝဂ္ဂိမှိ တထာ ဘေရဝါကာရေန အဝတ္ထရိတ္ဝာ။ စရိယာ၊ဋ္ဌ။ ၂၂၀။ (တိ) (၂) ဘေရဝါကာရာ နရကပါလာတိ သမညံ လဘန္တိ။ အံ၊ဋ္ဌီ၊၂။၁၁၄။ အနုဋီ၊၃။၁၅၀။

ဘေရဝါရမ္မဏ (နာ) [ဘေရဝ + အာရမ္မဏ] ကြောက်မက်ဖွယ်အာရုံ။ ဗဟူဟိ ဘေရဝါရမ္မဏေဟိ သမန္နာဂတံ။ အံ၊ဋ္ဌ၊၂။၃၀၉။ (

ခုဒ္ဒကာဋ္ဌ။ ၂၀၀။ သုတ္တနိ၊ဋ္ဌ၊၁။၁၇၇။ ဇာ၊ဋ္ဌ၊ ၂။၉၄။)ဘေရဝါရမ္ဘဏေဟိတိ သဝိညာဏကာ ဝိညာဏကေဟိ ဘေရဝါရမ္ဘဏေဟိ။ အံ၊ဋ္ဌ၊ ၂။၃၀၆။

ဘေရဝါဝဟ (တိ)[ဘေရဝ+အာဝဟ]ကြောက်မက်ဖွယ်ကို ဆောင်တတ်သော။ တဒေဝ ယဿ ကဿစိ ဘေရဝါဝဟတ္တာ ဘေရဝံ။ သံ၊ဋ္ဌီ၊၁။ ၂၁၁။

ဘေရိစမ္မ (နာ) [ဘေရီ+စမ္မ] စည်ကြက်သော သားရေ။ မဟာပထဝိ ဘေရိစမ္မံ ကတ္တာ။ အံ၊ဋ္ဌ၊ ၂။၂၁၂။ (–ဝိ၊ဋ္ဌ၊၃။၃၁၁။ ဝိ၊သင်္ခ။ ၁၆၃။)

ဘေရိစရဏမဂ္ဂ (ပု) [ဘေရီ+စရဏမဂ္ဂ] စည်လှည့်လည်ရာလမ်း၊ စည်တီးရာလမ်း။ တိဂါဝုတပ္ပမာဏေ နဂရေ ဘေရိစရဏမဂ္ဂေနေဝ-အာစရိ။ ဓမ္မ၊ဋ္ဌ၊၁။၃၀၇-၈။

ဘေရိစရဏဝီထိ (ထီ) [ဘေရီ+စရဏဝီထိ] စည်လှည့်ယည်ရာလမ်း၊ စည်တီးရာလမ်း။ သတ္ထာ ရညော စိတ္တပ္ပသာဒံ ဉတ္တာ ဘေရိစရဏဝီထိ-ယာ နဂရံ စရိတ္တာ။ ဓမ္မ၊ဋ္ဌ၊၁။၃၀၈။

ဘေရိစာရိက (တိ) [ဘေရီ+စာရိက] စည်လည်သော၊ စည်တီးသော၊သူ။ (စည်တီးသမား။) ဧဝံ သန္တေ တမေဝ ဘေရိစာရိကံ ပက္ကောသာပေတ္တာ။ အံ၊ဋ္ဌ၊၁။၂၇၂။ ထေရီ၊ဋ္ဌ။၁၉၅။

ဘေရိ (ရီ) တလ (နာ) [ဘေရီ+တလ] စည်အပြင်၊ စည်မျက်နှာပြင်။ သက်သတေန ဝိဟတံ ဘေရိတလံ ဝိယ နိဗ္ဗလိကံ ဟောတိ။ မ၊ဋ္ဌ၊၃။၁၀၉။ (–အံ၊ဋ္ဌ၊၃။၃၅၁။ ဇာ၊ဋ္ဌ၊၂။ ၉၄။) သမံ ဘေရိတလသဒိသံ ကတ္တာ။ ဝိသုဒ္ဓိ၊၁။၁၂၁။

ဘေရိပရိဗ္ဗာဇိကာ (ထီ) [ဘေရီ+ပရိဗ္ဗာဇိကာ] ဘေရီမည်သော ပရိဗိုဇ်မ။ ဒေဝ မဟော သဓော ဘေရိပရိဗ္ဗာဇိကာယ သဒ္ဒိံ ကေ-တော ဟုတ္တာ။ ဇာ၊ဋ္ဌ၊၆။၃၁၉။

ဘေရိ (ရီ) ပေါက္ခရ (နာ) [ဘေရီ+ပေါက္ခရ]စည်ခွက်။ နနု မဟာရာဇ ဘေရိပေါက္ခရံ သုက္ခံ သုက္ခေန ဂေါစမ္မေန ဩနဒ္ဓန္တိ။ မိလိန္ဒ။၂၅၃။ (–ဝိ၊ဋ္ဌ၊၂။၁၃၁။ ဝိမတိ၊၁။၂၆၃။) မဟန္တာနံ ဘေရိပေါက္ခရာဒီနံ လိခနကာလေ။ ဒီ၊ဋ္ဌ၊၂။ ၃၅၅။

ဘေရိဝါဒက(တိ)[ဘေရီ+ဝါဒက] စည်တီးသော၊ သူ။ (စည်တီးသမား။)တေန ဟိ ဘေရိဝါဒကံ ပက္ကောသာပေတ္တာ။ ဇာ၊ဋ္ဌ၊၁။၃၇၂။

ဘေရိဝါဒကကုလ (နာ) [ဘေရိဝါဒက+ကုလ] စည်းတီးသမားအမျိုး။ ဗောဓိသတ္တော ဘေ-ရိဝါဒကကုလေ နိဗ္ဗတ္တိတ္တာ ဂါမကေ ဝသတိ။ ဇာ၊ဋ္ဌ၊၁။၃၁၀။

ဘေရိဝါဒန (နာ) [ဘေရီ+ဝါဒန] စည်တီးခြင်း။ နဂရေ ဓမန္တေန ဘေရိဝါဒနေန ကဟာပဏ-သတံ လဒ္ဓံ။ ဇာ၊ဋ္ဌ၊၁။၃၀၁။

ဘေရိဝါဒိဟသညာ (ထီ) [ဘေရိဝါဒိတ+သညာ] စည်တီးသံအမှတ်။ တံ ဘေရိဝါဒိတသညာယ ဘတ္တေ ဒီယမာနေ လောလော ဟုတ္တာ။ဇာ၊ဋ္ဌ၊၂။၂၀၈။

ဘေရိဝီဏာသဃ်ာဋ္ဌ (ပု)[ဘေရိဝီဏာ+သဃ်ာဋ္ဌ] စည်, စောင်းကြက်စရာသားရေ။ ဘေရိအာ-ဒီနံ ဝိနဒ္ဓနော ပကရဏသမူဟော ဘေရိဝီ-ဏာသဃ်ာဋ္ဌောတိ ဝေဒိတဗ္ဗံ၊ သဃ်ဋ္ဌိတဗ္ဗော-တိ သဃ်ာဋ္ဌောတိ ကတ္တာ။ ဝိမတိ၊၁။၂၆၃။

ဘေရိဝေလာ (ထီ) [ဘေရီ+ဝေလာ] စည်တီးခြိန်။ ယဒါ ဘေရိဝေလာယ နဂရံ အာကုလံ ဟောတိ။ ဇာ၊ဋ္ဌ၊၅။၄၉၀။

ဘေရိသဃ်ာဋ္ဌ (ပု) [ဘေရီ+သဃ်ာဋ္ဌ] ကြက်အပ်သော သားရေရှိသောစည်၊ သားရေကြက်ထားသောစည်။ ဘေရိသဃ်ာဋ္ဌော (ဝိ၊ဋ္ဌ၊၂။

ဘုဝ၊ဝိ၊သင်္ဂဟ။ဂုဘ။)တိ သဃ်ဒ်ိတစမ္မဘေရီ။ သာရတ္ထ၊၂။ဂုဂဘ။ ဝိမတိ၊ဘ။၂၆ဂု။ ဒီနယာ-လင်္ကာရ၊ဋီ၊ဘ။ဂဖ။

ဘေရီသညာ (ထိ) [ဘေရီ+သညာ] စည်သံအမှတ်။ ဘေရိသည် ဝါ သခ်ိသည် ဝါ ကတွာ။ ဝိ၊ဋ္ဌ၊ဂု။ဂု၂ဂု။ ဝိ၊သင်္ဂဟ။ဘဂ၇။

ဘေရီ (ရီ) သဒ္ဒ (ပု)[ဘေရီ+သဒ္ဒ]စည်သံ။သော သုဏောယျ ဘောရိသဒ္ဒမိ့ မုဒိင်္ဂသဒ္ဒမိ့။ ဒီ၊ဘ။ ၇၅။ (—အံ၊ဘ။၅၀၅။ ပဋိသံ၊ဋ္ဌ၊ဘ။ဖ၅။ ဇာ၊ဋ္ဌ၊ဘ။ဂုဝဘ။) ရူပါရမ္မဏံ ဝါ ဘေရီသဒ္ဒါဒိ-ဝသေန။ ဒီ၊ဋ္ဌ၊၂။၂၇၅။

ဘေရီ (ထိ) [ဘိ+ရက်။ ဘာယန်္တိ တောယာတိ ဘေရီ=ဒုန္နုဘိ။ မောဂ်၊၇။ဘင်ဖ။] (၁) စည်။ (၂) ဘေရိပရိဗိုင်္ဂမ။ (၁) ယတ္ထဿု ဘေရီ နဒတိ၊ ကုဋ္ဌရော စ နိကူဇတိ။ ဇာ၊၂။၇ဝ။ (—မိလိန္ဒ။၁ဝ၅။ မ၊ဋ္ဌ၊ဥ။ဘင္ဂ။ ပဋိသံ၊ဋ္ဌ၊၂။ ၂၇၉။ ဇာ၊ဋ္ဌ၊၅။ဘဘဖ။) (၂) တဒါ ဘေရီ နာမ ပရိဗ္ဗာဇိကာ ဆုဇဂေဟေ ဘုဉ္ဇတိ။ဇာ၊ဋ္ဌ၊ဖ။ဥဘဂ။

ဘေသ (ပု) ဘေသမည်သော ဘီလူး။ ဘေသကဋ္ဌဝန (၁) ကြည့်။

ဘေသက (ဂ) ဋ္ဌာ (တိ)] [ဘေသ+က(ဂ) ဋ္ဌာ] ဘေသကဋ္ဌာမည်သော၊ သူ။ အောက် ပုဒ်ကြည့်။

ဘေသက (ဂ) ဋ္ဌာဝန (န) [ဘေသကဋ္ဌာ+ဝန] ဘေသကဋ္ဌာမည်သောတော။ (ပဓဉ်း ခုံတော။ ပါစိတ်သျှန့်ဉ် 'မူလပဏ္ဏာသသျှ။ ဃမ္မဏ္ဍမည်သောတော။ သစ်ဖြူပင်တော။ ကေစိ။ ဘေသဘီလူး လျောကျဆုဖြစ်သော တော။ သာရတ္ထ၊ ဥ။ ဂဘ။ မ၊ဋ္ဌီ၊၂။ဂ၉၉။ ဘေသကဋ္ဌာဘီလူးမ စိုးအုပ်သောတော။ သံ၊ဋ္ဌ၊ ၂။၂၂၉။ ဤတောဋ္ဌ ဘုရားရှင် ရှစ်ဝါမြောက် ဝါဆိုတော်မူသည်။ အံ၊ဋ္ဌ၊၂။ဥဝ။ နာလန္ဒာ ဝိသာလ သဒ္ဓသာဂရ သင်္ကတအဘိဓံန်၌ "ဘီမဂ္ဂရ" ဟု ပုဒ်ဇာခု တွေ့ရ၏၊ ယင်းပုဒ်ကား ရှစ်ရှားပင် ဟူသော အနက်ကို ဟောလေသည်။) သုသုမာရဂိရေ ဘေသကဋ္ဌာဝနေ မိဂဒါယေ။ ဝိ၊၂။ဘဂ၂။မဘ။ဘဥ၂။ သံ၊၂။ဘ။ (•ထေရ။ဥဖ၇။)ဘေသကဋ္ဌာဝနေတိ ဘေသ-ကဋ္ဌာနာမကော ဝနေ။ ဘေသကဋ္ဌာဝနေတိပိ ပါဌော။ မ၊ဋ္ဌ၊ဘ။ဥ၇ဝ။ ဘေသကဋ္ဌာဝနေ-တိ ဘေသကဋ္ဌာယ နာမ ယက္ခိနိယာ အဓိ-ဝုတ္ထတ္တာ ဇဝံ လဒ္ဓနာမေ ဝနေ။ သံ၊ဋ္ဌ၊၂။ ၂၂၉။ (—ထေရ၊ဋ္ဌ၊၂။၅ဝ၄။) ဘေသကဋ္ဌာ-တိ ဃမ္မဏ္ဍနာမကော ဂစ္ဆဝိသေသော။ ကေစိ "သေတရုက္ခော"တိ ပိ ဝဒန္တိ။တေသံ ဗဟုလ-တာယ ပန တံ ဝနံ ဘေသကဋ္ဌာဝနန္တေဝ ပညာယိတ္ထ။ ဘေသဂဋ္ဌာဝနေတိပိ ပါဌော။ ဘေသော နာမ ကောယက္ခော အယုတ္တကာရီ တဿ တံတော ဂဋ္ဌိတဋ္ဌာနတာယ တံ ဝနံ ဘေသဂဋ္ဌာဝနံ နာမ ဇာတန္တိ ဟိ ကေစိ။ သာရတ္ထ။ဥ။ဂဘ။(—မ၊ဋ္ဌီ၊၂။ဂ၉၉။)

ဘေသကဋ္ဌာဝနမဟာဝိဟာရ (ပု) [ဘေသက-ဋ္ဌာဝန+မဟာဝိဟာရ] ဘေသကဋ္ဌာတော ကျောင်းကြီး။ ပုန ဘေသကဋ္ဌာဝနမဟာ-ဝိဟာရေ နိသီဒိသ္မာ ဘိက္ခူ သံဃဿ ဝိတ္ထာ-ရေန ကထေသိ။ အံ၊ဋ္ဌ၊ဥ။၂၂ဂ။

ဘေသဇ္ဇ (န) [ဘိသက္က+ဏျ၊ ဓာန်၊ဋ္ဌီ။ဥဥဝ။ နီတိ၊သုတ္တ။ဘဝဂ။ ဘိသဂ္ဂ+ဏျ။ရူ၊နှာ။၂၃ဝ] ဆေး။ ယာနိ ခေါ ပန တာနိ ဂိလာနာနံ ဘိက္ခူနံ ပဋိသာယနီယာနိ ဘေသဇ္ဇာနိ။ ဝိ၊ ဘ။ဥဖ၃။ (—မ၊ဘ။ဘဥ။အံ၊၂။ဥဂ၂။ မဟာနိ။ ဥ၉၇။) ဘေသဇ္ဇာနိတိ ဘေသဇ္ဇကိစ္စံ ကရော-န္တော ဝါ မာ ဝါ၊ ဇဝံ လဒ္ဓဝေါဟာရာနိ။ ဝိ၊ဋ္ဌ၊၂။၂ဂ၉။ ကခ်ီ။ ဘဂဘ။ဘိသက္ကဿ ဣမာ-နိ တေန အနုညာတတ္တာတိ ဘေသဇ္ဇာနိ။ ကခ်ီ၊ဋ္ဌီ၊သစ်။ဥ၂ဂ။ (—မဟာနိ၊ဋ္ဌ၊ဂ၁ဘ။ မ၊ ဋ္ဌီ၊ဘ။ဘဖ၉။ အံ၊ဋ္ဌီ၊ဥ။ဘ၂ဂ။)

ဘေသင်္ဇကပါလ (ပုဂ္ဂ) [ဘေသင်္ဇ+ကပါလ] ဆေးခွက်၊ ဘေသင်္ဇကပါလာနိ ပိ ကေသဉ္စိ သုသဏ္ဌာနာနိ ကေသဉ္စိ ဒုဿဏ္ဌာနာနိ ပါပုဏာတိ။သံ၊ဋ္ဌ၊၃။၂၃၀-၁။ (–ဝိသုဒ္ဓိ၊၁။၃၃၇။)

ဘေသင်္ဇကပါလက (ပုဂ္ဂ) [ဘေသင်္ဇ+ကပါလက] ဆေးခွက်ငယ်။ ဘေသင်္ဇကပါလကာနိ ပိ ကေသဉ္စိ သုသဏ္ဌာနာနိ ကေသဉ္စိ ဒုဿဏ္ဌာနာနိ ပါပုဏာတိ။ ဒီ၊ဋ္ဌ၊၁။၁၇၁-၉။ အဘိ၊ဋ္ဌ၊၂။၃၄၅။

ဘေသင်္ဇကမ္မ (နာ) [ဘေသင်္ဇ+ကမ္မ] ဆေးကုသမှု။ အယံ ရောဂေါ နာ သက္ကာ ယေန ကေနစိ ဥဒ္ဓံဝိရေစနာဒီနာ ဘေသင်္ဇကမ္မေန ဝိနေတုံ။ အပ၊ဋ္ဌ၊၁။၁၈၆။

ဘေသင်္ဇကရဏ (နာ) [ဘေသင်္ဇ+ကရဏ] ဆေးအမှုပြုခြင်း။ (ဆေးကုသခြင်း၊ ဆေးဖော်စပ်ခြင်း၊)တသ္မာ ဘေသင်္ဇကရဏေန ဥပစ္ဆိန္နံ တဗ္ဗော။ ဝိသုဒ္ဓိ၊၁။၉၁။ သာရတ္ထ၊၂။၂၀၁။ (–သံ၊ဋ္ဌ၊၃။၁၂၁။ သီ၊ဋ္ဌ၊သစ်၊၂။၁၀၁။ သံ၊ဋ္ဌ၊၂။၃၀၆။)

ဘေသင်္ဇကရဏကာလ (ပု) [ဘေသင်္ဇကရဏ+ကာလ] ဆေးကုသရာအခါခိန်အခါ။ "ဘေသင်္ဇကရဏကာလော နာမ ဧဝံ ဟောတိ" တိ သလ္လက္ခေတွာ ဘေသင်္ဇကရဏကာလော။ မ၊ဋ္ဌ၊၄။ ဂ-၉။

ဘေသင်္ဇကရဏယောဂျတာ (ထီ) [ဘေသင်္ဇကရဏယောဂျ+တာ] ဆေးကုသခြင်းဌာ–သင့်လျော်– လျောက်ပတ်– သည်၏ အဖြစ်။ ပိတ္တသေမှ၀ါတ၀သေန ဟိ တိဿောဓာတုယော ဣဓ ဘေသင်္ဇကရဏယောဂျတာယ အဓိပ္ပေတာ။ သီ၊ဋ္ဌ၊သစ်၊၁။၇၀။

ဘေသင်္ဇကရဏီယ (နာ) [ဘေသင်္ဇ+ကရဏီယ] ဆေးကိစ္စ။ နာ ဘေသင်္ဇကရဏီယေန ဝါ ဘေသဇ္ဇံ။ ကခ်ီ။ ၂၃၅။ (–ဝိ၊ဋ္ဌ၊၃။၁၄၄။ သာရတ္ထ၊ ၃။ ၆၉။) နာ ဘေသင်္ဇကရဏီယေနာတိ နာ ဘေသဇ္ဇေန ကိစ္စေန။ကခ်ီ၊ယော၊၄။၁၃၂။

ဘေသင်္ဇကာရိတကာလ(ပု) [ဘေသင်္ဇကာရိတ+ကာလ] ဆေးကုသစေသော အခါ။ ဇီ၀ကံ-ပေသေတွာ ဘေသင်္ဇကာရိတကာလတော ပဋ္ဌာယ ပန ဒဋ္ဌာမိတ္တော၁၀ ဇာတော။ မ၊ ဋ္ဌ၊ ၄။၄၇။

ဘေသင်္ဇကိစ္စ (နာ) [ဘေသင်္ဇ+ကိစ္စ] ဆေးကိစ္စ၊ ဆေးကုသခြင်းကိစ္စ။ပုန တေဟိ ပဥ္စမူလဘေသင်္ဇေဟိ ဘေသင်္ဇကိစ္စံ ကရိဿာမိ။ မိလိန္ဒ။ ၄၃။

ဘေသင်္ဇကိရိယ (ထီ၊နာ) [ဘေသင်္ဇ+ကိရိယ] ဆေးကုသခြင်း။ ပိတ္တာဒိရောဂါတုရော ဘေသင်္ဇကိရိယာယ တံ ရောဂပူပသမနတ္ထံ အာရောဂျံ။ မဟာနိ၊ဋ္ဌ။၂၄၅။

ဘေသင်္ဇကိရိယာကရဏ(နာ) [ဘေသင်္ဇကိရိယာ+ကရဏ] ဆေးကုသမှုပြုခြင်း၊ ဆေးကုသခြင်း။ ယာ ပနဿ ဘေသင်္ဇကိရိယာကရဏေန ဥပ္ပန္နာ ဒုက္ခဝေဒနာ။ မိလိန္ဒ။၁၁၇။

ဘေသင်္ဇကွန္ဓက (ပု) [ဘေသင်္ဇ+ခန္ဓက] ဘေသင်္ဇကွန္ဓက၊ ဆေးနှင့် စပ်လျဉ်း၍– ဟောကြား– ပညတ်–တော်မူအပ်သော သိက္ခာပုဒ်အပေါင်း။ ဝိနယပိဋကဂ၊ မဟာဝဂ္ဂပါဠိ၊ ဖ-ခန္ဓက။ ဝိ၊ ၃။ ၂၉၀-၃၅၀။ ဝိ၊ ဋ္ဌ၊ ၃။ ၃၂၂-၃၈၆။ ဘေသင်္ဇကွန္ဓကေ သာရဒိကေန အာဗာဓေနာတိ သရဒကာလေ ဥပ္ပန္နေန ပိတ္တာဗာဓေန။ ဝိ၊ဋ္ဌ၊၃။၃၂၂။ (–မ၊ဋ္ဌ၊၃။၂၃၃။ သုတ္တနိ၊ဋ္ဌ၊၁။၁၃၇။)

ဘေသင်္ဇဃဋ္ဋ (ထီ၊ပု)[ဘေသင်္ဇ+ဃဋ္ဋ]ဆေးအိုး။ အက်ံသကေ လဂ္ဂေတွာ ဌပိတာဘဏ္ဍံ ပန ဘေသင်္ဇဃဋ္ဋော ဝါ ဘေသင်္ဇတ္ထဝိကာ ဝါ သစေ ဘိတ္တိ ဝါ ဘူမိ ဝါ အဖုသိတွာ ဌပိတံ။ ဝိ၊ဋ္ဌ၊၁။၂၈၃။

ဘေသင်္ဇစကော်ဠက (ပု) [ဘေသင်္ဇ+စကော်ဠက] ဆေးထည့်စရာ ပန်းတောင်း၊ ဆေးပန်းတောင်း။ (ဆေးဗူး၊ ဆေးကြူတ်၊ ဆေး

ပုလင်း၊ ဆေးသောက္ကာ စသည်သည်း ဟော၏။) တိဟိ စ ကဟာပဏသဘေဟိ သဒ္ဒိ ဘေသင့်စကော်ဒ္ဓကံ ပူရေတ္ဝာ။ ဝိ၊၄၊၂။ဖဖ။ ဝိ၊သာဂ်ဟ။၁၁။

ဘေသင့်စုဏ္ဏ (နှ) [ဘေသင့်+စုဏ္ဏ] ဆေးမှုန့်။ ဘေသင့်ဒါနိ ဃံသေတ္ဝာ ဘေသင့်စုဏ္ဏေန နီလုပ္ပလံ ပရိဘာဝေတ္ဝာ။ စရိယာ၊၄။ ၇၀။ ဇာ၊၄၊၄။၄၀၇။

ဘေသင့်ဇာနနက (တိ) [ဘေသင့်+ဇာနနက] ဆေးအတတ်ကို သိသော၊ ဆေးကုသတတ်သော၊သူ။ (ဆေးဆရာ။) အမ္မ အာဘံ ဘေသင့်ဇံ နဇာနာမိ၊ ဘေသင့်ဇာနနကံ ပန ဇာနာမိ။ ဓမ္မ၊၄၊၁။၄၄၄။

ဘေသင့်ဟုမ္မ (ပု) [ဘေသင့်+တုမ္ဗ] ဆေးပူး၊ ဆေးကျည်တောက်။ ဘေသင့်နာဠိကာကြည့်။

ဘေသင့်တေလ (နှ) [ဘေသင့်+တေလ] ဆေးဆီ၊ ဆေးဖြစ်အောင် ချက်ထားသော ဆီ။ သတပါကသဟဿပါကာနဉ္စ ဘေသင့်တေလာနံ တုမ္ဟာနိ ပူရေတ္ဝာ။ ဝိ၊၄၊၁။၁၆၇။ ဘေသင့်တေလဿနှစ်ကို ဘေသင့်သမ္ဘာကေန သာဓိတတေလာနံ။ သာရတ္ထ၊၁။၄၅၈။

ဘေသင့်တေလပါက (ပု) [ဘေသင့်တေလ+ပါက] ဆေးဖြစ်သောဆီချက်ချိန်။ (မ။ဋ္ဌိ၊၃။ ၃၂၆–၌ တေလပါက်ကိုသာ ဖွင့်ဘည်။ ဆီချက်သူသည် အချိန်ကိုမလွန်ရ၊ အချိန်ကို မှတ်သား၍ ချက်ရ၏၊ ဘုရားရှင်သည်လည်း သတ္တဝါများကို တရားဟောချင်၌ ဉာဏ်ရင့်ချိန်နှုချိန်ကို မှတ်သား၍ တရားဟောတော်မူသည်။) ဓမ္မံ ဒေသေတ္ဝာ ဘေသင့်တေလပါကံ ဂဏှန္တော ဝိယ ကာလံ အနတိက္ကမိတ္ဝာ။ မ၊၄၊၁။၁၁၄။

ဘေသင့်ထဝိကာ (ထီ) [ဘေသင့်+ထဝိကာ] ဆေးအိတ်။ ဘေသင့်ဃရ-ကြည့်။

ဘေသင့်ဒါန (နှ) [ဘေသင့်+ဒါန] (က) ဆေးပေးလှူခြင်း၊ ဆေးလှူခြင်း။(ခ)ဆေးအလှူ။ ဆေးပစ္စည်းအလှူ။ (က) ပုန အဝိနာသာယ ဘေသင့်ဒါနန္တိ အတ္ထော။ ဒီ၊၄၊၁။ ၉၁။ (–အဗ၊၂။၂၁။ ဝိ၊၄၊၂။၅၇။ ပေတ၊ ၄။၁၇၁။) ဘေသင့်ဒါနန္တိ ဂဗ္ဘသဏ္ဌာပန ဘေသင့်ဃ ဒါနံ။ သံ၊၎၊သစ်၊၁။၃၇၅။ (ခ) အဇ္ဈောမရဏဘာဝါယ ဘေသင့်ဒါနံ ဒေတိ။ စရိယာ၊၄။ ၂၉၈။ ဒီ၊၎၊၁။ဂဖ။ သီ၊၎၊သစ်၊၁။ ၂၇၆။

ဘေသင့်နာမ (နှ) [ဘေသင့်+နာမ] ဆေးအမည်၊ ဆေးနာမည်။ ဘေသင့်ဇေဒ်ဃကြည့်။

ဘေသင့်နာဠိကာ (ထီ) [ဘေသင့်+နာဠိကာ] ဆေးပူး၊ ဆေးကျည်တောက်။ ဘေသင့်နာဠိက (ဒီ၊၄၊၁။ဂ၅)နှင့် ဘေသင့်တုမ္ဗံ။ သီ၊၎၊သစ်၊၁။၃၆၆။

ဘေသင့်ပက္ခိတ္တ (တိ) [ဘေသင့်+ပက္ခိတ္တ] ဆေးထည့်ထားသော၊ ဆေးခတ်ထားသော။ ယံကိဉ္စိ ဘေသင့်ပက္ခိတ္တံ ဘဗ္ဗံ အနုညာတမေဝ ဟောတိ။ ဝိ၊၄၊၃။၃၇၃။

ဘေသင့်ပစ္စယ (ပု) [ဘေသင့်+ပစ္စယ] ဆေးပစ္စည်း။ ဘေသင့်ပစ္စယေဟိ ဂိလာနဿ ဝိညတ္တိပိ ဝဋ္ဋတိ။ သီ၊၎၊သစ်၊၁။၃၅၈။

ဘေသင့်ပဋိဂဟဏ (နှ) [ဘေသင့်+ပဋိဂဟဏ] ဆေးခံယူခြင်း၊ ဆေးခံလောက်ရုံ။ ဘေသင့်ပဋိဂဟဏမတ္တေနေဝ စ ကပါလကေန တေသံ အတ္ထော။ ဒီ၊၄၊၁။၁၇၉။ မ၊၄၊၁။၂၇၁။ သံ၊၄၊၃၊၃၃၁။

ဘေသင့်ပဋိဇဂ္ဂန (နှ) [ဘေသင့်+ပဋိဇဂ္ဂန] ဆေးကုသခြင်း, ကျေးမွေးသုတ်သင်ခြင်း။ သာမဏေရဿ ဝိယ သဗ္ဗံ ဘေသင့်ပဋိဇဂ္ဂနမ္မိ-တဿ ကာတဗ္ဗံ။ ဝိ၊၄၊၂။၂၆၂။

ဘေသင့္ပယေျာဂ (ပု) [ဘေသင့္+ပယေျာဂ] (၁) ဆေးဖော်စရာပစ္စည်း၊ ဆေးဘက်ဝင်ပစ္စည်း၊ ပရဆေးပစ္စည်း။ (၂) ဆေးကုသခြင်းလုံ့လပယောဂ။ (၁) အတိဝ ဝိသတိဘေသင့္ပယေျာဂေဘေတိ အတ်ဝိသံ။ သီ၊ဋ္ဌီ၊သစ်၊၁၊၃၅၅။ (၂) ဘေသင့္ကတ္တာ တိဘေသင့္ပယေျာဂံ ကတ္တာ။ သံ၊ဋ္ဌီ၊၂။၃၄၂။

ဘေသင့္ပရိက္ခာရ (ပု) [ဘေသင့္+ပရိက္ခာရ] ဆေးပစ္စည်းအသုံးအဆောင်။ ကပ္ပိုရဘဏ္ဍော-လာဒိကံ ဘေသင့္ပရိက္ခာရဠ္ဆ အံဒါသိ။ အပ၊ဋ္ဌ၊၂။၈၁။

ဘေသင့္ပရိဂ္ဂဟဏ (နာ) [ဘေသင့္+ပရိဂ္ဂဟဏ] ဆေးခံယူခြင်း၊ ဆေးခံလောက်ရုံ။ ဘေသင့္ပရိဂ္ဂဟဏမတ္တေနေဝ ဗ ကပါလဓနေန တေသံ အတ္ထော။ အာကိ၊ဋ္ဌ၊၂။၃၄၅။

ဘေသင့္ပရိစ္ဆေဒ (ပု) [ဘေသင့္+ပရိစ္ဆေဒ] ဆေးအပိုင်းအခြား။ ကာလပရိစ္ဆေဒံ ဘေသင့္ပရိစ္ဆေဒံ ဝါ ကတ္ဝာ သံဃဝေသေန ပဝါရိတဋ္ဌာနတော တဒုတ္တရိ ဝိညာပေန္တေန။ ဝိမတိ၊၂။၃၄။

ဘေသင့္ပရိဘောဂ (ပု) [ဘေသင့္+ပရိဘောဂ] ဆေးကို–မှီဝဲ–သုံးဆောင်–ခြင်း။ သတိပစ္စယတာ ပစ္စယေ သတိ ဘေသင့္ပရိဘောဂသာ ကာရဏေ သတိ။ ဝိမတိ၊၁။၃၁၇။

ဘေသင့္ပရိယန္တ (ပု) [ဘေသင့္+ပရိယန္တ] ဆေးအပိုင်းအခြား။ ဘေသင့္ပရိယန္တေ ယေ-ဟိ ဘေသင့္ဇေဟိ ပဝါရိဘော ဟောတိ။ ဝိ၊၂။၃၃၈။ (–ကခ်ီ။၂၃၅။ သာရတ္ထ၊၃။၆၉။)

ဘေသင့္ပါန (နာ) [ဘေသင့္+ပါန] ဆေးသောက်ခြင်း။ ယံ သန္ဓာယာတိ ယံ ဘေသင့္ပါနံ သန္ဓာယ။ သာရတ္ထ၊၁။၅၅။ ဝိမတိ၊၁။၁၅။ သီ၊ဋ္ဌီ၊သစ်၊၁။၇၀။

ဘေသင့္ပါနာနုလေပ (ပု) [ဘေသင့္+ပါနာနုလေပ] ဆေးသောက်ခြင်း, ဆေးလိမ်းခြင်း။ ဒိဿန္တိ ဘန္တေ နာဂသေန ဝေဇ္ဇာနံ ဥပက္ကမာ ဘေသင့္ပါနာနုလေပါ။ မိလိန္ဒ။၁၅၃။

ဘေသင့္ပပ္ပဓာပဝါရဏာ (ထီ) [ဘေသင့္ပပ္ပစ္ဆဲ+ပဝါရဏာ] ဆေးပစ္စည်းဖြင့်ဖိတ်ကြားခြင်း။ အနုဇာနာမိ ဘိက္ခဝေ စာတုမာသံ ဘေသင့္ပပ္ပစ္ဆဲ-ဓပဝါရဏံ သာဒိတုံ။ ဝိ၊၂။၁၃၆။

ဘေသင့္ဗလ (နာ) [ဘေသင့္+ဗလ] ဆေး၏အစွမ်း။ ဘေသင့္ဗလေန ပန သုခေန ဒယျေ ဃျ။ မ၊ဋ္ဌီ၊၂။၂၄၀။

ဘေသင့္မက္ခိတ (တိ) [ဘေသင့္+မက္ခိတ]ဆေးသုတ်လိမ်းအပ်သော။ ဝစ္စမဂ္ဂေ ဘေသင့္မက္ခိကာ အာဒါနဝဋ္ဋိ ဝါ ဝေဋ္ဌနာဋ္ဌိကာ ဝါ ဝဋ္ဋတိ။ဝိ၊ဋ္ဌ၊၃။၃၇၅။ဝိ၊သဂ်ဟ။၄၆၁။(နိဿယ များ၌ “ဘေသင့္မက္ခိတံ”ဟု နပုလ္လိင်ရှိ၏။ ဆေးသုတ်လိမ်းခြင်း၊လိမ်းကျံအပ်သောဆေး —ဟု အနက်ပြန်သည်။ ဆဋ္ဌမူအလို“ဘေသင့္မက္ခိကာ”သည် အာဒါနဝဋ္ဋိ ဝေဋ္ဌနာဋ္ဌိကာတို့၏ ဝိသေသနဖြစ်သည်။)

ဘေသင့္မဇ္ဇ (ပု) [ဘေသင့္+မဇ္ဇ] ကြည်လင်သောဆေး၊ ဆေးရည်ကြည်။ ဗာဟိရကံ ဟိ ဘေသင့္မဇ္ဇံ ဝေဇ္ဇာ အာသမ္ဘဓာ ပိဝန္တာနံ။ ပဋိသံ၊ဋ္ဌ၊၂။၁၈၁။ (–သံ၊ဋ္ဌီ၊၂။၆၂။)

ဘေသင့္မတ္တာ (ထီ) [ဘေသင့္+မတ္တာ]အနည်းငယ်သောဆေး၊ ဆေးအနည်းငယ်။ အတ္ထိ မေ အင္ဂ ဘေသင့္မတ္တာပိတာ။ ဒီ၊၁။၁၈၈။ ဝိ၊ဋ္ဌ၊၁။၈။ ဒီ၊ဋ္ဌ၊၁။၈။ ခုဒ္ဒကာ၊ဋ္ဌ။၈၀။ ဘေသင့္မတ္တာတိ အပ္ပမတ္တကံ ဘေသင့္ံ “အပ္ပကော ဟိ အယံ မတ္တာသဒ္ဒေါ” မတ္တာသုခပရိစ္စာဂါ” တိ အာဒီသု ဝိယ။ သာရတ္ထ၊၁။၅၅။ ဝိမတိ၊၁။၁၅။ (–ဒီ၊ဋ္ဌီ၊၁။၂၃။ သီ၊ဋ္ဌီ၊သစ်၊၁။၇၁။)

ဘေသင့္မူလ (နာ) [ဘေသင့္+မူလ] ဆေးဖိုးဝါးခ။ ကေဝလံ ဘေသင့္မူလမတ္တံ ဒေတု။ ဇာ၊ဋ္ဌ၊၄။၁၇၂။

ဘေသင်္ခယောဂ (ပု) [ဘေသင်္ခ + ယောဂ] ဆေးနှင့်ယှဉ်ခြင်း၊ဆေးပေးခြင်း။ ကေဇနဝ ဘေသင်္ခယော်ဂေန တိကိစ္ဆိတုံ သက္ကော်တိ။ ဝိ၊၄၊၃။၃၉၇။ (ကေဇနေဝ ဘေသင်္ခယော်ဂေန = ဆေးတကြိမ် ပေးသဖြင့်သာလျှင်။ သျှ။)

ဘေသင်္ခယောဇန (နာ) [ဘေသင်္ခ+ယောဇန] ဆေးနှင့် ရောဂါကို ယှဉ်စေခြင်း အတတ်၊ အနာနှင့်ဆေး တည့်အောင် ပေးတတ်သော အတတ်ပညာ၊ ဆေးကုသမှု အတတ်ပညာ။ တဆာ နံ ဘေသင်္ခယောဇနံ သိက္ခာ-ပေသိ။ ဝိ၊၄၊၃။၃၉၇။ ဘေသင်္ခယောဇနန္တိ ဘေသဇ္ဇေန ရောဂဿ ယောဇနံ။ ပါစိတ်၊ ယော။၃၇၀။

ဘေသင်္ခရုက္ခ (ပု) [ဘေသင်္ခ+ရုက္ခ] ဆေးပင်။ သေယျထာပိ နာမ မဟာတော ဘေသင်္ခ-ရုက္ခဿ တိဋ္ဌတော မူလံ မူလတ္ထိကာ ဟရန္တိ။ စရိယာ၊၄။ ၂၀၅။ ဒီ၊ဋ္ဌ၊၁။၇၅။ သီ၊ဋ္ဌသစ်၊၁။ ၂၆၂။

ဘေသင်္ခဝတ္ထ (နာ) [ဘေသင်္ခ+ဝတ္ထ] ဆေးဝတ်၊ ဆေးအလှူဝတ်။ ဘိက္ခုသံဃဿ ဘေသင်္ခ-ဝတ္ထံ နိဗ္ဗဒ်။ မ၊၁၄။၁၃၉။ (–အဘိ၊၁၊ ၂။ ၃၂၇။)

ဘေသင်္ခဝတ္ထု (နာ) [ဘေသင်္ခ+ဝတ္ထု] ဆေးပေး သော ဝတ္ထု။ ဘေသင်္ခဝတ္ထုသ္မိံ ဝိယာ(ကခ်ိ။ ၁၂၃)တိ....အာပတ္တိ ဒုက္ကဋဿာတိ လှမသ္မိံ ဝတ္ထုသ္မိံ ဝိယ။ ကခ်ိ၊ဋ္ဌ၊သစ်။၂၁၈။

ဘေသင်္ခဝိညတ္တိ (ထီ) [ဘေသင်္ခ + ဝိညတ္တိ] ဆေးကို သိစေခြင်း၊ ဆေးတောင်းခြင်း။ ဆေးအလှူခံခြင်း။ တတော ဘေသင်္ခဝိညတ္တိ အဂိလာနတာ ပရိယန္တာတိက္ကမော။ ကခ်ိ။ ၂၃၆။ (–ဝိမတိ၊ ၂။၄၁။)

ဘေသင်္ခဝိညာပနဝတ္ထု (နာ) [ဘေသင်္ခဝိညာပန +ဝတ္ထု] ဆေး–တောင်းခြင်း – အလှူခံခြင်း –ဟူသောအကြောင်း။ သက္ကေသု ဆဗ္ဗဂ္ဂိ-ယေ အာရဗ္ဘ ဘေသင်္ခဝိညာပနဝတ္ထုသ္မိံ ပညတ္တံ။ကခ်ိ။ ၂၃၆။

ဘေသင်္ခဝိဓိ (ပု) [ဘေသင်္ခ+ဝိဓိ] ဆေးအစီ အရင်၊ ဆေးကုသနည်း။ အထ နံ ဉာတကာ ဝေဇ္ဇပရိဒ္ဓေန ဘေသင်္ခဝိဓိနာ ဥပဋ္ဌဟိတ္ဝာ အရောဂမကံသု။ ထေရ၊၁၊၁။၄၅၅။

ဘေသင်္ခသံဝိဓာန (နာ) [ဘေသင်္ခ+သံဝိဓာန] ဆေးစီရင်ခြင်း။ မာရေတုကာမဿ သြပါတ-အပဿေန ဥပနိက္ခိပနံ ဘေသင်္ခသံဝိဓာနံ။ ဝိ၊၁၊၂။၃၉။ (–သီ၊ဋ္ဌ၊သစ်၊၁။၃၂၄။)

ဘေသင်္ခသဂ်ဟိတ (တိ) [ဘေသင်္ခ+သဂ်ဟိတ] ဆေး၌ သွင်းယူအပ်သော၊ ဆေးအဖြစ် သတ်မှတ်ထားအပ်သော။ တဋ္ဌိ ဘေသင်္ခသဂ်ဟိ-တမ္ပိ အကာလိကမေဝ၊ ပဋိဂ္ဂဟိတ်သောင ကာလိကတ္တာ။ ဝိမတိ၊ ၂။၃၅။

ဘေသင်္ခသမုဋ္ဌိတ (တိ) [ဘေသင်္ခ+သမုဋ္ဌိတ] ဆေးကြောင့်ဖြစ်သော၊ (ဆေးထိုး—ဆေး စား—မှားသော)။ ဘေသင်္ခသမုဋ္ဌိတော ဝိယ ရောဂေါ အတေကိစ္ဆော ဟောတိ။ ဒီ၊ဋ္ဌ၊၂။ ၃၇၇။ မ၊ဋ္ဌ၊၁။၂၉၅။ သံ၊ဋ္ဌ၊၁။၁၉၄။ အံ၊ဋ္ဌ၊ ၁။၃၉၁။

ဘေသင်္ခသမ္ဘဒါန (နာ) [ဘေသင်္ခ+သမ္ဘဒါန]ဆေး ပေးခြင်း။ ဘေသင်္ခသမ္ဘဒါနေနာ (ဝိ၊ဋ္ဌ၊၂။ ၃၈။ ကခ်ိ။၁၂၁) တိ ဂဗ္ဘပါတနဘေသင်္ခဒါ-နေန။ ကခ်ိ၊ဋ္ဌ၊သစ်။၂၁၁။

ဘေသင်္ခသမ္ဘဂ (ပု) [ဘေသင်္ခ+သမ္ဘဂ]ဆေး ဖြစ်အောင် ချက်ထားခြင်း။ ဘေသင်္ခတေလ-ကြည့်။

ဘေသင်္ခသမ္ဘရဏ (နာ) [ဘေသင်္ခ+သမ္ဘရဏ] ဆေးစုဆောင်းခြင်း။ ဘေသင်္ခသမ္ဘရဏတ္ထ-ဥ္စေဝ တဒတ္ထံ အာမိသကိဉ္စက္ခသမ္ဘရဏတ္ထဉ္စ ပါဏံ ဟနတိ။ သံ၊ဋ္ဌ၊၂။၃၆၀။

ဘေသင်္ခသမ္မတ (တိ) [ဘေသင်္ခ+သမ္မတ] ဆေးဟု – သမုတ် – ခေါ်ဝေါ် – ပညတ်–အပ်သော။ ယံ ဘေသင်္ခဠေဝ အဃာ ဘေသင်္ခသမ္မတဉ္စ လောကဿ။ဝိ၊၃။ ၂၉၀။ ဝဇိရ။ ၂၇၁။

ဘေသင်္ခသိက္ခာပဒ (နှ) [ဘေသင်္ခ+သိက္ခာပဒ] ဘေသင်္ခသိက္ခာပုဒ်၊ 'ထောပတ် ဆီ ပျားစသော ဆေးပစ္စည်းမျှားကို အကပ်ခံပြီးနောက် ၇-ရက်သာ ဘုဉ်းပေးကောင်းသည်၊ ၇-ရက် ဇကျော်လျှင် ပါစိတ်အာပတ်သင့်စေ'ဟု ပညတ်အပ်သော သိက္ခာပုဒ်။ ဝိနယပိဋကး၊ ပါရာဇိကပါဠိ၊ ၄-ကဏ္ဍ၊ ၃-ဝဂ်၊ ၃-သိက္ခာပုဒ်။ ဝိ၊ ၁။၃၆၀-၄။ တေန သမယေနာတိ ဘေသင်္ခသိက္ခာပဒံ။ ဝိ၊၄။ ၂၈၀။ (—ဝဇိရ။၃၂၂။ မ၊ဋ္ဌ၊၁။၇၇။)

ဘေသင်္ခသေဝနာ (ထီ) [ဘေသင်္ခ+သေဝနာ] ဆေးကို—မှီဝဲ—သုံးဆောင်—ခြင်း။ ပိတ္တာဒိဒေါသေ ပန ဘေသင်္ခသေဝနာယ နိဝတ္တေန္တော၊ မ၊ဋ္ဌီ၊၃။၁၀၇။

ဘေသင်္ခဟာရ (တိ) [ဘေသင်္ခ+ဟရ+ဏ။ ထိ–၌ ဟာရိ,ဟာရိနီ။] ဆေးကို ဆောင်ယူသော၊ သူ။ ဘေသင်္ခဟာရီ (ပေတ။၁၄၂) တိ ဘေသင်္ခဟာရိနိယော ဩသဟောရိကာယော။ ပေတ၊၀၀။၈၁။

ဘေသင်္ခာဓိကဏ္ဏ (နှ) [ဘေသင်္ခ+အာဓိကဏ္ဏ] ဆေးကို—ညွှန်ပြ—ပြောကြား—ခြင်း။ ဝိနယာစာရံ အကောပေတွာ ဘေသင်္ခာဓိကဏ္ဏေန ဝေဇ္ဇာစရိယဘာဂေါတိ အတ္ထော။ ဝိမတိ၊ ၁။၂၃၆။

ဘေသင်္ခောဒဿ (တိ)[ဘေသင်္ခ+ဩဒဿ]ဆေးနာမည်ဖြင့် ခွင့်ပြုအပ်သော (ထောပတ်, ဆီဦး, ဆီ, ပျား, တင်လဲ)။ ဘေသင်္ခောဒဿံ နာမ "အနုဇာနာမိ ဘိက္ခဝေ ပဉ္စဘေသင်္ခာနီ"-တိ ဇဝံ ဘေသင်္ခနာမေန အနုညာတာနိ အာဟာရဇ္ဇာ ဟင်္ဂုံတုံ သမတ္ထာနိ သပ္ပိနဝနီတ-တေလမဓုဖာဏိတာနိ။ ဝိ၊၄။ ၂၉၆။(–သာ-ရတ္ထ၊ ၂။၄၃၃။) (ဝဇိရ။ ၂၇၁-၌ ဘေသင်္ခော-ဒိသ–ဟုရိ၏။)

ဘေသ္မ (တိ) [ဘီ+သ္မ။ ဘာယတိ ယသ္မာတိ ဘေသ္မံ၊ သ္မပစ္စယော။ ဓာန်၊ဠီ။၁၆၇။] ကြောက်မက်ဖွယ်သော။ ဘေသ္မာ အဂ္ဂိသမာ ဇာလာ၊ ကောသာ ဥယ္ယန္တိ ဘာဂသော။ ဇာ၊ ၂။၁၆၉။ (—၆၀၊ ၂၂၂။ စရိယာ။၄၁၅။) ဘေသ္မာတိ ဘယာနကာ။ ဇာ၊၌၊၆၊၆၀။ (—ဇာ၊၌၊၅။ ၂၀၉။ ဇာ၊၌၊၇။၁၆။ စရိယာ၊၌။ ၁၅၉။)

ဘော (ဗျ) [အာလုပ်အနက်၌ ဖြစ်သောနိပါတ်၊ ကေဝုစ် ဗဟုဝုစ် နှစ်မျိုးလုံး, လိင် ၃-မျိုးလုံး၌ "ဘော်" ဟု ပင် သုံးနိုင်၏။မောဂ်၊ ပဠိ-ကာ၊ ၂။၃၀။ နီတိ၊သုတ္တ။၄၇၄။ ဓာန်။၁၁၃၉။ နိရုတ္တိ၊နှာ။၈၇။ ယင်းနိပါတ်ပုဒ်နောင် ပဌ-မာဝိဘတ်သာ သက်သည်။ နိရုတ္တိ၊နှာ။၁၅၅။ ဘဝန္တ—သိ ဟု ပုဒ်ခဲ့လျှင် (တိ)။ ပုလ္လိင်, နပုလ္လိင်၌ "ဘော" ဣတ္ထိလိင်၌ "ဘောတိ" ဟု ရှပ်ပြီးသည်။ ကစ္စည်း၊ ၂၄၂၊၂၄၃။ နီတိ၊ သုတ္တ။ ၄၇၂၊၄၇၃။ နီတိ၊ပဒ။၁၂၀–၁။ ၂၂၆–၉။] အိုအချင်း၊ အိုအရှင်၊ အိုအ-ချင်းတို့၊ အိုအရှင်တို့။ (အို, ဟယ်, အချင်း အမင်း, အမောင်၊ အနက်ဆောင်၊ နား ထောင် အာလပန။ စာစပ်နိယံ။) သမဏော ဓလု ဘော ဂေါတမော။ ဝိ၊၁။၁။ (–ဒီ၊၁။ ဂ၂။မ၊၃။၅၃။ သံ၊၁။၂၃၃။ အံ၊၂။၂၅။) ဘောတိ ဗြာဟ္မဏဘောတိကာနံ ဇာတိသမုဒါ-ဂတံ ဆာလပနမတ္တံ။ ဝိ၊၄၊၁။ဂ၄။ (–ဒီ၊၄၊ ၁။ ၂၁၉။) အာလပနမတ္တန္တိ ပိယာလာပဝစန-မတ္တံ ပိယသမုဒါဟာရာ ဟေတေ ဘောတိ ဝါ အာဝုသောတိ ဝါ ဒေဝါနမ်ိယာတိ ဝါ။ သာ-ရတ္ထ၊ ၁။ ၂၁၃။ (–သီ၊ ဋ္ဌီ၊ သစ်၊ ၂။ ၂၁၆။) မယံ ဧါ ဘောတိ ဧဝံ ကလျာဏော ကိတ္တိ-သဒ္ဒါ အဗ္ဘုဂ္ဂတော။ ဒီ၊ ၂။၁၉၂။ (–အပ၊ ၂။ ၂၉၄။)

ဘောက္ခံ (ကြိ) [ဘုဥ+ဃံ။ဘောဇ္ဇာဟ-ကြည့်။] ခံစားအံ့။ အောက်ပုဒ်ကြည့်။

ဘောက္ခတိ (ကြိ) [ဘုဥ+ဃတိ။ ရူ၊ နှာ။ ၃၀၈။ နီတိ၊သုတ္တ။ ၁၀၆၀။]စားလတ္တံ့၊ခံစားလတ္တံ့။ ဧဘောက္ခတိ ဘောက္ခန္တိ။ ရူ၊နှာ။၃၀၈။ မောဂ်၊ ၆။ ၂၇။ ဘောက္ခာဟ——ဇာ၊ ၂။၁၇။ ဇာ၊ဌ၊ ၅။၁၇၆။ ဘောက္ခံ——ဇာ၊ ၁။ ၂၃၇။ ဇာ၊ဌ၊ ၄။ ၁၃၂။

ဘောက္ခာဟ (ကြိ) [ဘုဥ+ဃာဟ။ ရူ၊ နှာ။ ၃၀၈။ နီတိ၊သုတ္တ။ ၁၀၆၀။ နိရုဇ္ဈိ၊နှာ။၄၃၈။] စားကုန်အံ့။ အထက်ပုဒ်ကြည့်။

